
www.burmeseclassic.com



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ဤ ဆွေလှိုင်ဦး၏ " မြစ်ပယ်မြိုင် " ဝတ္ထုကို စာမူခွင့်ပြုချက်အမှတ်၊ ၇၈၄ /၉၃ (၁၁) အရ ဒေါ်ခင်ကြည် (၀၄၇၈၀)၊ ရတနာမဥ္ဇူပုံနှိပ်တိုက် ၂၀၇၊ ဝေဇယန္တာလမ်း၊ ၁၆ ရပ်ကွက်၊ သဃ်န်းကျွန်း၊ ရန်ကုန်မြို့မှ ပုံနှိပ်ပြီး၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၀၁၅/၉၄ (၁၂) အရ၊ ဦးကျော်စိန် (၀၂၉၀၉) ကျောက်စိမ်းပုံနှိပ်တိုက်၊ ၁၇၁၊ ၃၃ လမ်း၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်ပြီး၊ ဦးလှရွှေ (၁၁၁၈၃) လှရွှေစာပေ၊ ၂၅၊ ၁၂၆ လမ်း၊ ရန်ကုန်မြို့ မှ ၁၉၉၅ ခု၊ ဖေဖော်ဝါရီလတွင် အုပ်ရေ ၅၀၀ ကို တန်ဖိုး- ၈၀/-ကျပ်ဖြင့် ထုတ်ဝေလိုက်ပါသည်။

ဖြန့်ချိရေး - မြို့ပန်းတစ်ရာစာပေ၊ ဖုန်း - ၇၅၀၂၇






www.burmeseclassic.com

www.burmeseclassic.com

အပျော်ထမ်း သေနတ်ပစ်အသင်း
မန္တလေး
မိုးတာ(၅၀)၊ .၂၂ ရိုင်ဖယ်စက်ပစ်ကွင်း

## အခန်း (၁)

ယမ်းခိုး ယမ်းငွေ့များသည် မန္တလေးတောင်ခြေရှိ "ဘုန်းတော်တိုး" သေနတ်ပစ်ကွင်းတွင် ပြန့်လွင့်နေပေသည်။

နေခြည်သည် မရင့်ရော်လှသေး။

သို့မို့ကြောင့် ဆောင်ဦး၏ နံနက်ခင်းသည် နွေးနွေးထွေးထွေး မရှိလှပေမင့် အေးလွန်းလှသည်ဟုလည်း မဆိုသာ။

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ကျော်သည် (LLAMA) လားမား ဒဿမ နှစ်နှစ် ပစ္စကိုကို ရှေ့တူရူရှိ ပစ်မှတ်စက်ဝိုင်းဆီသို့ ဦးတည် လိုက်ပြီး ကျည်တစ်တောင့်ကို ပစ်လွှတ်လိုက်သည်။ ကျည်ဆန် သည် ပစ်မှတ်၏ အလယ်ဗဟိုစက်ဝိုင်းကို ဖောက်ထွင်းသွားခဲ့ သည်။

'သေနတ်တစ်လက်ကို ပစ်တဲ့နေရာမှာ တချို့က ပစ်မှတ် ရယ်၊ ချိန်သီးရယ်၊ မျက်လုံးရယ်၊ တည့်တာနဲ့ တစ်ပြိုင်နက် သေနတ်မောင်းကို ကမန်းကတန်း ဆောင့်ဆွဲတော့တာပဲကွ၊ ဒါပေမယ့်....ရာခိုင်နှုန်း အတော်တော်များများဟာ ပစ်မှတ် ကို မထိကြဘူး၊ အဲဒါ သေနတ်မောင်းကို ညှစ်မဆွဲလို့ဘဲ ဇော်ရှင်း'

မောင်မောင်ကျော်သည် ပစ္စတိုပြောင်းဝကို ပစ်မှတ်ဆီသို့ ဦးတည်လိုက်ပြန်သည်။

'မင်းတစ်သက်မှာ ပစ်လိုက်တဲ့ ကျည်ဆန်တိုင်းဟာ ပစ် မှတ်ကို ထိစေချင်ရင်တော့ သေနတ်မောင်းကို ဘယ်တော့မှ ဆောင့်မဆွဲလေနဲ့၊ ကဲ....ရော့ ပစ်ကြည့်စမ်း'

မောင်မောင်ကျော် ဇော်ရှင်းအား ပစ်ခတ်မှုတွင် အရေး အကြီးဆုံးဖြစ်သော ခလုတ်ဆွဲနည်းကို စိတ်ရှည်လက်ရှည် ရှင်းပြပြီးနောက် သေနတ်ကို ဇော်ရှင်းလက်သို့ ကမ်းပေး လိုက်သည်။

ဇော်ရှင်းသည် ကိုကိုကျော် ပြဆိုခဲ့ပြီးသော အနေ အထားအတိုင်း ခြေထောက်က တစ်ပေခွဲခန့် ခွဲ၍ ပစ်မှတ် ကို မျက်နှာမူလိုက်သည်။ ထို့နောက် ဘယ်ခြေထောက်ကို နောက်သို့ တစ်လှမ်းဆုတ်၍ ခန္ဓာကိုယ်ကို ကိုးဆယ်ဒီဂရီ အနေအထားသို့ ရောက်အောင် စောင်းလိုက်သည်။



'ကဲ....ရှေ့က ပစ်မှတ်ကို ချိန်တော့....ဟုတ်ပြီ လက်ကို ဖြောင့်ဖြောင့်ထား၊ သေနတ်ဒင်ကို တအားကြီး ဆုပ်မထား နဲ့၊ အသက်မှန်မှန်ရှူ မင်း စိတ်က ပစ်တော့မယ်လို့ ဆုံးဖြတ် လိုက်တာနဲ့ လက်ညှိုးကို တဖြည်းဖြည်းညှစ်၊ ကျည်ဆန်ထွက် သွားမှန်း မသိစေနဲ့'

သည်စဉ်မှာပင်....

စူးရှသော ယမ်းအား ပေါက်ကွဲသံနှင့်အတူ ဇော်ရှင်း ၏ လက်မှ သေနတ်ပြောင်းသည် အပေါ်သို့ အနည်းငယ် ခုန်တက်သွားသည်။ မောင်မောင်ကျော်သည် သုံးချောင်း ထောက်ပေါ်တွင်တင်ထားသော အဝေးကြည့် မှန်ပြောင်း ဖြင့် နှစ်ဆယ့်ငါးမီတာ အကွာအဝေးတွင် ထောက်ထား သော ပစ်မှတ်ကို ကြည့်လိုက်သည်။

မောင်မောင်ကျော်သည် အံ့ဩသော အမူအရာနှင့် ဇော် ရှင်းကို ကြည့်မိသည်။ ဇော်ရှင်း ပစ်လိုက်သော ကျည်ဆန် သည် ပစ်မှတ်၏ အလယ်ဗဟိုတည့်တည့်တွင် ထိမှန်နေပါပ ကောလား။

'မှန်သလား ကိုကိုကျော်၊ ကျွန်တော် ပစ်တာ ပစ်မှတ်ကို ထိမှထိရဲ့လား'

'သိပ်ထိတာပေါ့ကွာ၊ မင်းတစ်သက်မှာ ပထမဆုံး ပစ် လိုက်တဲ့ ကျည်ဆန်ဟာ ပစ်မှတ်ရဲ့ အလယ်ဗဟိုကို ထိတော့ တာပဲ ဇော်ရှင်း၊ အင်း....မင်းဟာ တစ်နေ့ လက်ဖြောင့် သေနတ်သမား တစ်ယောက် ဖြစ်လာလိမ့်မယ်လို့ ငါပြတင် ပြောရဲတယ်ဟေ့....'

ကိုကိုကျော်၏ စကားကြောင့် ဇော်ရှင်း၏ မျက်လုံးတွေ မှာ အရောင်တလက်လက် တောက်ပလာသည်။ ဝမ်းသာခြင်း

www.burmeseclassic.com



ကြည်နူးနှစ်သိမ့်ခြင်းတွေကြောင့် သူ့တစ်ကိုယ်လုံး လှုပ်လှုပ်ရှားရှားဖြစ်လာတော့သည်။

'ကျွန်....ကျွန်တော် ပစ်တာ ပစ်မှတ်ကို မှန်တယ် ဟုတ်လား ကိုကိုကျော်'

မောင်မောင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

'ဝမ်းသာလိုက်တာ ကိုကိုကျော်ရာ၊ ဒါဟာ ကျွန်တော့်ဘဝမှာ ပထမဆုံးအကြိမ် သေနတ်ပစ်ကြည့်ဖူးတာပဲ ကိုကိုကျော်၊ ကျွန်တော် နောက်တစ်ချက် ထပ်ပစ်ဦးမယ်နော်'

ဇော်ရှင်းသည် အဆီပြန်နေသော ညာလက်ကို တင်ပါးနှင့် သုတ်လိုက်ပြီး သေနတ်ကို မြှောက်လိုက်သည်။

'မင်း စိတ်တွေ သိပ်လှုပ်ရှားနေပြီ ဇော်ရှင်း၊ ဒီတစ်ခါ ထပ်ပစ်ရင် အလယ်ဗဟိုကို မပြောနဲ့ ပစ်မှတ်ကိုတောင် ထိတော့မှာ မဟုတ်ဘူး၊ သေနတ်သမား တစ်ယောက်ဟာ ပစ်တော့မယ့် အချိန်တိုင်းမှာ ခံစားမှုတွေ ကင်းမဲ့နေဖို့ လိုတယ်ကွ၊ ဝမ်းသာတာတို့၊ ဝမ်းနည်းတာတို့ ဒေါသဖြစ်နေတာတို့တို ချက်ချင်း မေ့ပစ်နိုင်စွမ်းရှိရမယ်၊ ကဲ.... သေနတ်တွေ သိမ်းတော့'

'ဟုတ်ကဲ့....ကိုကိုကျော်'

ဇော်ရှင်းသည် မောင်မောင်ကျော်၏ စကားကို စိတ်လက်ပေါ့ပါးစွာ နားထောင်လိုက်ပါသည်။ စင်စစ် မောင်မောင်ကျော်သည် မန္တလေးတိုင်း၏ လက်ရွေးစဉ် သေနတ်သမား တစ်ယောက် ဖြစ်သည်။ ယမန်နှစ်က မြန်မာပြည်လုံးဆိုင်ရာ အမျိုးသား သေနတ်ပစ်ပြိုင်ပွဲတွင် "စိတ်ကြိုက်ပစ္စတိုပစ်ပွဲတွင် ဒုတိယဆု ရရှိခဲ့သည်။



ဇော်ရှင်းသည် မောင်မောင်ကျော် သေနတ်ပစ်လေ့ကျင့်လာတိုင်း အစဉ်အမြဲ လိုက်ပါလာတတ်သည်။ မောင်မောင်ကျော့်ကို ကြည့်၍ ဇော်ရှင်း အားကျခဲ့၏။ မောင်မောင်ကျော်လို သေနတ်ပစ် ချန်ပီယံတစ်ယောက် ဖြစ်လိုလှသည့်ဆန္ဒက ရင်ဝယ်ဖြစ်ထွန်းလာသည်။

သို့တစေ။

သူက မောင်မောင်ကျော်တို့ တိုက်မှ ဒရိုင်ဘာ၏ မြေး၊ အခိုင်းအစေသာသာ တစ်ယောက်၊ သည်တော့ မတန်မရာဆန္ဒကို မြို သိပ်ခဲ့ရသည့်တိုင် အာင် မောင်မောင်ကျော် တစ်ယောက် ပစ်ခတ်လေ့ကျင့်နေစဉ် စိတ်ဝင်စားစွာ စောင့်ကြည့်တတ်သည်။

သည်ကနေ့တော့ ဇော်ရှင်း ဆန္ဒပြည့်ပြီ၊ မောင်မောင်ကျော်သည် ဇော်ရှင်းကို စိတ်လိုလက်ရ သေနတ်ပစ်သင်ပေးခဲ့သည်။ ပြီးတော့ ဇော်ရှင်း၏ ပထမဆုံး ပစ်ချက်ကို ဝမ်းသာအားရ ချီးကျူးခဲ့လေသည်။

ဇော်ရှင်းသည် သေနတ်များကို အိတ်တွင်ထည့်၍ စနစ်တကျ သိမ်းလိုက်သည်။ ထိုနောက် သုံးချောင်းထောက်ပေါ်တွင် တတ်ဆင်ထားသော မှန်ပြောင်းကို ဖြုတ်နေသည်။

သူတို့နှစ်ဦး၏ လှုပ်ရှားမှုကို တစ်စေ့တစ်စောင်း ခါးထောက်၍ ကြည့်နေသူတစ်ဦးက ရှိနေပါသည်။ လူသွားအကြွယ်ဆုံး အရွယ် မိန်းမချောလေး တစ်ယောက်ပဲ ဖြစ်သည်။

သို့တစေ။

ချောလွန်းသော မျက်နှာကလေးတွင် အလိုမကျနိုင်မှုတွေက အထင်းသား ပေါ်လွင်နေသည့်တိုင်အောင် ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



နည်းနှင့်မျှ အလှပျက်သည်ဟု မဆိုနိုင်သေး။ စင်းချော ပြည့်ဖြိုးသော လက်မောင်းနှစ်သွယ်ကို ခါးငယ်ငယ်ပေါ်တွင် ထောက်ထားသဖြင့် ရင်သည် ကြွနေဟန်၊ ရှန်းနေဟန် တူသည်။ ရပ်နေဟန်က တောင့်တင်းသော်လည်း ကနွဲ့ကလျှဟန်က မပျက်၊ တင်ပါးဖက်သည် အထက်သို့ နွဲ့၍ တက်နေသဖြင့် လုံးဝန်း စွင့်ကားမှုတွေက အထင်းသားပေါ် လွင်နေရသည်။

လေပြည်သည် မိန်းမချောလေး၏ ဆံယာဉ်စတွေကို ဖွာပစ်နေသည်။ ပြီး....ဖူးဖူးအိနေသော နှုတ်ခမ်းထူလေးကို ထိတ်တခိုး တို့နမ်းပြီး ပရမ်းပတာ ပြေးထွက် လွင့်ပါးသွားကြသည်။

သို့မို့ကြောင့် မိန်းမချောလေး၏ ခေါင်းတွင် ရစ်ပတ်ထားသော နိုင်လွန်ပဝါနီကလေးမှာ တဆက်ဆက်ခါရင်း ဒေါသဖြစ်နေပုံရသည်။

ဟုတ်ပါသည်။ မစုစုထွေးပင် ဖြစ်ပါ၏။

သည်ခန္ဓာကိုယ် အတ္တဘောလေးကို ပိုင်သသည့် နာမဝိသေသနကလေးကား မစုစုထွေးဟု ဖွင့်ပါလေသည်။

မောင်မောင်ကျော်သည် စုစုထွေး ရပ်နေသော တမာပင်အောက်သို့ လျှောက်သွားသည်။ သည်တော့ ကလေးမ၏ နှုတ်ခမ်းလေးက ပို၍ စူသယောင် ဖြစ်လာသည်။ အနားသို့ ရောက်လာသော မောင်မောင်ကျော်ကိုလည်း မျက်စောင်းလှလှကလေးဖြင့် ဆီးကြိုလိုက်သည်။

'ဂေါက်တေးမ ဘာစိတ်ကောက်နေတာလဲ'

မောင်မောင်ကျော်သည် ညီမဖြစ်သူ၏ အမူအသွင်ကို ကြည့်၍ ခပ်ပြုံးပြုံး မေးလိုက်သည်။



'ကောက်မှာပေါ့ ကိုကိုကျော်က စုထွေးကို သေနတ်ပစ် သင်ပေးပါဆိုတော့ သင်မပေးဘူး....ဘာမှမဟုတ်တဲ့ ကိုယ့်အိမ်က ဒရိုင်ဘာရဲ့ မြေးကိုတော့ သင်ပေးတယ်'

စုစုထွေး၏ စကားကို ကြားရတော့ ဇော်ရှင်း ရင်မှာ တစ်မျိုးတင်မည် ခံစားလိုက်ရသည်။

'ဘယ်လို ပြောလိုက်တာလဲ စုထွေး၊ ဒရိုင်ဘာရဲ့ မြေးက သေနတ် မပစ်ရဘူးလို့ သတ်မှတ်ထားတာမှ မဟုတ်ဘဲကွယ်၊ ပြီးတော့ ဇော်ရှင်းဟာ ကိုကိုကျော် သေနတ်ပစ် လာတိုင်း အမြဲလိုက်ပြီး ကူညီတယ် မဟုတ်လား'

'ဟွန်း....ကိုကိုကျော့်ကို ပြောလိုက်ရင် ဒါမျိုး ချည့်ပဲ၊ တော်ပြီ....ကိုကိုကျော်ကို စုထွေး မခေါ်တော့ဘူး သိလား'

မောင်မောင်ကျော်သည် စုထွေးကို ခပ်ပြုံးပြုံးကြည့်ရင်း သူတို့ မိတ်ဆွေ သေနတ်ပစ် လေ့ကျင့်နေသူ တစ်ဦးထံသို့ လျှောက်သွားသည်။ စုစုထွေးသည် ခြေကလေးကို ခုပ်ဆောင့်ဆောင့် နင်းရင်း ရပ်ထားသော ဖယ်မလီယာ ကားနီလေးဆီသို့ လျှောက်သွားသည်။ ပြီး....ကားနောက်ခန်းကို ဖွင့်၍ သေနတ်အိတ်နှင့် ပစ္စည်းများ ထည့်နေသော ဇော်ရှင်းကို မျက်စောင်းတစ်ချက် ထိုးလိုက်သည်။

'ဟင်း....ပုံကိုက ကောင်းဘွိုင်လိုလို၊ ကြမ်းပိုးလိုလိုနဲ့ ကြည့်လို့ကို မရဘူး'

စုစုထွေးက ကားတံခါးကို ဖွင့်၍ ထိုင်ရင်း ဆိုသည်။ ဇော်ရှင်းသည် ခြေထောက် အနားသားများ ဖွာလန်ကြဲနေသော သူ၏ ဂျင်းဘောင်းဘီစုတ်ကလေးကို ငုံ့ကြည့်ရင်း ပြုံးဖြစ်၏။ သည်ကလေးမ ဘယ့်နှယ်....ဘယ့်နှယ်ကြောင့်များ လူကို အချောက်တိုက် ရန်လုပ်နေချင်ပါလိမ့်

www.burmeseclassic.com

www.burmeseclassic.com



သူပြုံးသည်ကို စုစုထွေးက ကားနောက်ကြည့်မှန်ထဲမှ တွေ့သွားသည်။

'ဇော်ရှင်းနော်....လူကို ဘာရယ်တာလဲ'

'ဩော်....မစုစုထွေးက ကျွန်တော့်ကို ပြောတာကိုး၊ ကျွန်တော် ပြုံးမိတာက ဟောဒီ ကျွန်တော့် ခါးမှာ ဝတ်ထားတဲ့ တစ်ထည်တည်းသော ဂျင်းပင်စုတ်ကလေးကို မြင်မိလို့ပါ၊ ဒါပေမယ့် ဒီဘောင်းဘီလေးကို ဝတ်ထားတာနဲ့တော့ ကောင်းဘွိုင်လိုလို ကြမ်းပိုးလိုလို ဖြစ်မသွားဘူးလို့ ထင်မိတာပဲလေ'

စုစုထွေးသည် ပခုံးလေးကို တွန့်ရင်း ဟက်ခနဲ ရယ်ချလိုက်သည်။

'လူဆိုတာ တန်ရ‌ေတန်ရာ ဝတ်ရတယ်၊ တန်ရာတန်ရာ ပြောရတယ်၊ ကိုယ်နဲ့တန်တဲ့ အလုပ်ကိုသာ လုပ်ရတယ် ဇော်ရှင်းရဲ့၊ သိလား'

သည်တစ်ခါတော့ ဇော်ရှင်း အတော်အံ့ရခက်သွားရသည်။ ကိုယ့်ကိုယ်ကိုလည်း ပြန်လည် ဆန်းစစ်မိလိုက်သည်။ ဘာများ မတန်မရာ ပြောမိ လုပ်မိပါလိမ့်။

'ဟုတ်ပါတယ်လေ၊ စုစုထွေး ပြောသလို တန်ရာတန်ရာ ဖြစ်စေရမှာပေါ့၊ ဒရိုင်ဘာမြေးက သူဌေးသမီး အချောအလှကို လိုချင်လို့ ဘယ်ရနိုင်ပါ့မလဲ'

ဇော်ရှင်းက တမင် အရွဲ့တိုက်၍ ပြောလိုက်မိသည်။

သည်တစ်ခါတော့ မစုစုထွေး၏ မျက်နှာလေးက ပန်းနုသွေးရောင် လွှမ်းသွားသည်။ ရှုံ့ရှုံ့ရှားရှားလည်း ဖြစ်သွားမိသည်။



'ဟင်....ကြည့်စမ်း....ကြည့်စမ်း၊ လူကိုများ လိုချင်သလေးဘာလေးနဲ့၊ ဇော်ရှင်းနော်....စကား ပြောတာ ကြည့်ပြော'

'နေစမ်းပါဦး....ကျွန်တော်က မစုစုထွေးကို လိုချင်ပါတယ်လို့ ပြောခဲ့လို့လား'

ဇော်ရှင်းက ပြုံးရင်း မေးသည်။

စုစုထွေးက မဲ့ရင်း ဖြေသည်။

'လိုချင်လို့ကော ရမတဲ့လား....ဟင်း'

'ဩော်....ခက်နေပါပြီ၊ ဒီက မလိုချင်ပါဘူးလို့ ပြောတာ'

လုံးဝန်းသော စုစုထွေး၏ ရင်အစုံက အနိမ့်အမြင့် မြန်လာသည်။

'တော်ပြီ....တော်ပြီ....ဆက်မပြောနဲ့တော့၊ ကိုကိုကျော်ဘာလဲ ဘာလုပ်နေမှန်း မသိဘူး၊ ကိုကိုကျော်....ကိုကိုကျော်'

စုစုထွေးသည် ကားဟွန်းကို ဆောင့်နှိပ်ရင်း အော်လိုက်သည်။ သူမ၏ မျက်နှာလေးမှာ အလိုမကျဟန်တွေ စွန်းထင်းသျက်။ ဟုတ်သည်....သူ စကားပြောတာတွေက အနှောင့်အသွား မလွတ်၊ ဒါနှင့်များ ဘာ့ကြောင့် သူ့ကို အဖက်လုပ်၍ စကားပြောမိပါလိမ့်နော်။ စုစုထွေးသည် ဇော်ရှင်းကို ကြည့်ရင်း ကိုယ့်ကိုယ်ကို အလိုမကျမိ။ ကြည့်လေ....သူ့ပုံကိုက ကားနောက်တွင် လက်ပိုက်၍ မှီထိုင်ရင်း ခပ်တိုးတိုး လေချွန်လို့။

'ကိုကိုကျော်....ကိုကိုကျော်'

စုစုထွေးက ခပ်ကျယ်ကျယ်လေး ခေါ်လိုက်သည်။

မောင်မောင်ကျော်သည် သူ့မိတ်ဆွေကို နှုတ်ဆက်၍ ကားဆီသို့ လျှောက်လာသည်။

'ဘာလို့ ဒါလောက် အော်နေတာလဲ စုထွေး'

www.burmeseclassic.com

www.burmeseclassic.com



'အော်မှာပေါ့....စုထွေး ပြန်ချင်လှပြီ'

'အင်း....လိုက်ချင်တော့လဲ စုထွေးပဲ၊ ပြန်ချင်တော့လဲ စုထွေးပဲ'

မောင်မောင်ကျော်က စတီးရာရင်နောက်တွင်ဝင်ထိုင်ရင်း ညီမချောကို ပြောလိုက်သည်။

'တော်ပါပြီ....နောက် ဘယ်တော့မှ ကိုကိုကျော်တို့နဲ့ မလိုက်တော့ပါဘူး'

'ကောင်းပါပြီဗျာ၊ စုထွေး သဘောအတိုင်းပါပဲ'

ဖယ်မလီယာ ကားနီလေးသည် မန်းတောင်ခြေကို ပတ်၍ ပြေးနေသည်။ လေသရမ်းသည် တံခါးပေါက်မှ အတင်း ထိုးဝင်လာပြီး စုစုထွေး၏ လည်တိုင်ဝင်းဝင်းလေး အထက်မှ အိုမီဂါဆံပင်တွေကို ဖွာပစ်နေသည်။ သည်တော့ ဖြူနုသော ကြော့လည်တိုင်တွင် အကြောဝိမ်းကလေးတွေက ခုက်ဖြာနေ သည်ကို တွေ့ရလေသည်။

ဇော်ရှင်းသည် စုစုထွေး၏ ကုပ်သားဝင်းဝင်းကလေးကို ကုန်းကိုက်မစ်ချင်စိတ် ပေါက်နေသည်။ သို့တစေ မောင် မောင်ကျော်၏ စကားက သူ့ဆန္ဒကို လွင့်ပါးသွားစေသည်။

'အိမ်ရောက်တာနဲ့ သေနတ်တွေကို တိုက်ပြီး ပြောင်းထဲကို ဆီပါးပါးသုတ်ရမယ်နော် ဇော်ရှင်း'

'စိတ်ချ ကိုကိုကျော်၊ ကျွန်တော် အသေအချာ တိုက်ပြီး လာပို့ပါ့မယ်'

'အေး....သေနတ်သမားတိုင်းဟာ ကိုယ့်သေနတ်ကို ကိုယ့် ချစ်သူ ရည်းစားထက်တောင် မြတ်နိုးကြတယ်ကွ၊ မင်းဟာ တစ်နေ့ လက်ဖြောင့် သေနတ်သမားတစ်ယောက် ဖြစ်မလာ



ဘူးလို့ မပြောနိုင်ဘူး၊ မင်းရဲ့ ပထမဆုံး ပစ်ချက်ကို ကြည့်ပြီး ပြောရရင် မင်းဘဝဟာ ထူးထူးခြားခြား ပြောင်းလဲစေနိုင် တယ် ဇော်ရှင်း'

'အင်း....မြတ်နိုးကြပါ၊ သေနတ်ကို ကိုယ့်ရည်းစားထက် ပိုချစ်ပြီး ကိုယ့်ညီမထက် ပိုပြီး မြတ်နိုးကြပါ'

စုစုထွေးက ငေါ့တော့တော့ကလေး ဝင်ပြောသည်။

'စုစုထွေးကလဲကွာ....အခုထက်ထိ ကိုကိုကျော်ကို စိတ် နာကျက်နေတုန်းပဲလား၊ မိန်းကလေးနဲ့ သေနတ်နဲ့က မအပ် စပ်လို့ ကိုကိုကျော်က သင်မပေးတာ၊ ဒါကြောင့် အစ ကတည်းက မလိုက်ခဲ့ပါနဲ့လို့ ကိုကိုကျော် ပြောတယ်မို့လား စုထွေး'

'ဟွန့်....'

စုထွေးသည် ဇော်ရှင်းကို နောက်ပြန်လှည့်၍ မျက်ခစောင်း ထိုးရင်း နှုတ်ခမ်းစူနေသည်။ သူ့ရှေ့တွင် အပြောခံရသည့် အတွက် ရှက်လည်းရှက်၊ ကျေသည်း မကျေနပ်မိ။

သို့တစေ....

မကျေနပ်သည်မှာ ကိုကိုကျော့်ကိုလား၊ ဇော်ရှင်းကိုလား ဟု ခွဲခွဲခြားခြား မသိသော်လည်း သူ့အပေါ်တွင် အနိုင်သူ့ ထိုသည်ကတော့ အမှန်ပင်။

သူ....သူ....ဇော်ရှင်းတဲ့။

ဟင်း....ဟင်း....ဟင်း....သိပ်လူပါးဝတဲ့ ချာတိဘ်။

သွေးနီရောင် မာဇဒါ ဖင်မလီယာသည် စီဒီးပိုင်းရှိ ခမ်းနား ထယ်ဝါသော နှစ်ထပ်တိုက်ကြီး ရှိရာ ခြံကြီးထဲသို့

www.burmeseclassic.com

www.burmeseclassic.com



[illegible] ဝင်ဆောက်သွားသည်။ မြက်ခင်းစိမ်းစိမ်း မြေညီညီတွင် အစီအရီ အဆုပ်လိုက် အခဲလိုက် ပွင့်နေသော စံပယ်ရုံတွေ ရှိနေ၏။

ဤသည်ပင် စုစုထွေးတို့၏ 'မြစံပယ်မြိုင်'
ဦးကောင်းမိုး၊ ဒေါ်ခင်ထွေးတို့ ပိုင်သော 'မြစံပယ်မြိုင်'

*

## အခန်း (၂)

'မြစံပယ်မြိုင်'

မြစံပယ်မြိုင် စံအိမ်ကြီးသည် ဤမျှလောက် ကြီးကျယ်ခမ်းနားလိမ့်မည်ဟု အစက မထင်ခဲ့လေပါ။ သည်ခြံကြီးရှေ့တွင် အဘခေါ်နှင့်အတူ ရောက်ရှိခဲ့ရသည့် နေ့ကဆိုလျှင် ကိုယ့်ကိုယ်ကိုပင် သိမ်ငယ်သွားသည်ဟု ဇော်ရှင်းက ထင်လိုက်မိပါသည်။

နေဝင်ရီတရောအချိန်တွင် သူတို့ မြေးအဘိုး မြစံပယ်မြိုင် စံအိမ်ကြီးသို့ ရောက်ရှိသွားခဲ့ခြင်းပင်။

'ကြည့်စမ်း ငါ့မြေး....ဦးကောင်းမိုး နေတဲ့ မြစံပယ်မြိုင် စံအိမ်ကြီးဟာ ဘယ်လောက် ကြီးကျယ်ခမ်းနား ထယ်ဝါနေသလဲ ဆိုတာ'

အဘခေါ်အသံက အားကျနှစ်မြို့က်သည့် အသံမျိုးမဟုတ်၊ မခံချင်သည့် လေသံမျိုး၊ မနာလိုသည့် အသံမျိုး။

www.burmeseclassic.com

www.burmeseclassic.com



'အဘနဲ့ ငါ့မြေးဟာ ဒီ မြစ်ပယ်မြိုင်မှာ နှစ်ပေါင်း အတော်ကြာကြာ နေကြရလိမ့်မယ် ဇော်ရှင်း၊ အဲ....နေတယ် ဆိုတာ အိပ်ဖို့ ကျောတစ်နေရာစာ၊ စားဖို့ တစ်လုတ်တစ်ဆုပ် ရရ တို့အတွက် လုံလောက်ပါတယ်၊ ဒါပေမယ့် အရေးကြီး တာက....'

'အရေးကြီးတာက ဘာလဲ အဘ'

'အဲ...အရေးကြီးတာက ဦးကောင်းမိုးရဲ့ အငြိုးအငြင်ကို မခံရအောင် လိုက်လိုက်လျောလျော နေဖို့ပဲ ဇော်ရှင်း၊ သူတို့ တာပဲခိုင်းခိုင်း၊ ဘယ်လိုပဲ မင်းအပေါ်မှာ မောက်မောက် မာမာ တင်စီးပေစေ မင်းအနေနဲ့ သည်းခံနိုင်ရမယ်၊ ကြား လား ဇော်ရှင်း'

သူတို့ နှစ်ဦးစလုံး မြစ်ပယ်မြိုင် ခြံကြီးထဲသို့ သိမ်သိမ် ငယ်ငယ် ဝင်သွားကြသည်။ ဆင်ဝင်အောက်တွင် သည် မြစ်ပယ်မြိုင်ခြံကြီးကို ပိုင်ဆိုင်သူ ဦးကောင်းမိုးနှင့် တွေ့ရပါ လေသည်။

နှုတ်ခမ်းမွေး ကားကားနှင့် ခန့်ညား ထယ်ဝါလှသော လူကြီးတစ်ယောက်သည် ဆင်ဝင်အောက်တွင် ခါးထောက် ရပ်ရင်း သူတို့ မြေးအဘိုးကို ကြည့်နေသည်။ နောက်တော့ အားရဝမ်းသာ ပြုံးသွားပါသည်။

'မောင်စော....မင်း ငါ့ဆီ ပြန်လာသေးတယ်နော်၊ ငါ့မှာ ဖြင့် မင်း ပြန်မှ ပြန်လာပါ့မလားလို့'

ဦးကောင်းမိုးက ဝမ်းသာအယ်လဲ ဆိုလေသည်။

'ဆရာကြီး ခေါ်တယ် ဆိုကတည်းက လာချင်နေတာပါ၊ ဒါပေမယ့် အလုပ်ကိစ္စလေးတွေက မပြတ်သေးလို့'



'အေး...ကောင်းတယ်ကွာ၊ မင်း ရောက်လာတာ ငါ သိပ် ဝမ်းသာတယ်၊ ကဲ...မင်း ဟောဟို ကားရုံမှာ အပိုင်စားယူပေ တော့၊အင်း....ဒရိုင်ဘာထဲမှာတော့ မင်းကိုလူမျိုးရှားပါတယ် ကွာ၊ ငါမိုးကုတ်က မန္တလေး ပြောင်းအသာ မင်းကလဲ အလုပ်က ထွက်သွားတော့ ကုလားဒရိုင်ဘာ တစ်ယောက် ငှားသေးတယ်၊ အလကား အသုံးမကျတဲ့အကောင်၊ အေး.... မင်း အရင်ကလို ငါ့အပေါ်မှာ သစ္စာရှိရှိ အလုပ်လုပ်ပေါ့ ကွာ၊ ဒါနဲ့ သူလေးက ဘယ်သူလဲကွ'

ဦးကောင်းမိုးသည် အဘနောက်ကွယ်တွင် ရပ်နေသော ဇော်ရှင်းကို မေးသည်။

'ဒါ...ဒါ ကျွန်တော့် မြေးကလေးပါ ဆရာကြီး၊ သူ့မိဘ များက ငယ်ငယ်ကတည်းက ဆုံးပါးသွားကြလို့ ကျုပ်ကပဲ ကျွေးမွေး စောင့်ရှောက်ထားတာပါ'

ဇော်ရှင်းသည် ဦးကောင်းမိုးအား ကျိုးနွံခယမှုဖြင့် ပြုံးပြလိုက်ပါသည်။

'မင်း....နာမည်'

'ဇော်ရှင်းပါ ဦးလေး၊ ကျွန်တော့်ကိုလဲ ခိုင်းချင်တာ ခိုင်းနိုင်ပါတယ်၊ကားလဲ မောင်းတတ်ပါတယ်၊အဲ....ကျောင်း ထဲနေဖူးပါတယ်'

'မင်း ဘယ်နှစ်တန်းအောင်ခဲ့သလဲ'

'ဆယ်တန်းပါ ဦးလေး၊ အဲ...တက္ကသိုလ် ဆက်မသွားနိုင် တော့ပါဘူး၊ ကျွန်တော် ဘာကိုပဲ ဖြစ်ဖြစ် လုပ်ပါ့မယ် ဦးလေး'

ဦးကောင်းမိုးသည် ဇော်ရှင်း၏ သွက်လက် ချက်ချာ သော အမူအရာ တောင့်တင်းသော ကို...

www.burmeseclassic.com



ဖွယ်-သွက်သွက်လက်လက် ရှိမှုတွေကို သဘောကျသွားပါပြီ....။

'အေး....ကောင်းတယ်....ကောင်းတယ်၊ မင်းလဲ ဒီမှာ နေပေါ့၊ ယခုလောလောဆယ်တော့ ခြံထဲက အလုပ်ကလေး ဘာလေး ဝိုင်းလုပ်ပေါ့ကွာ၊ အဲ....မင်းရဲ့ လုပ်ရည်ကိုင်ရည်ကို ကြည့်ပြီး အလုပ်ကလေး ဘာလေး ပေးရတာပေါ့ကွာ'

သည်သို့ဖြင့်....

"မြစ်ပယ်မြိုင်" တွင် သူတို့ မြေးအဘိုး အခြေချမိခဲ့သည်။

ဇော်ရှင်းသည် နေ့ခင်းဘက်တွင် ကိုဒွေးနှင့်အတူ ပန်းပင်ရေလောင်း၊ ပေါင်းသင် မြက်ရှင်း အစရှိသည့်အလုပ်များကို ဝိုင်းဝန်းလုပ်ကိုင်ရ၍ တစ်ခါတစ်ရံ ကားမောင်းသည့်တာဝန်ကိုပါ ဆောင်ရွက်ပေးရသည်။

ကိုဒွေးသည် အင်မတန်ပျော်တတ်၏၊ တင်ကိုယ်ရေတစ်ကာယသမား တစ်ယောက်ဖြစ်ပြီး ဦးကောင်းမိုး၏ ခြံကြီးတွင် နှစ်ပေါင်းအတော်များများ နေသိုင်ခဲ့သူပင် ဖြစ်သည်။ ကိုဒွေးသည် ဇော်ရှင်းကို မြင်လျှင် မြင်ချင်း လိုက်လှဲဖော်ရွေစွာ ဆက်ဆံခဲ့သည်။

'အေး....မင်းရောက်လာတာ ငါ့အတွက် အဖော်ရတာပေါ့ကွာ၊ ငါကတော့ သိပ်အပူအပင် ရှိလှတဲ့ကောင် မဟုတ်ဘူးကွ၊ အိပ်စရာ ကျောတစ်နေရာစာရပြီး စားစရာ တစ်လုတ်တစ်ဆုပ်ရနေရင် ငါ့ဘဝမှာ ပြည့်စုံနေတာကွ၊ အဲ.... ဆရာကတော်ကတော့ နည်းနည်းပါးပါး ပူညံပူညံလုပ်တတ်



သတော့၊ ဒါတောင် စုတွေးမရှိသေးလို့ အဲဒီဟာမလေးကတော့ ငါလက်မြှောက်ထားရသကွ'

'စုထွေးဆိုတာ ဘယ်သူလဲဗျ၊ ကျွန်တော် မတွေ့ဖူးသေးပါလား ကိုဒွေး'

'အား....မင်း ဘယ်တွေ့ဖူးပါ့မလဲ၊ သူက ရန်ကုန်မှာ သူ့အဒေါ်နဲ့ သွားနေတာ၊ ချောတော့ သိပ်ချောတယ် မောင်ရေ့၊ ကြွေရုပ်ကလေး ဆိုပါးပါး သုတ်ထားတဲ့ အတိုင်းပဲ....'

'ဒါလောက်ပဲ ချောသလားဗျာ'

'ချောတာပေါ့ ဇော်ရှင်းရာ၊ အဲ....မကြာခင် ပြန်လာပါလိမ့်မယ်၊ သူက ဆရာဦးကောင်းမိုးရဲ့ သမီးပေါ့၊ ရန်ကုန်မှာ ကျောင်းသွားနေဟာ အခုဆယ်တန်းအောင်လို့မန္တလေးတက္ကသိုလ်ကို ပြန်လာတက်မှာတဲ့ကွ'

နောက်တော့ ကိုဒွေးက "မြစ်ပယ်မြိုင်"၏ အကြောင်းကို သူသိသလောက် ပြောပြသည်။

"မြစ်ပယ်မြိုင်"တွင် လူများများစားစား ရှိလှသည်တော့ မဟုတ်ပေ။ ဦးကောင်းမိုး၊ ဒေါ်ခင်ထွေး၊ မောင်မောင်ကျော်နှင့် စုစုထွေးတို့သာ ရှိကြသည်။ မနီသည် မြစ်ပယ်မြိုင်၏ မီးဖိုဆောင်ကို တာဝန်ယူရလေသည်၊ ကိုဒွေးကတော့ ပန်းခြံနှင့် ယျောဝစ္စ ကိစ္စ။

ယခင်က "မြစ်ပယ်မြိုင်" တွင် ကားမောင်းသော ဒရိုင်ဘာ တစ်ယောက်ရှိခဲ့ဖူးသည်။ ဦးကောင်းမိုး သဘောမတွေ့လှသဖြင့် မကြာသေးခင် ကာလက အလုပ်မှ ထုတ်ပစ်လိုက်သည်ဟု ကိုဒွေးက ပြောသည်။ အဘသည် ယခင်နှစ်ပေါင်း အတော်ကြာကြာ ကာလက ဦးကောင်းမိုးနှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com

အလုပ်လုပ်ကိုင်ခဲ့ဖူးသည်။ သို့ပေမယ့် သည်တုန်းက ယခု လောက်မချမ်းသာသေးဟု အဘပြောဖူးသည်။

ယခုမူ ဦးကောင်းမိုးသည် ကျိကျိတက်အောင် ချမ်းသာ နေပေပြီ။

မိုးကုတ် ရတနာမြေတွင် ဦးကောင်းမိုး ပိုင်ဆိုင်ထား သော ကျောက်တွင်းများ ရှိနေသည်။ ထို့အပြင် မြောက်ပိုင်း ရှမ်းပြည်နယ်နှင့် အကူးအသန်းရှိသော ဦးကောင်းမိုးပိုင် အိစုဇူးကားကြီးများကိုလည်း တွေ့ရတတ်သည်။

မောင်မောင်ကျော်၊ သူကား....ဦးကောင်းမိုး၏သားကြီး ဖြစ်ပြီး လုပ်ငန်းဆောင်တာ မှန်သမျှ ဦးစီးလုပ်ကိုင်နေသူ ဖြစ်၏။ မောင်မောင်ကျော်သည် အသက် ၂၇ နှစ်ခန့်ရှိ၍ အရပ်အမောင်း ကိုယ်လုံးကိုယ်ထည် တောင့်တင်းသည်။ နှုတ်ခမ်းမွေး သဲ့သဲ့ဖြင့် စိမ်းနေသော မုတ်ဆိတ်များက မောင် မောင်ကျော်၏ ဥပဓိရုပ်ကို ပို၍ ခန့်ထယ်စေလေသည်။ မောင်မောင်ကျော်ကား မန္တလေးတိုင်း လက်ရွေးစင် သေ နတ်ပစ်သမားတစ်ယောက် ဖြစ်သည်။

မောင်မောင်ကျော်ကို ဇော်ရှင်း မြင်မြင်ချင်း ခင်မင် မိသည်။ မောင်မောင်ကျော်သည် သူဌေးသား ဆိုပေမယ့် မာနကြီးပုံမပေါ်၊ ဇော်ရှင်းကို တွေ့လျှင် တွေ့ချင်း သူက အရင်စ၍ နှုတ်ဆက်သည်။

'ဟေ့....ချာတိတ်၊ လာစမ်းပါဦးကွ'

ပန်းပင်ရေလောင်းနေသော ဇော်ရှင်းသည် ရေပိုက်ကို ချ၍ ကိုကိုကျော့်ထံသို့ ခပ်သွက်သွက် ပြေးသွားသည်။ သူ့ တစ်ကိုယ်လုံး ရေတွေက ရွှဲနစ်လို့။

'မင်း ဘာလုပ်နေတာလဲ'



'ပန်းပင် ရေလောင်းတာပါ ကိုကိုကျော်၊ ဒီနေ့ ကိုဒွေး က ကိစ္စတစ်ခု ရှိတာနဲ့ သူ့တာဝန်တွေကို ကျွန်တော့်ကို လွှဲ သွားတယ် ကိုကိုကျော်၊ ကျွန်တော့်ကို ဘာခိုင်းချင်လို့လဲ'

မောင်မောင်ကျော်သည် အင်္ကျီဇလာ၊ ပုဆိုးတိုတိုနှင့် သန်မာ တောင့်တင်းလှသော ဇော်ရှင်းကို ကြည့်ရင်း ပြုံး လိုက်သည်။

'ဇော်ရှင်းဆိုတာ မင်းကိုး'

'ဟုတ်ကဲ့....ကျွန်တော်ပါပဲ'

'မင်း ဦးခလေးစောရဲ့ မြေးလား'

'ဟုတ်ပါတယ်....ကိုကိုကျော်၊ မြေးဆိုပေမယ့် ငယ်ငယ် ကတည်းက အတူနေ အတူစားလာရတော့ သားအဖလိုပဲ ဖြစ်နေပါပြီ'

ဇော်ရှင်းက သွက်သွက်လက်လက် အဖြေပေးလိုက်သည်။

'အေး....မင်းရောက်လာတာ ငါ့အတွက် ကူဖော်လောင် ဖက် ရတာပေါ့ကွာ၊ မင်း သေနတ်ကလေး ဘာလေး တိုက် တတ်ရဲ့လား'

'နည်းနည်းပါးပါးတော့ ဖြစ်ပါတယ် ကိုကိုကျော်၊ ရွာ မှာနေတုန်းက ကျွန်တော်တို့ ရွာနားကို တပ်မတော် ရဲဘော် တွေ စခန်းချသွားဖူးတယ်၊ ကျွန်တော်က သေနတ်တွေ ဘာ တွေ မြင်ရင် လက်ကို ယားနေတာပဲ ကိုကိုကျော်ရ၊ အဲဒီ ရဲဘော်တွေက သေနတ်ကို ဘယ်လို ပစ်ရတယ်၊ ဘယ်လို တိုက်ချွတ် ဆေးကျောရတယ် ဆိုတာတွေ သင်ပေးသွားလို့ တိုက်တတ် ချွတ်တတ်ပါတယ် ကိုကိုကျော်'

ဇော်ရှင်းက အားရဝမ်းသာ ပြောလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



'အေး....ဟန်ကျတာပဲကွာ၊ ကိုကိုကျော်က သေနတ်ပစ် ချင်ပါယ်ကွ၊ တောပစ်လဲ ဝါသနာပါတယ်၊ မင်း ကိုကိုကျော့် သေနတ်တွေ တိုက်ပေးရမယ်နော်'

ဇော်ရှင်းမှာ ထခုန်မတတ် ဝမ်းသာသွားသည်။

'နောက်တော့ မောင်မောင်ကျော်က တိုက်ကြီးပေါ်မှ သူ၏ အခန်းသို့ ခေါ်သွား၏။ မောင်မောင်ကျော့် အခန်း ကား စိတ်ဝင်စားဖွယ် ကောင်းလှပါတီ။ ကျားသစ်ရေတွေ၊ ပြောင်ချိုတွေက အခန်းနံရံတွင် မင်းမူနေသလို သေနတ် အတိုအရှည်တွေက သူ့နေရာနှင့်သူ ချိတ်ဆွဲထားသည်။

မောင်မောင်ကျော်သည် အခန်းထောင့်တွင် ထောင် ထားသော သေနတ်တစ်လက်ကို ဆွဲယူလိုက်ပြီး ဇော်ရှင်းကို ပြသည်။

'အဲဒါ ပွိုင့်သုံးဆဲဗင်းဖိုက်မက်ဂနမ်လို့ ခေါ်တယ်ကွ'

'သိပ်လှတာပဲနော်၊ ပြောင်းလေးက သေးသေးလေးရယ်'

'အေး....ပြောင်းသေးပေမယ့် ဆင်တောင် ဖင်ထိုင် လဲ တယ်ကွ'

'ဗျာ....'

ဇော်ရှင်း အံ့ဩသွားရ၏။ သေနတ်ကိုလည်း ဖင်ပြန် ခေါင်းပြန် ကြည့်မိသည်။

'မက်ဂနမ်' ဆိုတဲ့ အမိပ္ပာယ်က ရိုးရိုးကျည်ဆန်ထက် ယမ်းအား ပိုထည့်ထားတာကို ခေါ်တာကွ၊ ဒီမှာ ကြည့် စမ်း'

မောင်မောင်ကျော်သည် ယမ်းခါးပတ်ထဲမှ လက်ခလယ် ခန့်တုတ်သော ကျည် တစ်တောင့်ကို ဖြုတ်၍ ဇော်ရှင်းအား ပစ်ပေးလိုက်သည်။



'သိပ်ကြီးတာပဲနော်၊ သေနတ်နဲ့ ကျည် ဆံ နဲ့ တောင် မလိုက်ဘူး'

ဇော်ရှင်းက ကျည်ဆံကို ဖမ်းယူ၍ အသေအချာ ကြည့် ရင်း တအံ့တဩ ပြောလိုက်မိသည်။

'အေးလေကွာ....ဒါကြောင့် ဆင်တောင် ဖင်ထိုင်တယ်လို့ ပြောတာပေါ့ကွ'

သူတို့ နှစ်ယောက်စလုံး အား ရ ပါး ရ ရယ်မိကြ၏။ နောက်တော့ ကိုကိုကျော်က သူ့သေနတ်ကို တိုက်ပုံ တိုက်နည်း တွေ ပြပေးခဲ့သည်။ ဇော်ရှင်းသည် သေနတ်နှင့် ပတ်သက်၍ သိပ်ရိုင်းလှသူ မဟုတ်ပေ။ အလွယ်တကူပင် တတ်သွားခဲ့ သည်။

'ကဲ....အဲဒီ သေနတ်ကို ယူသွားပြီး တိုက်ခဲ့'

'ဟုတ်ကဲ့....ကိုကိုကျော်၊ ကျွန်တော် အသေအချာ တိုက် ပြီး လာပို့ပါ့မယ်'

ဇော်ရှင်းက ပုဆိုးကို ပြင်ဝတ်ပြီး သေနတ်ကို လွယ်လိုက် သည်။ ကိုကိုကျော်က ကို့ရို့ကားယား သူ့ပုံကိုကြည့်၍ ရယ် လိုက်ပြီး အဝတ်ဗီရိုထဲမှ ဘောင်းဘီ တစ်ထည်နှင့် အင်္ကျီ တစ်ထည်ကို ထုတ်ယူလိုက်၍ အပေါက်ဝတွင် ရောက်နေ သော ဇော်ရှင်းကို ခေါ်လိုက်သည်။

'ဇော်ရှင်း....'

'ခင်ဗျာ....'

'ရော့....'

သည်အသံနှင့်အတူ အဝတ်တစ်စုံက သူ့ထံသို့ ပျံလွင့် လာ၏။ ဂျင်းပင်လေး တစ်ထည်နှင့် ဂျာကင်လေး တစ်ခု။

www.burmeseclassic.com

www.burmeseclassic.com

'အဲဒါ ကိုကိုကျော် ငယ်ငယ်ထုန်းက ဝတ်တာ၊ အခု....မင်းဝတ်တော့'

ဇော်ရှင်း အပြုံးက တောက်ပလာသည်။ အဝတ်ကလေးတွေကို ရင်ဝယ်ပိုက်ရင်းလည်း ကျေးဇူးစကား ဆိုမိသည်။

'ကျေးဇူး တစ်ကုဋေပဲ ကိုကိုကျော်'

'ကဲ....လစ်တော့'

ဇော်ရှင်းသည် လှေကားမှ အားရပါးရ ပြေးဆင်းလာသည်။ တစ်ဆစ်ချိုးကွေ့တွင်တော့ လူတစ်ယောက်နှင့် မျက်နှာချင်းဆိုင် ဝင်တိုက်မိတော့ သူ့ တစ်ကိုယ်လုံး ပုံပျက် ပန်းပျက် ဖြစ်သွားသလို အော်သံကို ကြားလိုက်ရသည်။

'အမယ်လေးတော်၊ လုပ်ကြပါဦး....လုပ်ကြပါဦး'

မြတ်စွာဘုရား....။

ဇော်ရှင်းတစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်သွားသည်။ ဒေါ်ခင်ထွေးပါကလား။

အဘွားကြီးသည် မီးထွက်တော့မတတ် ဇော်ရှင်းကို စိုက်ကြည့်ရင်း ရန်တွေ့ ပါလေတော့သည်။

'ဟင်....နင်....နင်....ငါ တက်လာတာ မမြင်ဘူးလား'

'မမြင်လို့ပါ ကြီးကြီးရယ်၊ ကျွန်တော် တောင်းပန်ပါတယ်'

ဇော်ရှင်းအသံက တုန်နေသည်။ အဘွားကြီးမှာ ပို၍ ဒေါသ ထွက်လာပုံရသည်။

'ဟင်....လူတစ်ယောက်လုံး တက်လာတာ မမြင်ရအောင် နင်က မျက်စိကန်းနေလို့လား ပြောစမ်း'

'မ....မကန်းပါဘူး ကြီးကြီးရယ်၊ ကျွန်....ကျွန်တော်....'



ဇော်ရှင်း ဘာဆက်ပြောရမှန်း မသိတော့။ ဒေါ်ခင်ထွေးသည် ဇော်ရှင်း လွယ်ထားသော သေနတ်နှင့် လွင့်ကျနေသော ဘောင်းဘီနှင့် အင်္ကျီကို ကြည့်ရင်း ခါးထောက်လိုက်သည်။

'ဟင်....နင် ဒါတွေကို ဘယ်ကယူလာသလဲ ပြောစမ်း'

'ဟို....ဟို....ကိုကိုကျော် ပေးလိုက်တာပါ ကြီးကြီး'

'မောင်ကျော်က နင့်ကို ဒီသေနတ် ပေးတယ် ဟုတ်လား'

'မဟုတ်ပါဘူး ကြီးကြီး၊ ဒီသေနတ်ကို ပေးတာ မဟုတ်ပါဘူး'

'ပေးတာမဟုတ်ရင် နင်ယူလာတာပေါ့ ဟုတ်လား'

ခက်ကပြီ။ သူပြောသည်ကို ဒေါ်ခင်ထွေး သဘောမပေါက်။

'ဒီလိုပါ ကြီးကြီး၊ ဒီအင်္ကျီနဲ့ ဘောင်းဘီကို ကိုကိုကျော်က....'

သည်စဉ်မှာပင် မောင်မောင်ကျော့် အသံကို ကြားလိုက်ရသည်။

'ဘာဖြစ်နေတာလဲ မေမေ'

ဒေါ်ခင်ထွေးနှင့် ဇော်ရှင်းသည် လှေကားထိပ်တွင် ရပ်နေသော ကိုကိုကျော့်ထံသို့ ပြိုင်တူ ကြည့်မိကြသည်။

'ဘာဖြစ်ရမှာလဲ မောင်ကျော်၊ ဒီကောင်လေး နင့်သေနတ်နဲ့ အင်္ကျီဘောင်းဘီတွေ ယူပြီး ပြေးဆင်းလာတယ်၊ ငါ့ကိုတောင် မမြင်ဘဲ ဝင်တိုက်သေးတယ်'

ဒေါ်ခင်ထွေး အသံက မာနေဆဲပင်။

'ကျွန်....ကျွန်တော် လှေကားက ပြေးဆင်းလာရင်း မတော်လို့ ဝင်တိုက်မိတာပါ ကိုကိုကျော်'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် ပေးလိုက်တာပါ မေမေရဲ့၊ သေနတ်က သူ့
ပြောင်းတိုက်ခိုင်းဖို့ ပေးလိုက်တာပါ'

မောင်မောင်ကျော်သည် လှေကားမှ ဆင်းလာရင်း ပြော
သည်။ သူ့စကားကို ဒေါ်ခင်ထွေး ဘဝင်ကျပုံ မရလှ။

'ပေး လား ကမ်း လား ရှုပ်ရှုပ်ယှက်ယှက်တွေ မေမေ
မကြိုက်ပါဘူး၊ ပြီးတော့ ဒီလိုဟာတွေကို တိုက်ပေါ် ခေါ်
တင်တာလဲ မေမေ မကြိုက်ဘူး သိလား'

ဇော်ရှင်း ရင်မှာ နင့်သွားရသည်။ သူ့မျက်လုံးကလေးမှ
မောင်မောင်ကျော့်ကို အားကိုးတကြီး ကြည့်နေရှာသည်

'ကဲပါ မေမေရယ်....သိပ်ဆူမနေပါနဲ့၊ ဇော်ရှင်းကို သာ
ခေါ်တာပါ၊ ပြီးတော့ ဒီအင်္ကျီ ဘောင်းဘီတွေက သား
တော်တော့တာမှ မဟုတ်ဘဲ၊ ကဲ....ကဲ....ဇော်ရှင်း သွားတော့

ဇော်ရှင်းသည် သူတို့အပါးမှ ခပ်ကုပ်ကုပ်ကလေး ထွ
လာမိသည်။ စိတ်မကောင်းလည်း ဖြစ်မိ၏။ သည်စဉ်က
ဒေါ်ခင်ထွေးသည် ဇော်ရှင်းအပေါ်ကို မျက်နှာသာမပေး
အမြဲတမ်း မောက်မောက်မာမာ ဆက်ဆံခဲ့သည်။

'သည်းခံပါ ဇော်ရှင်းရယ်၊ ကိုယ့်ရည်ရွယ်ချက် မပြ
သေးသမျှတော့ အတတ်နိုင်ဆုံး သည်းခံပြီးနေပါ'

အဘသည် ဒေါ်ခင်ထွေးက ဇော်ရှင်းကို မာန်လားမဲလာ
လုပ်တိုင်း ဆုံးမလေ့ ရှိသည်။ အဘစကား၏ အဓိပ္ပာယ်
ဇော်ရှင်း နားမလည်ချေ။ အမှန်ပင်။

'ရည်ရွယ်ချက် ဟုတ်လား အဘ၊ ဘာရည်ရွယ်ချက်
ဟင်'

အဘ မျက်နှာ ညိုသွားသည်။

'ငါ့မြေး တစ်နေ့တော့ သိရမှာပေါ့ကွာ၊ ကဲ....ကဲ....ငါ့
မြေး လုပ်စရာရှိတာ သွားလုပ်တော့'

အဘသည် သည်နှယ် စကားဖြတ်လေ့ ရှိသည်။

အဘသည် မည်သည့်ရည်ရွယ်ချက်နှင့်များဦးကောင်းမိုး၏
ခံယံမြို့တွင် လာရောက် နေထိုင်ရသနည်း။ တစ်ခါတစ်ရံ
ွင် သည်သို့သည်နှယ် အတွေးကြွယ်မိသော်လည်း အဖြေကို
ော်ရှင်း တိတိပပ မသိတတ်။

သို့ပေမင့် မောင်မောင်ကျော်နှင့် ဇော်ရှင်း တပူးတွဲတွဲ
ပ်နေသည်ကို အဘ ကျေနပ်ဟန် ရှိသည်။ မောင်မောင်
ျော်သည် ဇော်ရှင်းကို စက်ပစ်ကွင်းသို့ သေနတ်ပစ်
ေ့ကျင့်ရန် သွားတိုင်း ဇော်ရှင်းကို ခေါ်တတ်သည်။

မောင်မောင်ကျော်သည် တောပစ်သွားပြီ ဆိုလျှင် ဇော်
င်းသည် သေနတ်ကို လွယ်၍ နောက်က လိုက်ရသည်။
ယ်တိုင် မပစ်ရသော်လည်း ဇော်ရှင်း ကျေနပ်သည်။
းသာသည်။

'အေး....ကောင်းတယ် ငါ့မြေး၊ ယောကျ်ား ဆိုတာ
နတ်တစ်လက်ကိုတော့ ကျွမ်းကျွမ်းကျင်ကျင် ကိုင်တတ်
တတ်ဖို့လိုသကွ၊ မင်းအနေနဲ့ အခွင့်အရေးရတိုင်း သေနတ်
ပစ်နည်းတွေကို လေ့လာထား၊ ကြားလား ဇော်ရှင်း'

ဇော်ရှင်း ခေါင်းညိတ်ခဲ့ပါလေသည်။

**

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

သည်သို့ဖြင့် မြစံပယ်မြိုင်သို့ သူတို့ မြေးအတိုး ရောက်ခဲ့
သည်မှာ တစ်နှစ်သစ်လာသည်။

ထိုနေ့က မြစံပယ်မြိုင် တစ်ခုလုံး လှုပ်လှုပ်ရှရှ ဖြစ်နေ
သည်။ မနီသည် မနက်အစောကြီး ဈေးထသွား၍ အမဲ
သားငါးအစုံကို ဆွဲခြင်းပြည့်မျှ ဝယ်လာခဲ့သည်။ ကိုဒွေးသည်
တစ်ခြံလုံး သန့်ပြန့်နေအောင် ကြိုးစား၍ ဆောင်ရွက်နေ
သည်။ အဘသည် ပင်လျှင် ကားဘော်ဒီကို မှန်ကြည့်၍
ရအောင် တိုက်ချွတ်နေသည်။

ဦးမိုးကောင်းနှင့် ဒေါ်ခင်ထွေးသည် ဝတ်ကောင်းစားလ
လဲ၍ တဖိတ်ဖိတ်တောက်နေသော အဘမောင်းသည့် ကားကိ
စီး၍ ထွက်ခွာသွားကြသည်။ ကိုကိုကျော် တစ်ယောက်သ
လျှင် ပျောက်ချင်းမလှ ပျောက်နေပါသည်။ ဇော်ရှင်းသည
ပန်းခြံထဲသို့ မယောင်မလည် ထွက်လာခဲ့သည်နှင့် ကိုဒွေးနှ
တွေ့တော့သည်။



'ဟဲ့ကောင်လေး....လာစမ်း၊ အဲ....ဟို စံပယ်ပင်ခြေရင်းက
ပေါင်းမြက်တွေကို ရှင်းပစ်စမ်း'

ကိုဒွေးက သူ့ကိုခေါ်၍ခိုင်းသည့်အပြင် သူကိုယ်တိုင်လည်း
ပေါက်ပြားတစ်လက်ဖြင့် အလုပ်ရှုပ်နေသည်။

'နေစမ်းပါဦး ကိုဒွေးရ၊ ဒီနေ့ မြစံပယ်မြိုင်မှာ ဘာဖြစ်
နေကြတာလဲ'

'အလုပ်ရှုပ်နေကြတာလေကွာ၊ ဒီနေ့ ထိပ်ထားလေး ပြန်
လာမယ်မို့လား'

'ဗျာ....ထိပ်ထားလေး ဟုတ်လား'

ကိုဒွေးက တဟဲဟဲ ရယ်ရင်း အဖြေပေးလိုက်သည်။

'ငါ မင်းကို ပြောခဲ့ဖူးတဲ့ ဆီသုတ်ထားတဲ့ ကြွေရုပ်ကလေး
ပေါ့ကွ၊ အခု မြစံပယ်မြိုင်ကို ပြန်လာမှာလေကွာ၊ အဲ....သံတို
ဘာ ထားနေပေတော့ ဇော်ရှင်းရေ၊ ကောင်မလေးက
င်မတန် စိတ်ဆက်တာကလားကွ'

'စုစုထွေးကို ပြောတာလား ကိုဒွေး'

'အေးပေါ့ကွ၊ သူ့အပြင် ဘယ်သူရှိရဦးမှာလဲ'

ဇော်ရှင်းသည် စံပယ်ပင် ခြေရင်းရှိ ပေါင်းမြက်များကို
တ်ရင်း စဉ်းစားနေမိသည်။ စဉ်းစားမိသည်ကတော့ သူ
မြင်ဖူးသေးသော စုစုထွေး အကြောင်း။

'စုထွေးက သူ့စံပယ်ပင်တွေကို သိပ်မြတ်နိုးတာကွ၊ နေ့
ကျောင်းပိတ်လို့ ပြန်လာတိုင်း စံပယ်ပင်တွေ စိမ်းစိမ်းစို
လှပပ ဖြစ်မနေရင် ငါတော့ ခေါင်းအကြိမ်းပဲ၊ ဒီခြံကြီးကို
စံပယ်မြိုင်လို့ နာမည်ပေးတာ သူပေါ့ကွ၊ ရုပ်ကလေး
သလောက် မာနကတော့ ကြီးပါ့ကွာ'

www.burmeseclassic.com

www.burmeseclassic.com



'သူဟာသူ ကြီးကြီးသေးသေး ကျွန်တော်တို့နဲ့ မဆိုင်ပါဘူး ကိုဒွေးရာ၊ ကိုယ့်ဟာကိုယ်နေရင် ပြီးတာပဲ မဟုတ်လား'

သည်တော့ ကိုဒွေးက ရယ်သည်။

'အေးပါမောင်....အေးပါ၊ တော်တော်ကြာမှ ကိုယ်တော်လေးနဲ့ သွားပြီး မပတ်သက်နေပါစေနဲ့'

'ဟာဗျာ....ကိုဒွေးကလဲ ခင်ဗျားသာ ထမင်းချက်တဲ့ မနီနဲ့ ပတ်သက်ချင်နေတာ မဟုတ်လား၊ ကျွန်တော့်ကို ဆွဲမထည့်ချင်ပါနဲ့'

'ဟ....မနီနဲ့ ငါနဲ့က မကြိုက်မယ့်သာ မကြိုက်ရသေးတာ၊ အဆင့်အတန်းချင်းတူသကွ၊ ငါက ခပ်တည်တည်နဲ့ လုပ်နေလို့ သိလား၊ ကောင်မလေးက ငါ့ဆိုရင် အသေရရ အရှင်ရရ'

သည်စဉ်မှာပင် ကိုဒွေးရော ဇော်ရှင်းပါ မျက်လုံးပြူး သွားသည်။ မနီရယ်ပေါ့။

'ကိုဒွေး ဘာတွေ ပြောနေတာလဲ၊ ကျွန်မနာမည် ကြား လိုက်ပါတယ်'

'မနီက ပန်းရုံအကွယ်မှ ထွက်လာရင်း မေးလိုက်သည်။ ကိုဒွေး မျက်နှာပျက်သွား၏။ ပြီးမှ စပ်ဖြဲဖြဲ ဖြစ်လာသည်။

'ဩော်....ငါပြောတာက ဒီလိုပါဟ၊ မနီဟာ အချက် အပြုတ် သိပ်ကောင်းတယ်လို့၊ ကြက်ဆိုရင် အရှင်ရရ အသေ ရရ ချက်တာပဲလို့....အဟီး'

ကိုဒွေး သွားတွေ ဖြဲသွားသည်။

'တော်ပါ....သူများအကြောင်း ဘာတွေ ပြောနေမှန်းလဲ မသိဘူး၊ ဩော်....ဒီမှာ ဇော်ရှင်း စုထွေးအတွက် ထိုးမုန့် မေ့လာလို့ စက်ဘီးလေးနဲ့ ဈေးချိုကို ပြေးပြီး ဝယ်ပေး



ပေးပါနော်၊ စုထွေးက ထမင်းစားပြီး မန္တလေး ထိုးမုန့် စားချင်နေ'

'ဟုတ်ကဲ့....မနီ၊ ကျွန်တော် ဝယ်ပေးပါ့မယ်'

ဇော်ရှင်းသည် ဈေးချိုသို့ စက်ဘီးကို အပြင်းနင်း၍ လာခဲ့သည်။ သူ "မြစ်ဝယ်မြိုင်" သို့ ပြန်ရောက်တော့ ဆင်ဝင် အောက်တွင် ဦးကောင်းမိုး၏ ဖယ်မလီယာကိုလည်း တွေ့ရသည်။

စုထွေးတို့ ရောက်နှင့်ပြီ ထင်ပါရဲ့။ ဧည့်ခန်းထဲမှ သူ မကြားဖူးသော အသံလွင်လွင်ကလေးကို ကြားရသည်။ ဇော် ရှင်းသည် တိုက်နောက်ဖေးမှ ပတ်၍ မနီကို ထိုးမုန့်ထုပ်ပေး သည်။ ပြီး....သူ၏ စံအိမ်ဖြစ်သော မော်တော်ကားရုံအပေါ် ထပ်သို့ ခပ်သွက်သွက် တက်ခဲ့သည်။

စုထွေးဆိုသည်မှာ ဘာတွေစု၍ ဘာတွေ ထွေးနေသည်ကို ဇော်ရှင်းမသိပြီ။ သို့ရာတွင် ထိုနေ့ညနေတွင်တော့ စုစုထွေး နှင့် ဇော်ရှင်း ဆုံမိကြတော့သည်။

ဒေါ်ခင်ထွေးနှင့် စုစုထွေး ခြံထဲတွင် လမ်းလျှောက်နေ ကြသည်။ စုစုထွေးသည် သူမ၏ စံပယ်ပင်တွေ ဖွေးဖွေး လှုပ်အောင် ပွင့်နေသည်ကို ကြည့်ရင်း ဝမ်းပမ်းတသာ ဖြစ် နေသည်။

'စုထွေး စံပယ်ပင်တွေ သိပ်ပွင့်တာပဲ မေမေ၊ မြစ်ဝယ် မြိုင်ဆိုတဲ့ နာမည်နဲ့ လိုက်တာပဲနော်'

'အေးပေါ့ကွယ်၊ မောင်ဒွေးကလဲ သမီး စံပယ်ပင်တွေကို သိပ်ပြီး ဂရုစိုက်တာကွယ့်၊ ဒါ့ကြောင့် ဒါလောက်ပွင့်နေ တာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



သည့်စဉ်မှာပင် ခြံထောင့်ရှိ စံပယ်ပင်တွေကို ရေပိုက်တစ်ခုဖြင့် ပက်ဖြန်းနေသော ဇော်ရှင်းကို စုစုထွေး တွေ့သွားခဲ့သည်း

'ဟိုစံပယ်ပင်တွေကို ရေလောင်းနေတာ ဘယ်သူလဲ မေမေ၊ ကိုဒွေးလဲ မဟုတ်ပါလား'

'အိမ်မှာ တောက်တိုမယ်ရ ခိုင်းဖို့ ခေါ်ထားတာပါ သမီးရယ်'

ဒေါ်ခင်ထွေးက သမီးဖြစ်သူကို မနှစ်မြို့သလို ဖြေသည်။

ဂျင်းပင်ကလေးကို ဝတ်၍ အင်္ကျီကိုယ်တုံးလုံးနှင့် ပန်းပင်ရေလောင်းနေသော ဇော်ရှင်း၏ ပုံသဏ္ဌာန်မှာ သူမအတွက် ရယ်စရာများ ဖြစ်နေသလားတော့ မပြောတတ်။ စုစုထွေး တခစ်ခစ်ရယ်ရင်း သဘောကျသွားသည်။

'ဒါဖြင့်....သူ့ကို စုထွေး ခိုင်းချင်လိုက်တာ၊ သူ့နာမည် ဘယ်သူလဲ မေမေ'

'အို့ကွယ်....သမီးကလဲ ပေါက်ကရတွေနဲ့ အရောဝင်တာ မေမေ သဘောမကျပါဘူး၊ ကဲ....မေမေ ညစာအတွက် သွားစီစဉ်လိုက်ဦးမယ်၊ သမီးလေး အညောင်းပြေ လမ်းလျှောက်နေဦးနော်'

စုစုထွေး၏ နှုတ်ခမ်းလေးမှာ စူ၍ကျန်ရစ်သည်။

မေမေတို့က သည်အတိုင်းပဲ ဖြစ်သည်။ စုထွေးအလိုကို ကြည်ကြည်ဖြူဖြူ မလိုက်ချင်။ စုစုထွေးကလည်း လုပ်ချင်တာကို လုပ်ရမှ ကျေနပ်သည့် တစ်ဇွတ်ထိုးမကလေး။ စုစုထွေးသည် စံပယ်ရုံတွေကြားထဲမှ လျှောက်သွားသည်။ စံပယ်ရုံ၏ ဟိုမှာဘက်တွင် သူမ မတွေ့ဖူးသေးသော သစ္စာဝါကလေးက လှုပ်ရှားနေသည်။

'ဟော့....ချာတိတ်ခဏလာစမ်း'

ဇော်ရှင်းသည် အသံကြားရာဘက်သို့ ကြည့်လိုက်သည်။ စံပယ်ရုံများ အကြားတွင် မျက်နှာဝိုင်းဝိုင်း လှလှလေးတစ်ခုကို မြင်လိုက်ရသဖြင့် အံ့သြသွားသည်။ သူ့အနီးအနားတွင်လည်း ဘယ်သူမှမရှိ။

'ဟေး....ဘာကြောင်ကြည့်နေတာလဲ၊ မင်းကို ခေါ်တာကွ....'

ဇော်ရှင်းက ပန်းရုံအကွယ်မှ ထွက်လိုက်သည်။

'ဗျာ....ကျွန်တော့်ကို ဟုတ်လား'

ဇော်ရှင်းသည် သူ့ကို ချာတိတ်ဟု ခေါ်သော မိန်းကလေးကို ကြည့်ရင်း အံ့သြတကြီး မေးဖြစ်သည်။ အရွယ်က မတိမ်းမယိမ်း သူ့ထက်တောင် ငယ်ပေဦးမည်။ ဒါနှင့်တောင် ချာတိတ်တဲ့။ သို့ပေမင့် အလှတွေစု၍ အယဉ်တွေ ထွေးနေသည့် မိန်းမလှကလေးပါပဲကလား။

'စုစုထွေး....ထင်ပါရဲ့။

'မင်းကို ခေါ်နေတာလေ'

'ဟုတ်ကဲ့....လာပါပြီ ခင်ဗျာ'

'ဇော်ရှင်းသည် အပြေးကလေး သွားလိုက်မိပြီး မိန်းမချောလေးရှေ့တွင် ရပ်လိုက်သည်။ သူ့ကိုယ်တွင် ဂျင်းပင်ကလေးကလွဲ၍ ဗလာနတ္ထိ။ စုစုထွေးသည် ရေတွေ ရွဲရွဲစိုနေသော သူ့ကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။

'မင်းနာမည်'

'ဇော်ရှင်း....ကျွန်တော့်နာမည် ဇော်ရှင်း'



www.burmeseclassic.com

www.burmeseclassic.com



'အို…နှာခေါင်းက အဆန်းပဲ၊ ကိုယ့်နှာမည်က စုစုထွေးတဲ့ ကွ၊ မှတ်ထားနော်'

'ဟုတ်ကဲ့….ဟုတ်ကဲ့'

ဇော်ရှင်းက ပျာပျာသလဲ ခေါင်းညိတ်လိုက်သည်၊ ဒါကို စုစုထွေးက သဘောကျစွာ တခစ်ခစ် ရယ်လိုက်သေးသည်။ ဇော်ရှင်းက မနေတတ်တော့။

'ဇော်ရှင်းတို့ စုထွေး တစ်ခု ခိုင်းချင်လို့'

'ဟုတ်ကဲ့….ခိုင်းပါခင်ဗျာ'

စုစုထွေးသည် ခြံထောင့်ရှိ ပိတောက်ပင်ကြီး ပေါ်သို့ လက်ညှိုးထိုးပြသည်။ ပင်ယံထက်တွင်မူ အဆုပ်လိုက် အခက်လိုက်ပွင့်နေသော ပိတောက်ပန်းများက ရွှေရောင်တောက်ပနေကြသည်။

'ခူးပေးရမှာလား မစုစုထွေး'

'အေး….ဇော်ရှင်း တက်ခူးပေးနိုင်ရင် စုထွေးက ငွေတစ်ကျပ်ပေးမယ်လို့'

ဇော်ရှင်း မျက်နှာပျက်သွားသည်။

အကြော်သည်မြှင်တွေကလည်း တင်းခနဲ ဆန့်သွားသလို ခံစားလိုက်ရ၏။

'အဲသလိုဆိုရင်တော့ ကျွန်တော် ခူးမပေးချင်တော့ဘူး မစုစုထွေး'

'ဟယ်….ဘာဖြစ်လို့လဲ'

စုစုထွေး မျက်နှာညိုသွားသည်။

'ကျွန်တော်က ပိုက်ဆံပေးပြီး ခိုင်းစရာမလိုပါဘူး မစုစုထွေး၊ ကျွန်တော် စေတနာနဲ့ပဲ ခူးပေးပါရစေ'



ဖူးဖူးလေး အိနေသော စုစုထွေး၏ နှုတ်ခမ်းလေးမှာ သဲသဲသာသာ ကွေးတွန့်သွားသလို အံ့ဩမကျနိုင်မှုတွေက သူမမျက်နှာတွင် အထင်းသား ပေါ်လွင်လာသည်။

'အမယ်….ကြီးကြီးကျယ်ကျယ်၊ စေတနာတွေ ဘာတွေ မလို ချင်ပါဘူး၊ ပိုက်ဆံပေးရင် ဘယ်သူခိုင်းခိုင်း ရတာပဲ၊ ခူးမပေးချင်ရင် နေပေါ့၊ ဒါကြောင့် မေမေက ပေါက်ကရတွေနဲ့ အရောမဝင်နဲ့လို့ ပြောတာ'

စုစုထွေးသည် ပြောပြောဆိုဆို ခြေကို ခပ်ဆောင့်ဆောင့်နင်းရင်း တိုက်ကြီးထဲသို့ ဝင်သွားသည်။

ပထမတွင်မူ ဇော်ရှင်း အံ့ဩသွား၏။ ယင်းနောက်တွင်မူ နာကြည်းစိတ်ကလေးက နှလုံးသားကို လှုပ်ခတ် သွားစေသည်။ ဘယ့်နှယ်ကြောင့်များ သူ့စေတနာကို စော်ကားချင်ပါလိမ့်ဟုလည်း တွေးမိသည်။ အံ့ဖြေကား ရှင်းနေသည်။ သူက ဒရိုင်ဘာမြေး "မြစ်ဝယ်မြိုင်"-အိမ်ကြီး၏ အခိုင်းအစေ မဟုတ်ပါလား။ သည်တော့မှ သူ့ကိုယ်သူ မကျေနပ်ဖြစ်မိသည်။

စေတနာ ထားမိချင်သော သူ့စိတ်ကိုလည်း အပြစ်တင်မိသည်။ မည်သို့ပင် ဆိုစေကာမူ သူ့စိတ်က တစ်မျိုး အငြိုးအတေးလည်း မထားချင်။ ရင်တွင် ခံစားရသည်များကို ချက်ချင်း လက်ငင်း ရှင်းပစ်ချင်သည်။

'သိကြသေးတာပေါ့ကွာ'

ဇော်ရှင်းသည် အသံထွက်အောင် ကြိမ်းဝါး လိုက်ပြီး ပိတောက်ပင်ကြီးဆီသို့ ခပ်သွက်သွက် လျှောက် သွား၏။ ပြီး လက်နှစ်ဖက်ခန့်တုတ်သော ပင်စည်ကို တွယ်ဖက်၍ ခက်ခက်ခဲခဲ တက်သွားသည်။ အပင် ထိပ်ဖျားသို့ ရောက်သည်နှင့်

www.burmeseclassic.com

www.burmeseclassic.com



လှနေဆိုသည့် ပိတောက်ခက်တွေ တစ်ပွေ့ကြီး ချိုးပြီး ပြန်ဆင်းလာသည်။

သူသည် ပိတောက်ပန်းတွေကို အားရအောင် နမ်းလိုက်၏။ ထို့နောက် အကိုင်းမှ ကိုင်၍ မြေကြီးပေါ်သို့ စိတ်ရှိလက်ရှိ ရိုက်ချလိုက်သည်။ ပွင့်ခက်ကလေးများအားလုံး မြေပေါ်တွင် လွင့်စဉ်ကုန်သည်။ သူ့လက်ထဲတွင်တော့ ရိုးတန်ကျဲကျဲ။

စုစုထွေးသည် ဇော်ရှင်း၏ အပြုအမူကို တိုက်ကြီးပေါ်မှ တအံ့တဩ စောင့်ကြည့် နေခဲ့သည်။ နှုတ်မှလည်း ကျေနပ်နှစ်သိမ့်စွာ ရေရွတ်လိုက်မိသည်။

'တော်တော် မာနကြီးတဲ့ ဇော်ရှင်း'

သို့ပေမယ့် စုစုထွေး ပီတိ ဖြစ်မိသည်။ ဘာကြောင့်ရယ်လို့ တိတိပပ မသိရပေမယ့် သူမအတွက် ဒေါသတကြီး ဖြစ်နေသော ဇော်ရှင်းကို ကြည့်ရင်း စုစုထွေး ပျော်မိသည်။

သူမသည် ခြံထဲသို့ ဆင်းလာသည်။ ထိုနောက် ဇော်ရှင်း ရိုက်ခြွေသွားသော ပိတောက်ပွင့်ဖတ်ကလေးတွေကို တစ်ပွင့်စီ လိုက် ကောက် သည်။ အခန်းသို့ ပြန် ရောက် သည် နှင့် ပိတောက်ပွင့်ကလေးများကို ဖွေးဖွေးဖြူသော မွေ့ယာပေါ်သို့ ဖြန့်ခင်းလိုက်သည်။

ရင်သည် ကြည်နူးမှုနှင့် ပြည့်လျှမ်းလာတော့သည်။ စုစုထွေးသည် တေးဘစ်ပုဒ်ကိုဆိုရင်း ခုတင်ပေါ်တွင် လူးလှိမ့်မိသည်။ တေးအမည်က အသည်းပန်းကလေးများ ခြွေချင်တယ်ပင် ဖြစ်ပါသည်။

*

အခန်း (၄)

ငွေကြယ်လင်း၍ လမင်းသာခလသောကြောင့် ညသည် လှနေသည်။

ဝင်းလင်းသော လရောင်သည် ဇော်ရှင်း အခန်းထဲသို့ တစ်ခွန်းတစ်ဝ ယိုးဝင်နေသည်။ လရောင်ကလေးက အေးသလို သူ့ရင်ကလည်း နွေးနေသည်။ သည်ကနေ့ နံနက်ခင်းက ကြုံကြိုက် ခံစားခဲ့ရသည့် ဖြစ်ရပ်တွေကြောင့် သူ့ရင်တွင် ကျေနပ်ခြင်းဖြင့် ပြည့်လျှမ်းနေလေသည်လား မပြောတတ်ပြီ။

နံနက်ခင်းက သူ အင်မတန် ပစ်လိုလှသော သေနတ်ကို ပစ်ခဲ့ရ၏။ သူ့ပစ်ချက်က အောင်မြင် ခဲ့ သည်။ ပြီးတော့ ဗြဲပယ်မြိုင်သို့ စုစုထွေး ရောက်သည့်နေ့က သူ့ကို တမင်သက်သက် အနိုင်ယူခဲ့သည်။ သည်နောက်တွင် သူတို့ နှစ်ဦး ဆုံဖြစ်ကြ။ သို့သော် သည်ကနေ့ နံနက် စက်ပစ်ကွင်းတွင် စုစုထွေးကို သူ အနိုင်ယူခဲ့ရသည်ဟု ထင်သည်။

ဟုတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စုစုဆွေးကို သူ စကားနှင့်အနိုင်ယူခဲ့သည်။ သူကျေနပ်သည် ဝမ်းသာသည်။ သို့ဖြစ်ကြောင့် ယခုထက်တိုင် အိပ်မပျော်နိုင်သေး။ ဇော်ရှင်းသည် အခန်းထောင့်တွင် ချိတ်ထားသော ဂစ်တာကို ဖြုတ်၍ ကြိုးများကို တီးခတ်ပြီး ညှိလိုက်သည်။

သည်ဂစ်တာမှာ သူနှင့် အင်မတန် ရင်းနှီးသော မိတ်ဆွေ တစ်ဦးက အမှတ်တရလက်ဆောင် ပေးထားခြင်းပင်။ ဇော်ရှင်းသည် သူ ဆိုနေကျ သီချင်းဖြစ်သော နည်းနည်းလေးတော့ ခိုးကြည့်မယ် သီချင်းကို ခပ်တိုးတိုး ညည်းလိုက်သည်။

ဂစ်တာသံလွင်လွင်က ပီပြင်စွာ ပေါ်ထွက်လာသည်။

(တွေ့ဖြန့်ရင်....နည်း နည်း လေး တော့ ခိုးကြည့်မယ်XXXသဝန်ကြောင် အဖြစ်များဖြင့် မင်္ဂလာ တယ်XXXတမင် စိမ်းကားလို့ မျက်စ ချီ...XXX မှုထူးတူ ဖြူစူနေတာ မကောင်းဘူးကွယ်....)

(မှုယာမာယာတွေ လျှော့စေချင်တယ်) ရွှေရင် ဖျိုးဖျ နှမ၊ တစ်မျိုးလှပဘာ (ကြင်ကြင်နာ)၂ အိုး.... နှုတ်ခမ်းကိုရွဲ့ ချစ်စရာ မဲ့ကာပြုံးလို့ နည်းနည်းလေး တော့ ခိုးကြည့်မယ်။

ဇော်ရှင်း၏ အသံက တိုးသော်လည်း ပီသသည်၊ ကြည်မြသည်။ ညဥ့်ယံကို မထွင်းဖောက်နိုင်ပေမင့် မြစ်ပယ်မြိုင် တိုက်ကြီးပေါ် သို့တော့ ပြန့်လွင့်လာနိုင်သည်။

ကိုကိုကျော်နှင့် စုစုထွေးတို့သည် လသာဆောင်တွင် ထိုင်ရင်း စကားပြောနေကြသည်။ ဇော်ရှင်း၏ သီချင်းသံကြောင့် ပြောလက်စ စကားမှာ ပြတ်သွား၏။

'ကြားလား ကိုကိုကျော်၊ အဲဒါ စုထွေးကို တမင် စောင်းဆိုတာ'



'ဘာလဲ စုထွေးရဲ့'

'သီချင်းဆိုနေတာလေ၊ ကိုကိုကျော့် ဇော်ရှင်းက သိပ်လူပါးဝတယ် သိလား'

မောင်မောင်ကျော်က ပြုံးမိသည်။

'စုထွေးကလဲ ဒီကောင်လေးပဲ ရန်လုပ်နေတော့တာပဲကိုး၊ ဒီသီချင်းကို ဇော်ရှင်း ဆိုနေကျ ကွယ့်၊ ကောင်လေးက အရိုင်းဘာမြေးဆိုပေမယ့် သူ့နေရာနဲ့သူ နေတတ် ထိုင်တတ်ပါတယ်ကွာ၊ ရိုးရိုးသားသားလေးပါ'

'ရန်လုပ်တာ မဟုတ်ပါဘူး ကိုကိုကျော်၊ သူကို စုထွေး သုံးလုံးကြည့်မရဘူး သိလား'

'ဟောဗျ....စကားအကောင်းပြောနေရင်းကစိတ်ကောက်ပြန်ပြီ၊ ဘာလဲ....မနက်တုန်းက သေနတ်ပစ် သင်မပေးလို့ အခုအထိ ဇော်ရှင်းကို မနာလို ဖြစ်နေသေးသလား ဟင်.... စုထွေး'

'ဟုတ်တယ်....ဟုတ်တယ်'

'ကဲ....ကဲ....စိတ် ကောက် မ နေ ပါနဲ့ ညီမရယ်၊ နောက်တစ်ခါ တော်ပစ်ကွင်းသွားရင် စုထွေးကို သင်ပေးမှာပါ'

သည်တော့သည်း စုထွေး ပျော်သွားသည်။ ကျေနပ်သွားသည်။

'စုထွေးကိုလဲ ဇော်ရှင်းလို လက်တည့်အောင် သင်ပေးရယ်နော်'

မောင်မောင်ကျော်က ရယ်လိုက်သည်။

'ကိုကိုကျော်က ဘယ်လောက်ပဲ သင်ပေးပေး ပစ်ခဲ့လူက တော်မှ မှန်မှာပေါ့ စုထွေးရဲ့'

'အိုး....စုထွေးလဲ တော်မှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



‘အေးပါကွာ....ကိုကိုကျော့် ညီမက တော်ပါတယ်၊ ကဲ....ကဲ...သွားအိပ်ချေတော့၊ ညဉ့်နက်လှပြီ’

စုစုထွေးသည် အိပ်ရာထဲသို့ လှဲအိပ်မိသည့်တိုင်အောင် ဇော်ရှင်း၏ သီချင်းသံသဲ့သဲ့ကို ကြားနေရဆဲ။

ဇော်ရှင်းသည် ဂစ်တာကို ခပ်တိုးတိုး တီးရင်း သီချင်းကို အဆုံးသတ်လိုက်သည်။ ထိုစဉ်မှာပင် ကားရုံ အောက်ထပ်မှ အဘစော၏ ချောင်းဟန့်သံကို ကြားလိုက်ရသည်။

‘လူကလေး ဇော်ရှင်း....မအိပ်သေးဘူးလားကွယ့်’

‘အိပ်တော့မလို့ပါပဲ အဘ’

ဇော်ရှင်းသည် ဂစ်တာကို နံရံတွင် ထချိတ်လိုက်သည်။

‘အောက်ခဏဆင်းခဲ့ပါလား ငါ့မြေးရဲ့’

ဇော်ရှင်းသည် အထပ်ခိုးလေးမှ ဆင်းလာခဲ့သည်။ အဘစောသည် သူ၏ ကွပ်ပျစ်ကလေးပေါ်တွင် ထိုင်ရင်း ဆေးတံကို ဖွာနေသည်။

‘ဘာပြောမလို့လဲ အဘ’

ဇော်ရှင်းသည် အဘစောဘေးတွင် ဝင်ထိုင်ရင်း ခပ်တိုးတိုး မေးလိုက်မိသည်။

‘မနေ့မနက် မင်းတို့ သေနတ်ပစ် သွားကြတယ်မို့လား၊ ဟို....ဦးကောင်းမိုးရဲ့ သမီး စုစုထွေးဆိုတာ ပါတယ်လေ’

‘ဟုတ်တယ် အဘရေ့၊ ကျွန်တော် အဘကို ပြောမလို့ဟာ၊ မနေ့မနက် ကျွန်တော့်ကို ကိုကိုကျော့်က သေနတ်ပစ် သင်ပေးတယ် အဘရဲ့’

**အဘရဲ့ မျက်လုံးတွေက အရောင်လဲ့လဲ့ တောက်ပလာသည်။**



‘ဟုတ်လား....ဝမ်းသာလိုက်တာကွာ၊ နို့....ငါ့မြေးကရော သေနတ်ကို ထိအောင် ပစ်နိုင်ခဲ့ရဲ့လား’

‘ထိတာပေါ့ အဘရာ၊ ကိုကိုကျော့် ပြပေးတဲ့နည်းအတိုင်း လိုက်တာ ပစ်မှတ်ရဲ့ အလယ်ဗဟို တည့်တည့်ကို သွားမှန်တာပဲ၊ ကိုကိုကျော့်ကတောင် ကျွန်တော့်ကို ချီးကျူးသေးတယ် အဘရ’

ဇော်ရှင်းက အားရပါးရ ပြောလိုက်သည်။

အဘစောသည် ဆေးငွေ့များကို အားရပါးရ မှုတ်ထုတ်လိုက်ပြီး ပြုံးလိုက်သည်။

‘အေး....ကောင်းတယ်၊ မင်းဘဝမှာ သေနတ် ကောင်းကောင်း ပစ်တတ်ဖို့လိုလိမ့်မယ်၊ အခွင့်အရေးရတိုင်း သေနတ်ကို ကျွမ်းကျင်အောင် ကြိုးစား ငါ့မြေး၊ ဒါမှ အဘတို့ ရည်ရွယ်ချက် အောင်မှာကွယ့်’

ဇော်ရှင်း တွေဝေသွားသည်။ အဘသည် အခါအခွင့် သင့်လေတိုင်း ရည်ရွယ်ချက်ဆိုသော စကားတစ်ခွန်းကို ပြောလေ့ရှိသည်။ အဘတွင် မည်သည့်ရည်ရွယ်ချက်များ ရှိလေခဲ့သနည်း။

‘အဘပြောတဲ့ ရည်ရွယ်ချက်ဆိုတာ ကျွန်တော် နားမလည်ဘူး အဘ၊ အဘမှာ ဘယ်လို ရည်ရွယ်ချက်တွေ ရှိနေလို့လဲဟင်’

‘ဒါတွေကို ငါ့မြေးသိဖို့ မလိုသေးပါဘူးကွယ်၊ အချိန်တန်တော့ အဘပြောမှာပေါ့၊ မင်းဘဝမှာ လုပ်စရာ ကိစ္စရပ်တွေ အများကြီး ရှိသေးတယ်လို့ပဲ သဘောထား၊ ကြားလား ဇော်ရှင်း’

‘ဟုတ်ကဲ့....အဘ’

www.burmeseclassic.com

www.burmeseclassic.com



ဇော်ရှင်းသည် အဘအပါးမှ လေးပင်စွာ ထ လိုက်သည်။

'ဩော်....ဒါနဲ့ ဟိုကောင်မလေးကရော မင်းကို အရေးတဝင်ရှိရဲ့လား ဟင်....'

စုစုထွေးကို ပြောတာလား'

'အေးလေ....ကိုကောင်းမိုးရဲ့ သမီးဆိုတာပေါ့'

'အလကားပါ အဘ၊ ဒီကောင်မလေးက သွေးနားထင်ရောက်နေတာ၊ ကျွန်တော်ကလဲ သိပ်အရေးဝင်တာမှ မဟုတ်ပဲ....'

'အေးအေး.... ကိုယ့်ရည်ရွယ်ချက် မအောင်ခင် အစစအရာရာ သတိထားနေကွာ'

ဇော်ရှင်းသည် အပေါ်ထပ်ရှိ ဘုရားခန်းသို့ လေးပင်စွာ တက်ခဲ့သည်။

အိပ်ရာထဲသို့ ရောက်သည့်တိုင်အောင် အဘ စကားတွေက သူ့နားထဲမှ မထွက်။ မျက်လုံးတွေက အလိုလို ကြောင်နေသည်။

သည့်နောက်တွင်မူ စုစုထွေးနှင့် စတင် တွေ့ဆုံခဲ့သည့်နေ့က ပိတောက်ပွင့်တွေကို ရိုက်ခြွေခဲ့ရသည့် အဖြစ်ကို မြင်ယောင်လာသည်။ စုစုထွေး၏ မျက်နှာလှလှကလေးက တရေးရေး ဖြစ်နေသည်။ ဘယ်လိုဖြစ်ပါလိမ့်။

ဇော်ရှင်း အတော်နှင့် အိပ်မရ။

အိပ်ပျော်ပြန်တော့ စုစုထွေးနှင့် သေနတ်ပစ်ကွင်းတွင် ဆုံရပြန်၏။ စုထွေးခေါင်းတွင် စံပယ်ပွင့်တွေ ဝေနေအောင် ပန်ထားသည်။



'ကိုဇော်ရေ....ကိုဇော်၊ စုထွေးခေါင်းက စံပယ်ပွင့်လေးတွေကို သေနတ်နဲ့ ပစ်ပြီး ခြွေပေးနိုင်ရင် ကိုဇော် လိုချင်တာကို စုထွေး ပေးမယ် သိလား'

စုစုထွေး' အပြုံးက တောက်ပနေသည်။

စုစုထွေး အလှက ကွန့်မြူးနေသည်။

'တကယ်ပြောတာလား စုထွေး ဟင်'

'အို....ကိုဇော်ကလဲ တကယ်ပြောတာပေါ့လို့'

စုစုထွေးက မူတူတူ ခွဲတဲတဲ အသည်းယားအောင် ဆိုသည်။

'ကဲ....ဒါဖြင့် စုထွေးက ဟောဟိုက ကမူလေးမှာ သွားရပ်နေနော်'

စုစုထွေးက ကလေး ငယ် လေး ပမာ ပြေးသွားသည်။ ပြီး....ကမူပေါ်တွင် လှုပ်လီလှုပ်လဲ့ ရပ်ရင်း သီချင်းတစ်ပုဒ်ကို ဆိုသည်။ အသံလွင်လွင်လေးမှာ လေထဲသို့ ဖြန့်လွင့်ယာသည်။

(ပန်းလေးတွေကို မောင်ခြွေ××မေကလဲချစ်မယ်လေ××ပန်းလေးတွေကို××အစ်ကိုခြွေ××မေကလဲ မမုန်းဘူး မောင်ရေ)

'ဒိုင်း....'

ဇော်ရှင်း လက်မှ သေနတ်သည် ယမ်းခိုးတွေ ဝေသွားသည်။ ထိုအတူ စုစုထွေး၏ ခေါင်းမှ စံပယ်လေးတစ်ပွင့်ကို ကျည်ဆန်က ဖြုတ်ခြွေသွားသည်။

(ချစ်တဲ့မောင်ရေ××ကိုရေ××ပန်းလေးတွေကိုခြွေ၊ မေကလဲ×××မမုန်းဘူး×××ရှင်ဦးမှာပဲလေ)

www.burmeseclassic.com

www.burmeseclassic.com



'ဗိုင်း...'

ပွင့်ဖတ်ကလေးမှာ စုထွေး၏ ခေါင်းမှ လွင့်စဉ်သွား[illegible]
သည်။

သည်စဉ်မှာပင် စုစုထွေး၏ အသံလွင်လွင်က စူးစူး[illegible]
ပုံ့လွင့်လာသည်။

'အစ်ကိုရေXX'

'ဗိုင်း....'

'ပန်းတွေကိုခြွေXXXဇော်ကလဲမမှန်းဘူးXXXချစ်ဦးမှ[illegible]
လေ'

'ဗိုင်း....ဗိုင်း....ဗိုင်း'

စုစုထွေး၏ ခေါင်းမှ စံပယ်ပွင့်ကလေးများမှာ တစ်[illegible]
မကျန် ထိမှန်ကြွေကျသွားသည်။

'ဟေး....ကိုဇော်က သိပ်လက်ဖြောင့်တာပဲကွ'

စုစုထွေးက အော်ရင်း တောင်ကမူလေးပေါ်မှ [illegible]
ဆင်းလာသည်။ ဇော်ရှင်းက တောင်ကမူလေးပေါ်သို့ [illegible]
တက်သည်။ လမ်းခုလတ်တွင် သူတို့နှစ်ဦး ဆုံကြသည်။

ဇော်ရှင်းသည် ကစ်ကစ်ကလေး ဝင်းအိနေသော [illegible]
ထွေး၏ ပခုံးလေးကို အားရပါးရ ထွေးပွေ့လိုက်သ[illegible]

'ဟင့်အင်းကွယ်....ကိုဇော်ကလဲ'

'ဘာလဲ စောစောကတော့ စုထွေး ခေါင်းက စံပ[illegible]
ပွင့်လေးတွေကို ကြွေအောင် ပစ်နိုင်ရင် လိုရာတော[illegible]
ဆို....'

'ဟင်း....ကိုဇော်ကလဲ၊ ဟဲ....ဘာတောင်းမှာလဲလို့'

စုစုထွေးက မခို့တရို့လေး မေးသည်း

'ကိုဇော် လိုချင်တာကလေ'



ဇော်ရှင်းသည် စုစုထွေး၏ မေးဖျားလေးကို လက်နှင့်
ဆွဲ၍ မော့လိုက်သည်။ စုစုထွေး၏ မျက်တောင် ကော့ကြီး
တွေက မှေးစင်းလာသည်။ ရင်အစုံကလည်း အခုန်မြန်လာ
သည်။

'ဟိတ်....ဒါဘာလုပ်တာလဲ'

သူတို့နှစ်ယောက်စလုံး ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။
အသံကြားရာဘက်သို့လည်း ကြည့်မိ၏။

လူသုံးယောက်။

ရုပ်တွေက မိုက်တီမိုက်ကန်းတွေချည့်။

သူတို့ လက်ထဲတွင်လည်း သေနတ်ကိုယ်စီနှင့်။ သေနတ်
ပြောင်းပတွေက သူတို့နှစ်ဦးကို ဦးချိန်နေလေသည်။

'ဟိုကောင်မလေး မသေချင်ရင် ဒီကိုလာခဲ့'

ခေါင်းဆောင်က ခပ်မာမာ အမိန့်ပေးသည်။ စုစုထွေး
ရင်တွေ့ ဖိုသွားသည်။

'အို.... ကိုဇော်ရယ် လုပ်ပါဦး၊ စုထွေး ကြောက်လှ
ပြီ....'

ဇော်ရှင်းသည် စုစုထွေး၏ ပခုံးကို အသာညှစ်၍ အား
ပေးလိုက်သည်။

သည်နောက်တွင်မှ....

ဇော်ရှင်း၏လက်က လျှပ်ပြက်သလို လှုပ်ရှား သွား၏။
သူသည် ခါးမှ LLAMA PISTOL သေနတ်ကို ဆွဲထုတ်
ရင်း ငမိုက်သား သုံးဦးထံသို့ ခဲတောင့်များကို ပစ်လွှတ်လိုက်
သည်။

'ဗိုင်း....ဗိုင်း....ဗိုင်း'

www.burmeseclassic.com

www.burmeseclassic.com



ဇော်ရှင်း၏ ပါးစပ်မှ သေနတ်သံများ ထွက်ပေါ်လာပြီး ခန္ဓာကိုယ်ကို လှိမ့်ချလိုက်သည်နှင့် ခုတင်အောက်သို့ ပစ်ကျ သွားသည်။

ကိုဒွေးသည် ဇော်ရှင်းကို ကြည့်ရင်း အံ့အားသင့်နေဟန် ရှိသည်။

'ဟေ့ကောင်၊ ဇော်ရှင်း၊ တဒိုင်း ဒိုင်းနဲ့ ဘာဖြစ်နေတာ လဲကွ'

သည်တော့မှ ဇော်ရှင်း သတိရလာသည်။

သူ့ခန္ဓာကိုယ်ကလဲ ခုတင်အောက်တွင် ရောက်နေသည်။

'ဘာမှ မဖြစ်ပါဘူးဗျာ၊ အိပ်မက် မက်ရင်း ယောင် သွားလို့ပါ၊ အဟဲ....'

'အမယ်လေးဟ....ငါ့ကောင်နှယ် အိပ်မက်ထဲမှာတောင် တဒိုင်းဒိုင်း ပစ်နေရသလားကွာ၊ ကဲ... ပြောစမ်းပါဦး၊ ဘာ တွေများ မက်နေရသလဲလို့'

'အဟီး....'

ဇော်ရှင်းက ရယ်သွမ်းသွေးရင်း လူးလဲ ထလိုက်သည်။

'ဒီလို ကိုဒွေးရဲ

ဇော်ရှင်းက စကား ပြတ်သွားသည်။ သူ့ကို ကြည့်၍ ကိုဒွေးမှာ အားမလို အားမရ ဖြစ်နေသည်။

'ဘယ်လိုလဲကွ....မင်းဟာက....'

'ဒီလိုဗျာ....ဟို အိပ်မက်ထဲမှာ ကျွန်တော်နဲ့ စုစုထွေးလေ

'ဘာ....စုစုထွေး ဟုတ်လား၊ ကဲ ကဲ....လုပ် စမ်း ပါ ဦး အဟီး'

ကိုဒွေးက အငမ်းမရ ဝင်မေးတော့ ပြောရမည်ကိုပ ရှက်လာတော့သည်။

'တော်ပြီဗျာ...မပြောချင်တော့ဘူး၊ ကျွန်တော် ရှက် တယ်'

'ရှက်တယ်....ဟုတ်လား၊ အင်း စဉ်းစားစရာပဲဟေ့၊ အိပ် မက်ထဲမှာ မင်းနဲ့ စုထွေး တွေ့ကြတယ်၊ ပြီးတော့ ငါ့ကို ပြန်ပြောရမှာ ရှက်တယ် ဆိုတော့ ကောင်း....'

'ဟာဗျာ ကိုဒွေးကလဲ ကိုယ်လိုချင်တာတွေ ဆွဲတွေးလို့ ဘယ်ဖြစ်ပါ့မလဲ၊ ဒီလိုဗျ....အိပ်မက်ထဲမှာ စုငထွေးနဲ့ ကျွန် တော့်ကို လူဆိုးတွေက ဝိုင်းထားလို့ သေနတ်နဲ့ ပစ်တာနဲ့ ယောင်ပြီး ပါးစပ်က ထွက်သွားတာဗျ'

ကိုဒွေးက အားရပါးရ ရယ်တော့သည်။

'အမယ်လေး ဇော်ရှင်းရာ၊ ဒါလောက်တောင်ပဲ စိတ်စွဲ ဒန်း ရသလားကွ ဟေ၊ ကဲကဲ အဝတ်အစားလဲ၊ နေမြင့် ပြီ၊ မင်းကို ကိုကိုကျော်က စောင့်နေတယ်'

'ကိုကိုကျော် စောင့်နေတယ် ဟုတ်လား ကိုဒွေး'

'အေးလေကွာ....ဒီကနေ့ သူတို့ တောပစ် ထွက်ကြမလို့ တဲ့၊ မိုက်ကယ် သာဇံတို့လဲ ရောက်နေတယ်'

သည် ဗိုလ်ဆန်ဆန် တစ်ဝက် ဗမာဆန်ဆန် တစ်ပိုင်း နာ မည်ကို ဇော်ရှင်း မကြားဖူးပါ။

'မိုက်ကယ်သာဇံဆိုတာ ဘယ်သူလဲ ကိုဒွေး ဟင်'

သည်တော့ ကိုဒွေးက ရယ်သည်။

'စုစုထွေးကို သာရစ်တဲ့ ငနဲပေါ့ကွ၊ သူ့မိဘတွေက သိန်း ချမ်းသာတာ၊ အဲ....မင်း လက်နှေးနေရင် ကျန်ရစ်ခဲ့မယ် နော်'

'ဟာဗျာ....ကိုဒွေးကလဲ ကျွန်တော်က စိတ်ဟောင် မကူး ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'အင်း....ကြားရတာ ဝမ်းသာတယ်တော့၊ အဲသလို ကင်းကင်းရှင်းရှင်းနေတာ အကောင်းဆုံးပဲ၊ ကဲ....လုပ်လေကွာ ဘာငိုင်နေတာလဲ'

ဇော်ရှင်းသည် ခုတင်ဧပေါ်မှ ကမန်းကတန်းဆင်း၍ မျက်နှာ သစ်လိုက်ပြီး မောင်မောင်ကျော် ပေးထားသည့် ဂျင်းတော်စုံကလေးကို ကောက်စွပ်လိုက်သည်။

'ကဲ သွားစို့ ကိုဒွေးရေ၊ ကျွန်တော့်ကို စောင့်နေတာဆိုရင် အားနာစရာကြီး'

ဇော်ရှင်းသည် 'မြစံပယ်မြိုင်' စံအိမ်ကြီး၏ ဆင်ဝင်အောက်တွင် ရပ်နေမိသည်။

ဧည့်ခန်း အတွင်းမှ စကားသံတွေက သူ့နားထဲသို့ ပျံ့လွင့်လာသည်။

'ရေချမ်းချောင်း'မှာ တောကောင်ကြီးတွေ ဆင်းတယ်လို့ မုဆိုးကိုဘတုတ် မန္တလေးကို လာရင်း သတင်း ပေးသွားတယ် ကိုမောင်မောင်ကျော်'

'မင်းဟာက သေချာရဲ့လား မိုက်ကယ်ရယ်၊ တော်တော်ကြာ မပစ်ရရင် ဧည့်သည်တွေကို အားနာစရာ ဖြစ်နေပါဦးမယ်'

'သိပ် သေချာတာပေါ့ ကိုကိုကျော်၊ သေနတ်အင်အားလဲ ကောင်းတယ်၊ လူအင်အားလဲ ကောင်းသားပဲ၊အကောင်ကြီး ပစ်ရမှာတော့ ကျိန်းသေပဲ၊ ကိုခင်မောင်အေးရဲ့ သာတီးအိုစစ် 30-06 DB တစ်လက်နဲ့ ဖိုးအိုဖိုက် 405 တစ်လက် ပါနေပြီပဲ၊ Feather Game အတွက် တစ်လက်ဆိုရင် လုံလောက်နေပြီ၊ ယုန် ပစ်ချင်ရင်တော့ Bruno 2 ကို သုံး၊ 'ဒီးရိုးအင်း လုပ်ပြီးသား ပစ်မလွဲပဲ'



'သေနတ်က အရေး မကြီးပါဘူး မိုက်ကယ်ရာ၊ လက်ဖြောင့်ဖို့သာ အရေးကြီးတာပါ၊ကိုသိန်းတောင် ပွိုင့်တူးတူးကျားသစ်နဖူးကို ပစ်ပြီး အရ ယူခဲ့သေးတာပဲ၊ ဒါနဲ့ အခုသွားမှာက ဘယ်နှစ်ယောက်လဲကွ'

'ကျွန်တော်ရယ်၊ကိုကိုကျော်ရယ်၊ကိုအောင်သာဘန်းရယ် သုံးယောက်၊ ကိုခင်မောင်အေးကိုတော့ နန်းတွင်းမှာ ဝင်ခေါ်ရမယ်၊ ကိုဝင်းမောင်ကြီးလဲ လိုက်လိမ့်မယ်၊ ဒီတောက တော့ အကောင်ကြီး ပစ်ရမှာ သေချာတယ်'

'သေချာရဲ့လား မိုက်ကယ်ရယ်၊ မင်းက အပြော တော်တော်ကြီးတဲ့ ကောင်မို့ မေးနေရတာ'

'အား သိပ်သေချာတာပေါ့ ကိုကိုကျော်၊ မနှစ်က အဲဒီ တောမှာ ကိုဝင်းမောင်တောင် ပြောင်တစ်ကောင် ရလာသေးတယ်'

'ဘယ် ကိုဝင်းမောင်လဲ'

'ကိုကိုကျော်ကလဲ ကျုပ်တို့ မန္တလေး သေနတ်ပစ်အသင်းက လက်ဖြောင့် ချန်ပီယံကြီးပေါ့၊ ဆရာကြီး ဦးဘခင် သားလေ'

သည်စဉ်မှာပင် စုစုထွေး၏ အသံလွင်လွင်ကလေးကို ကြားရသည်။

'စုဒထွေးလဲ လိုက်ချင်လိုက်တာ ကိုကိုကျော်'

'အား....ငါ့ညီမကလဲ တောပစ်ဘာနဲ့မိန်းကလေးနဲ့ မအပ်စပ်ပါဘူးကွာ'

'ဒါဖြင့် စုထွေးအတွက် ရင်ကာပ်ပန်းတွေ ခူးခဲ့ရမယ်' မိုက်ကယ်က ဝင်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟဲ ဟဲ ခူးခဲ့ပါမယ်ဗျာ၊ ရင်ကပ်ပန်းတွေရော၊ သစ်ခွပန်းတွေရော မိုက်ကယ်က ယူခဲ့မှာပေါ့'

သူတို့အားလုံး ဆင်ဝင်အောက်သို့ ထွက်လာသည်။ စုစုထွေးသည် ဇော်ရှင်းကိုမြင်တော့ နှုတ်ခမ်း စူပါလေတော့သည်။

'မိုက်ကယ် ရင်ကပ်ပန်းတွေ မမေ့နဲ့နော်၊ ထွေးက အဲဒီပန်းကို သိပ်ကြိုက်တာ သိလား'

စုစုထွေးက ဇော်ရှင်းကို မျက်စောင်းကလေး ဝေ့ကာဝေ့ကာ ထိုးရင်း ဆိုသည်။

ဇော်ရှင်းသည် မောင်မောင်ကျော်ထံမှ သေနတ်နှင့် ယမ်းပစ္စည်းကို ကမန်းကတန်း ပြေးယူလိုက်သည်။

'ဒါ ကျွန်တော့် ဘပည့်ကျော် ဇော်ရှင်းလေ၊ လက်တော့ ဖြောင့်တယ်ဗျ'

မောင်မောင်ကျော်က သူ၏ မိတ်ဆွေများနှင့် ဇော်ရှင်းကို မိတ်ဆက်ပေးသည်။ ဇော်ရှင်းက အားလုံးကို ကျိုးနွံစွာ ပြုံးပြလိုက်ရပေမယ့် လမ်းသရဲပုံ ပေါက်နေသော နှုတ်ခမ်းမွေး သဲ့သဲ့နှင့် မိုက်ကယ် သာဇံဆိုသူကိုတော့ သိပ် ကြည့်မရချင်။ မိုက်ကယ် သာဇံသည် စုစုထွေးနှင့် ရယ်လား မောလား စကားပြောရင်း ဇော်ရှင်းကို ခပ်တည်တည်ကြည့်ရင်း ဆို၏။

'အမယ်....နာမည်က ဇာတ်လိုက် ကျနေတာပါပဲလား ကွ ဟေး၊ နေစမ်းပါဦး....မင်းက တောပစ် လိုက်ဖူးလို့လား ကွ'

သူ့အသံက အထက်စီးက ဖြစ်၏။



'ဟုတ်ကဲ့... လိုက်ဖူးပါတယ် ခင်ဗျာ၊ ကျွန်တော် ကိုကိုကျော်နဲ့ လိုက်နေကျပါ'

'အေး... တောထဲရောက်ရင် တို့ပစ္စည်းတွေ သယ်ရမယ်နော် ကြားလား၊ တော်ကြာမှ ခြေထောက်နာတယ်၊ မောတယ် ပန်းတယ် မလုပ်နဲ့၊ တို့ အခု သွားမှာက "ရေချမ်းချောင်း" အထိကွ'

'ဟုတ်ကဲ့ ခင်ဗျ'

ဇော်ရှင်းက ဖြေချင့် ဖြေချင် ဖြေလိုက်သည်။အခြောက်တိုက် အထင်သေး ခံရသဖြင့် စိတ်ထဲက မကျေနပ်မိသည့်တိုင်အောင် သူက ကိုကိုကျော်၏ မိတ်ဆွေ မဟုတ်လား။

'ကျုပ် တပည့်က သံမဏိပါဗျ၊ ကဲ....လာ သွား ကြ ရအောင်'

သူတို့အားလုံး "လင့်ရိုဗာ"ကားပေါ်သို့ တက်ကြသည်။ စုစုထွေးသည် မိုက်ကယ်၏ လက်မောင်းကို တရင်းတနှီး ကိုင်ရင်း ဇော်ရှင်းကို မျက်စောင်းကလေး ဝေ့ကြည့်လိုက်သည်။

'မမေ့နဲ့နော် မိုက်ကယ်၊ စုထွေးမှာတဲ့ ရင်ကပ်ပန်းတွေ ပါမလာရင်တော့ စိတ်ဆိုးမှာပဲ သိလား'

စုစုထွေးအသံက ခွဲ့လွန်းနေသည်။

'မမေ့ပါဘူးတဲ့ဗျာ၊ ပါအောင် ယူခဲ့ပါ့မယ်'

သူတို့ကား ထွက်သွားသည့်တိုင်အောင် စုစုထွေးက လက်ကလေးပြရင်း ရပ်နေမိ၏။ ဘာရယ်လို့ တိတိပပ မသိပေမယ့် ဇော်ရှင်းရှေ့တွင် မိုက်ကယ်နှင့် တရင်းတနှီး နေပြလိုက်သည်ကို စုစုထွေး ကျေနပ် နေလေသည်။ ဇော်ရှင်း မျက်နှာပျက်နေသည်ကို သူမ အသိ။

www.burmeseclassic.com

www.burmeseclassic.com



သို့စဉ်တိုင်အောင် ဇော်ရှင်းရင်တွင် ကလိ ကလိ ဖြ
သွားအောင် စုစုထွေး ယုပ်ချင်နေမိသည်။ ယင်းသည့်နောက
ငယ် စုစုထွေး သက်ပြင်း ချမိသည်။ စိတ်ထဲတွင်လည်း မ
ရော မသေချာလှသော အတွေးရိပ်ကလေးများက ဖြန့်တွ
ခိုကပ်လာသည်ဟု ထင်မှတ်မိသည်။

'ခြောက် ... ကြောင့်များဒီသတ္တဝါလေးအကြောင်
ကို တွေးနေပါလိမ့်ကွယ်'

စုစုထွေးသည် ခပ်တိုးတိုး ရေရွတ်မိရင်း အိပ်ခန်းထဲသ
ဝင်ခဲ့သည်။ ယခုတော့ စုစုထွေးရင်မှာ ပျှပ်ခတ်မှု ဂယ
လှိုင်းနု ကလေးတွေက တို့ခတ်ပြီ ထင်သည်။ ဘဝင်မှာ နှင့်
ရင်မှာ ကြွင်ရလေသော ခံစားမှု ကလေးတွေကို စုစုထွေ
တပ်မက်ခဲ့လေသလားတော့ မသိ။

စင်စစ် စုစုထွေး၏ နှလုံးသားသည် နုငယ် လတ်ဆ
လွန်းလှသည်။ ပွန်းရာ၊ ပဲ့ရာ၊ ခြစ်ရာ မရှိသေး။ သည်တော
နှလုံးသားနှင့် ရင်း၍ ခံစား ရတတ်သော စိတ်ကူးယဉ်
ကလေးများကို တိတ်တခိုး ခံစားကြည့်လိုသည်။

အချစ်၊ အမုန်း၊ အပြုံး၊ အပျော် ဆိုသည်မှာ ပဇာ ဖြ
ပါလိမ့်။ ဆွေးရ၊ လွမ်းရ၊ ကြွင်နာ သနားရသည့် ခံစား
ဆိုသည်မှာ ဘယ်ပုံ ဘယ်နည်းပါလိမ့်။

စုစုထွေး ခံစား ကြည့်ချင်သည်။

တမြုံ့မြုံ့ တနွေးနွေး ရင်ထဲမှာ တေးထား ကြည့်ချ
သည်။

သို့ပေမယ့် စုစုထွေးသည် ကိုယ့်ကိုယ်ကို ညာချင်နေ
ဆန္ဒကို ခန္ဓာကိုယ်က မသိကျိုးကျွံ ပြုချင်နေသည်။ အလှမာ



နှင့် ဘဝ မာနသည် စုစုထွေး၏ ငိုင်ကို တင်းကျပ် ထား
သည်။

စုစုထွေးသည် မှန်တင်ခုံရှေ့တွင် ရပ်လိုက်ပြီး ယင်ဟပ်
လာသော ကိုယ့်ပွားရုပ်လွှာကို စေ့စေ့စပ်စပ် ကြည့်သည်။

မှန်ထဲတွင် ကောင်မလေး တစ်ယောက်။

သူနှင့် တူသည်ကတော့ အသေအချာပင်။

စုစုထွေး နှုတ်ခမ်းစူမိသည်။ မှန်ထဲက ကောင်မလေးသည်
သူ့ကို မလိုတမာ နှုတ်ခမ်း ပြန်စူပြသည်။

ပြီးတော့ မှန်ထဲကိုကြည့်၍ တအံ့တသြ ဖြစ်ရသေးသည်။
ကောင်မလေးသည် ရင်တွေ ထွားလွန်းနေသည်။ မို့စွင့်သော
တင်နှင့် စင်းချောသော ပေါင်နှစ်သွယ်သည် ကောင်မလေး
နှင့် မလိုက်ဖက်။ ကောင်မလေး၏ မျက်နှာက ကိုယ်လုံးကိုယ်
ထည်နှင့် မယှဉ်သာအောင် နုငယ် လွန်းနေသည်။

'ဟင်... ဒီကောင်မလေးလိုများ ငါ့ကိုယ်က ထွားနေလို့
လား'

စုစုထွေးက ကိုယ့်ကိုယ်ကို ပြန်ကြည့်ဖြစ်သည်။

'ဟောတော့... ငါမှ ငါ အစစ်ပါကလား၊ ငိုင်ကုန်လိုက်
တာဟယ်၊ ငါ အပျိုကြီး ဖြစ်ပါပေါ့လား၊ ဒါကြောင့်...
ဒါကြောင့် သူတို့ကြည့်ကြတဲ့ မျက်လုံးတွေက တစ်မျိုး၊ မရိုး
ဘူး ဆိုတာ ဒါမျိုးပဲ ဖြစ်မှာပဲ၊ သူတို့ ငါ့ကို ဘာလို့ ကြည့်
ကြပါလိမ့်'

'အို...'

စုစုထွေး၏ မို့ကြွားသော ရင်ကို လက်ကလေး ကာယှက်
ရင်း အခန်းထဲမှ ပြေးထွက်ခဲ့သည်။ ပြီးတော့ လှေကားမှ
အပြေးကလေး ဆင်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



'မေမေ....မေမေ'

စုစုဆွေး၏ စူးစူးဝါးဝါး အသံကြောင့် ဒေါ်ခင်ထွေး တုန်လှုပ်သွားသည်။ လှေကားမှ ပြေးဆင်းလာသော စုစုဆွေးကိုလည်း ကမန်းကတန်းပွေ့ရင်း အလောတကြီး မေးမိသည်။

'ဟဲ့....သမီး ဘာဖြစ်လာတာလဲဟင်'

'ဟိုလေ မေမေ....စုဆွေး အသက် ဘယ်လောက် ရှိပြီလဲဟင်'

စုစုဆွေးက ရင်ခွင်ထဲက မော့ကြည့်ရင်း ခပ်အေးအေး မေးသည်။

'အမယ်လေး စုထွေးရယ်၊ မေမေက ဘာများ ဖြစ်လာသလဲလို့၊ တကဘည်းမှပဲ စုထွေး အသက် ဆယ့်ကိုးနှစ် ပြည့်ပြီပေါ့ ဟဲ့'

'ဟင်....ဒါဖြင့် စုထွေး အပျိုကြီး ဖြစ်ပြီပေါ့နော် မေမေ'

စုစုထွေး မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် မေးမိပါလေသည်။

'ဟဲ့....စုထွေး၊ ညည်း ဘာဒွေ လျှောက်မေးနေတာလဲ၊ ဘာလဲ....ညည်းကိုယ်ညည်း ကလေးလေး မှတ်နေသလား'

ဒေါ်ခင်ထွေး စကားကြောင့် စုစုထွေး၏ မျက်လုံးလဲ့လဲ့ ကလေးအစုံက ကလယ်ကလယ် ဖြစ်သွားရသည်။ ပြီးတော့ ခိုးခိုးခစ်ခစ် ရယ်ရင်း မေမေ့ ရင်ခွင်မှ ပြေးထွက်ခဲ့မိသည်။

ဩော်....ရူးလိုက်တဲ့ စိတ်လေပွေ့နှယ်။

သည်အရွယ် ဆိုသည်ကလည်း ကတိမ်းကပါး ယိမ်းနွဲ့ တဘ်ပါချေကလား။

❄

အခန်း (၅)

---

"မြစံပယ်မြိုင်"

လှသော မြစံပယ်ရုံတွေ အလယ်မှ ထည်ဝါသော တိုက်ကြီး၏ ခေတ်မီစွာ ဆင်သခြယ်လှယ်ထားသော ဧည့်ခန်းဆောင်တွင် အပျိုမလေးတစ်ယောက် ထိုင်နေသည်။ သူမသည် လှ၏။

လက်ချောင်းရှည်ရှည်ကလေးတွေကိုက လှသည်။ သည်လက်ချောင်းကလေးတွေထဲတွင် ဝတ္ထုစာအုပ်တစ်အုပ် ရှိနေသည်။ ဝတ္ထုစာအုပ်အမည်က မလှ။ သို့ပေမင့် သူမသည် ဝတ္ထုကို ဖတ်ရင်း ရင်ဖိုနေ၏။ ခင်မောင်အေး(မန္တလေး)၏အမျိုးသားစာပေဆုရ 'ကျွန်းနှင့် မုဆိုး'ပင် ဖြစ်လေသည်။

စုစုထွေး၏ စိတ်သည် လျှို့မြောင် ထူထပ်သော ကျွန်းရဲတောသို့ ရောက်နေသည်၊

'ဟော့....မခင်ထွေး'

www.burmeseclassic.com

www.burmeseclassic.com



ဦးကောင်းမိုး၏အသံသြသြကြီးကြောင့် စုစုထွေး ဆတ်ခနဲ တုန်သွားသည်။ ဖေဖေတို့ လုပ်လိုက်မှဖြင့် အလန့်တကြား ချည့်ပဲ ဟူသော အကြည့်ဖြင့် ဖေဖေ့ကို မျက်တောင်ဝင့် နှုတ်ခမ်းစူ၍ စုစုထွေး ကြည့်မိသေးသည်။

'ကိုကောင်းမိုးကလဲ အလန့်တကြားရှင်၊ ဖြည်းဖြည်း သက်သာများ ခေါ်စမ်းပါ၊ ကျွန်မ နားမပင်းသေးပါဘူး'

ဒေါ်ခင်ထွေးက ထိုးလက်စ သိုးမွေးဆွယ်တာကို ခပ်ဆောင့်ဆောင့်ချရင်း ပြောသည်။

'မောင်ကျော်တို့ တောပစ်သွားတာ နှစ်ရက်တောင် ရှိသွားပြီကွ၊ ငါ့ကိုပြောတော့ တစ်ညအိပ် ဆိုပါလားကွ....ဟေ'

'ဩော်....ကိုကောင်းမိုးနှယ်၊ ခါတိုင်းလဲ ဒီလိုပဲ နှစ်ရက် သုံးရက် ကြာတဲ့ဥစ္စာ၊ ရှင်က အဆန်းလုပ်လို့'

ဒေါ်ခင်ထွေး အသံက ခပ်ငေါ့ငေါ့။

'အဆန်းလုပ်ပြီး ပြောနေတာ မဟုတ်ဘူးကွ၊ မနက်ဖြန် ခရီးထွက်ဖို့ အစီအစဉ်ရှိနေလို့ ပြောတာကွ'

'ဒါဖြင့် ကျွန်မ လိုက်ခေါ်ပေးရမလားဟင်'

ဦးကောင်းမိုးက ဆေးပြင်းလိပ်တိုကို ပြာခံခွက်ထဲသို့ ဆောင့်ချလိုက်သည်။ ဖေဖေ စိတ်တိုပြီဟု စုစုထွေး သိလိုက်ပြီ။ မေမေနှင့် စကား ဆက်များတော့မည် ဖြစ်ကြောင်း စုစုထွေး ရိပ်မိပြီ။ စုစုထွေးသည် ဧည့်ခန်းမှထွက်ခွာရန် ကြံလိုက်သည်။

သည်စဉ်မှာပင် စုစုထွေး၏ နံဘေးမှ တယ်လီဖုန်းက မြည်လာ၏။

'ဟဲလို....မြစံပယ်မြိုင်က စုထွေးပါရှင်'



တစ်ဖက်မှ စကားသံကြောင့် စုစုထွေး၏ မျက်နှာလေးမှာ အပြောင်းအလဲ ဖြစ်သွားသည်။

'ရှင်....ဆေးရုံကြီးက ဟုတ်လား'

စုစုထွေး၏ အသံကြောင့် ဦးကောင်းမိုးနှင့် ဒေါ်ခင်ထွေး၏ အာရုံမှာ တယ်လီဖုန်းဆီသို့ ရောက်သွားသည်။

'ရှင်....ကိုမောင်မောင်ကျော်၊ ဘာ ကိုကိုကျော် ဆေးရုံ ရောက်နေတယ်၊ ဟုတ်....ဟုတ်လား၊ ဘာ ဘာဖြစ်လို့ပါလဲ ရှင်....'

'ဟင်....ကျား....ကျားကိုက်လို့ ဟုတ်လား....အို'

စုစုထွေး လက်မှ တယ်လီဖုန်းခွက် ကလေးမှာ လွတ်ကျသွားသည်။

'ဘာ....ဘာ မောင်ကျော် ကျားကိုက်လို့ ဟုတ်လား'

'ဟုတ်တယ်....မေမေ'

'မြတ်စွာဘုရား.... အမယ်လေး ကိုကောင်းမိုး ကျွန်မ သားကြီး ကျားကိုက်လို့တဲ့၊ ဒါကြောင့် တောပစ် ထွက်တာ ကျွန်မ မကြိုက်ပါဘူးလို့ ပြောနေတာ၊ အခုတော့ ဒုက္ခတွေ့ ပြီ မဟုတ်လား....ဟင်'

ဒေါ်ခင်ထွေးအသံက ငိုသံပါနေသည်။

'အိုး....မင်းမလဲ အရေးထဲ အဖြစ်သည်းမနေစမ်းပါနဲ့ကွာ၊ ဟဲ့....သမီး ဒဏ်ရာက အတော်ပြင်းသတဲ့လား'

'ဟင့်အင်း....ဖေဖေ၊ စုထွေး အဲဒါမမေးဖြစ်ဘူး'

'ကဲ.... ကဲ.... ဆေးရုံကို လိုက်သွားကြရအောင်၊ စုထွေး မောင်စောကို ကားထုတ်ခိုင်းလိုက်'

စုစုထွေးသည် ဦးစောနှင့် ဇော်ရှင်းတို့ သားအဖ နေသော ကားဂိုဒေါင်ဘက်သို့ ခပ်သွက်သွက် ပြေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြစံပယ်မြိုင်ကား မီးတောက်လေပြီ။

မကြာခင် ခြံထဲမှ ကားတစ်စင်း အပြင်းမောင်း၍ ထွက်သွားသည်။ မြစံပယ်မြိုင်၏ ခန့်ထယ်သော ဧည့်ခန်းထဲတွင်မူ လွင့်ကျနေသော ဝတ္ထုစာအုပ်ကလေး တစ်အုပ် ရှိနေပါသည်။

"ကျားနှင့်မုဆိုး"ပင် ဖြစ်ပါ၏။

မာဇဒါ ဖယ်မလီယာကားလေးသည် မန္တလေး ပြည်သူ့ဆေးရုံကြီးအတွင်းသို့ လျှောခနဲ ဝင်သွားသည်။ အင်္ဂျင်ရပ်ပြီးသည့်တိုင်အောင် ဦးစော ရင်က တုန်နေဆဲပင်။

'ဇော်ရှင်း ဘာမှမဖြစ်ပါစေနဲ့၊ ဘာမှမဖြစ်ပါစေနဲ့'

ဦးစော ရင်ထဲမှ ကျိတ်၍ ဆုတောင်းမိသော်လည်း သူ၏ဆုတောင်းကား မပြည့်ရှာ။ ဆေးရုံကြီး၏ တစ်ခုသော အခန်းထဲတွင် ဇော်ရှင်းနှင့် မောင်မောင်ကျော်သည် ခုတင်တစ်လုံးစီဖြင့် ယှဉ်တွဲလဲလျောင်းနေကြသည်။

ဇော်ရှင်း၏ ခုတင်ဘေးတွင် သံတိုင်ကလေးနှင့် ချိတ်ထားသော သွေးပုလင်းတစ်လုံး ရှိနေသည်။ ရဲနီသော သွေးတို့သည် နိုင်လွန်ပိုက်ကလေးမှဆင့် ဇော်ရှင်း၏ လက်မောင်းကြောထဲသို့ စီးဝင်နေသည့်တိုင်အောင် သူ့မျက်နှာကလေးက ဖြူလွလွ ဖြစ်နေသည်။

ခုတင်ဘေးတွင်မူ ဆရာဝန် လူရွယ်တစ်ဦးနှင့် ဆရာမလေးတစ်ယောက်ရှိနေသည်။ ကိုကိုကျော်သည် ဝင်လာသူများကို ခပ်ယဲ့ယဲ့ ပြုံး၍ နှုတ်ဆက်လိုက်သည်။

'အမလေးသားရယ် မသေကောင်း မပျောက်ကောင်း ဖြစ်မှ ဖြစ်ရလေကွယ်၊ ဒဏ်ရာကရော တော်တော် ပြင်းသလား'



ဒေါ်ခင်ထွေးက သား ဇော်နှင့် အမောတကော ပြောသည်။

'ကျွန်တော် ဘာမှ မဖြစ်ပါဘူး မေမေ၊ ဖြစ်တာက ဇော်ရှင်းပါ၊ ဇော်ရှင်း ကျားအကုတ်ခံရလို့ သွေးလွန်နေတယ် မေမေ'

'ဟင်....'

သည်တော့မှ ဒေါ်ခင်ထွေး သက်ပြင်းချနိုင်တော့သည်။ အားလုံးသည် ရင်တမမနှင့် ဇော်ရှင်းကို ကြည့်မိကြလေသည်။ ဦးစော၏ မျက်နှာတွင် စိုးရိမ်မှုလွန်ကဲသော အရိပ်အယောင်တွေ ထင်ဟပ်နေသည်။ ဇော်ရှင်းကား မေ့မြောနေဆဲပင်။

'ကိုကိုကျော် ဘာမှမဖြစ်ဘူးလဲ ဆိုသေးရဲ့ ခုတင်ပေါ်မှာလဲ အိပ်လို့'

စုစုထွေးက စောင်တစ်ပိုင်းလွှမ်းထားသော မောင်မောင်ကျော်၏ အောက်ပိုင်းကို ကြည့်ရင်း မေးဖြစ်သည်။

'တိုးတိုးစုထွေး....ကိုကိုကျော်က ပွန်းရာပဲ့ရာလောက်ပါ၊ ဒါပေမယ့် ဇော်ရှင်း သိပ် သွေးလွန်နေလို့ ကိုကိုကျော့်သွေးကို ထုတ်ပြီး သွင်းပေးထားရတယ်'

ဆရာဝန်လေးသည် ဇော်ရှင်း၏ သွေးတိုးနှုန်းကို စမ်းသပ်ပြီးနေသည်။ ဒေါ်ခင်ထွေးအနေနှင့်မူ သားဖြစ်သူမောင်မောင်ကျော် ဘာမှမဖြစ်သဖြင့် သက်မချနိုင်သော်လည်း သိပ်ဝမ်းမသာလှ။ မောင်မောင်ကျော်သည် မည်သည့် အကြောင်းကြောင့် ဒရိုင်ဘာ၏သားကို သွေးထုတ်ပေးရလေသနည်း။ မောင်တာဆ သွေးအားနည်းသွားလျှင် မခက်ပါကလား။

'သိပ်....သိပ်များ စိုးရိမ်ရပါသလား ခင်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



ဦးစောက ဆရာဝန်ကို မေးသည်။

'ဒဏ်ရာကတော့ သိပ်မပြင်းလှပါဘူးဦး၊ ဒါပေမယ့်.... တောထဲက ဆေးရုံအထိ သယ်လာရတော့ သွေးလွန်နေပါတယ် ခင်ဗျာ၊ အဲ....စိုးရိမ်ရတဲ့ အခြေအနေ အထိတော့ မရောက်သေးပါဘူး'

ဆရာဝန်လေးက ရည်ရည်မွန်မွန် ဖြေကြားသည်။

ဦးစောစိတ်မှာ အနည်းငယ်သက်သာရာရသွားသည်။ စုစုထွေးသည် သတိမေ့နေသော ဇော်ရှင်းကို မလှုပ်မရှက် ရပ်ကြည့်နေသည်။ လူက မလှုပ်ပေမင့်စိတ်ကလှုပ်နေသည်။ ဒဏ်ရာ ဘယ်လောက်များသလဲ၊ ဘယ်လောက်ပြင်းသလဲ မေးကြည့်လိုက်ချင်သည်။ စိတ်ထဲတွင်လည်း ကရုဏာတွေ ဒေါသတွေ သော တွေ ရောထွေးလို့နေသည်။

သေနတ်ကလေးကိုကိုင်ရရင် ကြွကြွရွရွနဲ့ အခုတော့ ကိုင်ချင်ပါဦးလား၊ သေနတ်ပစ်ချင်ပါဦးလား....သေနတ်၊ ဟင်း ကောင်းတယ်....ကောင်းတယ်....ထိမှ ကောင်းတယ်။

အို....ဘယ့်နှယ် ဘယ့်နှယ် အဖြစ်တင်နေပါလိမ့်။ သူ့ခမျာ ဒဏ်ရာကြီးနဲ့ သတိတောင်မရရှာဘူး။ ဖြစ်မှဖြစ်ရပလေ ဇော်ရှင်းရယ်၊ နင်တော့ ဒုက္ခပါပဲ။ စုစုထွေးရင်ထဲတွင် စကားပြောနေသည်။

ထိုစဉ်မှာပင် အောက်ဆီဂျင်လှည်းကလေးကို ဆရာမတစ်ယောက်က တွန်းဝင်လာပြီး ဆရာဝန်လေးနှင့်အတူ ဇော်ရှင်းကိုအောက်စီဂျင်ပေးသည်။ စုစုထွေး ပိုလို့ပိုလို့ စိုးရိမ်သွားမိသည်။

ထိုနောက် ဆရာဝန်သည် ကိုမောင်မောင်ကျော်ကို နားကျပ်နှင့်စမ်းသပ်လိုက်ပြီး ပြောသည်။



'အခုလို အရေးပေါ် သွေးလှူတဲ့အတွက် ကိုမောင်မောင်ကျော်ကို ကျေးဇူးတင်ရမှာပဲဗျာ၊ ဒီကလေးရဲ့သွေးက အေအမျိုးအစားဆိုတော့ တော်တော် ရှားတယ်ဗျ၊ အဲ-တိုက်တိုက် ဆိုင်ဆိုင် ခင်ဗျား သွေးနဲ့ တူနေတာ သူ့အတွက် ကံကောင်းတယ်လို့ဆိုရမှာပဲ ကိုမောင်မောင်ကျော်၊ ခင်ဗျား သွေးက သူ့အသက်ကို ကယ်လိုက်တာပဲ၊ ကဲ....ခင်ဗျား ဆင်းနိုင်ပါပြီလေ၊ အိမ်ရောက်လို့ နည်းနည်း ပါးပါး အနားယူလိုက်ရင် အားပြည့်လာမှာပါ'

'သူ့ အခြေအနေကရော ဒေါက်တာ'

'မကြာခင် သတိရလာမှာပါ၊ အောက်ဆီဂျင် လဲပေးထားပြီပဲ၊ ခင်ဗျား ညီတော်မောင်က ကျားကြီးတစ်ကောင်နဲ့ ယှဉ်သတ်လာတာတောင် ဘာမှမဖြစ်တာ ကျွန်တော်လက်ထဲ ရောက်တော့မှ ဘာမှ မစိုးရိမ်ကြပါနဲ့လေ'

ဆရာဝန်၏ အားပေး စကားကြောင့် သူတို့ အားလုံး သက်ပြင်း ချနိုင်ကြတော့သည်။ ဦးစောက ပြောရှာသည်။

'ကျေးဇူးပါပဲဆရာရယ်၊ ကျွန်တော့်မြေးလေးကို ကျေးဇူးပြုပြီး ဂရုစိုက်ပေးပါ ခင်ဗျာ'

'စိတ်ချပါဦး၊ သူ အခုပဲ သတိရလာပါလိမ့်မယ်။ ကဲ....သူတို့တစ်တွေ စိတ်ချလက်ချသာ ပြန်ကြပေတော့'

သူတို့တစ်တွေ ပြန်ရန် ပြင်ကြသည်။

သည်စဉ်မှာပင် ဇော်ရှင်း၏ ခေါင်းက ဘယ်ညာ လှုပ်လာသည်။

'ဟော....'

စုစုထွေး အသံထွက်သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဇော်ရှင်း၏ပါးစပ်က တဆတ်ဆတ်လှုပ်လာပြီး ဝိုးတဝါး ညည်းညူသံကို ကြားရသည်။

'ကျား....ကျား....ကျား'

'ပန်း....ရင်....ရင်ကပ်ပန်း'

သူ့ပါးစပ်က ကယောင်ကတမ်းတွေ ထွက်လာသည်။

ဆရာဝန်သည် အားရကျေနပ်စွာ ပြုံးလိုက်သည်။

'ကဲ.... ကဲ.... အခြေအနေကတော့ လုံးဝ စိတ်ချရပါပြီ။ မနက်ဖြန်ကျရင် ခင်ဗျားတို့ကိုကောင်းကောင်း စကားပြော နိုင်လာပါလိမ့်မယ်၊ အခုတော့ လူနာ ပင်ပန်းမှာ စိုးတဲ့ အတွက်....'

သူတို့အားလုံး အလိုက်သိစွာ ထွက်ခဲ့ကြသည်။ စုစုထွေး က အားလုံး၏ နောက်ဆုံးကပင်။

'ဩော်....ညီမရေ ဒီအဝတ်အစားတွေ ပြန်ယူသွားကွယ် ဆေးရုံဆင်းတဲ့ နေ့ကျတော့ ဝတ်ဖို့ တစ်စုံ ယူခဲ့တာပေါ့'

သူနာပြုဆရာမလေးက စုစုထွေးကို အဝတ်ခေါက်ကလေး တစ်ခု လှမ်းပေးသည်။ သွေးစွန်းနေသော ဇော်ရှင်း၏ ဂျင် ပင်စုတ်ကလေးနှင့် ဂျာကင်ပြာ ကလေးပင်။ စုစုထွေးသည် အဝတ်ထုပ် ကလေးကို ကိုင်ရင်း သူတို့နောက်မှ လိုက်ခဲ့ သော်လည်း ဇော်ရှင်း၏ ညည်းတွားသံကို ကြားနေမိသည်။

'ကျား....ကျား....ကျား'

'ပန်း....ရင်....ရင်ကပ်ပန်း'

ဘာအဓိပ္ပာယ်ပါလိမ့်။

"မြစ်ပယ်မြိုင်" သို့ ရောက်တော့ ဇော်ရှင်း၏ ဂျာက အိတ်ထဲမှ ခြောက်သွေ့နေသော ရင်ကပ်ပန်း တစ်ခက် စုစုထွေး တွေ့သည့်တွင် အမှတ်တရရှိလာသည်။



'ဟယ်....ငါမှာလိုက်တဲ့ ရင်ကပ်ပန်းလေးပါလား'

စုစုထွေး အံ့ဩသွားမိလေသည်။

နောက်ပြီး....ကိုကိုကျော့်စကားတွေကို တအံ့တဩ နာ ထောင်ရပြန်သေးသည်။ မောင်မောင်ကျော်သည် "ရေချမ်း ချောင်း" စခန်းတွင် ဖြစ်ပျက်သမျှတွေကို ဇာတ်စုံ ခင်းပြနေ သည်။ ဧည့်ခန်းထဲတွင် လူစုံနေသည်။ ကိုဒွေး့မန့်တို့ကအစ ရှိနေသည်။

'အဲဒီနေ့ မနက် စောစောမှာ ကျွန်တော်က ဇော်ရှင်းကို ကျည်ဆံ ငါးတောင့် ထည့်ခိုင်းလိုက်တယ် ဖေဖေ။ အဖွဲ့တွေ အားလုံးဟာ နှစ်ယောက်တစ်တွဲခွဲပြီး တောလယ်ကြတာပေါ့၊ ဇော်ရှင်းနဲ့ ကျွန်တော် တောထဲကို ရောက်လို့ ကျားခြေရာလဲ တွေ့ရော ကျွန်တော်က ကမန်းကတန်း မောင်းတင်လိုက် တယ်။ အဲဒီအချိန်မှာ ကျားဟာ ကျွန်တော်ရဲ့ အပေါ်စီး ဖြင့်တဲ့ ကမ်းပါးပေါ်က ဝပ်ပြီး ချောင်းနေတာကို'

'ဒါနဲ့ ကျွန်တော်က ဇော်ရှင်းကို ကျားနဲ့မျက်နှာချင်း ဆိုင်ဖြစ်တဲ့ ကျွန်တော်တို့ နောက်ကျောဘက်က ကမ်းပါး ပေါ်ကိုတက်ဖို့ အချက်ပြလိုက်ပြီး ကျွန်တော် ကိုယ်တိုင်လဲ နောက်က လိုက်တက် သွားတယ်။ အဲ ဘောကောင်ကလဲ ငိုပ်ပါးတယ်။ ကျွန်တော်တို့ ကမ်းပါးပေါ်ကို မရောက်ခင် ခင်ဖက်လျှိုထဲက ပတ်ပြီး ကျွန်တော်တို့ တက်တဲ့ ကမ်းပါး ပေါ်က လှည့်ချောင်းနေတော့ တာကိုး။ ဒါကို ကျွန်တော် သိခဲ့ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ကိုမောင်ကျော့် စကားကို အားလုံးက စိတ်ဝင်စားနေကြလေသည်။ ဦးကောင်းမိုးသည် တိုနေပြီဖြစ်သော ဆေးပြင်းလိပ်ကို မီးထပ်ညှိနေသည်။

'နောက်တော့ကော ဟင်....ကိုကိုကျော်'

စုစုထွေးသည် မစောင့်နိုင်တော့ သဖြင့် ဝင်မေးလိုက်သည်။

'အဲဒီမှာ ဝါးရုံတောထဲကဝင်ပြီး ချောင်းနေတဲ့ တောကောင်နဲ့ ပက်ပင်း တွေ့တော့တာပဲ။ ရုတ်တရက် ဆိုတော့ ကျွန်တော်လဲ မွှန်ထူသွားပြီး ရိုင်ဖယ်နဲ့ပြောင်းထိုးပစ်မိလိုက်တယ်။ ဒါပေမယ့် ကျားကို မထိဘူး။ ဒါနဲ့ နောက် တစ်တောင့် ကျည်ထိုးပြီး သေသေ ချာချာကို ထပ်ပစ်တယ်။ ဖေဖေ....အဲဒီအချိန်မှာ ကျည်ဆံက လုံးဝ မထွက်တော့ဘူး'

'ဘာဖြစ်လို့လဲ Miss Fire (ကျည်အ) ဖြစ်နေလို့လား'

'ဟုတ်တယ်ဖေဖေ ကျည်ဆံ လုံးဝ မထွက်ဘူး'

'ဟေ....'

"ဟင်....'

'အဲဒီတော့'

'အဲဒီအချိန်မှာ ဇော်ရှင်း လက်ထဲမှာ ကျွန်တော် ဖြိုင်ပွဲဝင်ရင်ပစ်တဲ့ ပွိုင့်တူးတူး ပစ္စတိုလေးရှိနေတယ်။ ဒါပေမယ့် ပွိုင့်တူးတူးကျည်ဆံဟာ ကျားကို အယားဖျောက်သလောက်ပဲ ရှိမှာပဲ။ ကျွန်တော်လဲ ရုတ်တရက် ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘူး။ ကျားကြီးဟာ ကျွန်တော်တို့ ဘက်ကို ခုန်



င်လာတယ်။ ဇော်ရှင်းက ကျားကြီးကို ပွိုင့်တူးတူးနဲ့နှစ်ချက် ဆင့်ပစ်လိုက်ပြီး ကျွန်တော့်ကို ကမ်းပါးပေါ်က ကိုယ်ခွင်းတိုက်ချလိုက်တယ်'

'ဟယ်....'

'ဟင်....'

သူတို့အားလုံး အာမေဍိတ်သံ ပြုမိကြသည်။ မောင်မောင်ကျော်သည် သက်ပြင်းကို လေးပင်စွာ ချလိုက်ရင်း ဆက်ပြောလေသည်။

'ဒီကလေးက ကျွန်တော့် အသက်ကို ကယ်လိုက်တာပဲ ပါတော့ဗျာ။ ကျွန်တော်လဲ ကမ်းပါးအောက်ကို လိမ့်ဆင်းသွားတယ်။ အဲ... ရိုင်ဖယ်ရော လူရော လုံးထွေးလို့ပေါ့။ နောက်လဲ ရောက်ရော ချက်ချင်းပဲ သတိရလို့ ကျည်တစ်တောင့်ကို မောင်းတင်ပြီး ကမ်းပါး ပေါ်ကို ပြေးတက်ခဲ့တယ်။ အဲဒီအချိန်မှာ ဇော်ရှင်းဟာ ကျားအောက် ရောက်နေပြီ။ ဒါပေမယ့် ဒီကောင်လေးက အတော်ကိုသတိကောင်းတယ်။ ကျားရဲ့ လက်ပြင်ကြားထဲမှာ ခေါင်းဝှက်ပြီး ကပ်ထားတယ်။ ကျားကလဲ အကောင် သိပ်မကြီးဘူး။ ကျွန်တော်လဲ ခေါင်းကို အသေအချာချိန်ပြီး ပစ်ထည့်လိုက်တာ တစ်ချက်တည်းနဲ့ ကိစ္စချောသွားလေရဲ့ ကျွန်တော်သာ စက္ကန့်ပိုင်းသာ နောက်ကျခဲ့ရင်'

မောင်မောင်ကျော် သက်ပြင်းချမိသည်။

တစ်ခန်းလုံး ငြိမ်သက်တိတ်ဆိတ်လျက်ပင်။

www.burmeseclassic.com

www.burmeseclassic.com



'အင်း....နောက်ဆုံးတော့ သူ့အသက်နဲ့လဲပြီး ကျွန်တော့်ကို ကာကွယ်ခဲ့တာပဲ ဆိုပါတော့ ဖေဖေ၊ ဒီကောင်လေးရဲ့ သတ္တိကိုတော့ ကျွန်တော် လှိုက်လှိုက်လှဲလှဲ ချီးကျူးရမှာပဲ'

သည်သို့ဖြင့် စကားဝိုင်းသည် သက်ပြင်းချသံများ ရောထွေးလျက် နိဂုံးချုပ်သွားသည်။

ညွှန့်ခန်းသည် အထီးကျန် နေရစ်ခဲ့သည်၊

ဦးကောင်းမိုး နှင့် ဒေါ်ခင်ထွေး သည် အပေါ် ထပ်သို့ တိတ်တိတ် ဆိတ်ဆိတ် တက်သွားသည်။ မောင်မောင်ကျော်က သူ၏ အခန်းထဲသို့ ဝင်သွားပြီး ဗီရို ပေါ်မှ ဘရမ်ဒီပုလင်းကို ကိုင်လိုက်သည်။

ဦးစောသည် ကားကို ဂိုဒေါင်ထဲသို့ သွင်းပြီး ကားရုံရှေ့မှ ပိတောက်ပင် အောက်တွင် ထိုင်နေသည်။ စုစုထွေးသည် ဦးစော ရှိရာ ပိတောက်ပင်အောက်သို့ တိတ်တိတ်ဆိတ်ဆိတ် ရောက်လာသည်။

'ဦးလေးစော'

'ဟေ....ဘာလဲ စုစုထွေး'

'ဒီမှာ ဇော်ရှင်းရဲ့ အင်္ကျီနဲ့ဘောင်းဘီ'

ဦးစောသည် သွေးစွန်းနေသော ဇော်ရှင်း၏ အဝတ်အစားများကို လှမ်းယူလိုက်ပြီး ကျောပေး ထွက်ခွာသွားသော စုစုထွေးကို ကြည့်ရင်း အံကြိတ်လိုက်သည်။

'သင်းတို့တစ်တွေ...သင်းတို့တစ်တွေ....ဟင်း'

သူသည် ခပ်တိုးတိုး ရေရွတ်လိုက်သည်။ သူ့မျက်နှာမှာ တင်းမာ ခက်ထရော်နိုင်လွန်းလှပါသည်။ သည်ည အိပ်မှ ပျော်ပါလေဦးမလား။



ဟုတ်သည်။ ည ဟူသည်မှာ စိတ်သောက ရောက်နေရသူများအတွက် အိပ်မရနိုင်သော ကာလသာ ဖြစ်ချိမ့်မည်။

သည်ကနေ့ည စုစုထွေး အိပ်လို့မရ။

သူမ၏ မှန်အင်ခုံပေါ်တွင် ရင်ကပ်ပန်းတစ်ခက် ရှိနေပါသည်။

❋

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

'သက်သာရဲ့လား ဇော်ရှင်း'

အဘအသံက ညင်သာလွန်းသည်။ ဇော်ရှင်းသည် အ
စောကို ခပ်ယဲ့ယဲ့ ပြုံးပြလိုက်ပြီး....

'ဟုတ်ကဲ့ အဘ၊ သက်သာပါတယ်'

'အေး....အေး....ကောင်းတယ်'

ဦးစောက ဝမ်းသာအားရရှိလှသည်။ မောင်မောင်ေ
သည် ဇော်ရှင်းတို့ မြေးအဘိုးကို ခုတင်ဘေးမှရပ်ကြည့်
ကျေနပ်နေသည်။ သည်နေ့ သည်ကား ဇော်ရှင်း ဆေ
ရောက်သည့် ဒုတိယနေ့ပင်၊ ဦးစောနှင့် မောင်မောင်ေ
သည် စောစောစီးစီးပင် ဆေးရုံသို့ ရောက်နေကြသည်
'ကျွန်တော် ဘယ်လိုက ဘယ်လို ဒီကိုရောက်လာရတ
ကိုကိုကျော်၊ ဟို....ဟို သတ္တဝါကြီးကော'



'မင်းကို ထမ်းစင်နဲ့တောထဲကထုတ်လာပြီး ကားနဲ့အမြန်း မောင်းလာရတာ ပေါ့ကွာ၊ ဟိုကောင်ကြီးကိုတော့ ကိုကို ကျော် တစ်ချက်တည်းနဲ့ ကီစွတုံးပစ်လိုက်ပါပြီ'

'ကိုကိုကျော်ရော ဘာဖြစ်သေးလဲ ဟင်'

'ဘာမှ မဖြစ်ပါဘူးကွာ၊ ကဲ.... ကဲ ငါ့ညီ မောနေမယ်၊ စကား သိပ်မပြောနဲ့ဦး၊ ဟောဒီမှာ မင်းဖို့ ပန်းသီးရယ်၊ ဟောလစ်ရယ်'

ဇော်ရှင်းသည် သူ့ အဖြစ်ကို ပြန်၍ စဉ်းစားနေမိသည်။ သူ မှတ်မိသည်ကတော့ ကျားကြီး ခုန်ဝင်လာပြီး သူ့ ကိုယ်ပေါ်သို့ ပိကျလာသည်။ ပြီးတော့ အစွယ်ဖွေးဖွေးကြီး နှင့် မိုးကြိုးပစ်သံတစ်ချက်။

'ကိုကိုကျော့် သေနတ် ဘာဖြစ်သွားတာလဲ'

'ကျည် မထွက်တာပေါ့ကွာ၊ (Miss Fire) ဖြစ်သွား တာ၊ မင်း ဘယ့်နှယ်နေသေးလဲ'

'အစကတော့ လက်ပြင်တစ်ခုလုံး ပြုတ်ထွက်သွားသလား အောက်မေ့ရတယ် ကိုကိုကျော်ရေ့၊ အခုတော့ သိပ်မခံရ တော့ပါဘူး၊ ကျိုးပဲ့ မသွားတာ တော်သေး တာပေါ့.... တဲ....တဲ'

ဇော်ရှင်းက မချိသွားဖြဲ ရယ်ကျဲကျဲ ပြောသည်။ အာဂ ချာတိတ်ပါတကား။

'အေး.... မင်း နေကောင်းတာနဲ့ ကိုကိုကျော်လက်ဆောင် တစ်ခုပေးမလို့ စီစဉ်ထားတယ်ကွ'

'ဘာများလဲ ကိုကိုကျော်'

'နောက်တော့ သိမှာပေါ့ကွာ ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



ဇော်ရှင်း မြူးသွားသည်။

ဦးဘောသည် ဇော်ရှင်း၏ အခြေအနေကိုကြည့်၍ အားရ နေသည်။

သူတို့တစ်တွေ မြစ်ပယ်မြိုင်ကို ပြန်ခဲ့ကြ၏။ ဦးစောသည် ကားကို ဖိမောင်းနေသလို မောင်မောင်ကျော်ကလည်း တိတ်ဆိတ်စွာ လိုက်ပါလာသည်။ သို့တစေ....နှစ်ဦးစလုံး၏ အရွှတ္တသန္တာန်က မတူကြလေပါ။

မြစ်ပယ်မြိုင်ထဲသို့ ကားဝင်လာကတည်းက စုစုထွေး ရင် ခုန်နေသည်။

စုစုထွေးသည် ကားတံခါးကို ပြေးဖွင့်ပေးသည်။ သို့ပေ မင့် ဘာကိုမှ မမေးဝံ့။ ဦးလေးစောသည် ကားကို ကားရုံသို့ ဆက်မောင်းသွားသလို စုစုထွေးသည် ကိုကိုကျော့်နောက်မှ ခပ်ရှိ့ရှိ့ လိုက်သွားမိသည်။

'ဘယ့်နှယ်လဲဟေ့....ဟိုကောင်လေး အခြေအနေ'

ဧည့်ခန်းသို့ ရောက်လျှင် ဒေါ်ခင်ထွေးက ဆီးမေးလေ သည်။

'သက်သာပါတယ် မေမေ၊ စကားတောင် ပြောနိုင်နေ ပြီ'

'အင်း....ကောင်းပါလေရဲ့တော်၊ မဘော်တဆများ ကျိုး ပဲ့သွားရင် တို့တာဝန် ဖြစ်နေဦးမှာ'

ဦးကောင်းမိုးသည် မောင်မောင်ကျော့် မျက်နှာကို တစ် ချက် အကဲခတ်လိုက်ပြီး ပြောလေသည်။

'အေး....အေး....ဇော်ရှင်း အခြေအနေကောင်းရင် မင်း ခရီးသွားဖို့ စီစဉ်တော့လေကွာ၊ အခုတောင် ရက်တွေ နောက်ကျ နေပြီ'



'ဟုတ်ကဲ့....ဖေဖေ'

မောင်မောင်ကျော်သည် ခေါင်း ညိတ် လိုက်ပြီး သူ၏ အခန်းထဲသို့ ဝင်ခဲ့သည်။ ပို့ဝှင့်သရီး ဆဲဗင်းဖိုက် မက်ဂနစ် ရိုင်ဖယ်သည် သေနတ်စင်တွင် အခန့်သား လဲလျောင်းလျက် ရှိသည်။

သူသည် ရိုင်ဖယ်ကို ယူ၍ အသာ ဆ ကြည့်၏။ ထို့နောက် သေတ္တာ ကလေး တစ်လုံးကို ဖွင့်လိုက်ပြီး အဝေးကြည့် မှန် ပြောင်းကို ထုတ်ယူလိုက်ပြီး ရိုင်ဖယ်ပေါ်တွင် တပ်ဆင်လိုက် သည်။

ထို့နောက် သေနတ်ကို ဆတ်ခနဲ ပခုံးတွင် ဆွဲယူ ကပ်တော့ လိုက်ပြီး မှန်ပြောင်းမှတစ်ဆင့် ပစ်ကွင်းကို ကြည့်လိုက်သည်။ ကြက်ခြေခတ်ပစ်မှတ်ချိန်သီးလေးသည် ဖွင့်ထားသောပြတင်း ပေါက်မှ ဖြတ်၍ ပစ်မှတ် တစ်ခုပေါ်သို့ ရောက်ရှိသွားသော သည်။

ဂျစ်ကား တစ်စင်းသည် လမ်းချိုးကွေ့ တစ်ခုကို အရှိန် ပြင်းပြင်း ချိုးကွေ့ ပျောက်ကွယ်သွားသည်။ သို့ပေမင့် မောင် မောင်ကျော်သည် ကားရှေ့ခန်းတွင် မျက်မှန်နက် တပ်ဆင်၍ ဦးထုပ်ပျော့ကို ခပ်ငိုက်ငိုက် ဆောင်းထားသောသူ တစ်ဦးကို အဝေးကြည့် တယ်လီစကုတ်မှ နေ၍ အသေအချာ မြင်လိုက် ရသည်။

အို့မောင်....

အို့မောင် ပါတကား။

သည်သတ္တဝါ ဘယ့်နှယ်ကြောင့် မန္တလေးအထိ နယ်ချဲ့ လာရလေသနည်း။ မောင်မောင်ကျော် အံ့ဩ သွားရသည်။ ဦးရိမ်စိတ်ကလည်း မသိမသာ ဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



အုံ့မောင်ကား မြွေဖွေးထက် ကြောက် စရာ ကောင်းသော လူသား တစ်ဦးဟု လူအများက အသိအမှတ် ပြုထားသည့် လက်ဖြောင့် သေနတ်သမားတစ်ဦးပင်။ ပြီးတော့ သူ၏ အသက်မွေးဝမ်းကျောင်း ပညာက ဖြတ်လု....ဖြတ်တိုက်။

နိုင်လျှင် လုသည်။ မနိုင်လျှင် တိုက်သည်။

စင်စစ်အားဖြင့် အုံ့မောင်သည် သူ၏ ကမ္ဘာရန်။

ရဲကြီး ရှစ်ထပ်တွင် အထပ်တိုင်း အထပ်တိုင်း သူနှင့် အုံ့မောင် ဆုံရလေသော်မှ တစ်ဦးနှင့်တစ်ဦး အလစ် မပေးဝံ့သည့် ကမ္ဘာ့ရန်ဟု မောင်မောင်ကျော်က သတ်မှတ်ထားခဲ့သည်။

မောင်မောင်ကျော်သည် ပျောက်ကွယ်သွားသော ဂျစ်ကားကို ကြည့်ရင်း မချင့်မရဲ ဖြစ်သွားမိသည်။ ကားမောင်းသွားသူကို မြင်လိုက်ရသော်လည်း ကားနံပါတ်ကို မမှတ်လိုက်ရ။

မောင်မောင်ကျော်က သိပ်သိး ကျစ်လျစ်စွာ ပြုံးလိုက်ပါသည်။ သည်အပြုံးက အန္တရာယ်၏ အငွေ့အသက်များ ရောယှက်နေသည်။

အန္တရာယ် အပြုံး....

*

အခန်း (၇)

---

ဇော်ရှင်း....

အရေးပေါ် ကိစ္စတစ်ခု ရှိလို့ ကိုကိုကျော် ခရီးထွက်သွားရတဲ့အတွက် ငါ့ညီကို နှုတ်ဆက်ဖို့ အချိန်မရခဲ့ဘူး၊ ဒေါ်ဆေးရုံက မင်းဆင်းတာနဲ့ မင်းအတွက် ပေးဖို့ လက်ဆောင်ကို စုစုထွေးဆီမှာ အပ်ခဲ့တယ်။

ကိုကိုကျော်

ဇော်ရှင်းသည် စာအိတ်ထဲသို့ စာရွက်ခေါက်ကလေးကို သေသပ်စွာ ပြန်ထည့်လိုက်ရင်း မျက်လွှာ ပင့်ကြည့်လိုက်သည်။

‘ကျေးဇူး တင်ပါတယ် မစုစုထွေး’

စုစုထွေး၏ နှုတ်ခမ်းလေးက မသိမသာ တွန့်သွားသည်။ မဲ့သွားသလား .... ပြုံးသွားသလား မသိလိုက်ခင်မှာပင် အသံ လွင်လွင်ကလေးက ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'မလိုပါဘူးကွာ… ဒီစာ ကိုကိုကျော်က မင်းကို ပေးဖို့မှာခဲ့လို့ လာခဲ့တာ သိလား၊ ဒီနေ့မှ ကိုဒွေးက အပြင် သွားနေတယ်၊ ဦးလေးစောကလဲ မေမေ့ကို ဘုရားကိုးဆူ လိုက်ပို့နေလို့'

'ဒါကြောင့် မစုစုထွေးကို ကျေးဇူး တင်တာပေါ့၊ ဆေးရုံကို တကူးတက လာပို့ရတာ အားနာစရာကြီး'

ဇော်ရှင်းက စုစုထွေး မျက်နှာကို ခပ်ပြုံးပြုံး ကြည့်ရင်း ဆိုသည်။ စုစုထွေး မနေတတ်ဘော့။

'အားနာစရာ မလိုပါဘူး၊ ဇော်ရှင်းဆီကို တမင် လာတာမှ မဟုတ်ဘဲ၊ ဟောဒီ နဘဲကြူးရပ်ကွက်မှာ စုထွေး သူငယ်ချင်း ခက်ခက် ရှိတယ်လေ၊ သူ့ဆီကို လာရင်း လမ်းကြုံလို့ ဝင်လာတာ၊ ပြီးတော့ မင်းပျင်းနေမှာ စိုးလို့ "ကျွန်နဲ့မုဆိုး" ဝတ္ထုလဲ ယူခဲ့တယ်'

'ဩော်….ဩော်….'

ဇော်ရှင်းက ဩော်နှစ်လုံး ချရင်း အပြုံးတစ်ချက် ပွင့်သွားသည်။

'ဩော်….ဒါနဲ့ ကိုကိုကျော်က ကျွန်တော့်ကို ဘာတွေ လက်ဆောင် ပေးသွားသလဲ ဟင်'

'ဒါကို ကိုယ့်ဟာကိုယ် မြင်တော့ သိမှာပေါ့၊ စုထွေး ဘယ် ပြောတတ်မလဲ၊ ယူထားဆိုလို့သာ ယူထားလိုက်ရတယ်၊ ဘာတွေမှန်း စုထွေး ဘယ်သိမလဲ'

'အင်းလေ…,ဘာပဲ ဖြစ်ဖြစ်ပေါ့၊ လမ်းကြုံလို့ပဲ ဆိုဆို၊ တမင် လာတယ်ပဲ ပြော ပြော ကျွန်တော် မစုစုထွေးကို ကျေးဇူး….အမယ်လေး ကျွတ် ကျွတ် ကျွတ်'



ဇော်ရှင်းသည် စကား ပြောရင်း ကိုယ်ကို လှည့်လိုက်ရာ ဒဏ်ပြင်ကြောထဲမှ အသည်းခိုက်အောင် နာသွားသဖြင့် မျက်နှာ တစ်ခုလုံး ရှုံ့မဲ့သွားသည်။

စုစုထွေးသည် ရုတ်တရက် ဘာလုပ်ရမည်ကို မသိအောင် ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

'ဇော်ရှင်း….ဇော်ရှင်း သိပ် နာသလားဟင်'

သည်တစ်ခါတော့ စုစုထွေးအသံက သော်က နွယ်လာသည်။

'နာတာပေါ့ဗျာ၊ အသည်းကို ခိုက်သွားတာပဲ၊ ဘယ်နှယ် ဗျာ….ကြောင်ကုတ်ထားတာမှ မဟုတ်ဘဲ၊ ကျားကြီး တစ်ကောင်လုံးက အတုံးလိုက် အတစ်လိုက်ပါအောင် ကုတ်ဆွဲသွားတဲ့ ဥစ္စာ၊ ခင်ဗျားလေးမို့ မေးရက်ပလေ'

'ဒါ….ဒါဖြင့် စုထွေး မင်းကို ဘာလုပ် ပေးရမလဲ ဟင် ဇော်ရှင်း'

သူမ အသံတွင် တကယ်ပဲ စေတနာတွေ ပါနေသည်။

ဇော်ရှင်း ရယ်ချင်သွားသည်။

ခံစားရသည့် ဝေဒနာ တစ်ဖက်၊ ရယ်ချင်သည်က တစ်ဖက်မို့ သူ့မျက်နှာက မချိုမချဉ် ဖြစ်သွားသည်။

'ကဲ….ကဲ….မစုစုထွေး ဘာမှ လုပ်မပေး နဲ့၊ ဘာမှလဲ လုပ်နိုင်မှာမှ မဟုတ်ဘဲ၊ အေးအေးသာ ပြန်ကြွပေတော့'

သည် တစ်ခါတော့ စိတ်ဆိုးရသူက စုစုထွေးပင်။ စေတနာနှင့်လည်း လာရသေးသည်။ သူကပင် ပြန်နှင်နေသေးသည်။ သူမ၏ စေတနာကို ဝေဒနာ လင်နေသေးသည်။ စုစုထွေး နှုတ်ခမ်းစူပြီ။

www.burmeseclassic.com

www.burmeseclassic.com



'ဟင်း....ဒီကာ အကောင်းပြောတဲ့ ဥစ္စာ၊ စေတနာနဲ့လဲ လာပို့ရသေး၊ သူကပဲ ပြန်နှင်သေးတယ်.... ဟင်း'

'ဩော်....ဒါဖြင့် စောစောကတော့လည်း လမ်းကြုံလို့ဆို....'

စုစုထွေး ပါးစပ် အ ဟောင်း သား ဖြစ်သွားမိသည်။ နုပါးပြင် ဖြူဖြူအိတွင် ပတ္တမြားရည်တွေ ဖိတ်စဉ်သွားသည်။

'ပြန်မယ်ကွာ ဇော်ရှင်း၊ မင်းနဲ့ စကားပြောရတာ မကောင်းဘူး သိလား'

'ကျေးဇူးတင်ပါတယ်ဗျာ၊ မစုစုထွေးကို တကယ်ပဲ ကျေးဇူးတင်လို့ ပြောတာပါ'

စုစုထွေးသည် မဲ့ပြုံးကလေး ပြုံးမိသွားသည်။

ပါးအိအိကလေးက ချိုင့်သွားပြီး နှုတ်ခမ်းထောင့်လေးတွေက မသိမသာ ကွေးသွားပေမယ့် မျက်လုံးတွေက ပိတ်ဖြင့် လွှမ်းနေသည်။

'ဩော်....ဒါနဲ့ မင်းဘယ်တော့လောက် ဆေးရုံက ဆင်း မလဲ၊ ဟိုလေ.... ဦးလေးစောက စုထွေးကို မေးခိုင်းလိုက်ပါ....'

'မလွယ်သေးပါဘူး မစုစုထွေးရယ်၊ ကျွန်တော့် လက်ပြ သားက အနာကျက်မှ ဆင်းရမှာတဲ့၊ ကျားကုတ်လို့ ပဲ့သွားတဲ့ အသားတွေကို ပေါင်က အသားတွေ ဖဲ့ထုတ်ပြီး အစားထည့် ထားရတယ်'

'အင်း....မင်းလဲ စုထွေး အစ်ကိုအတွက် ကြားက ဝင် ရတာ တကယ်ပဲ စိတ်မကောင်းပါဘူးကွာ၊ မင်းသာ မကယ် င် စုထွေး အစ်ကိုတော့ ဒုက္ခပဲ၊ မင်းက သိပ်သတ္တိကောင်း ...ပဲနော်'

'မိုက်ရူးရဲပါ'

'တော်စမ်းပါ၊ တော်ရုံတန်ရုံ မင်းလို လုပ်ရဲပါမလား'

'ဒါတော့ဗျာ၊ ယောကျ်ားဆိုတာ တစ်သက်မှာ တစ်ခါပဲ ...ရတာက ကောင်းတယ်၊ ကြောက်တတ်တဲ့ သူဟာ တစ် ...က်မှာ အများကြီး သေတယ်'

'အံမယ်....မင်း စကားတွေက တယ်မြင့်ပါလား'

'ဘာလဲ၊ တန်ရာ....တန်ရာ မပြောဘူးလို့ ဆိုချင်သေးလို့ ...းဟင် မစုစုထွေး'

'ကဲ....တော်ပါ သွားတော့မယ်'

'အင်း....'

'ဘာမှာဦးမလဲ'

'အဘကို ပြောလိုက်ပါ သက်သာတယ်လို့'

စုစုထွေးသည် ဇော်ရှင်းကို ကျောခိုင်းလိုက်သည်။ ပြီး.... ...းရုံခန်းထဲမှ တစ်လှမ်းချင်း ထွက်သွား၏။

ဇော်ရှင်းသည် စုစုထွေးကို နောက်ပိုင်းမှ မြင်ရပြန်သည်။ ...ဝန်းစွင့်ကားသော တင့်မို့မို့သည် သိမ်သော ခါးသွယ် ...ယ်ကိုမှ အားမနာအောင် ...မ်းခါသွားသည်။

အင်း....ရင်မောရပါလား မိန်းကလေးရယ်။

ဇော်ရှင်း တကယ်ပဲ ရင်မောဖြစ်တော့သည်။ ဘာကြောင့် ...င်မောရလေသနည်းဟုလည်း ကိုယ့်ကိုယ်ကို ...ပြစ်တင်မိ ...ည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ပေမင့် စိတ်၏ လှုပ်ခတ်မှုကို ထိန်းချုပ်၍ မရနိုင်
ထိန်းချုပ်ရခက်သည့် စိတ်သည် နှောင်းကြိုးတဲ၍ မရနိုင်
အောင် ပျံ့လွင့်နေသည်။

မိမိ၏ ဘဝသည် အထီးကျန်ဆန်လွန်းလှ၏။ ငယ်စဉ်က
တည်းက မိခင်ဖခင်၏ မေတ္တာကို မခံစားရ။ မိခင်ဖခင်သည်
သူ လူမှန်း မသိခင်အချိန်တုန်းက ကားမှောက်၍ သေဆုံးခဲ့
သည်။ အဘစောသည်ပင်လျှင် အမိအဘသဖွယ် မိမိကို အုပ်
ထိန်းခဲ့လေသည်။ နောက်ပြီး အဘစောသည် သူ့နှလုံးသား
ထဲသို့ စကားလုံးတစ်ချို့ကို ရိုက်သွင်းခဲ့သည်။

'ငါ့မြေးမှာ လုပ်စရာတွေများကြီး ရှိတယ်'

ပြီးတော့....အဘသည် "ရည်ရွယ်ချက်" ဆိုသည့်စကား
ကို အဓိပ္ပာယ်မသတ်အောင် ပြောခဲ့လေသည်။ သို့သော်
လည်း ရည်ရွယ်ချက်ဆိုသည့် စကားကို အဘသည် တိတိ
အဓိပ္ပာယ်မဖွင့်ပြခဲ့ပေ။

သည်သို့ဖြင့် "မြစ်ဝယ်မြိုင်" နှင့် ပတ်သက်လာခဲ့သော
အခါတွင် ရင်မောစရာ အပေါင်းထဲ၌ စုစုထွေးတစ်ယောက်
ပါဝင်လာခဲ့ရလေပြန်ပြီ။

သည်ကနေ့ စုစုထွေး တစ်ယောက်သည် ဆေးရုံသို့ လာ
သွားခဲ့သည်။ ဇော်ရှင်း အတော် အံ့ဩခဲ့ရလေသည်။

စင်စစ်....

စုစုထွေးသည် သူ့ကို အဖက်မတန်သလိုချည်း ဆက်ဆံ
မှန်း ဇော်ရှင်း သိလေသည်။ စုစုထွေးသည် သူ့ကို လုံး
ကြည့်မရနိုင်သူဟုလည်း နားလည်ထားခဲ့လေသည်။

ယခုတော့....သူ့ကို စုစုထွေး လာကြည့်သွားသည်။ သို့
ကြောင့်ပင် မိန်းမတို့၏ အတွင်းသဘောမှာ ခေါကြေ



တ်သည်ဟု ဆိုကြလေသလော မပြောတတ်။ ဇော်ရှင်းသည်
ထွေးနှင့် ကြုံကြိုက်လိုက်ရသော တဒင်္ဂအချိန်လေးသည်
သူ့ရင်မှာ နွေးနွေးထွေးထွေး ခံစားလိုက်ရကြောင်း သူ့
သူပင် မသိလိုက်မိပါချေ။

နောက်ပြီးတော့....

သည်ရက်တွေမှာ သူ့အတွက် ကုန်ဆုံးနိုင်ခဲလှချေကလား
ည်း ထင်မှတ်မိသည်။

ဤပုံဖြင့်ဆေးရုံတွင် မည်မျှကြာအောင် နေရဦးမည်နည်း။
ရှင်းသည် ငါးရက်တိတိ အကျွမ်းတဝင် ရှိခဲ့ပြီးဖြစ်
သူ၏ ပတ်ဝန်းကျင်ကို ရှုမှန်းလာလေသည်။ အဘ
နေ့စဉ်ရက်ဆက် လူနာတွေ့ချိန်မှာ သူ့ကို လာတွေ့
ည။ အခြေအနေကို မေးသည်။ စားစရာ သောက်စရာ
သေးများကို လာပို့တတ်သည်။

လူနာကြည့်ချိန် ရောက်လာတိုင်း သူ့ကို မျှော်မိသည်။အဘ
သာ ရောက်လာသည်။ သူ့ရင်မှာအလိုလို မောသွား
သည်။ အဲ....သည်မှာ သူဘယ်သူ့ကို မျှော်မိသည်ကို
းဘော တတ်လာသည်။

သည်တော့လည်း ကိုယ့်ကိုယ်ကို ရှက်မိသည်။ အဖြစ်တင်မိ
ည။ ဘာကြောင့်များ သူ့ကို မျှော်မိပါလိမ့်။

သူ....သူ စုစုထွေးပေါ့၊ အငှော်တွေ စု၍ အယဉ်တွေ ထွေး
သော စုစုထွေးရယ်ပေါ့၊ စင်စစ် သူနှင့် စုစုထွေးသည်
သို့မျှ မပတ်သက်၊ ဘာမှမဆိုင်ကြောင်း ဇော်ရှင်း သိပါ
။ ပတ်သက်လို့ မရကြောင်းလည်း သူ့ဘဝပေး အသိ
ရှိပြီးလည်း ဖြစ်သည်။

သို့ပေမင့် ရင်ထဲက တစ်မျိုး၊ စိတ်ထဲက တစ်မျိုး။

www.burmeseclassic.com

www.burmeseclassic.com



ဒါဆို နှလုံးသား၏ ခံစားမှုဟု ဆိုရလေမလား မသိတ
တော့။

ပြောနိုင်သည့်အချက်ကတော့ ရှိသည်။ စုစုထွေးသည် သူ
ထာတွေသွား၏။ လမ်းကြုံလို့ ဝင်လာတာပါဟု သူမက ဆို
သော်လည်း စေတနာပါကြောင်း ဇော်ရှင်း အသိသာ
ပြီးတော့ စုစုထွေး ပြောသည့် စကားတွေက တစ်မျိုး။ သည်
ရန်တွေ့သံနှောသည့် အပြောလေးတွေကိုက သူ့ရင်မှာ
ထွေးစေသည်။

နောက်တစ်ခု ရှိသေးသည်။

စုစုထွေးသည် ရင်ကပ်ပန်းခက်ကလေးကို ခင်မောင်
(မန္တလေး) ရေးသည့် ကျားနှင့်မုဆိုး ဝတ္ထုစာအုပ်ကြား
ညှပ်၍ သူ့ကို ပေးခဲ့သည်။

သည်ပန်းကိုမြင်တော့ ရေချမ်းချောင်းစခန်းတွင် ရင်က
ပန်း တစ်ခက်ကို ခူးခဲ့မိသည့် သူ့အဖြစ်ကို ဇော်ရှင်း သတိ
လာသည်။ ခူးတုန်းက ဘာရယ်လို့မဟုတ်။ ရည်ရွယ်ချက်လည်း
တိတိပပ မရှိလှ။ စုစုထွေးက မိုက်ကယ်သာဇ်ကို ရင်ကပ်
တွေ ခူးခဲ့ရန် မှာလိုက်သည်ကို သတိရသဖြင့် ခူးခဲ့မိခြင်း

ဒါပေမယ့် သူ့အတွက် မဟုတ်။

စုစုထွေး အတွက်ရယ်လို့ မရည်မှန်း။

သက်သက်မဲ့ လက်ဆော့ခဲ့ခြင်းသာ ဖြစ်ပါသည်။ သ
ပန်းခက်ကလေးကို ဂျာကင်အင်္ကျီအိတ်ထဲတွင် ထည့်ခဲ့မိသ
ယခုတော့ သည်အင်္ကျီနှင့် ဘောင်းဘီကို အဘ ပြန်၍ယူသွ
ခဲ့ပြီဟု ထင်သည်။ သည်အချိန်ဆိုလျှင် ကြွေမွ ခြောက်သွေ့
ပြီလား။ လျှော်ဖွတ်သည့် အထဲတွင် ပါသွားလေသလ
မပြောတတ်။



ဟော....စာအုပ်ထဲက ပန်းတစ်ခက်ကလဲ ရင်ကပ်ပန်းပဲ။

ခြောက်နေပေမင့် အခက်အလက် အပွင့်အချပ်တွေက
မပျက်သေး၊ ပြားပြားကလေးနှင့် လှနေသေးသည်။

သည်ပန်းကို စုစုထွေးက ဘာကြောင့်များ စာအုပ်
ကြားထဲတွင် ထည့်ပေးခဲ့ပါလိမ့်။

အို....ဘာကြောင့်များ ဒါတွေ စဉ်းစားနေမိပါလိမ့်။

ဘာဆိုင်လို့လဲ....ဘာဆိုင်လို့လဲ....ငါက ဒရိုင်ဘာ မြေး၊
အညတရ အခိုင်းအစေ။ ဟိုက သူဌေးသမီး။ အနေသာ
ချည်းပဲ။

ဇော်ရှင်းသည် သက်ပြင်းတစ်ထွေးကို အားရပါးရ ရှိုက်
သွင်းလိုက်မိသည်။ ပူလောင်သော လေသည် နှလုံးသားမှ
မြန်၍ ထွက်သွားသည်။

သည်တော့ ညနေ လေးနာရီ။

အဘ လာချိန် နီးနေပါပကောလား။

လေးနာရီ ဆယ်မိနစ်တွင် ရောက်လာသည်။ ဇော်ရှင်း
အံ့သြမိသည်။ အဘ မဟုတ်။ သူသာလျှင် ဖြစ်သည်။ သူ....သူ
သူ့လက်ထဲတွင် အထုပ်တွေ အပိုးတွေနှင့်။

'လမ်းကြုံလို့ ဝင်လာတာပဲလား မစုစုထွေး'

သည်တစ်ခါတော့ ဇော်ရှင်းက အရင်နှုတ်ဆက်ဖြစ်သည်။

စုစုထွေး ပြုံးသည်။ အထုပ်တွေဘာတွေကို သံစားပွဲလေး
ပေါ် တင်လိုက်သေးသည်။ ခုတင်ဘေးမှ ကုလားထိုင်ပု
ကလေးကို ဆွဲ၍ ထိုင်လိုက်သေးသည်။ ပြီးမှ ပြုံးပြုံးကလေး
မေးသည်။

'ဇော်ရှင်းက ဒီလိုပဲ ထင်နေသလား'

www.burmeseclassic.com

www.burmeseclassic.com



'ယောက်ျားလေး အရင်တစ်ခါလို ကျေးဇူးတင်မခံဖြစ်နေမှာ စိုးလို့ မေးရတာပါ'

စုထွေးမှာ ဒီလောက် အကြင်နာတရား မခေါင်းပါး သေးပါဘူး ဇော်ရှင်းရာ၊ ပြီးတော့ မင်းဟာ စုထွေး အစ်ကို အတွက် တခင်သက်သက် ခံရတာမဟုတ်လား၊ တကယ်တမ်း ပြောရရင် ဖေဖေ မေမေတို့ကိုယ်တိုင် မင်းကို လာကြည့်ဖို့ ကောင်းတာ၊ စုထွေးက မိန်းကလေးဆိုတော့....'

'ဒါတွေ ပြောဖို့မလိုပါဘူး မစုစုထွေး၊ ကျွန်တော့်စိတ်ထဲ မှာ ဘယ်လိုမှ မအောက်မေ့ပါဘူး၊ အနာလည်း ကျက်နေပြီ၊ ဆရာဝန်ကတော့ တစ်ရက် နှစ်ရက်အတွင်း ဆင်းနိုင်ပါလိမ့် မယ်လို့ ပြောတာပဲ'

'ဟုတ်တယ်၊ အဘစောကလဲ မင်း ဆေးရုံက ဆင်းရတော့ မယ်လို့ ပြောသွားပဲ၊ ဒါလဲ စုထွေးက မေးလို့ ပြောတာပါ'

စုထွေးမှာ ရှက်ပြုံးကလေး ဖြာသွားသည်။

'အခု ဇော်ရှင်း လမ်းလျှောက်နိုင်ပြီမို့လား'

စုစုထွေးက ခုတင်ပေါ်တွင် ထူထူထောင်ထောင် ရှိနေပြီ ဖြစ်သော ဇော်ရှင်း အခြေအနေကို ကြည့်ရင်း မေးသည်။

'လျှောက်နိုင်ပါတယ်၊ အဲ....ပေါင်က အနာက မကျက် တတ်သေးလို့ သိပ်ဝေးဝေးလံလံတော့ မသွားနိုင်သေးဘူး'

'ကဲ....ဒါဖြင့် စုထွေး ပြန်တော့မယ်ကွာ၊ မင်း ဆေးရုံက ဆင်းတဲ့နေ့ကျတော့ တိုက်ကို ဖုန်းဆက်လိုက်ပေါ့'

'နေပါစေ မစုစုထွေး၊ တော်ကြာ မစုစုထွေး မေမေက ပြောနေပါဦးမယ်၊ ကျွန်တော့်ဟာ ကျွန်တော် မြင်းလှည်း ငှားပြီး ပြန်လာရင် ရပါတယ်'

ဟုတ်သည်။



မေမေ့ စိတ်က တစ်မျိုး။

အိမ်တွင် ရှိသော ကူဖော်လောင်ဘက်များနှင့် အရောဝင် နေခြင်းကို နည်းနည်းလေးမှ မကြိုက်မှန်း စုစုထွေး သိလေသည်။

'အင်းလေ....ဇော်ရှင်း သဘောပဲ'

စုစုထွေးက ထလိုက်သည်။

'ဒြော်....ဒါနဲ့ ဒီဝတ္ထုစာအုပ်ကို မစုစုထွေး ထည့်ပေး လိုက်တာလားဟင်'

'ဘာဖြစ်လို့လဲ'

စုထွေးက ပြန်မေးသည်။

'ဘာမှတော့ မဖြစ်ပါဘူး၊ ကျားကုတ်ခံရတဲ့လူကို ကျားနဲ့ ဆိုင်တဲ့ ဝတ္ထုပေးတာ အင်မတန် ဖတ်လို့ ကောင်းပါတယ်၊ ပြီးတော့ စာအုပ်ကြားထဲမှာလဲ ရင်ကပ်ပန်းခက်ကလေး ညှပ် ထားတာ တွေ့လို့လေ'

ဇော်ရှင်းက သေအေးလေးနှင့် ဖြေမိသည်။

'ဒြော်....ဒါလား၊ အဲဒါ မင်းခူးလာတဲ့ ပန်းခက်ကလေး လေ'

'ဟုတ်လား....မစုစုထွေး ဘယ်ကတွေ့လဲ'

'မင်းဂျာကင်ထဲကပေါ့၊ ဒါကြောင့် ပိုင်ရှင်ကို ပြန်ပေး တာ၊ ဘယ်သူ့ဖို့ ခူးလာမှန်းမှ မသိဘဲ'

စုစုထွေး အသံကလေးက ကြည်သာနေတယ်။ သိမ်သိမ် မွေ့မွေ့လေးရယ်၊ ပြီးတော့ သူ့မျက်နှာကိုလဲ ဖျတ်ခနဲကြည့်ပြီး မျက်လွှာကို ချမိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဇော်ရှင်း ရင်အခုန် မြန်လာသည်။ ပြောဆိုကိုချင်သည်။ 'အဲဒါ စုစုထွေး အတွက်ရယ်'လို့ သို့ပေမင့် သူ့ပါးစပ်က ပြောမထွက်။

'ကဲ....စုထွေး သွားမယ်နော်'

သည်တော့မှ ဇော်ရှင်း သတိရလာသည်။

'ကျွန်တော် မြီးသွားပြီ၊ ဒါလေး ပြန်ယူသွားပါလား တင်'

ဇော်ရှင်းသည် သံစားပွဲလေးပေါ်မှ ဝတ္ထုစာအုပ်ကို ယူ၍ စုစုထွေး လက်သို့ ကမ်းလိုက်သည်။ စုစုထွေးက စာအုပ်ကို ဖွင့်ကြည့်သည်။ ရင်ကပ်ပန်းကလေးက ညှပ်ထားရက်ပင်။

သည်မှာတင်....

သူတို့ အကြည့်ချင်း ဆုံကြသည်။ ရင်ခုန်မိကြသည်။

အရည်လဲ့နေသော မျက်နက်ဝန်း နှစ်စုံ၏ ဆုံတွေ့မှုတွင် အဓိပ္ပာယ်တွေ အရာအထောင် တွယ်ငြိနေပြီလား မပြော တတ်။ နောက်တော့....နောက်တော့။

စုစုထွေး ပြန်သွားသည်။

သူ့ရင်တွင် ထွေးထွေးနွေးနွေး ဖြစ်၍ ကျန်ခဲ့၏။ ဘာရယ် လို့တော့ မသိ။

*

အခန်း (၁)

'သံဇကာကွေ့'

သည်ကွေ့သည် အင်မတန် နာမည်ကြီးသည်။ ရွှမ်းကုန်းမြင့်မှ မြေပြန့်လမ်းသို့ ဆင်းရာလမ်းပင်။ "သံ ကာကွေ့" နာမည်ကြီးရသည့် အကြောင်း ခြင်းရာ တွေက ည်း ရှိသည်။

ပထမအချက်မှာ သည်ကွေ့သည် ကားချင်း မကြာခဏ တိုက်တတ်သည်။ တိုက်မိပြီ ဆိုလျှင်လည်း အလောင်းချင်း သွားတတ်သည်။ ကားလမ်းသည် "သံဇကာကွေ့" နောက်တွင် ပို၍ ကျဉ်းမြောင်းသည်။ ကားနှစ်စီး မရှောင် း တစ်စီး တက်လာလျှင် တစ်စီးက လမ်းကျယ်သော ာမှ ရပ်၍ စောင့်ပေးရသည်။ သံဇကာကွေ့၏ တစ်ဘက် မတ်စောက်သော ကမ်းပါးကြီး ရှိ၍ တစ်ဖက်တွင် သော ချောက်ကြီးက နေရာယူထားသည်။ နောက်ပြီး းသည် ပ,စောက် ပုံသဏ္ဍာန်ဖြစ်၍အလည် ထည့်တည်

www.burmeseclassic.com

www.burmeseclassic.com



တွင် ပေ သုံးဆယ်ခန့် မြင့်သော တောင်ကမူ တစ်ခုခုက
ထီးကြီး ရပ်တည်နေသည်။ သို့မို့ကြောင့် သည်ကွေ့
မျက်နှာချင်းဆိုင် မောင်းလာသော ကားနှစ်စီးသည် တ
နှင့် တစ်စီး မြင်တွေ့ရန် မလွယ်။

သည်ကွေ့ရောက်လျှင် ကားကွန်းကို အဆက်မပြတ်
သတိထားလို့ မောင်းလေရော့။

ဒါမှ မဟုတ်ပါလျှင် အန္တရာယ်က လက်တစ်ကမ်း
မဝေး။

နည်းနည်းကလေး တိမ်းမှောက်လိုက်တာနှင့် ချော
ကျပြီလို့သာ မှတ်ပေတော့။

ကားတွေ မကြာခဏ ချောက်ထဲ ဘျလွှန်းသဖြင့်
ကွေ့တွင် သံဇကာများ ကာထားသည်။ သို့မို့ကြောင့်
ဇကာကွေ့” ဟု ခေါ်ကြသည်လား မသိနိုင်။

အဲ....ဒုတိယ အချက်ကတော့ သည်ကွေ့တွင်
အလှန် တိုက်သည်။ ဓားပြ တိုက်ရန်လည်း အကွက်ကော
သည်။ ကားများသည် “သံဇကာကွေ့” သို့ ရောက်
မောင်းလာသည့် အမြန်နှုန်းကို လျှော့ပစ် လိုက်ရသ
ကားကို အရပ်ခိုင်းရန် လွယ်သည်။

မောင်မောင်ကျော်သည် “သံဇကာကွေ့” မရော
ကတည်းက လက်စွဲတော် ကိုး မီလီမီတာ ဘရောင်နီ
ကို အသင့် မောင်းတင်ပြီး ညာဘက်လက်ဖြင့် ကိုင်
သည်။ သေနတ်ဒင် အတွင်းရှိ မဂ္ဂဇင်းထဲတွင်တော့ လူ
များများ အသက်ကို ခြွေဖျက်နိုင်သော 9-MM ကျ
များက ရှိနေပေသည်။



သူသည် ဝီလီဂျစ်၏ စတီယာရင်ကို ဘယ်ဘက် လက်ဖြင့်
ထိန်း၍ မောင်းလာခဲ့သည်။ သူ့ကားနှင့် တစ်ဖာလုံခန့်အကွာ
တွင် အီစူဇူး ကုန်တင်ကားကြီး နှစ်စင်းက လိုက်ပါလာမည်
ဖြစ်သည်။ သည် ကားနှစ်စီးတွင် လက်ဖက်ပုံး၊ လက်ဖက်
ခြောက်နှင့် ရှမ်း သနပ်ဖက် ပိုများ အပြည့် အသိပ် တင်ထား
ပါသည်။

သို့သော်....ဤပစ္စည်းတွေက ဟန်ပြမျှသာ ဖြစ်ပါသည်။
ကားကြီး၏ လျှို့ဝှက်သော တစ်နေရာတွင် အရည်အသွေး
ကောင်းသော ‘ရတနာ’ များက ရှိနေမည်ဖြစ်ပါ၏။ တန်ဖိုး
အားဖြင့်လည်း သိန်း ဂဏန်းအထက်တွင် ရှိနေပါသည်။ ထို
ကားနှစ်စီးကိုစိတ်ချရသောမောင်မောင်ကျော်၏ တပည့်များ
က မောင်းလာကြ၏။

ယင်းသို့ ဝီလီသည် ‘သံဇကာကွေ့’ ကုန်းဆင်းကို စတင်
၍ လိမ့်ဆင်းလာသည်။

နေသည် တောင်စွယ်ပေါ်တွင် မေးတင်နေသည်။ စူးရှ
သော နေရောင်ခြည်သည် မောင်မောင်ကျော်၏ မျက်နှာကို
တည့်တည့်ကြီး ထိုးသွားသည်။ သူက စတီရင်ယာကို သေနတ်
ကိုင်ထားသော ညာလက်ဖြင့် မှေး၍ ထိန်းရင်း ဘယ်လက်
ဖြင့် နေရောင်ကို ကာလိုက်သည်။ ဘရိတ်ကိုလည်း မြှင်း၍
နင်းထားသည်။

သည်စဉ်မှာပင်....

‘ဒိုင်း....’

သေနတ်ကိုင်ထားသော လက်သည် ပြင်းထန်သော အရှိန်
အဟုန် တစ်ခုက ဆောင့်တွန်း လိုက်သလို ခံစားလိုက်ရပြီး
တစ်ပြိုင်တည်း ဆိုသလို ကျယ်လောင်သော သေနတ်သံ တစ်

www.burmeseclassic.com

www.burmeseclassic.com



ချက် ကြားလိုက်ရသည်။ သူက ဘရိတ်ကို ဆောင့်နင်းလိုက်သည်။

ဂုဏ်ကားသည် တစ်ပတ်လည်၍ ချောက်ကို ကာထားသော သံဇကာတန်းများကို တိုက်ကာ ချောက်နဖူးတွင် နောက်ဘီး တင်၍ ရပ်သွားသည်။

'ဒိုင်း....'

ကျယ်လောင်သော ဒုတိယ သေနတ်သံနှင့်အတူ ကျည်ဆံသည် ကားပေါ်မှ ဆင်းရန် ပြင်နေသော တပည့်ဖြစ်သူ စိုးမအောင်ကြီး၏ ရင်အုံကို ဖောက်ထွက်သွားသည်။ သေနတ်သံသည် ပဲ့တင်ထပ်၍ ကျန်ခဲ့သည်။ မောင်မောင်ကျော်သည် အခြေအနေကို ရုတ်ချည်း ရိပ်စားမိလိုက်ပြီ။

သေနတ်သမားသည် သံဇကာကွေ့ ကမ်းပါးအတက်မှ စိန်ပြေ နပြေ သေနတ်မောင်းကို ဖြုတ်နေပြီ တကား။ စင်စစ်သူသည် 'သတ်ကွင်း' သို့ လည်စင်း၍ ဝင်မိခြင်း။ သို့မဟုတ် အာဏာ ပါးကွက်သားကို လည်စင်း၍ပေးခြင်းပင်။

သည်တော့....

သူသည် စတီယာရင်ပေါ်သို့ ကျနေသော သူ၏ခေါင်းကို နည်းနည်းကလေးမှ မလှုပ်မိအောင် ထိန်းလိုက်သည်။ သူ၏ ဘယ်ဘက်လက်သည် ကြိုးတစ်ချောင်းလို အောက်သို့ တွဲလွဲကျနေသည်။ သူ့ ခန္ဓာ ကိုယ်သည် ကားထိုင်ခုံပေါ်တွင်ပုံပျက်ပန်းပျက် ရှိနေသည်။ သူ့ ပါးစပ်သည် ပွင့်ဟနေသည်။

သည်အနေအထားမှ နည်းနည်းလေးလောက် ရွေ့လျားလိုက်တာနှင့် တတိယ ကျည်ဆံက သူ့ခန္ဓာကိုယ် အတွင်းသို့ ချဉ်းနင်း ဝင်ရောက် လာမည်ကို မောင်မောင်ကျော် သိထားသည်။



စင်စစ်....

အသက်နှင့် ရင်း၍ သေတမ်း ရှင်းတမ်း ကစားနေခြင်းပင်။

သူ့ အသက်သည် ချောက်ကမ်းပါး အထက်မှ သေနတ်သမား၏ လက်တွင် ရှိ၏။ ခလုတ်တစ်ချက် ထပ်၍ ဆွဲလိုက်ခြင်းဖြင့် သူ့ ဝိညာဉ်မှာ အချိန်မရွေး ထွက်သွားနိုင်သည်။

သည်တော့ သူ မလှုပ်ဝံ့။ အသေလို နေလိုက်သည်။

ထိုစဉ်မှာပင် ခပ်ဝေးဝေးမှ ပစ်ဖောက်လိုက်သော သေနတ်သံတွေကို ကြားရသည်။ သူတို့တစ်တွေ အီစုဇူး ကားတန်းကို စီးမိသွားကြပြီဟု တွက်ဆလိုက်မိသည်။ သည်ကားတန်းတွင် တင်ထားသော လက်ဖက်များ၊ သနပ်ဖက်ပိုများ တော့ သူတို့ မက်မောကြမည် မထင်။

ဤသို့ဆိုလျှင်....

သူတို့သည်လက်ဖက်များ၊ သနပ်ဖက်ပိုများထက်မက်မောသည် ပစ္စည်းများကို အတိအကျ သိထားသူများသာ ဖြစ်ပေမည်။

စက္ကန့်ပိုင်းမျှသော အချိန်သည် သူ့အတွက် ရှည်ကြာလွန်းလှသည်။ သူသည် တတိယ သေနတ်သံကို ရင် တဘိတ်ဘိတ်နှင့် စောင့်နေ၏။ သို့သော် ကမ်းပါးပေါ်မှ သေနတ်သမားသည် သူ့လက်ကို သူ ယုံသွားလွန်းဟန် တူသည်။ သေနတ်သံ မကြားရ။ သေနတ်သံ အစား ခဲလုံးတွေ လိမ့်ကျသံ ထွက်ပေါ်လာသည်။

ကောင်း....

တပ်ယောက်ယောက်သည် ကားဆီသို့ ဆင်းလာဟန်။ သို့တိုင်အောင် သူ မလှုပ်ဝံ့။ လူသေလို ငြိမ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့က အနည်းဆုံးနှစ်ယောက်၊ သို့မဟုတ် သုံးယော သည့်ထက်မကလည်း ဖြစ် ချင် ဖြစ်မည်။ ထိုအထဲက ယောက်ယောက်သည် ကမ်းပါးပေါ်မှ သူ့ကို သေနတ် ချိန်ထားဘူး မဆိုနိုင်။

သူ၏ ညာဘက်လက်ခုံသည် အသည်းခိုက်အောင် နာ နေသည်။ ကျည်ဖူးသည် လက်ခုံကို ဖောက်ထွင်း သွား သည်။ သွေးတွေ ဒလဟော ထွက်နေသည်။ သို့ပေမင့် ကျသွားသော ဘရောင်နီ ပစ္စတိုသည် ညာလက်နှင့် လ အနည်းငယ်သာ ဝေးသော ဂျစ်ကား ကြမ်းပြင် ပေါ် ကျနေသည်။ ပြဿနာကား သူ၏လက်သည် သေနတ်ကို နိုင် မကိုင်နိုင်ပင် ဖြစ်သည်။

နာကျင်သည့် ခံစားမှုသည် လက်ဖျားမှ သည် နှလုံးသ တိုင်အောင် ကူးစက် လာသည်ဟု ထင်ရသည်။ သူသ ဝေဒနာကို ကြိတ်မှိတ် ခံစားရင်း နောက်ဆုံးတစ်ချက် နတ်ခလုတ်ကို ဆွဲညှစ်လိုက်နိုင်ဖို့အတွက် ရှိသမျှ အင်အား စုစည်းလိုက်သည်။

ဤ ကာလမှာပင်....

ခြေသံသဲ့သဲ့ကို စတင် ကြားရသည်။ သဲ့သဲ့မှ ပို၍ ပီပြ လာသည်။ ပီပြင်လာရာမှ ပို၍ တိကျလာသည်။ လူသာ တစ်ယောက်သည် ဂျစ်ကား၏ နောက်မှ ခြေတစ်လှမ်းချ လှမ်း၍ လာပုံပင်။ ခြေသံသည် တစ်ဖြည်းဖြည်း နီးလာ သည်ခြေသံသည် သူ၏နှလုံးသားကို တစ်ချက်ချင်း နင်းခ သကဲ့သို့ ရှိချေသည်။

နောက်ဆုံးတွင် ခြေသံပျောက်သွားသည်။



င်ကားသည် ညိမ့်ခနဲတုန်သွား၏။ ဂျစ်ကား၏နောက်မှ င်ခြေခဲများ ပွဲကျသံကို မောင်မောင်ကျော် ကြားရပါ

ည်။

တ်စွာဘုရား....

ားကို ချောက်ထဲ တွန်းချနေပါပကောလား....

သည် တစ်ကိုယ်လုံးတွင် ကျန်ရစ် နေသော အားကို း၍ လှုပ်ရှားလိုက်ပါသည်။ ကျနေသော သေနတ်ကို က်လိုက်သည်။ ဘရောင်နီပစ္စတို၏ ဒင်သည် သူ့လက်ထဲ ရောက်လာသည် ဆိုလျှင်ပင်....

အနီးကပ် ပစ်ကွင်းကို လျှပ်တစ်ပြက် နည်းဖြင့် ဆက်ခါ ခါ ပစ်လွှတ်လိုက်သည်။

သေနတ်သံတွေ တဖိုင်းဖိုင်း ထွက်သွား၏။

စ်ကွင်းကို ထိသလား။ မှန်သလားဟု သူမတွေးတော့

ခန္ဓာကိုယ်ကိုသာ ဂျစ်ကားပေါ်မှ အောက်သို့ လိမ့်ချ ည် နှင့် ကမ်းပါးပေါ်မှ ကျယ်လောင် စူးရှသော နတ်သံတစ်ချက် ထွက်ပေါ်လာသည်။ ခဲသီးတောင့်သည် င်ခဲ့သော ဂျစ်ကားထိုင်ခုံနောက်မှီကို ချွင်းနဲနေအောင် သွားသည်။

သည် တစ်ဘောင့်ပြီး နောက် တစ်ဘောင့် ဆက်ပိုက် အောမည်ဟု သူသိ၏။ သို့မို့ကြောင့် သူ့ကိုယ်ကို ချောက် လိမ့်ချလိုက်သည်ဆိုလျှင်ပင် မူလနေရာတွင် မြေကြီးတွေ ထွက်သွားသည်။

သူရင်ထဲတွင် အေးခနဲ ဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



သူတစ်ကိုယ်လုံး ကိုင်ရိုက်ခံရသလို ဖြစ်သွားပြီး လှုပ်ရှား
မှုက ရပ်တန့်သွားသည်။

သည်အချိန်အထိ သတိသမ္ပဇဉ်က ခန္ဓာကိုယ်နဲ့ တွဲယှ
နေဆဲ။

သူ့ နားထဲတွင် ကျယ်လောင်သော ကားဟွန်းသံ
ကြားရသည်။ ဦးနှောက်တွေ ဆူဝေလာပြီ။

သည့်နောက်.... သည့်နောက်၊ ပစ်သံ၊ ခတ်သံ၊ သေ
သံများ။

မှောင်သော၊ နက်သော၊ မည်းသော၊ ငရဲအိပ်မက်မှ

*

အခန်း (၉)

---

ပထမဦးဆုံး ခေါင်းထဲတွင် ပီတုန်းသုံးကောင်ဝင်မွှေနေ
သလို တဒီးဒီးဖြင့် ကိုက်ခဲနေသော အသိကို ခံစားရသည်။
တစ်ကိုယ်လုံး နာကျင်နေသည်။ ညာဘက်လက်သည် ခဲနှင့်
ဆွဲထားသလို လေးလံနေသည်။

မောင်မောင်ကျော်သည် မျက်ခွံကို ကြိုးစား ပမ်းစား
ဖွင့်ကြည့်သည်။ သူသည် အခန်းတစ်ခုထဲတွင် ရောက်နေသည်။
ခုတင် တစ်လုံးပေါ်တွင် ပက်လက်လဲနေသည်။ ရုတ်တရက်
မူ အစစအရာရာသည် ဝိုးဝါးဖြစ်နေသည်။ နောက်တော့
တဖြည်းဖြည်း သတိရလာသည်။

သို့သော်.... ဤ ခုတင်ပေါ်သို့ မည်သို့ မည်ပုံ ရောက်လာ
မှန်း၊ သူ မသိခဲ့။ သူ၏ သတိ သမ္ပဇဉ်သည် နက်ရှိုင်းသော
ဆံဓာတွေ့ ချောက်ထဲတွင် ပျောက် ဆုံး သွားခဲ့သည်
မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား သတိရလာမလား'

အစက်ကြီးနှင့် လူတစ်ယောက်။

သူ့လည်ပင်းတွင် နားကျပ်တစ်ခု ချိတ်ထားသည်။

အား....ဆေးရုံရောက်နေပါပကောလား....

'ကျွန်တော့် သေနတ်ပစ်ခံရတယ်'

'ဟုတ်တယ်၊ ဓားပြတွေက ပစ်သွားတာ'

'ကျွန်တော့် တပည့် စိုးအောင်ကြီးကော....'

'သူ....အဲ....သူသေသွားတယ်ဗျာ'

'ကျွန်တော့် ကားရော'

'ရဲတွေဆီမှာ'

'ဗျာ....'

'ဟုတ်တယ်၊ ခင်ဗျားကားကို ဓားပြတွေ ပစ်ခတ် တိုက်ခိုက်နေတုန်း ပြည့်သူ့ရဲကား ရောက်လာပြီး ခင်ဗျားကို ချောက်ထဲက ဆယ်လာတာ၊ ခင်ဗျားကံကောင်းတယ်၊ သစ်ပင်တစ်ပင်နဲ့ ခံပြီး တင်နေလို့ အောက်ထိကျမသွားတာ'

ဆရာဝန်သည် သူ့မေးခွန်းကို စိတ်ရှည်လက်ရှည် ဖြေနေသည်။

'ရဲတွေကို ကျေးဇူး တင် စရာ ပဲ ဗျာ၊ ဒါနဲ့ ဓားပြတွေကော'

'သူတို့အားလုံး ထွက်ပြေး သွားကြတယ်လေ၊ အဲ....ခင်ဗျား ပစ်လိုက်တဲ့ လူကတော့ ဒဏ်ရာရသွားသတဲ့၊ သွေးကွက်တွေ ကျန်ခဲ့တယ်လို့ ပြောတယ်'

သည်တော့ မောင်မောင်ကျော်သည် လက်စွဲတော် ဘရောင်နီပစ္စတိုကို သတိရလာသည်။



'ကျွန်တော့် သေနတ်၊ အဲ....လိုင်စင်နဲ့ ကိုင်တဲ့ သေနတ်ပါ....'

'ရဲတွေဆီမှာ ရှိမှာပေါ့၊ ကဲ....ခင်ဗျား ဘာသိချင်သေးလဲ၊ အခု ခင်ဗျားရောက်နေတာ သာစည်ဆေးရုံ'

ဆရာဝန်သည် သူ့ကို ကြည့်၍ ပြုံးသည်။ မောင်မောင်ကျော် တွေဝေသွားသည်။

'ကဲ....ဒါဖြင့် ကျွန်တော် ဆက်ပြောမယ်၊ ခင်ဗျားနောက်က ပါလာတဲ့ အီစူဇူး ကားနှစ်စီးလဲ ဓားပြအတိုက်ခံရတယ်တဲ့၊ ဒါပေမယ့် ရဲကားရောက်လာလို့ ဘာမှပါမသွားဘူးလို့ ပြောတာပဲ'

'အဲဒီကားတွေကော'

သူ့အသံက စိုးရိမ်တကြီး နိုင်လှသည်။

အလောတကြီးနိုင်လှသည်။

ဤစဉ်မှာပင် ခြေသံကြားရသည်။ တံခါးပေါက်မှ ကာကီသုံးရောင်နှင့် မွန်မွန်ရည်ရည် လူရွယ်တစ်ဦး ဝင်လာသည်။သူ့ပခုံးထက်တွင် ပြောင်လက်တောက်ပသော ငွေသပြေပင် နှစ်ခက်ကို တင်ထားသည်။ ထို့အတူ သူ့အပြုံးကလဲ တောက်ပနေသည်။

'ကျွန်တော် လုံခြုံရေးမှူးဝဏ္ဏပါ ကိုမောင်မောင်ကျော်၊ အဖြစ်အပျက်ကိုတော့ ဒေါက်တာမင်းကြည် ပြောပြလို့ ခင်ဗျား သိပြီးရောပေါ့၊ ခင်ဗျား သိပ်ကံကောင်းတယ် ကျွန်တော်တို့ ကားနဲ့ လက်မတင်လေး တွေ့လိုက်လို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ကျော်သည် ကိုဝဏ္ဏကို လေးစားစွာ ကြည့်မိသည်။ ထိုနောက် ရုတ်ချက် မျက်နှာ ပျက်သွားခဲ့သည်။

'ကျွန်....ကျွန်တော့် ဟို....ကုန်ဘင်ကားတွေကော ကိုဝဏ္ဏ'

သူ့အသံက အထစ်ထစ် အငေါ့ငေါ့ နိုင်လွန်းသည်။ သူ့ကို ကြည့်၍ ကိုဝဏ္ဏပင် အံ့ဩသွားပုံ ရလေသည်။

'ခင်ဗျား ကားတွေ မန္တလေးကို ဆက်သွားကြတယ်လေ၊ အဲ...ကားပေါ်မှာက လက်ဖက်ခြင်းတွေနဲ့ သနပ်ဖက်ပိုတွေပဲ ပါတာဆိုတော့ ဓားပြတွေအတွက် မက်လောက်စရာမှ မရှိဘဲကိုး၊ တန်ဖိုးရှိတာ ဘာများပါသေးလို့လဲ ကိုမောင်မောင်ကျော်'

'ဘာ....ဘာမှ မပါပါဘူးဗျာ'

လုံခြုံရေးမှူးသည် သူ့မျက်နှာကို အကဲခတ်နေမှန်း မောင်မောင်ကျော် သိလိုက်ပါပြီ။ သူ၏ အလောတကြီး နိုင်မှုကိုလည်း ကျိတ်၍ မကျေမနပ် ဖြစ်သွားသည်။

'ကောင်းပါလေရဲ့ဗျာ၊ ကိုဝဏ္ဏတို့ အချိန်မီ ရောက်လာပေလို့သာပေါ့၊ ခင်ဗျားတို့ ပြည်သူ့ရဲတွေကို ကျေးဇူးတင်ပါတယ်'

'မလိုပါဘူး ကိုမောင်မောင်ကျော် ဒါတွေဟာ ကျွန်တော်တို့ရဲ့ ပင်မတာဝန်တွေပါ၊ ဪ....ဒီမှာ ခင်ဗျားသေနတ်၊ အဲ....ခင်ဗျား အိတ်ထဲက သေနတ်လိုင်စင်ပါ တွေ့တယ်လေ၊ ယမ်းတောင့် သုံးတောင့် ရော့နေတယ်၊ ခင်ဗျား ဒီမကောင်တွေကို ပြန်ဆော်သေးတယ် မဟုတ်လား'

မောင်မောင်ကျော်က ခေါင်းညိတ်လိုက်သည်။



ပြီး....သူ့အဖြစ်အပျက်ကို အစအဆုံး ပြောပြမိသည်။ သို့တွင် ကျောက်စိမ်းတွေ အကြောင်းတော့မပါ။ သူ့စကားဆုံးသည်နှင့် ကိုဝဏ္ဏက သူ၏ ပတ်တီးစည်းထားသော လက်ကို ကြည့်၍ ဆိုသည်။

"ခင်ဗျားလက် ပြန်ကောင်းလာရင်တောင် သေနတ်ကိုင်အတော်ခဲယဉ်းလိမ့်မယ်လို့ ဒေါက်တာခင်းကြည်က ပြောသည်၊ ဟုတ်ကဲ့လား ဒေါက်တာ'

တစ်ချိန်လုံး ငြိမ်သက်စွာ စောင့်နေသော ဒေါက်တာခင်းကြည်က တစ်ခွန်းချင်း ဝင်ပြောသည်။

'ကျည်ဆန်ဟာ ခင်ဗျားလက်က အရိုးကို ထိမသွားတာ ကံကောင်းတာပဲ ကိုမောင်မောင်ကျော်၊ အဲ.... ဒါပေမဲ့....'

မောင်မောင်ကျော် ရင်မှာ ထိတ်ခနဲ ဖြစ်သွားသည်။

'ကျွန်တော်....ကျွန်တော် သေနတ်ကိုင်လို့ မရနိုင်တော့ဘူးလား ဒေါက်တာ ဟင်'

'ဟုတ်တယ် ကိုမောင်မောင်ကျော်၊ ခင်ဗျားရဲ့ ညာဘက်လက်ဟာ သေသေချာချာ သေနတ်ပစ်နိုင်တော့မှာ မဟုတ်ဘူး၊ အဲ...လေးသင်းများစွာ လေ့ကျင့်ပေးလိုက်ရင်တော့ နိုင်ကောင်းပါရဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျား အကြောတွေ ပြတ်သွားခဲ့တယ် ကိုမောင်မောင်ကျော်၊ ကျူးပဲ့ပြီးသွားတာနဲ့ စာရင် တော်သေးတာပေါ့ဗျာ ဟုတ်လား'

သွားပြီ....

မျှော်သင့်ချက်ဟူသမျှ ရေစုံတွင် မြောရလေပြီ။

မောင်မောင်ကျော်၏ မျက်နှာသည် သိသာလောက်အောင် ပျက်သွား၏။

www.burmeseclassic.com



'သိပ်လဲ စိတ်ဓာတ်ကျမသွားပါနဲ့ ကိုမောင်မောင်ကျော် ခင်ဗျားဟာမန္တလေးတိုင်းက လက်ရွေးစဉ်သေနတ်ပစ်သမား တစ်ယောက်ဆိုတာကို ကျွန်တော်တို့ သိပါတယ်၊ ခင်ဗျား ဓာတ်ပုံနဲ့ သတင်းကို သတင်းစာတွေထဲမှာ မကြာခဏ တွေ့ဖူး ပါတယ်၊ ဒါပေမယ့် ကမ္ဘာ့ပေါ်မှာ ဘယ်ကျော် သေနတ်ပစ် ချန်ပီယံတွေ ဒုနဲ့ဒေးပါဗျ'

ကိုဝဏ္ဏက သူ့ကို အားပေးလေသည်။

မည်သို့ပင် ဖြစ်စေကာမူ စိတ်ဓာတ်ကျမိသည်က အမှန် ပင်။

လုံခြုံရေးမှူး ကိုဝဏ္ဏသည် မောင်မောင်ကျော် ပေးသော လိပ်စာအတိုင်း မန္တလေးသို့ ဖုန်းဆက်၍ အကြောင်းကြား ပေးသည်။ လမ်းခရီးပြဲတွေကိုလည်း အစွမ်းကုန် ထောက်လှမ်း မည်ဟု သူ့ကို ကတိပေးသည်။

နောက်တစ်နေ့ မနက်စောစောတွင် ဦးကောင်းမိုးနှင့် အဘစောတို့ ရောက်လာကြ၏။

မောင်မောင်ကျော်သည် ညာဘက်လက်မှလွဲ၍ ပြင်းပြင်း ထန်ထန် ဒဏ်ရာ မရခဲ့ပါ။ လမ်းလျှောက်နိုင်သည့် အခြေ အနေတွင် ရှိပါသည်။

'ဒါပေမယ့် ခင်ဗျား ဒီတစ်ရက်တော့ ဆေးရုံမှာနားနေဖို့ သင့်တယ် ကိုမောင်မောင်ကျော်'

ဒေါက်တာ မင်းကြည်က အကြံပေးသည်။

'ဘာဖြစ်လို့လဲ ဒေါက်တာ၊ ကျွန်တော် လမ်းလျှောက် နိုင်နေသားပဲ'

'ခင်ဗျား ဒဏ်ရာက သွေးအတော်ထွက်ခဲ့တယ်ဗျ၊ အဲ... ဒီဇာစ်ညလောက် အိပ်ရေးဝအောင် အိပ်ပြီး အနားယူလိုက်



[...]င် မနက်ဖြန်ဆို ခင်ဗျား ခရီးသွားလို့ ရပါပြီ၊ DRIP လဲ [...]ွင်းပေးရဦးမယ်'

ဒေါက်တာ မင်းကြည်၏ အကျိုးသင့် အကြောင်းသင့် [...]ပြောကြားမှုကို လက်ခံရန် ဆုံးဖြတ်လိုက်ရတော့သည်။

'ဟုတ်ဘယ် မောင်ကျော်၊ ဒီတစ်ရက်တော့ နားလိုက်ဦး၊ [...]င်း ကားလဲ ဝပ်ရှော့ကို ပို့ထားရတယ်တဲ့'

ဦးကောင်းမိုးက ဝင်၍ ထောက်ခံသည်။

'ကောင်းပါပြီ ဖေဖေ'

သို့ဖြင့် သူသည် သာစည်ဆေးရုံတွင် တစ်ည အိပ် ရန် [...]င့်မရဲ လက်ခံလိုက်ရသည်။ ဦးကောင်းမိုးသည် အဘ [...]ကို မောင်မောင်ကျော်၏ ဂျစ်ကား အပ်ထားသော [...]ော်ကား ဝပ်ရှော့သို့ လွှတ်လိုက်၏။ တင်နည်းအားဖြင့် [...]လိုက်ခြင်း ဖြစ်သည်။ အတွင်းစကားတွေကို မည်သူမျှ [...]စေချင်။ အခန်းတွင်း၌ ဦးကောင်းမိုးနှင့် မောင်မောင် ကျော်သာ ကျန်တော့သည်။ မောင်မောင်ကျော်က အဖြစ် [...]က်ကို ပြန်၍ ပြောရင်းက ကျောက်စိမ်းတွေကို မေးခဲ့ သည်။

'ဟိုဟာတွေကော ဖေဖေ'

'ပါသွားပြီ....အားလုံး ပါသွားပြီ'

ဦးကောင်းမိုး၏ အဖြေက တိုသော်လည်း ရှင်းလင်းသည်။ [...]သွားသည်။

'ဒါပေမယ့် မင်း အသက် မသေတာဘဲ ကံကောင်းတယ် [...]ာင်ကျော်'

'သူတို့ ကျွန်တော့်ကို အသေ သတ်တာ'

'သူတို့ဆိုတာ, ဘယ်သူတွေလဲ'

www.burmeseclassic.com

www.burmeseclassic.com



'အဲ့ခေါင်းတို အသိုင်းအဝိုင်း ဖြစ်မှာပေါ့၊ တစ်ခုထော
ရှိသည် မေမေ'

'ဘာလဲ'

'ကျွန်တော်တို့ထဲမှာ သစ္စာဖောက်တော့ ရှိနေပြီ၊ ဦး
ကျွန်တော်တို့ ပစ္စည်းတွေ ဝှတ်ယူလာတဲ့နေရာတို့၊ ပြန်
ရက်တို့ကို သူတို့က ကြိုပြီး သိနေတာဟာ အတွင်းလူမပါ
မဖြစ်နိုင်ဘူး မေမေ'

ဦးကောင်းမိုး ငိုင်သွားသည်။

'ဒါနဲ့ ပစ္စည်းတွေပါလာတာ ရဲတွေ ရိပ်မိသေးလာ

'မရိပ်မိပါဘူး၊ ရိုးရိုး ခါးပြတိုက်ခံရတာလို့ပဲ သူတို့
နေကြတယ်'

ယခုမှ ဦးကောင်းမိုး သက်ပြင်းချနိုင်တော့သည်။

မည်သို့ပင် ဖြစ်စေကာမူ သည်တစ်ပွဲတော့ ခံလိုက်
ဖြစ်ကြောင်း သိကြသည်။

မောင်မောင်ကျော်သည် သူ၏ ညာဘက်လက်အခြေအ
ကို ဦးကောင်းမိုးအား ပြောပြသည်။

သူ၏ စိုးရိမ်စိတ်ကို ဦးကောင်းမိုး ရိပ်စားမိသည်။

စင်စစ် မောင်မောင်ကျော်သည် သူ၏ လက်ရုံး၊ လုပ်
မှန်သမျှ မောင်မောင်ကျော်ကသာလျှင် ဦးဆောင်၍ လုပ်
နေသည် မဟုတ်ပါလား။ ပြီးတော့.... မောင်မောင်ကျော်
သည်နယ်ပယ်က လူတွေ၊ ဒုစရိုက်သမားတွေ၏ အသ
သိသည်။ နားလည်သည်။

လက်ဖြောင့် သေနတ်သမား တစ်ယောက် အနေ
သည်နယ်ပယ်ကို သူ ရဲရဲဝံ့ဝံ့ တိုးခဲ့သည် မဟုတ်လား။



ယခုမူ....သူသည် ပတ်တီးစများ ချည်နှောင်ထားသော
လက်ကို မချင့်မရဲ ကြည့်လိုက်သည်။

သည်လက်ကို ဘယ်လို အစားထိုးမလဲ။

သည်စဉ်မှာပင်.... သူ့ကို မျက်စိထဲတွင် မြင်ယောင်လာ
သည်။

ဇော်ရှင်း....ဇော်ရှင်း။

'မေမေ ဇော်ရှင်း အခြေအနေ ဘယ့်နှယ် နေသေး
သလဲ'

မောင်မောင်ကျော်၏ ရုတ်တရက် မေးခွန်းကြောင့် ဦး
ကောင်းမိုးပင်လျှင် အံ့ဩသွားသည်။

'သက်သာတယ်လို့ မောင်စောက ပြောတာပဲ မောင်
ကျော်'

မောင်မောင်ကျော်သည် ခေါင်းကို ဖြည်းလေးစွာ ညိတ်
လိုက်ပါလေသည်။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

မြင်းပိန်မကလေးသည် ဆေးရောင်တွေလွင့်၍ ဟောင်းနွမ်း အိုမင်းလှပြီဖြစ်သော လှည်းကို မနိုင့်တနိုင် ဆွဲလာသည်။

မြင်းက ပိန်ရသည့်အထဲ လမ်းကလည်း ကျင်းတွေ ချိုင့်တွေ ပေါလှသည်။ မြင်းလေးသည် ဟောဟဲ...ဟောဟဲ အသံထွက်နေသည်။ မြင်းလှည်းမောင်းသမားသည် သူ့မြင်းမကို စိတ်မရှည်တော့သည့်အလား ကြာပွတ်နှင့် တရှမ်းရှမ်း ရိုက်လိုက်သည်။

'တယ်....ဒီမြင်းမ ငါလုပ်လိုက်ရ သေတော့မှာပဲ'

ဇော်ရှင်းသည် မြင်းလှည်းသမားကို စိတ်မရှည်စွာ ကြည့်ပြီး မေးမိသည်။

'ခင်ဗျား မြင်းက ဆွဲနိုင်ပါဦးမလား ဆရာကြီး'

'အား....ရပါတယ် ဆရာလေး၊ ဒါလောက်တော့ အပျော့ပေါ့၊ ကဲ....သမီးလေး ဆွဲလိုက်စမ်း'



မြင်းလှည်းဆရာက ဇက်ကြိုးကို ပြုပ်၍ ခါ၍ ချော့၍ ...ာင်းပါသော်လည်း မြင်းက တစ်လှမ်းချင်းသာ၊ သည် ...တော့ ကြာပွတ်နှင့် ရိုက်ပြန်သည်။

'ဟဲ့....မြင်းမ ဘာလုပ်နေတာလဲ တောက်.... ကဲဟာ.... ...ဟာ'

သို့သော်....မြင်းလှည်းဘီးက တစ်လိမ့်ချင်း တစ်ပတ်ချင်း ...နေသည်။ ဇော်ရှင်း ပြုံးလိုက်မိ၏။

'ကဲ....ဆရာကြီး ဘယ်အချိန်မှ ရောက်ရောက် ဖြည်းဖြည်း ...ာ ဆွဲပေတော့'

'အား....ရပါတယ် ဆရာလေးရေ'

မြင်းလှည်းသမားမှာ (ယခုထက်တိုင်) ရတုန်း ရှိသေးသည်။ ပြီးတော့....လမ်းကတည်း ကျင်းတွေ ချိုင့်တွေက ...ာင်၍ မလွတ်။ သည်တော့ လှည်းဆောင့်လိုက်တိုင်း ဇော် ...း မျက်နှာမဲ့၍ မဲ့၍ သွားမလသည်။ သူသည် ယခုဆေးရုံ ... ဆင်းခဲ့ရခြင်းပင် ဖြစ်ပါသည်။ ပထမတော့ "မြစ်ပယ် ...င်"သို့တယ်လီဖုန်း ဆက်မည်ဟု စိတ်ကူးကြည့်မိသေးသည် ...သော် အဘစော ခရီးထွက်နေကြောင်း သူသိထားသည်။ ...ကို ဘယ်ယူက လာကြိုမည်နည်း။ သူ့ကို အရေးတယူ ...တစိုက် လာရောက်ကြိုမည့်သူ ရှိပါသေးသလား။

နောက်ဆုံးတော့ အဆင်သင့်တွေ့ရသော မြင်းလှည်းတစ် ...ကို ငှား၍ "မြစ်ပယ်မြိုင်" သို့ ပြန်ခဲ့ရခြင်းပင်။ သို့နှင့် ...င်းလှည်း စုတ်ကလေးသည် ခမ်းနားထယ်ဝါလှသော "မြစ် ...ယ်မြိုင်" ခြံကြီး၏ ရှေ့တွင် ထိုးရပ်သွားသည်။ မြင်းလှည်း ...ဆရာသည် တိုက်ကြီး၏ ထယ်ဝါမှုကို ကြည့်၍ ...ငြိနေပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာ ဆင်းမှာလား ဆရာလေး'

'ဟုတ်တယ်၊ ဘယ်လောက်ကျသလဲ'

'သုံးကျပ်ပဲပေးပါ'

ဇော်ရှင်းသည် ငွေသုံးကျပ် ထုတ်ပေး၍ မြင်းလှည်းပေ
မှ ဆင်းလိုက်သည်။ သူ့မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွား၏။ ဝင်
ပေါ်က အနာသည် မကျက်တက်သေး၊ လမ်းသွားလျှ
ထော့နဲ့ထော့နဲ့ ဖြစ်နေသေးသည်။

ဇော်ရှင်းသည် မြင်းလှည်းကို အားပြု၍ ရပ်ရင်း မြ
ထဲသို့ ကြည့်လိုက်သည်။ ဆင်ဝင်အောက်တွင် အမြီးမှ
ခေါင်းမှန်း ခွဲခြား၍ မလွယ်သော မှန်ကားကြီးတစ်စီး
ထား၏။ တိုက်ကြီးထဲမှလည်း ရယ်သံမောသံတွေ ကြ
သည်။ ဘယ်သူတွေပါလိမ့်။

'ကဲ...မိုက်ကယ်ရေ နောက်လဲ ခဏခဏ လာ ယ်ရ
နော် သိလား'

စုစုဌေး၏ အသံလွင်လွင်ကလေးက ပြန့်လွင့်လာသ

နောက်တော့ သူတို့တစ်တွေ တိုက်ကြီးထဲမှ ထွက်လာ
၏။ စုစုထွေး၊ ဒေါ်ခင်ထွေး။ ပြီးတော့ သူမသိဘူးသေးသေ
ခန့်ခန့်ထယ်ထယ် အဘိုးကြီးနှင့် အဘွားကြီး၊ အဲ...နော
တော့ ဆံပင်ဘုတ်သိုက် ဘဲလ်ဘောင်းဘီနှင့် လူတစ်ယော
သူကို ဇော်ရှင်း သိသည်။ တောပစ်ထွက်သွားစဉ်က လိုက်
လာသည့် မိုက်ကယ်သာဇံဆိုသည့် သူဌေးသားပင်။

သူနှင့် စုစုထွေးသည် ပြုံးလား ရယ်လား စကားပြေ
နေသည်။

'အင်း.... ငါ့ တူမကြီး ကတော့ တစ်နေ့တခြား ဝ
လှလို့'



ညွှန့်သည် အဘွားကြီး၏ အသံ။

'အန့်တီကလဲ သိပ်မြှောက်တာပဲ၊ ဟင်း....ဟင်း....ကဲ....
နောက်တစ်ခါလာရင် စုထွေး ဟင်းကောင်းကောင်း ချက်
ထားလိုက်မယ်'

'မေမေကတော့ လာနိုင်မှာ မဟုတ်ဘူး၊ ကိုယ်သာ လာ
စားမှာ နောက်တော့ ခဏခဏ လာစားလို့ စိတ်ပျက်နေဦး
မယ်'

ဆံပင်ဘုတ်သိုက်က အငန်းမရ ဝင်ပြောသည်။

'လာပါ မိုက် ယ် ရပါတယ်၊ စုထွေးတို့က ဒီလိုမဟုတ်
ပါဘူး'

ပြီးတော့ သူတို့ ရယ်ကြ၏။ သည့်နောက်တွင်မှ သူတို့
သည် ဇော်ရှင်းနှင့် မြင်းလှည်းစုတ်ကလေးကို တွေ့သွားကြ
ဟန်ရှိသည်။ ဇော်ရှင်းသည် ခြံကြီးထဲသို့ ဝင်ခဲ့သည်။ သူ့ခြေ
လှမ်းက ထော့နဲ့ ထော့နဲ့ ဖြစ်နေသည်။

'ဆရာလေး....တုတ်....တုတ်'

မြင်းလှည်းဆရာက လေးငါးဆယ်လှမ်းသို့ ရောက်နေပြီ
ဖြစ်သော ဇော်ရှင်းထံသို့ ပြေးဆင်းလာပြီး ်ကိုင် တုတ်
ကောက်ကို လာပေးသည်။

'ခြော်....ဟုတ်သားပဲ'

ဇော်ရှင်းက တုတ်ကို ညာဘက်လက်ဖြင့် ထောက်၍ ဘစ်
လှမ်းချင်း ထော့နဲ့ ထော့နဲ့ လှမ်းရင်း လျှောက်လာခဲ့
သည်။

'သူက ဘယ်သူလဲ ဒေါ်ခင်ထွေး'

ခန့်ခန့်ထယ်ထယ် အဘွားကြီးက မေးစမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဩော်...အိမ်က တောက်ကိုမယ်ရ ခိုင်းတဲ့ ကောင်လေး ပါ'

'ဟုတ်လား...သူ့ကြည့်ရတာ ဒုက္ခိတလေးနဲ့ တူပါတယ်'

'ဟော့ကောင်...မင်း မသေသေးဘူးလား၊ငါကတော့ မင်း မသာဖြစ်သွားပြီ ထင်နေတာကွ၊ ဟား...ဟား...ဟား'

မိုက်ကယ် ဆိုသူ၏ အသံ။ ဇော်ရှင်း ရင်မှာ နင့်သွားသည်။ မျက်နှာလည်း ပျက်သွားသည်။ နောက်တော့ သူတို့အားလုံး ကားကြီးပေါ်သို့ တက်ကြသည်။ ခြံဝသို့ မောင်းထွက်သွားသည်။ စုစုထွေးနှင့် ဒေါ်ခင်ထွေးက လက်ပြရင်း ကျန်ခဲ့သည်။

သည်မှာပင် ပြဿနာ ဖြစ်လာတော့သည်။

မြင်းလှည်းသည် ခြံဝတွင်ပိတ်၍ ရပ်နေသဖြင့် ကားကြီးမှာ မထွက်သာ။ ဟွန်းသံ တတီတီပေး၍ ရပ်နေသည်။

မြင်းလှည်းသမားသည် ကျာပွတ်နှင့် တရွှမ်းရွှမ်းရိုက်ရင်း မြင်းပိန်မကို မောင်းနေသည်။မြင်းမက ကပ်နေသည်။ အဲသည်တွင် ကားအံခါးပွင့်လာပြီး မိုက်ကယ် ဆင်းသွားသည်။

'ဟေ့လူ...မင်း မြင်းလှည်းကို မြန်မြန်မောင်းစမ်း၊ ဒီမှာ ကားထွက်လာတာ မမြင်ဘူးလား'

သူ့အသံက မောက်မာလွန်းသည်။

'ဟုတ်ကဲ့ ဆရာလေး...ဟုတ်ကဲ့၊ ဟဲ့...မြင်းမ၊ တယ်လေ... သေတော့မှာပဲ၊ ကဲဟာ...ကဲဟာ'

ဇော်ရှင်းသည် စံပယ်ရုံဘေးတွင် တင်ပါး တစ်ဖက်ကို တုတ်ဖြင့်ထောက်၍ ခပ်နွဲ့နွဲ့ရပ်ရင်း သူတို့ကို ကြည့်နေသည်။ ဒေါ်ခင်ထွေးနှင့် စုစုထွေးကိုလည်း အလိုလို အားနာနေမိသည်။



'အရေးထဲမှာတော်...ဒီမြင်းလှည်းစုတ်ကလည်း ဧည့်သည် တွေကို အားနာစရာ ကောင်းလိုက်တာ'

ဒေါ်ခင်ထွေးက မကျေမနပ်ဖြင့် ဆိုသည်။

စုစုထွေးသည် ဇော်ရှင်းကို ကြည့်နေပါသည်။ သူကလည်း စုစုထွေးရှိရာသို့ မကြည့်ဘဲ မနေနိုင်။ မျက်လုံးချင်း ဆုံမိသည်နှင့် ဇော်ရှင်း မျက်လွှာချလိုက်ရပါသည်။

တော်သေးသည်။

မြင်းလှည်းသမားသည် အောက်ကို ဆင်း၍ ဇက်ကြိုးကို ကိုင်ပြီး ဆွဲလိုက်သဖြင့် လမ်းပွင့်သွား၏။ ကားကြီးသည် ဆောင့်၍ မောင်းထွက်သွားသည်။ ဇော်ရှင်းသည် သက်ပြင်း တစ်ချက်ကို လေးပင်စွာ ရှိုက်မိရင်း ကားဂိုဒေါင်ဆီသို့ လျှောက်လာသည်။ သူ့ရင်ထဲတွင် နင့်နေသည်။ ဘာရယ်လို့ တော့ မသိ၊ ဝမ်းနည်းသလိုလို၊ ကြေကွဲသလိုလို၊ သိမ်ငယ် သွားသလိုလို ခံစားရသည်။

ဒေါ်ခင်ထွေးသည် တိုက်ကြီးထဲသို့ ပြန်ဝင်သွားသည်။ စုစုထွေးကမူ ဆင်ဝင်အောက်တွင် ရပ်နေဆဲ။ သူမသည် ဇော်ရှင်း၏ ကျောပြင်ကို ကြည့်နေပါသည်။ သို့ပေမင့် ဇော်ရှင်းက သူမကို လှည့်၍မှ မကြည့်။

ဇော်ရှင်းသည် ကားရုံအပေါ်ထပ်ရှိ သူ၏ ကျောချစရာ အထပ်ခိုးလေးသို့ တက်ခဲ့၏။ မည်သူမျှ မရှိ၊ သူတစ်ယောက် တည်းရယ်ပေါ့။

သူ့ခုတင်ပေါ်ဝယ်တွင်တော့ ပြန့်ပြူး သပ်ရပ် သော အိပ်ရာကလေးကလည်း ခင်းလို့၊ သူ့ဂစ်တာလေးကလည်း နံရံမှာ ချိတ်လို့၊ အဆုံးဆိုရသော် ပစ္စလက္ခ ဖြစ်နေတတ်

www.burmeseclassic.com

www.burmeseclassic.com



သော သူ့စာအုပ်ကလေးတွေပင် အစီအရီ သပ်သပ်ရပ်ရပ် ဖြစ်လို့နေပါသည်။

သူ့အခန်းကို သည်မျှ သပ်သပ်ရပ်ရပ် ဖြစ်အောင် မည်သူက ပြုပြင်ထားလေသနည်း။ မည်သူက သန့်ရှင်းထားလေသနည်း။

သူ့မျက်လုံးတွေက ဖြူစင်သန့်ရှင်းသော ခေါင်းအုံးပေါ်သို့ ရောက်သွား၏။ သည်မှာတွင်ပင် သူ့ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။ ကျွန်းသေတ္တာလေး တစ်ခုပါကလား။ ဇော်ရှင်းသည် သေတ္တာသေးသေးလေးကို သွက်လက်စွာ ဖွင့်လိုက်ပါသည်။

အထဲတွင် သေနတ်တစ်လက်။

ဟုတ်ပါသည်။ ကိုကိုကျော်၏ လက်စွဲတော် (LLAMA) လားမား ဒသမနှစ်နှစ် ပစ္စတိုကလေးပင်။ ဇော်ရှင်း၏ မျက်လုံးတွေက တောက်ပသွားသည်။ သူသည် ပွိုင့်တူးတူး ပစ္စတိုလေးကို အမြတ်တနိုး ကောက်ယူလိုက်သည်။ သေနတ်ဒင်သည် သူ့လက်တွင် စီးစီးထွေးထွေး ကပ်ပါလာသည်။

ဤစဉ်မှာပင်....

ခြေသံ သဲ့သဲ့ကို စောင် ကြားရသည်။ အပေါ်ထပ်သို့ တစ်ထစ်ချင်း တက်လာပုံရသည်။ ဘာရယ်လို့ မဟုတ်ပေမယ့် သူက ပစ္စတို၏ မောင်းကို နောက်သို့ ဆွဲ၍ တင်လိုက်သည်။ ဂလောက်ခနဲ မြည်သံနှင့်အတူ တခစ်ခစ် ရယ်သံကို ကြားရသည်။

'ဘာလဲ မင်းက စုထွေးကို သေနတ်နဲ့ ပစ်သတ်မလို့လားဟင် ဇော်ရှင်း'



အသံနှင့်အတူ စုစုထွေး၏ တစ်ကိုယ်လုံးကို သူမြင်ရပေသည်။ ရင်အုံထွားထွား၊ တင်သားမို့မို့၊ မခို့တရို့လေး ရပ်နေတဲ့ မစုစုထွေးရယ်ပေါ့။

သူ့ကို တွေ့တော့ ဇော်ရှင်း ရင်တွင် ကျင်သွားသည်။ ဖွင့်သွားသည်။ အောင့်သွားသည်။ ဝမ်းနည်းသွားသည်။ ဘာကြောင့်ရယ်လို့တော့ မသိ။

'ဘာလို့ လာတာလဲ မစုစုထွေး'

ဇော်ရှင်း အသံက မာနေသည်။

စုစုထွေးက ပြုံးသည်။ မခို့တရို့ အပြုံးကလေး ဖြစ်ချင်ပေသည်။

'စုစုထွေး မလာရဘူးလားဟင်'

'လာရပါတယ်၊ ဒါ စုထွေးတို့ ပိုင်တဲ့နေရာပဲ'

'ဘာလဲ ဇော်ရှင်း၊ မင်း စုထွေးကို မကျေနပ်ဘူးလား

သ'

'မစုစုထွေးကို ကျွန်တော် ဘာလို့ မကျေနပ်ရမှာလဲ'

'အဲဒါတော့ စုထွေးလဲ မသိဘူးလေ၊ မင်းကို ကြည့်ရတာ တစ်ယောက်ယောက်ကို မကျေမနပ်များ ဖြစ်နေသလား မေးရတာပါ၊ စိတ်မဆိုးပါနဲ့ကွာ၊ ဟင်း ဟင်း'

စုစုထွေးက စကားဆုံးသည်နှင့် တဟင်းဟင်း ရယ်လိုက်ပြန်သည်။ သူမ၏ မျက်လုံးအစုံမှာ ကြည်နူးမှုဖြင့် တောက်ပြောင်နေပုံရသည်။

ဇော်ရှင်း ဘာမှပြန်မပြောဖြစ်။ ပြောစရာ စကားတွေမှာ ပြည့်သိပ်နေသလိုတော့ရှိသည်။ ဒါပေမယ့် ဘာကိုမှ မပြောချင်။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီ သေနတ်လေးကို ကိုကိုကျော်က မင်းကို လက်ဆောင်ပေးသွားတာပေါ့'

ဇော်ရှင်းသည် သေနတ်ကလေးကို စူးစိုက် ကြည့်ရှုနေမိသည်။

'ကျေးဇူးတင်ပါတယ် မစုစုထွေး၊ ကိုကိုကျော်ဟာ ကျွန်တော့်ကို ဒါလောက် ခင်လိမ့်မယ်လို့တောင် မထင်မိဘူး။ ဒီသေနတ်ကလေးကို ကျွန်တော်.... ကျွန်တော် တကယ်ပဲ မမျှော်မှန်းခဲ့ပါဘူး၊ ဒီသေနတ်ကို ကျွန်တော့်ကို ပေးတယ်ဆိုတာ ယုံနိုင်စရာတောင် မရှိပါဘူး'

သည်တော့ စုစုထွေး၏ နှုတ်ခမ်း ကလေးက အလိုလို ရွဲ့သွားသည်။ မျက်စောင်း လှလှကလေးသည် စုစုထွေး မျက်နက်ဝန်းတွင် စွန်းထင်သွား၏။

'ဒါဖြင့်.... ဇော်ရှင်းက အဲဒီသေနတ်လေးကို သိပ်ကြိုက်သွားပြီပေါ့ ဟုတ်လား၊ အင်း.... ဒါကြောင့်မို့ "ဘုန်းတော်တိုး" သေနတ်ပစ်ကွင်းက အပြန်မှာ ကိုကိုကျော်က ပြောတာလေ၊ မှတ်မိသေးလား၊ သေနတ်ကို ကိုယ့်ချစ်သူထက် ပိုပြီး မြတ်နိုးရမယ်၊ ယုယရမယ် ဆိုတာလေ'

ဇော်ရှင်းသည် စုစုထွေးကိုကြည့်ရင်း ပြုံးမိသွား၏။

ဒီကောင်မလေး စကားတွေက အမြီးအမောက်မတဲ့၊ ဘာတွေ ပြောနေပါလိမ့်။ အဲဒီတော့လည်း သူ့ရင်၌ဖြစ်နေသော မကျေနပ်မှု အစိုင်အခဲသည် အရည်ပျော်သွားရပြီ။

ဇော်ရှင်းသည် စုစုထွေး၏ မျက်နက်ဝန်းကို စူးစူး စိုက်စိုက် ကြည့်မိသည်။ စုစုထွေးသည် ခေါင်းကိုငုံ့ပစ်သည်။ မန့်ပူဆာနေသော ကလေးတစ်ယောက်၏ အသွင်လို စုစုထွေးကို မြင်ရသည်။



'ကျွန်တော့်ကိုချစ်မယ့်သူတို့မြတ်နိုးမယ့်သူတို့ ဆိုတာ မရှိသေးပါဘူး မစုစုထွေး၊ ပြီးတော့ ဟောဒီ လောကကြီးထဲမှာ ကျွန်တော်ချစ်ရမယ့်မိန်းကလေး၊ ကျွန်တော်ချစ်ထိုက်တဲ့ မိန်းမမျိုးလဲ မမွေးသေးဘူးလို့ ထင်ပါတယ်'

စုစုထွေးသည် သူ့စကားကို အံ့ဩ သွားရသလို မခံချိမခံသာလည်း ဖြစ်သွားမိသည်။

'အောင်မယ်.... မင်းက ကြီးကြီး ကျယ်ကျယ်'

'မကြီးကျယ်ပါဘူး'

'ဒါဖြင့်... မင်းက ဘယ်လို မိန်းကလေးမျိုးမှ ချစ်မှာလဲ'

'လှလဲ လှရမယ်'

'အင်း....'

'ရုပ်ကလေး လှတာကို ပြောတာမဟုတ်ဘူးနော်၊ စိတ်လဲ လှရမယ်'

'ဆိုပါအုံး'

'မာနလဲ မကြီးရဘူး'

'ပြီးတော့'

'အေးအတူ ပူအမျှ ဘဝခရီးဖော်အဖြစ် တစ်သက်လုံး လက်တွဲနိုင်သူ ဖြစ်ရမယ်'

'နောက်ပြီးတော့ကော'

'ဒါပါပဲ၊ အဲဒီလို မိန်းကလေးမျိုး မွေးလာမယ် ဆိုရင်တော့ ကျွန်တော် ချစ်ထိုက်တဲ့သူလို့ ယူဆမယ်'

ဇော်ရှင်းက အရွဲ့တိုက်၍ ပြောနေသလို စုစုထွေးကလည်း အရွဲ့တိုက်၍ မေးနေသည်။ သူ့စကားဆုံးတော့ စုစုထွေး ရယ်ပါလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'အား...အား ရယ်ချင်လိုက်တာဟယ်၊ တကတည်းမှပဲ နှ...ဒါ့ မေးပါရစေဦး၊ အဲသလို မိန်းမမျိုးဟာ ဟောဒီ အရွာသောကြီးမှာ မရှိသေးဘူးဆိုပါတော့'

'မတွေ့သေးဘူးလို့ ထင်မိတာပါ'

သူ့စကားကို စုစုထွေး ခံပြင်းခဲ့သည်မှာ အမှန်။

'ကဲ...ဒါဖြင့် တို့မလှဘူးလား'

စုစုထွေးသည် ခါးကျဉ်ကျဉ်ထက်တွင် လက်ကလေး နှစ်ဖက် ထောက်၍ ကန့်ကလျ လုပ်ပြသည်။ သူ့မျက်လုံးလေး တွေက မှေးထားသည်။ မျက်တောင်ကော့ကြီးတွေက မျက် နက်ဝန်းကို တစ်ဝက်တစ်ခြမ်း အုပ်နေသည်။ပြီးတော့ မေးစေ့ ကစ်ကစ်ကလေးက မမော့တမော့ရယ်။ နှုတ်ခမ်းကလေးက မပွင့်တပွင့်ရယ်။ ရင်အဖူးသည် ကော့ထားသော ခါးကျဉ် ကျဉ်ကြောင့် ပို၍ ပီသနေလေရဲ့။ တင်တွေကျတော့လည်း ကားစွင့်ပါလေရဲ့။

ဒါတောင် သူ မမြင်ရသည့် လှတာ ပတာတွေ ကျန်ဦး မည်။ မြင်ရသည့် မျက်နှာကလေးကလည်း လှပါပေ့၊ ယဉ် ပါပေ့။

'ဟင်...ဘို့ လှရဲ့လားလို့ မေးနေတာလေ'

'အင်း...လှတော့ လှပါရဲ့'

'တို့ သဘောရော ကောင်းရဲ့လား'

'ကောင်းသလိုလိုတော့ ရှိပါတယ်'

'တို့ မာနကော ကြီးတတ်လို့လား'

'မကြီးဘူးလို့တော့ ထင်မိတာပဲ'

အဲသည်တော့ စုစုထွေး ကျေနပ်သွားသည်။ လိုချင်သည် မှာ ဒါပါပဲ၊ ကြားချင်သည်မှာ ဒါပါပဲ။ သည်စကားကိုရမှ



သူ့ကို ခပ်နာနာ တွယ်လိုက်မည်ဟု အစကတည်းက စဉ်းစား ထားပြီးသား မဟုတ်လား။

'အေး...ဒါပေမယ့် တို့ကတော့ မင်းကို မချစ်ပေါင်'

နှစ်ခေါင်းအားရစွာကို ပြောချလိုက်မိပါသည်။ ပြော ... သည်မှာ အရသာရှိသည်။ စုထွေး ကျေနပ်သွားရပ ... ဒဲ...မင်း ဘာတတ်နိုင်သေးလဲ။ မင်း ရှုံးပြီ မဟုတ်လား လည်း

'နေပါဦး မစုစုထွေး၊ ကျွန်တော်က မစုစုထွေးကို ဟက် မ်းပါလို့ ပြောခဲ့ဖူးလို့လားဟင်'

ဇော်ရှင်းက တစ်ခွန်းချင်း အေးအေးဆေးဆေး ပြော လိုက်ခြင်းပင်။

သေဟဲ့...သေလိုက်ပါတော့ စုထွေးရယ်။

သူ့စကားက ထိလှချေကလား။

ပိုင်လှ နိုင်လှချေကလား။

စုထွေး ငိုချင်သွားသည်။ သူ့ရင်ဘတ်ကြီးကိုလည်း အားရ ပါးရ ပြေး၍ ထုလိုက် ရိုက်လိုက်ချင်လာသည်။

'ဩော်...ဒါဖြင့် ကျွန်မကပဲ ရှင့်ကို ချစ်စမ်းပါ ကိုဇော် ရှင်းရယ်လို့ ပြောရတော့မယ့်ပုံပေါ့ ဟုတ်လား၊ ကဲ...ချစ် စမ်းပါ ကိုဇော်ရှင်းရယ်၊ ကျွန်မတော့ ရှင် မချစ်ရင် သေရ ချည်ရဲ့၊ အသည်းကွဲရချည်ရဲ့'

စုစုထွေးသည် မခံချင်စိတ်ကြောင့် တုန်တုန်ယင်ယင် ဖြစ် နေသည်။

သူ့ကိုလည်း ကုတ်လိုက် ဖဲ့လိုက်ချင်လာသည်။

'အဲဒါကြောင့် ပေါက်လွှတ်ပဲစားတွေနဲ့ အရောမဝင်နဲ့လို့ မေမေက ပြောတာ သိလား'

သည်မှာတင် ဇော်ရှင်း၏ ရင်မှာ ကျင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲဟာ'

ဇော်ရှင်းသည် စုစုထွေးကို တအားဖက်၍ နမ်းပစ်လိုက်ကာ အားရပါးရကြီးကို နမ်းပစ်လိုက်၏။

'မဲ့ဆိ....'

သူ့စုစုထွေး တစ်ကိုယ်လုံး သူ့ရင်ထဲမှာပေါ့။ ပြီးတော့ သူက 'ကဲ....လဲ ဖက်ဖက်ထားသေးတယ်။

စုစုရဲ့ 'အို....လွှတ်....လွှတ်'

စုစုထွေးက ဇော်ရှင်း၏ ကိုယ်ကို ဆောင့်တွန်းလိုက်သည်။ ဇော်ရှင်းသည်ခုတင်ပေါ်တွင် ဖင်ထိုင်လျက်လဲကျသွားသည်။ သူ့မျက်နှာမှာလည်း ဆိုးဆိုးရွားရွား ရှုံ့မဲ့သွားသည်။

'အမယ်လေးဗျာ....ကျွတ်....ကျွတ်....ကျွတ်....နာလိုက်တာ'

အမှန်တကယ်လည်း အသည်းခိုက်အောင် နာကျင်သွားသည်။ စုစုထွေးသည် သူ့ကို ကြောင်၍ ရပ်ကြည့်နေသည်။ ဘာလုပ်၍ ဘာကိုင်ရမှန်း မသိတော့၊ အပေါ်ထပ်မှ ဆင်းပြေးလိုက်ရမလား၊ အော်လိုက်ရမလား၊ သူ့ကိုပဲ ပက်ပက်စက်စက် ပြောလိုက်ရမလား မသိတတ်နိုင်တော့။ သနားမိသည့် စိတ်က အလိုလို ဝင်လာသလို ပါးမို့မို့သည် နှင်းဆီသွေးရောင် ယှက်သန်းနေသည်။ ရင်တွေကလည်း ခုန်သည်။ သူ့အတွက်လည်း စိုးရိမ်သွားသည်။

'နာသလားဟင်'

သူမ နှုတ်ဖျားမှ အလိုအလျောက် ထွက်သွားမိသည်။

အို....ဒုက္ခပါပဲ၊ ဘယ့်နှယ်ကြောင့် ဒီပါးစပ်က မေးမိပါလိမ့်။



စုစုထွေးသည် ဇော်ရှင်း၏ အခန်းလေးမှ အပြေးဆင်းခဲ့မိသည်။ တိုက်ကြီးပေါ်ရှိ သူမ၏ အခန်းသို့ ရောက်သည့်တိုင်အောင် ရင်တွေပန်းတွေ တုန်နေတုန်း။

'အမယ်လေး ဟယ်၊ သူပေါ့....သူ....ငါ့ကိုလေ အို....တအားဖက်ပြီး....'

ရင်ထဲက စကားတွေက ပြင်ပသို့ မထွက်လာသော်လည်း ပါးမို့မို့ကို လက်နှင့်ပွတ်မိသည်။ ရင်ဖိုင် ထွားထွားကို လက်ကလေးယှက်၍ ကာမိသည်။ နောက်တော့ ဒေါသ ထွက်မိလာသည်။

ဒါပေမင့် စိတ်ဆိုးသည့် ဒေါသမဟုတ်၊ နာကျည်းမုန်းတီးသည့် ဒေါသ မဟုတ်။

'ဟင်း....တော်တော် လူပါးဝတဲ့ ဇော်ရှင်း'

မှန်ထဲတွင် ကိုယ့်ကိုယ်ကို ကြည့်ရင်း သူ့ကို ကြိမ်းဝါးလိုက်သေးသည်။

သို့ပေမင့် စိတ်ထဲက အလိုလို ကြည်နူးနေသည်။

ဒေါသထွက်လျက်နှင့် ချမ်းမြေ့နေသည်။

'ဟင်း....နင်တော့ သိကြသေးတာပေါ့၊ ဘယ်ကျေလိမ့်မလဲ'

သို့ကလို အငြိုးအတေးကလဲ ရှိမိသေးတာပဲ။ နောက်ဆုံးတော့ ခုတင်ပေါ်တွင် မှောက်ချလိုက်ပြီး ခေါင်းအုံးကို တအား ဖက်ထားမိသည်။ ရင်အစုံသည် ခေါင်းအုံးနှင့် ကပ်နေသည်။

သူ့ရင်ခွင်ထဲမှာတုန်းကလဲ သည်လိုပဲနေမှာပေါ့။ အို....ဖက်လိုက်တာ ဟယ်။ စုစုထွေးသည် ခေါင်းအုံးကို စိတ်ဆိုးမာန်ဆိုးနှင့် တအား လွှင့်ပစ်လိုက်သည်။

www.burmeseclassic.com

'[illegible]....'

[illegible]လက်မှ လက်ဖက်ရည် လင်ပန်းကလေးမှာ လွတ်ကျ
သွားသည်။ ပန်းကန်တွေ ကွဲကုန်သည်။ မနီသည် စုစုထွေး
အခန်းဝတွင် ကျောက်ရုပ် တစ်ရုပ်လို ငြိမ်သက်နေ၏။ သူ
လက်နှစ်ဖက်က လင်ပန်းကို ကိုင်ထားဟန်။ စုစုထွေးက အော်
လိုက်သည်။

'မနီ....'

'ရှင်....'

'ဘာလုပ်နေတာလဲ'

'ရုပ်နေတာ စုထွေး'

စုစုထွေးသည် တခစ်ခစ် ရယ်ရင်း မနီကို မပြေး၍ ဖက်
သည်။

'စုထွေးကို စိတ်မဆိုးပါနဲ့ မနီရယ်'တဲ့....။

ဩော်....ရူးလိုက်သည့် စိတ်လေပွေနှယ်။

မနီသည် စုစုထွေးကိုကြည့်၍ အံ့သြရသည်။ သည်ကလေး
ဘယ့်နှယ်....ဘယ့်နှယ် အရူးထနေပါလိမ့်။ တန်ဇော့ အ
ပေါက်စ ခပ်ထထ ဆိုသလိုများ ဖြစ်နေပြီလား။ စင်စ
စုစုထွေးသည် သူ့ထက် အများကြီး ငယ်လေသည်။ နု
သည်။ လှလေသည်။

'စုထွေး ဘာဖြစ်နေတာလဲဟင်'

'စုထွေး ဘာဖြစ်နေလို့လဲ....လို့'

သူမ အသံက ကလေးဆန်လွန်းနေသည်။ ချွဲသွန်း
သည်။

'စုထွေး ကြည့်ရတာ တစ်မျိုးပဲ၊ တစ်ခုခု ဖြစ်လာသလို



'ဟင်....ဟုတ်လား၊ မြတ်စွာဘုရား၊ စုထွေး ဘာလုပ်မိ
ပါလိမ့်'

သူမ မျက်လုံးလေးမှာ ပြူးကျယ် ဝိုင်းစက်သွားသည်။
မျက်တောင်ကော့ကြီးတွေက တဖျပ်ဖျပ် ခတ်သွားသည်။

သူပေါ့။

သူရယ်ပေါ့။

သိပ်ကိုဆိုးတဲ့လူ သိလား။ စုထွေးကိုလေ သူက....

'ဟွန်း....မနီက ဘာတွေ မေးနေမှန်းလဲ မသိဘူး၊ သွား
တော့၊ သွားတော့'

စုထွေးက မနီကို နှင်လွှတ်လိုက်သည်။

မနီသည် ခပ်ပြုံးပြုံးလုပ်ရင်း ပန်းကန်ကွဲတွေကို ကောက်
၍ ထွက်သွားပါသည်။

စုစုထွေး ရင်မှာပေါ့။

စုစုထွေး နှလုံးသားမှာပေါ့.... လှုပ်ခတ်မှု လှိုင်းနုလေး
တွေ ရိုက်ခတ်လာပြီပေါ့ကွယ်။ ဘဝင်မှာအေး၍ ရင်မှာ ချွေး
ရသည် ဆိုသည်မှာ ဒါပဲဖြစ်လေသလား....ရှင်။

စင်စစ်....

စုစုထွေး၏ နှလုံးသားသည် နုငယ်လွန်းသည်။ လတ်ဆတ်
လွန်းသည်။ ပွန်းရာ ပဲ့ရာ အက်ရာ ခြစ်ရာ မရှိသေး။

သည်တော့ ခံစားကြည့်ချင်သည်။

ရင်တုန် ကြည့်ချင်သည်။

အသည်း တဖျတ်ဖျတ် လှုပ်ခတ်သည် ဆိုသည်မှာ ပဇာ
ဖြစ်ပါလိမ့်။

ဒါပဲ....ဒါပဲ စုထွေး သိချင်တာ ဒါပါပဲ။

www.burmeseclassic.com



ဒဲ...အခုတော့ အခုတော့ စုထွေး ရယ်ချင်သည်။ သူ့ထိုင်သ စိတ်ဆိုးသည်။ မုန်းသည်။ မုန်းစရာကောင်းသည့်...ဇော်ရှင်း။

'ဟင်း....သူကများ ရာရာသသ ငါ့ကို....ဝါ့ကို သိကြသေးတာပေါ့ ဇော်ရှင်းရယ်၊ ကြည့်.... မင်းအသည်းကို စုထွေး ခွဲပြမယ်'

စုထွေးသည် သိစိတ်နှင့် မသိစိတ် ခွဲခြားနိုင်ပုံ မရ။ နှလုံးသား၏ ဆန္ဒနှင့် ဦးနှောက်၏ဆန္ဒ မတူသည်ကိုလည်း သူ သိပုံမရ။

သူ့ကို စိတ်ဆိုး သော်လည်း စိတ်ထဲတွင် ပျော်နေသည်။

ဩော်....ခက်လိုက်သည့် အပျိုမနှယ်။

*

အခန်း (၁၁)

---

နေသည် အနောက်သို့ ရွေ့လျားနေသည်။

တဖြည်းဖြည်း နိမ့်ဆင်းသွားသည်ဟုလည်းထင်ရ၏။ အပူ ...နှ် လျော့ပါးသွားသည်ကိုလည်း ခံစားရသည်။ ထိုနောက် ...တာပထဝီ မြေအပြင်ကို ထိုးခွဲဝင်ရောက်သွားသည်။

နေဝင်ပြီ။ နေဝန်းပျောက်သွားပြီ။

သည်အချိန်ကလေးကို ညနေဆည်းဆာဟု ခေါ်ကြသည်။ ...ခရီးကို အနားမရှိ ရွေ့လျားနေခြင်းပင်။ သူ့နောက်တွင် အမှောင်ကို ထားရစ်ပြီး ခရီးဆက်သွားလေပြီ။

သို့တစေ....။

အမှောင်ကလည်း ပီပီသသ မရှိသေး။

အလင်းကလည်း ပိုးတဝါး ကျန်ရစ်လေသေးသည်။

သည်စပ်ကူးမတ်ကူး ကာလကို ညနေချမ်းဟု သမုတ်ကြ...ည်ကလား။

www.burmeseclassic.com

www.burmeseclassic.com



ကားဘစ်စီး ဝင်လာသည်။ သူတို့တစ်တွေ "မြစ်ပယ် မြိုင်" သို့ ရောက်လာကြ၏။ အစကမူ သူတို့နှင့်အတူ ဖြူသနှာ အထွေးထွေး ပါလာလိမ့်မည်ဟု မထင်မိပါ။

ဇော်ရှင်းသည် တုတ်ကောက်နှင့် တင်ပါးကို ထောက်၍ ခပ်နွဲ့နွဲ့ရပ်ရင်း သူတို့တစ်တွေကို ကြည့်နေမိသည်။

သူတို့ဆိုသည်မှာ....

ဦးကောင်းမိုး၊ အဘစောနှင့် ကိုကိုကျော်။

ကိုကိုကျော့် လက်တွင် ဖြူလွလွ ပတ်တီးတွေ စည်းထာ သည်။ လက်ကိုသည်း လည်ပင်းတွင် သိုင်းပတ်ထားထေ သည်။ ကိုကိုကျော်သည် သူ့ကို မြင်တော့ ပြုံးပြသွားသေ ၏။ နောက်တော့ တိုက်ကြီးထဲသို့ ဝင်သွားကြသည်။

အဘစောသည် ကားကို မော်တော်ကားရုံဆီသို့ မောင် ယူလာသည်။ သူ့ကို မြင်ကတည်းက အဘမျက်နှာ ရွှင်ေ မှန်း ဇော်ရှင်း ရိပ်စားမိလေသည်။

'လူလေး ဆေးရုံက ဆင်းလာပြီနော်'

အဘအသံက ကရုဏာအသံတွေ ပြွမ်းတီးနေပါသည်

'ဟုတ်ကဲ့...အဘ၊ ကျွန်တော် ဒီနေ့ပဲ ဆင်းလာခဲ့ တယ်'

'အေး....ကောင်းတယ် ကောင်းတယ်၊ ဒါနဲ့ မင်းအနာ ကော သက်သာရဲ့ မဟုတ်လား'

သက်သာပါတယ် အဘ၊ အဲ....ပေါင်က အနာက သိပ် ကျက်တတ်သေးလို့ လမ်းလျှောက်ရင် နာနာနေဘာပဲ ရှိ တယ်'

'သူတို့သည် ကားရုံအတွင်းသို့ ဝင်ခဲ့ကြ၏။



အဘသည် ဆေးတစ်ဆုံကို ထည့်၍ ရှိက်ဖွာနေသည်။ ဇော်ရှင်းသည် အဘ၏ ကွပ်ပျစ်ကလေးပေါ်တွင် ထိုင်နေ သည်။

'ကိုကိုကျော် ဘာဖြစ်လာတာလဲ အဘ၊ လက်မှာလဲ ဒဏ်ရာကြီးနဲ့ပါလား'

အဘက ပြုံးလိုက်သည်။ မီးခိုးတွေကို မှုတ်ထုတ်ပြီး အား ရပါးရ ပြောသည်။

'တောင်ကြီးကအပြန် လမ်းမှာ သေနတ်နဲ့ ချောင်းအပစ် ခံရတာလေ၊ ပစ်တဲ့အကောင်က အသုံးမကျလို့သာ ပေါ့ကွာ'

'ဘာရယ်....အဘ'

ဇော်ရှင်းက အဘစကားကို နားမလည်လိုက်သလို ပြန် မေးဖြစ်၏။ သည်တော့မှ အဘသည် ဖျတ်ခနဲ လှုပ်ရှားသွား ပြီး ပြောသည်။

'မောင်မောင်ကျော်ကို လမ်းမှာ သေနတ်နဲ့ ချောင်းပစ် တာ လက်ကို မှန်သွားတယ်ကွ၊ အင်း....ကံကြီးပေလို့သာ ပေါ့'

'ဘယ်သူတွေက ချောင်းပစ်တာလဲ အဘ ဟင်'

'ဒါတော့ အဘလဲ မသိဘူး၊ တစ်ယောက်ယောက် ဖြစ် မှာပေါ့၊ သူတို့နဲ့ အပြိုင်အဆိုင်တွေက အများသားကလား၊ အေးလေ ဒါတွေဟာ တကယ်တော့ အဘတို့နဲ့ သိပ် မသက် ဆိုင်ပါဘူး၊ ကိုယ့်အလုပ်က ခိုင်းတာလုပ် ပေးတာယူ၊ ရွေး တာစား၊ ဟား....ဟား....ဟား ဒါပဲမဟုတ်လား ငါ့မြေးရဲ့ ကဲ...,မင်း ဘာမှ တွေးမနေနဲ့၊ ကိုယ့်ကိုယ်ကို နေကောင်း အောင် ကျန်းမာအောင် ဂရုစိုက်၊ မဟုတ်ဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



အဘ အသံက မာသယောင် ဖြစ်နေသည်။ အဘမျက်နှာက တင်းမာနေသည်။

'ဟုတ်ကဲ့ အဘ'

ဇော်ရှင်းသည် အဘ၏ မျက်နှာသွင်ပြင်ကို မခန့်မှန်းတတ်နိုင်အောင် ဖြစ်သွား၏။ အဘ ဘာကို မကျေမနပ် ဖြစ်နေပါလိမ့်။ ဒါကိုတော့ သူ မတွေးတတ်ပြီ။

'ဩော်....အဘရေ့၊ ကျွန်တော် အဘကို ပြစရာ တစ်ခု ရှိတယ်'

ဇော်ရှင်းသည် အပေါ်ထပ်သို့ တက်၍ သေနတ်သေတ္တာကလေးကို ယူပြီး အဘအား ပြသလိုက်သည်။ အတွင်းခွံမှ မခုံး စလွယ်အိတ်နှင့် ထည့်ထားသော သေနတ်ကလေး။ အဘသည် သေတ္တာကို ဖွင့်ကြည့်၍ သူ့ကို နားမလည် နိုင်သလို ကြည့်နေပေသည်။

'အဲဒီသေနတ်ကို ကိုကိုကျော်ကကျွန်တော့်ကို လက်ဆောင်ပေးတာတဲ့'

'ဟုတ်လား....ဇော်ရှင်း၊ ဒီသေနတ်ကို မောင်မောင်ကျော်က မင်းကို ပေးတယ်'

'ဟုတ်ပါတယ် အဘ၊ သူ ခရီး မထွက်ခင် ကတည်းက စုထွေးက တစ်ဆင့် ကျွန်တော့်ကို ပေးခဲ့တာ၊ ဒါပေမယ့် လက်ဆောင်လို့သာ သိတယ်၊ အစက ဒီသေနတ်ကို ပေးလိမ့်မယ်လို့ မထင်ခဲ့ဘူး အဘ'

အဘမျက်နှာသည် ပြုံးသွား၏။

'ကောင်းတယ်....ကောင်းတယ်၊ သိပ်ကောင်းတယ်၊ မင်းဟာ တစ်နေ့မှာ ဒီသေနတ်တို အသုံးချရလိမ့်မယ်ကွဲ့ယ်'



အဘ၏ စကားသည် သူ့အတွက် ထူး ဆန်း နေဟန်ရှိသည်။ သည်စဉ်မှာပင် ကိုဒွေး ရောက်လာသည်။

'ဘယ့်နှယ်လဲ....ဒဏ်ရာ သက်သာရဲ့လား ချာတိတ်၊ ငါ့ကိုတော့ ခွင့်လွှတ်ပါကွာ၊ မအားလို့ လာ မကြည့်တာပါ'

'ကိစ္စ မရှိပါဘူး ကိုဒွေးရာ၊ သက်သာနေပါပြီ'

မောင်မောင်ကျော်က သူ့ကို ခေါ်ခိုင်းလိုက်ခြင်းပင်။ ဇော်ရှင်းသည် ကိုဒွေးနောက်မှ လိုက်ခဲ့ရပေမယ့် သူ့စိတ်မှာ လုံးမလဲ ဖြစ်နေ၏။ စိုးရိမ်ကြောင့်ကြ ဖြစ်နေမိ၏။

စုစုထွေးနှင့် ပတ်သက်လို့ပဲ ဖြစ်ပါသည်။

စုစုထွေးကို သူ မျက်နှာချင်း မဆိုင်ချင်၊ မဆိုင်ချင်သည်မှာ နေ့သည်က ဖြစ်ခဲ့သော ကိစ္စ အကြောင်းပင် ဖြစ်သည်။ တော်တဆ ကိုကိုကျော့်ကိုများ တိုင်လိုက် လေသလား။ သို့တည်း မဟုတ်လျှင် ဦးကောင်းမိုးနှင့် ဒေါ်ခင်ထွေးတို့များ သိသွားကြပြီလား။

ဇော်ရှင်း ရင်ဝယ် စိုးတထိတ်ထိတ်နှင့်။

အကယ် စင်စစ်တွင်မူ မိမိ အလွန်ချည်း မဟုတ်ကြောင်း ကိုယ်သူ သိပါသည်။ စုစုထွေးသည် သူ့ကို ဘာကြောင့်များ မထိတထိ ကလိနေချင်ပါလိမ့်။

'ကျွန်တော့်ကို ကိုကိုကျော်က ခေါ်ခိုင်းတာ ဟုတ်ရဲ့လား ကိုဒွေး'

'ဘာဖြစ်လို့လဲကွ....ဟုတ်ပါတယ်'

'တိုက်ရှေ့ကတော့ မတက်ချင်ဘူးဗျာ'

'ဒါဖြင့် နောက်ဖေးက ဝင်မယ်လေ၊ နေစမ်းပါဦး မင်းလေးက ဘာဖြစ်နေတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



‘ဘာမှတော့ မဖြစ်ပါဘူး၊ ဟိုအဘွားကြီးနဲ့ မတွေ့ချင်လို့၊ သူက ကျွန်တော့်ကို အလိုလို မျက်မုန်း ကျိုးနေတာ ကိုဒွေးရ’

‘ဪ….ကိုတော်လေး သဘောပဲ’

တိုက်ကြီးထဲတွင်မူ နီယွန်မီးများဖြင့် ကြည်ကြည်လင်လင် ဖြစ်နေပေပြီ။ ဇော်ရှင်းသည် တုတ် ကောက် ကလေး ကို ဆောက်၍ ထော့နဲ့ထော့နဲ့ဖြင့် ကိုဒွေး နောက်မှ လိုက်ပါခဲ့ သည်။

ကိုကိုကျော်အခန်း ရောက်သည်အထိ မည်သူနှင့်မျှ မတွေ့ ဘော်ပေသးသည်။

ကိုကိုကျော်သည် သူ့ကို ဝမ်းသာအားရ ဆီးကြို၍ အလေးတယူ ပြုမူခဲ့သည်။ ကိုကိုကျော်၏ ဖော်ရွေမှုကို အံ့ အားသင့်ရသည်။ ယခင်က ဆက်ဆံပုံမျိုးနှင့် လားလားမျှ မတူပါတကား။

‘အေး….တို့ နှစ် ယောက် အ ဖြစ် ကတော့ အတော်တူ သဟော့၊ မင်းက ကျားကုတ်ခံရတယ်၊ ငါက သေနတ်ပစ် ခံရ တယ်၊ အဲ….မတူတာကတော့ မင်းဟာ လူကောင်း ပကတိ ပြန်ဖြစ်ပေမယ့် ငါကတော့ ဒုက္ခိတဘဝကို ရောက်သွားတော့ တာပဲကွာ၊ မင်း ဒဏ်ရာက သက်သာရဲ့လား’

‘သက်သာပါတယ် ကိုကိုကျော်၊ တစ်ရက် နှစ်ရက်ဆိုရင် ကောင်းသွားမှာပါ’

ကိုကိုကျော်က သူ့ညာဘက်လက်ကို စိတ်ပျက် လက်ပျက် ကြည့်ရင်း သူ….သေနတ် မကိုင်တော့သည့် အခြေအနေကိုလဲ ပြောပြသည်။ လမ်းတွင် သေနတ်ပစ် ခံရသည့် ကိစ္စကိုလည်း ရှင်းလင်း ပြောပြသည်။



သို့ပေမယ့်….မောင်မောင်ကျော်သည် ကျောက်စိမ်းတွေ နှင့် ပတ်သက်၍ ဇော်ရှင်းကို ပြောမပြခဲ့။ လျှို့ဝှက် ထားခဲ့ လေသည်။

ဇော်ရှင်းသည် ကိုကိုကျော့်အတွက် စိတ်မကောင်းခြင်း ဖြစ်မိပါသည်။ ကိုကိုကျော့်အစား ခံပြင်း နာကျည်းမိရသည်။ ကျေမနပ် ဖြစ်ရသည်။

‘ကျွန်တော် ကိုကိုကျော်အတွက် ဘာလုပ် ပေးရမလဲ၊ ဘာ ကူညီရမလဲ၊ ကိုကိုကျော်အတွက် ဆိုရင် ကျွန်တော် အသက်နဲ့လဲပြီး ကူညီပါ့မယ်’

‘မင်းစကားကို ငါ ယုံတယ် ဇော်ရှင်း၊ မင်းဟာ ငါ့ကို အသက်နဲ့ လဲပြီး ကူညီခဲ့ဖူးပြီပဲ၊ အေး….မင်း ကိုကိုကျော့်ကို ဆက်ပြီး ကူညီ ရလိမ့်ဦးမယ်’

ဇော်ရှင်း၏ မျက်လုံးများက တောက်ပြောင်လာသည်။

‘ကျွန်တော် ဘာ အကူအညီ ပေးရမလဲ ကိုကိုကျော်’

‘မင်း….သေနတ်ပစ် လေ့ကျင့်ပေးရမယ်၊ မင်းဟာ သူမတူ အောင် လက်ဖြောင့် သေနတ်သမား တစ်ယောက် ဖြစ်ရမယ် ဇော်ရှင်း’

မောင်မောင်ကျော်သည် ဇော်ရှင်းကိုကြည့်ရင်းလေးနက်စွာ ပြောလိုက်ပါသေး၏။ သူ့မျက်လုံးတွေက တောက်ပြောင်နေသည်။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

သည်အတောအတွင်း မောင်မောင်ကျော်၏ လက်ရွေးစဉ် တပည့်များက အံ့မောင်တို့၏ ကြားဖြတ် တိုက်ခိုက် လုယူမှု ကို စုံစမ်းနိုင်ခဲ့လေသည်။

ဒါကို မောင်မောင်ကျော်အနေနဲ့ လုံးဝမကျေနပ်ခဲ့။ သူ့ ကို ချောင်းမြောင်းသတ်ဖြတ်ခဲ့သူနှင့် သိန်းကျော်တန် ပစ္စည်း တွေကို အပိုင်စီးသွားသူကို ထိုက်သင့်သလို တုံ့ပြန် လိုပေ သည်။

သို့တစေ.... အခြေအနေက မပေးသေးပေ။ ဒဏ်ရာ ရရှိ ထားသော သူ၏ ညာဘက်လက်ကို ရင်းနှီးသော ဆရာဝန် တစ်ယောက်နှင့် ကုသရသည်။ ဒဏ်ရာများ ပျောက်သည့် တိုင်အောင် သူ့အနေနှင့် သေနတ် ကိုင်နိုင်တော့မည် မဟုတ် မှန်းလည်း သိထားသည်။ အဲသည်တော့.... သူ့နေရာကို လူ စားထိုးရန် ဆုံးဖြတ်လိုက်ရသည်။

ဇော်ရှင်းပဲ ဖြစ်ပါသည်။



ငယ်ရွယ်ဖျတ်လတ်၍ လက်စွမ်းလက်စရှိသော ဇော်ရှင်း ကို သူက ရွေးချယ်ခဲ့ပါသည်။ သို့ရာတွင် ဇော်ရှင်းသည် အတွေ့အကြုံ နုငယ်လှသေးသည်။ အသက်အရွယ်ကလည်း ငယ်လွန်းသည်။ အတွေ့အကြုံကို လေ့ကျင့်မှုဖြင့် ရယူနိုင်သည် ထားဦး သူ့အသက်အရွယ်နှင့် လုပ်ငန်းကြီး တစ်ခုလုံးကို ဦး ဆောင်မှု ပေးနိုင်ပါမည်လား။

သူ့လူတွေကတော့ ဇော်ရှင်းလို နို့သက်နံ့ မပျောက်တတ် သေးသည့် ကောင်လေးတစ်ယောက်ကို လေးစားကြောက်ရွံ့ ကြပါ့မလား။

မည်သို့ပင် ဖြစ်စေကာမူ သူ၏ အကြံအစည်ကို ဆက်၍ လုပ်ဆောင်တော့မည်ဟု မောင်မောင်ကျော်က ဆုံးဖြတ်လိုက် ပါလေသည်။

ထိုနောက် ဤအကြောင်းကို ဖခင်ဖြစ်သူ ဦးကောင်းမိုး အား တင်ပြသည်။ ပထမတွင်မူ ဦးကောင်းမိုးသည် မောင် မောင်ကျော်၏ ဆန္ဒကို ခါးခါးသီးသီး ငြင်းပယ်ခဲ့လေ၏။

‘မဖြစ်နိုင်တာတွေ ပြောမနေစမ်းပါနဲ့ မောင်ကျော်ရာ။ ဒီကောင်လေးဟာ သတ္တိရှိတာကလွဲလို့ ဘာလုပ်တတ်မှာ လဲ၊ ပြီးတော့ သူ့အသက်အရွယ်နဲ့ ဘယ်လိုမှ မဖြစ်နိုင်ဘူး’

‘ဒါကို ကျွန်တော်လဲ ထည့်ပြီး စဉ်းစားပါတယ် ဖေဖေ၊ ဇော်ရှင်းဟာ အသက် ငယ်တာကလွဲလို့ မဆိုးဘူးလို့ ကျွန် တော် မြင်တယ်၊ ကောင်လေးဟာ လက်စွမ်းလက်စရှိတယ်၊ သွက်လက်ဖျတ်လတ်တယ်၊ အရေးကြီးဆုံးကတော့ ကျွန်တော့် အပေါ်ကို သစ္စာရှိဖို့ပဲ မဟုတ်လား ဖေဖေ’

မောင်မောင်ကျော်သည် ဦးကောင်းမိုးကို အကျိုး အကြောင်း တင်ပြ၍ ပြောသော်လည်း ဦးကောင်းမိုးက ခါး

www.burmeseclassic.com

www.burmeseclassic.com



ခါ၊ သီးသီး ငြင်းပယ်လျက်ပင်၊ နောက်ဆုံးတော့ မောင်မောင်ကျော် စိတ်ပျက်သွားသည်။

'ဒီလိုဆိုရင် ကျွန်တော့်နေရာကို ဘယ်သူဝင်မလဲ၊ စိန်ဖေကြီးလို ဗလအားကိုး သက်သက်ကို ဖေဖေတင်မလား'

စိန်ဖေကြီးမှာ မောင်မောင်ကျော်၏ အဖွဲ့အစည်းထဲတွင် အားအကိုးရဆုံးဖြစ်၏။ ပြီးတော့ မိုက်သည်။ သတ်ရဲဖြတ်ရဲသည်။

'ဇော်ရှင်းကိုလေ့ကျင့်ပေးလိုက်မယ်ဆိုရင် အကောင်းဆုံး သေနတ်သမား တစ်ယောက် ဖြစ်လာနိုင်တယ်လို့ ကျွန်တော် ပြောရဲတယ်၊ ကျွန်တော်တို့ အဖွဲ့ထဲမှာ လက်ဖြောင့်သေနတ်သမား တစ်ယောက်လိုတယ် ဖေဖေ၊ မြို့ပိုင်ဘက်တွေကို ဦးချိုးပစ်နိုင်တဲ့သူ ယှဉ်ရဲတဲ့လူ လိုနေတယ်'

'ဒါပေမယ့် မင်းကောင်လေးက ငယ်လွန်းတယ်ကွ'

'အဲသလိုဆိုရင်တော့ ဖေဖေစိတ်ကြိုက် ရွေးပေတော့ အဲ....နောက်တော့ ကာ ကျွန်တော့်ကို အပြစ်မတင်နဲ့'

သူက စိတ်ပျက်လက်ပျက် ပြောမိသည်။

ဦးကောင်းမိုးသည် တွေဝေသွားသည်။ ငိုင်သွားသည်။

နောက်ဆုံးတွင် ဇော်ရှင်းအား စမ်း၍ သုံးကြည့်ရန် ဦးကောင်းမိုးက သဘောတူခဲ့ရလေသည်။

ယင်းသို့ဖြင့် ဇော်ရှင်းသည် 'မြစံပယ်မြိုင်' တွင် အရေးပါသော လူတစ်ယောက် ဖြစ်လာသည်။ သို့ရာတွင် သူကိုယ်သူ မည်မျှ အရေးပါသော လူတစ်ယောက် ဖြစ်မှန်းမ ဖြစ်နေသည်ကိုမူ ဇော်ရှင်းအနေဖြင့် မသိခဲ့ပါ။

သူ့ဒဏ်ရာပျောက်ကင်းသည်နှင့် 'ဆုန်းဇောဆိုး' စက် ကင်းကင် ဘာကို မောင်မောင်ကျော်ကိုယ်တိုင် သေနတ်



လေ့ကျင့်ပေးသည်။ သေနတ်တစ်လက်ကို ပစ်တတ်ဖို့အတွက် ခလုတ်ဆွဲတတ်ရင် ပြီးတယ်ဟု ထင်လျှင် မှားပေလိမ့်မည်။

ကျည်တစ်တောင့် ပစ်မှတ်ကိုထိအောင် ပစ်ခတ်ရန် လျှို့ဝှက်ချက် ကလေးများ ရှိနေ၏။ ဤသည်မှာ သိမ်မွေ့သည့် အနုပညာရပ်များပင် ဖြစ်လေသည်။

အရေးအကြီးဆုံးမှာ ပစ်ခတ်သူ၏ စိတ်တည်ငြိမ်မှု၊ စိတ်ခိုင်းဖြတ်နိုင်မှုနှင့် စိတ်နှင့်လက် တစ်ပြိုင်တည်း တွဲဖက်နိုင်မှုပင်၊ စိတ်က ပစ်ပြီဟု ဆုံးဖြတ်လိုက်သည်နှင့် မောင်းခလုတ်ပေါ်မှ လက်ညှိုးကလည်း တစ်ပြိုင်တည်း လှုပ်ရှားနိုင်ရမည်။ စိတ်ကစေ၍ ဖြစ်စေ၊ စိတ်နှင့်လက် မတွဲမိလျှင် ပစ်မှတ်ကို ထိဖို့ မလွယ်။

ထို့ပြင် ကျည်သွားလမ်းကြောင်း ဖြောင့်တန်းဖို့ အတွက် တိုက်ခတ်နေသောလေကို ခန့်မှန်း တတ်ရမည်။ မည်သည့်အရပ်က လေတိုက်နေသလဲ။ လေပြည်လား၊ လေညင်းလား လေပြင်းလား ခွဲခြားသိရှိရပြီး လေတိုက်နှုန်းကို မှတည်ပြီး ချိန်တတ်ဖို့ လိုလေသည်။ ပစ္စတိုသေနတ်သမားတစ်ယောက်အဖို့ လက်လေ့ကျင့်ခန်း ပြုလုပ်ရသည်။ လက်ညှိုးကလေး တွေးညှစ်ရုံ သက်သက်မှအပ၊ သေနတ်ဒင်ကို ဆုပ်ထားသော အကြောအချဉ်တွေ လှုပ်ရှားခြင်း မရှိရလေအောင် လေ့ကျင့်ပေးရသည်။

ပစ်ခတ်နည်း အနေဖြင့်လည်း စိတ်ကြိုက် အချိန်ယူ ပစ်ခတ်နည်း၊ လျှပ်တစ်ပြက် ပစ်ခတ်နည်း၊ အခက်အခဲကြားမှ ပစ်ခတ်နည်းဟူ၍ နည်းအမျိုးမျိုး ရှိသေးသည်။

မောင်မောင်ကျော်သည် ဇော်ရှင်းအား

www.burmeseclassic.com

www.burmeseclassic.com



အသေး ဟူသမျှ သင်ကြား ပေးခဲ့သည်။ လေ့ကျင့်ရက် အဆော်ရလာသည်နှင့် ဇော်ရှင်း လက်က သူ့ စိတ်ကြိုက် ဝင်လာသည်။ ဇော်ရှင်းသည် မှတ်ဉာဏ် ကောင်းသည်။ သေနတ်နှင့်ပတ်သက်၍ ပါရမီရှိသည်။

'ဒီအတိုင်းဆိုရင် အခုနှစ် ကျင်းပမယ့် တိုင်းဗိုလ်လုပွဲမှာ မင်း ငင်ပြိုင်ဖို့ စာရင်းသွင်းနိုင်လောက်ပြီ ဇော်ရှင်း'

မောင်မောင်ကျော်က သူ့ ကို ထုတ်ဖော်ချီးကျူးခဲ့သည်။

တိုင်းသေနတ်ပစ်ပြိုင်ပွဲကို ဝင်ရမည် ဆို၍လည်း သူ့ ရင်တွင် မဖော်ပြနိုင်အောင် ဝမ်းသာသွားသည်။

သို့ရာတွင်....

သည်ရက်တွေ အခေတာအတွင်း သူ့ စိတ်တွင် အထိအခတ် ကလေးတွေနှင့် ပြည့်နှင့်နေရ၏။ ရင်ထဲက အသည်းနှလုံးနှင့် ပတ်သက်တာလေးတွေ ခံစားနေရသည်။

စုစုထွေးနှင့် ပတ်သက်လို့ပင်....

ဟုတ်ပါသည်။

သည်ရက်အတောအတွင်း မိုက်ကယ်သာဇံသည် "မြစ်ပယ်မြိုင်"တွင် စက်ကျနေသည်။ စုစုထွေးနှင့် တတွဲတွဲ ဖြစ်နေသည်။ ဒါကို ဒေါ်ခင်ထွေးတို့အနေဖြင့် လိုလားပုံပင် ရနေသည်။

'တွဲလှချည်လားဗျ သူတို့နှစ်ယောက်က ဘယ်သိုလဲ'

တစ်နေ့တွင် ကိုဒွေးကို အစ်အောက် မေးကြည့်မိသည်။

'အေးကွ.... ငါလဲ မျက်လုံးထဲမှာ ခရော့(စ်) ဖြစ်နေပြီး ဘာလဲ မင်းက မနာလိုလို့လား ဟား ဟား'

'မဟုတ်ပါဘူးဗျာ.... ဘာမနာလိုစရာ ရှိလို့လဲ'



'မဟုတ်ဘာ....မဟုတ်တယ် အခု ရက်အတွင်း မင်းကို ကြည့်ရတာ တစ်မျိုးပဲ၊ သွားမလုပ်နဲ့မောင်ရေ့....သူတို့ နှစ်ယောက်ကို လူကြီးချင်း သဘောတူထား သလိုလို ကြားရတယ်ကွ'

'ဗျာ....'

ဇော်ရှင်းရင်မှာ နာသွားသည်။

'ခင်ဗျားကို ဘယ်သူပြောသလဲ ကိုဒွေး....'

'မနီပေါ့ကွ....ဟိုဘလောကမင်းသေနတ်ပစ်သွားနေတုန်း အဲဒီ မိုက်ကယ်ဆိုတဲ့ ငနဲရဲ့ အမေလာတယ်၊ ညှော်ခန်းမှာ သားရေးသမီးရေး ဆွေးနွေးကြတုန်း မနီက လက်ဖက်ရည်ပွဲ သွားချရင်း ကြားလာတာလို့ ပြောတာပဲကွ၊ ဒါပေမယ့် ကောင်မလေးကတော့ မိုက်ကယ်ကို စိတ်ကူးထဲတောင် မထည့်ဘူးလို့ မနီကို ထုတ်ပြောသတဲ့ကွ'

'ဒါနဲ့များ ဘာလို့ တတွဲတွဲ လုပ်နေရတာလဲဗျာ....'

'အေး....ငါလဲဒါကိုပဲ စဉ်းစား နေတာ၊ အဲ....အထူးသဖြင့် "မြစ်ပယ်မြိုင်"မှာ မင်းရှိတဲ့ရက်ဆိုရင် အဲဒီငနဲလေး ရောက်လာတာနဲ့ ပန်းခြံမှာဘတွဲတွဲနဲ့၊ ဒါပေမယ့် မင်းမရှိတဲ့ ရက်ဆိုရင် အဲဒီအကောင်ရဲ့ အနားတောင် သိပ်မကပ်ဘူး'

ကိုဒွေးပြောတာဟုတ်သည်။

စုစုထွေးသည် သူ့ရှေ့တွင် မိုက်ကယ်သာဇံကို ပို၍ ခရာသည်။ တာသည်။ တမင်တကာ လက်တွေ ဘာတွေ တွဲသည်။

တစ်ရက် သူ တစ်ယောက်တည်း စက်ပစ်ကွင်းက ပြန်အလာ မိုက်ကယ်နှင့် စုစုထွေးကို တွေ့ခဲ့ရသည်။ မိုက်ကယ်

www.burmeseclassic.com

www.burmeseclassic.com

က ပြန်တော့မည် ဖြစ်ကြောင်း နှုတ်ဆက်စဉ် စုစုထွေးက ဇော်ရှင်းကို ဝေ့ခနဲ တင်ချက် ကြည့်လိုက်ပြီး မိုက်ကယ် လက်မောင်းကို ကိုင်၍....

'ဩော်....မိုက်ကယ်၊ စုထွေး မင်းနဲ့ ခဏတ် ရှင် လိုက်တော့မယ်....'

'ဟင်....ဒါနဲ့ စောစောကတော့ ခေါင်းကိုက်နေလို့ဆို....'

'အို....ဘာပဲဖြစ်ဖြစ် မင်းနဲ့ဆိုရင် လိုက်မှာပဲ'

စုထွေးက ဇော်ရှင်းကို မျက်စကလေးချီ၊ ခေါင်းကလေးစောင်းငဲ့၍ ''ကဲ....ဘာဖြစ်သေးလဲ''ဟူသော အနေဖြင့် မိုက်ကယ်နှင့်အတူ ကားပေါ် တွဲတက်သွားသည်။

ခံပြင်းလိုက်သည်ကတော့ အမှန်ပင်။

တမင်တကာ လုပ်မှန်းလည်း အသိသာချည်း။

'ဘာလို့များ ကိုယ့်ကို အရွဲ့တိုက်ချင်ရတာလဲ စုထွေးရယ်....'

သို့ကာလိုပင်....ရင်ထဲက ညည်းတွားမိသည်။

ယခုမူ....

ကိုဒွေးပြောသောစကားတွေအရ စုစုထွေးသည် အစဉ်းစားရခက်သော မိန်းကလေးဟု ဆိုရမလိုဖြစ်နေပြီ။ ပထမတော့ သူ့ကို မုန်းတီးနာကျည်းသွားပြီဟု ထင်သည်။ ကားရုံအပေါ်ထပ်ရှိ သူ့အခန်းကျဉ်းကလေးထဲတွင် ဖက်၍ နမ်းလိုက်မိသည့်အတွက်ကြောင့် ရယ်ပေါ့။

နို့....ဘာဖြစ်လို့ နမ်းချင်အောင် လုပ်ရသနည်း။ သူ့စိတ်ကို မနိုင်အောင် ရေလာမြောင်းပေးစကားတွေ ပြောရလေသနည်း။ စုထွေးအပြုအမူတွေက သူ့အတွက် အဖြေရခက်သော မေးခွန်းတွေချည့်ပင်။



သည်တော့လည်း ဘဝင်မကျနိုင်သည့် စိတ်ကို သေနတ်ပစ်သည့်ဘက်တွင် ပုံအောထားလိုက်သည်။ အားကစားသည့်ဘက်တွင် အောထားလိုက်သည်။ ကိုကိုကျော်ကပြောသည်။ စိတ် တည်ငြိမ်မှုအတွက် ခန္ဓာကိုယ်ကျန်းမာစေရန် လေ့ကျင့်ရမည်ဟု....

သည်တော့ မနက်ပိုင်းလေငြိမ်၍ သေနတ် ပစ်ကောင်းချိန်တွင် စက်ပစ်ကွင်း၌ သေနတ်ပစ်လေ့ကျင့်ပြီး ညနေပိုင်းတွင် 'ရွှေမန်း ကရာတေး' ကလပ်၌ ကရာတေး သွားကစားသည်။

စုစုထွေး နှင့် မျက်နှာချင်းဆိုင်ရန် အချိန်မရတော့။ သူ့အကြောင်း တွေးတောရန် အချိန်နည်းလေ ကောင်းလေပင် မဟုတ်ပါလား။ ဘာဆိုင်လို့လဲ သူက သူဌေးသမီး၊ ကိုယ်က ဆိုင်ဘာရဲ့မြေး၊ မိမဲ့ ဖမဲ့ ဆင်းရဲသားကလေး။

သို့သော်ငြားလည်း နဖူးပေါ်လက်တင်၊ အိပ်ရာဝင်ချိန်တွင်မူ သူ့မျက်နှာကလေးကို မြင်မိပြန်သည်။ သူ့အကြောင်းကို တွေးမိပြန်သည်။ အိပ်မက်ပေါင်းများစွာ သူက ပါဝင်နေပြန်သည်။

အော်....ခက်လိုက်တဲ့ ကလေးမနှယ်။

ဘာကြောင့်များ ကိုယ့်စိတ်ကို စိုးမိုးနေပါလိမ့်ကွယ်။

*

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

သည်ကနေ့တော့ဖြင့် စိတ်မှာ ရွှင်လို့နေရသည်။

ပစ်ချက်တွေ အားလုံးကောင်း၏။ ပစ်မှတ် စက်ဝန်း အလယ် ဗဟိုချည့် ဝင်သည်။ ပစ္စတိုကလေးသည် ပွိုင့်သေ ငယ်သော်သည်း သူ့လက်နှင့်တွေ့နေလေပြီ။ ဒသမ နှစ်နှ သာ ရှိသော ယမ်းဘောင့် ဆိပ်ဖူးကလေး၏ ချက်ကော ကို ဆိလျှင် တစ်ချက်တည်းနှင့် တုံးခနဲ လဲနိုင်လောက်သည်

စမစ်အင်ဝက်ဆင်၊ ဝက်ဘလေ၊ ကိုလ်ဘရောင်နီ၊ လ ဂါ၊ အင်ပီးတို့ထက် စာလျှင် ဒသမနှစ်နှစ် 'လားမား' ပစ္စ ကလေးမှာ ကလေးကစားစရာလောက်ပဲ ရှိပေမင့် ဆင် ရိုင်ဖယ် ကိုင်ထား သူကို နွား ကျောင်းသား၏ လေးခွ မျက်လုံးကို ထိအောင် ပစ်နိုင်လျှင် နိုင်မည်ပင် မဟုတ်လ

ဒီ သဘောတွေကို ကိုကိုကျော်က သူ့အား သင်ကြ ပေးခဲ့လေသည်။ ယခုသော် ဇော်ရှင်းသည် ဒသမ နှစ် ပစ္စတိုကို နွားကျောင်းသား၏ လောက်လေးခွလို အသုံးချ တတ်နေပြီ တကား။

သူသည် ပစ္စတိုကလေးကို ဂျင်းဘောင်းဘီ နောက်အိတ်ထဲသို့ ထိုးထည့်ခါ "မြစ်ပယ်မြိုင်" သို့ ပြန်ရန် ဟန်ပြင်လိုက်၏။ သည်စဉ်မှာပင် သူ့ပခုံးတစ်ဖက်ကို ခပ်ဖြင်းဖြင်း အရိုက်ခံလိုက်ရသည်။ သူ့ ကိုယ်ခန္ဓာမှာ တစ်မုဟုတ်ခြင်း လှုပ်ရှားသွားမိသည်။ သတိ သမ္ပဇဉ်ကိုသာ မချုပ်တီးမိပါက သူ့လက်က အသည်းနှလုံးသို့ ဦးတည်နေမိပြီဖြစ်သော သေနတ်ခလုတ်ကို ဆုပ်ညှစ်မိရက်သား ဖြစ်ပေမည်။

'မင်း....အတော်လျင်တဲ့ ကောင်လေးပါလားကွ ဟေ....'

သူ့ သေနတ် ပြောင်းဦးတွင် ရပ်နေသူက တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေး ပြောသည်။ သူ့အသွင်သဏ္ဌာန်က ခန့်ခန့်ထယ်ထယ်။ မတုန်မလှုပ် ကျောက်ရုပ်။

သို့ပေမင့် သူ့ မျက်နှာက အစ်စက်ကလေးမှ အပြုံးမပျက်။

ဒီတော့ ဇော်ရှင်း အားနာသွား၏။ သူ့ရုပ်သွင်ကို မြင်ရုံနှင့် လေးစားသွားသော စိတ်က အလိုလို ဝင်လာသည်။

'ဆောရီးပဲ အစ်ကိုရေ၊ ကျွန်တော်က လျှပ်တစ်ပြက် ပစ်တော်နည်းတွေကို လေ့ကျင့်ထားလို့ပါ၊ ကျွန်တော်တောင်းပန်ပါတယ် အကို'

သည်တော့ သူက ပြုံးသည်။

ပြီးတော့ နှစ်လိုဖွယ်ရာ ချိုသာသော အသံ အောအောကြီးဖြင့် မေးသည်။

'မင်း သေနတ်ပစ်တာ ဘယ်လောက် ကြာပြီလဲ'

'တစ်လလောက် ဆိုပါတော့ အစ်ကို'

www.burmeseclassic.com

www.burmeseclassic.com

'မင်း ဆရာက....'

'ကိုကိုကျော်၊ အဲ....ကိုမောင်မောင်ကျော်ပါ အစ်ကို၊ သူလဲ သေနတ်ပစ် ချန်ပီယံ တစ်ယောက်ပဲ'

ဇော်ရှင်းက ကိုကိုကျော်အတွက် ဂုဏ်ယူ ဝင့်ကြွားစွာ ဆိုမိသည်။

သူက မျက်ခုံး နှစ်ဖက်ကို မြှင့်တင်ရင်း....

'ကိုကိုကျော်ဆိုတာ 'မြစ်ပယ်မြိုင်'က မောင်မောင်ကျော်ကို ပြောတာလား ငါ့ညီ'

'အား သိပ်ဟုတ်တာပေါ့ အစ်ကို၊ ဟိုတစ်လောက ရှမ်းပြည်နယ်ကအပြန် လမ်းမှာ ဓားပြတွေပစ်လို့ ဒဏ်ရာတောင် ရလာသေးတယ်၊ အခု သေနတ် မပစ်နိုင်တော့ဘူး အစ်ကိုရ၊ အဲ အခုနှစ် တိုင်း ဗိုလ်လုပွဲမှာ သေနတ်ပစ် ပြိုင်ပွဲဝင်ဖို့ ကျွန်တော့်ကို လေ့ကျင့် ပေးထားတာ၊ ခါတိုင်းတော့ သူ အမြဲပါတယ်၊ ဒီနှစ်သာ ကိစ္စကလေး ရှိလို့ မလိုက်ဖြစ်တာ အစ်ကိုရ'

သည်တော့ သူ့မျက်နှာက တစ်မျိုး တစ်မည် ပြောင်းလဲသွားပုံ ရသည်။

'အေး....ကောင်းတယ်ကွာ၊ ဒီနှစ် မင်းအနေနဲ့ ပထမဆုံး နွှဲရမယ့် ပွဲပေါ့၊ အင်း....မင်း အပြောနဲ့သာ ယုံရတာပေါ့၊ တကယ်တမ်း ပြောရရင် မင်းဟာ ဝါရင့် သေနတ်သမားကြီးတွေထက်တောင် ပစ်ချက် ကောင်းနေတာ တွေ့ရတယ်၊ မင်း လေ့ကျင့် နေတာကို ငါ စောင့်ကြည့်နေခဲ့တာ အဲ....ခွင့်လွှတ်ကွာ'

ဇော်ရှင်းသည် နှစ်သိမ့်စွာ ရယ်မောလိုက်မိပါသည်။



'ကိစ္စ မရှိပါဘူး အစ်ကိုရာ သေနတ်သမားချင်း တွေ့ပဲ ဟာ၊ ဒါနဲ့ အစ်ကိုက ကိုကိုကျော်နဲ့ သိလို့လား'

'အာ....မသိပါဘူးကွာ၊ သတင်းစာထဲမှာ သူ့အကြောင်း သေနတ်ပစ်သမား တစ်ယောက် အနေနဲ့ အလေးထား ဖတ်မိထားသို့ပါ၊ နို့....မင်း အခု ဘယ်မြန်မှာလဲ'

'စိစိလိုင်း'

'ကားပါလား'

'ဘယ်ပါမလဲ မတ္တရာ ကားကြုံစောင့်စီးရမှာဗျ'

'ဟာ....အတော်ပဲ အစ်ကို့ဂျစ်နဲ့ လိုက်ခဲ့ပေတော့'

'ကျေးဇူးပဲ အစ်ကိုရေ့'

ဇော်ရှင်းသည် သူ့ ဂျစ်ကားပေါ်သို့ ပစ်မှတ်ကြည့် တယ်လီစကုပ် မှန်ပြောင်းကို ငင်၍ တင်ပါးလွှဲ ဝင်ထိုင်လိုက်သည်။

'မင်း နာမည်'

'ဇော်ရှင်းပါ၊ မြစ်ပယ်မြိုင်က ကားဒရိုင်ဘာ ဦးစောနဲ့ မြေးပါ၊ ဒါနဲ့ အစ်ကိုကရော'

သူက အံ့ဩဟန်ကို အပြုံးမပျက် ထိန်းရင်း ခပ်အေးအေး ဆိုသည်။

'ဟိုကွာ....ဘိလူးကို ပါဠိလို ခေါ်လိုက်'

သူက ဇော်ရှင်းကို ပညာစမ်းလိုက်ပြီ။ ဇော်ရှင်းက တခစ်ခစ် ရယ်မိသည်။ သူကလည်း ရယ်သည်။

'အစ်ကို 'ယက္ခ' ဆိုပါတော့'

သည်တစ်ခါတော့ လုံခြုံရေးမှူး ကိုဝဏ္ဏအနေဖြင့် ဇော်ရှင်းကို တကယ်ပဲ အောချ ရပါလေတော့သည်။ သို့ရာတွင်

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို လုံခြုံရေးမှူး ကိုဝဏ္ဏမှန်း ဇော်ရှင်း မသိစေချင်ပါ
သို့မို့ကြောင့်ပင် ဟာသနှော၍ သူ့အမည်ကို လွှဲပြောခဲ့သည်

'မင်း မဆိုးဘူး'

'ဆိုးရင် ဖမ်းမှာပေါ့'

'အေး....ဟုတ်တယ် ညီ၊ လောကကြီးမှာ လူကောင်းတွေ
အတွက် လူဆိုးတွေ မရှိရအောင် ဖမ်းထားတာ အကောင်း
ဆုံးပဲ မဟုတ်လားကွ'

သူ့စကားကို ဇော်ရှင်း နှစ်ခြိုက် မိပါသည်။

သည်သို့ဖြင့် သူတို့၏ ဝီလီဂျစ်သည် မန္တလေး တော
တော်၏ အရှေ့ မုခ်ဦးသို့ ရောက်လာ၏။

တောင်ပတ်လမ်းသည် အသွားအလာ မရှိသလော
ရှင်းလင်းလျက် ရှိ၏။ ထနောင်းပင်အုပ်များ၊ ဆူးဖြစ်ပင်
များကလည်း တောင်ခြေနှင့် ကားလမ်းအကြားတွင် ထူပိန်း
စွာ ပေါက်နေသဖြင့် အတွင်းပိုင်းကို မမြင်ရ။ ညနေစောင်း
ဖြစ်သဖြင့်လည်း စိမ့်ကလေး မြိုင်ကလေးလို မှိုင်းညို့နေ
သည်။

ဇော်ရှင်းသည် ထနောင်းပင်အုပ်များ၏ ကြားထဲတွင်
ရပ်ထားသော ကားတစ်စင်း၏ အမြီးပိုင်းကို လှစ်ခနဲ မြင်
လိုက်ရသဖြင့် သူ့စိတ်ထဲတွင် ဇဝေဇဝါ ဖြစ်သွားမိရ၏။

နံပါတ်....

သည် ကားနံပါတ်ကို သူ တစ်နေရာတွင် အသေ အချာ
မြင်ဖူး တွေ့ဖူးထားသည်။ နံပါတ်က 'စ လုံး ခြောက် နှစ်
နှစ် ကိုး' သူက ဦးနှောက်ကို အလုပ် ပေးလိုက်သည်။

'အား....ဟုတ်ပြီ'

သူ့ သတိ သမ္ပဇဉ်က နိုးကြွလျက် ရှိလေပြီ။



'ဘာလဲ ဇော်ရှင်း'

'ကား ခဏ ရပ်ပေးဦး အစ်ကိုရေ့၊ ခဏလေးပါ
အရေးကြီးလို့'

ကိုဝဏ္ဏသည် ကားဘရိတ်ကို ဆောင့်နင်းလိုက်သည်နှင့်
ဂျစ်ကားသည် ကျွီခနဲ မြည်၍ ရပ်သွားသည်။

'ရော့ အစ်ကို ဒါလေး ယူထား၊ ကျွန်တော် အခုပဲ ပြန်
ခဲ့မယ်၊ သိချင်တာလေးတစ်ခု တွေ့နေလို့'

ဇော်ရှင်းက သူ့ပစ္စတိုကို ကိုဝဏ္ဏအား လှမ်းပေးလိုက်ပြီး
ခပ်စောစောက တွေ့ခဲ့သော နေရာသို့ အပြေးကလေး သုတ်
ခြေ တင်ခဲ့သည်။ ထိုကားမှာ မြစ်ပယ်မြိုင်သို့ လာလေ့ရှိ
သော မိုက်ကယ်၏ကား ဖြစ်သည်။ မိုက်ကယ်သာ ဆိုလျှင်
စုစုထွေး ပါရမည်။ သူတို့နှစ်ဦး၏ ဆက်ဆံရေး အခြေအနေ
မည်ကဲ့သို့ ရှိလေသနည်း။ လူသူ ပြတ်လပ်သော နေရာမျိုး
တွင် ဘာကြောင့် ခိုးကြောင် ခိုးဝှက် ကားကို ရပ်ထားရ
လေသနည်း။ သူတို့နှစ်ယောက် ချစ်သူ ရည်းစားအဖြစ် နှစ်
ကိုယ်တူ ကြည်ဖြူနေမည် ဆိုပါက ဘာမှ အနှောင့် အယှက်
မပေးဘဲ အသာ လှည့်ပြန်ရုံပင်။

သို့တစေ....ကိုဒွေး ပြောသော စကားအရဆိုလျှင် စုစု
ထွေးသည်မိုက်ကယ်ကို လုံးဝစိတ်မကူးဟု သိထားရပြန်သည်။
စုစုထွေးမဟုတ်ဘဲ အခြားအမျိုးသမီး တစ်ယောက် ဆိုပါက
လည်း မို ကယ့် အကြောင်း သိရုံပင်။

သူတို့ ဂျစ်ကားသည် မိုက်ကယ်၏ ကားကို ပြွတ်ခနဲ
(ဖာလုံဝက်) ကျော်သွားသဖြင့် ခြေကုန်သုတ်ခဲ့ရသည့်အတွက်
အမောဖော့လှသော ဇော်ရှင်းပင် ဟောဟဲ...ဟောဟဲ ဖြစ်
နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဇော်ရှင်းသည် ချုံကွယ်မှ အသာ ချောင်းကြည့်လိုက်၏။ ကားထဲတွင် မည်သူမျှ မရှိ။ သူသည် ဖျတ်ခနဲ ကားနားသို့ ကပ်၍ နောက်ပေါက်မှတစ်ဆင့် ကြည့်လိုက်သည်။ အတွင်း၌လည်း မည်သူ့ကိုမျှ မတွေ့။ သို့သော်....

သို့သော်....

တံခါးဘေး မြက်ခင်းတွင် ပွင့်လျက်သား ကျနေသော လက်ပွေ့အိတ် အဖြူကလေးကို မြင်ရသည်နှင့် သူ့ရင်တွင် ထိတ်ခနဲ ဖြစ်သွားသည်။ သည်အိတ်ကို စုစုထွေး အမြဲတစေ ကိုင်လေ့ရှိသည် မဟုတ်လား။

ဇော်ရှင်းသည် ကြဲမြန့်နေသော နှုတ်ခမ်းနီဘူး၊ မိတ်ကပ်ဘူးတို့ကို ကြည့်၍ အခြေအနေကို ရုတ်ခြည်း သဘောပေါက်လိုက်မိပါပြီ။ သူသည် ခြေသွားလမ်းကလေးအတိုင်း ခပ်သွက်သွက် ပြေးဝင်ခဲ့သည်။ ကိုက်အစိတ်လောက် အရောက်တွင် ပန်းနုရောင် မိန်းမကိုင် လက်ကိုင်ပဝါကလေးကို မြင်ရပြန်သည်။ သို့ဝဉ်တိုင်အောင် ဘာသံမှ မကြားရသေး။

သူရောက်တာ နောက်ကျနေပြီလား။

စုစုထွေး၏ အခြေအနေမှာ ဆိုးဆိုးရွားရွား ဖြစ်နေပြီလား။

သူသည် ခြေသံလုံလုံနှင့် မှိုင်းညို့ အုပ်ဆိုင်းနေသော ညောင်ပင်ကြီး ရှိရာသို့ ခပ်သွက်သွက် ချဉ်းကပ်ခဲ့၏။

သည်စဉ်မှာပင် စုစုထွေး၏ အသံကို စတင်ကြားမိရခြင်းပင်။

'မိုက်ကယ်....စုထွေးကို ဒီလို အနိုင်ကျင့်လို့ မရဘူးနော်၊ ဖယ်...,လွှတ်....လွှတ်....အို....အမယ်လေး....စုထွေး အော်လိုက်မယ်နော်'



'ဟဲ....ဟဲ....အော်လေ၊ မင်း ဘယ်လောက် အော် အော် ဘယ်သူက ကြားနိုင်မှာတဲ့လဲဟင်၊ ကြားတော့ကော မင်းနဲ့ ကိုယ်နဲ့က လူကြီးချင်း သဘောတူထားတဲ့သူတွေပဲကွ၊ ဘယ်သူ့ ဝရေစိုက်ရမှာလဲ၊ မင်း ငါ့ကို ချစ်သလိုလို မုန်းသလိုလိုနဲ့ ကလိ နေတာ ကြာပြီ၊ ကဲ....အခု မင်း ဘာတတ်နိုင်သေးသလဲ'

'ရှင့်ကို ချစ်တယ်လို့ ဘယ်တုန်းကမှ မပြောခဲ့ဘူး၊ ချစ်လဲ မချစ်ဘူး၊ ရှင်နဲ့ စုထွေးနဲ့လဲ ဘယ်တုန်းကမှ စေ့စပ်ခဲ့တာ မဟုတ်ဘူး၊ လွှတ်နော် မိုက်ကယ်....လွှတ်'

ဇော်ရှင်းသည် ညောင်ပင်ကြီးနှင့် အနီးကပ်ဆုံး ချုံပုတ်သို့ ပြေးကပ်လိုက်ပြီး ညောင်ပင်အောက်သို့ ကြည့်လိုက်သည်။

ရင်မောစရာ မြင်ကွင်းက သူ့ကို စောင့်ကြိုနေပေသည်။ မိုက်ကယ်သည် ဗလအားကိုးဖြင့် စုစုထွေးကို ချုပ်ကိုင်ထားပြီး သူ့ကိုယ်တစ်ပိုင်းဖြင့် ဖိထားသည်။ စုစုထွေး၏ လက်နှစ်ဖက်ကိုလည်း ဘေးတစ်ဖက်တစ်ချက်တွင် ဖိ၍ ဆုပ်ကိုင်ထား၏။ စုစုထွေးသည် အပြင်းအထန် ရုန်းကန်ထားသည့် အတွက် အဝတ်အစားတွေက ပရမ်းပတာ ဖြစ်နေသည်။

သို့ရာတွင် အခြေအနေမှာ အဆိုးရွားဆုံးသို့ မရောက်ခဲ့သေးကြောင်း သူက သဘောပေါက်လိုက်မိသည်၊ မည်သို့ပင် ဖြစ်စေကာမူ သည်မြင်ကွင်းကို သူ ဝင်၍ ဖြေရှင်းသင့်ပြီဟု တွက်ဆလိုက်ပြီး ချုံအကွယ်သို့ ထွက်ရန် ဟန်ပြင်လိုက်စဉ် မှာပင်....

'ဒါဖြင့် မင်းက ငါ့ကို ဘာလို့ မလိမ့်တပတ် လုပ်နေရတာလဲကွာ၊ မင်းက ငါ့ကို ဘာလို့ ကြိုက်သလိုလို ချစ်သလိုလို လုပ်နေရတာလဲ၊ ပြောစမ်း'

www.burmeseclassic.com

www.burmeseclassic.com



မိုက်ကယ်၏ ဒေါသတကြီး မေးလိုက်သံကြောင့် ဇော်ရှင်း ခြေလှမ်း တုန့်သွားသည်။

'ရှင် စုထွေးကိုလွှတ် မိုက်ကယ်၊ စုထွေး ရှင့်ကို အကြောင်းရှိလို့ ခင်ခင်မင်မင် လိုက်လိုက်လျောလျောနေမိတာ သိလား၊ ရှင့်ကို ချစ်လို့ကြိုက်လို့မျှား ထင်နေသလား'

'ဘာအကြောင်းလဲ ပြောစမ်း၊ မင်း အခု ကိုယ့်လက်ခုပ်ထဲက ရေ ဖြစ်နေပြီဆိုတာ နားလည်တယ်မို့လား၊ ကဲ.... ပြောလေ'

'ပြောမယ်၊ ရှင် ကျွန်မကို အရင်လွှတ်၊ စုထွေးကိုလွှတ်ရင် ပြောမယ်'

'ဟား....ဟား....ဘာလို့ လွှတ်ရမလဲ၊ အေး....ဒါပေမယ့် ငါ မင်းကို ကတိပေးတယ်၊ မင်း ငါ့ကို ဘာလို့ ချစ်သလိုလို ကြိုက်သလိုလို ဟန်ဆောင်နေရတယ်ဆိုတာ ပြော၊ ပြောပြီးရင် လွှတ်မယ်'

'ရှင် တကယ်ပြောတာလား မိုက်ကယ် ဟင်'

'မင်းသာ ပြော....ပြောပြီးရင် လွှတ်မယ်'

'ရှင် ကတိဘည်ပါစေနော်'

'ပြောမှာသာ ပြောစမ်းပါ'

'စုထွေး သူ့ရှေ့မှာ သူ မခံချင်အောင်လို့ သူ့ရှေ့မှာ ရှင်နဲ့ အရောတဝင် နေပြတာ သိလား'

'သူ....သူဆိုတာ ဘယ်သူလဲ'

'ဇော်....ဇော်ရှင်း'

ဇော်ရှင်း ရင်တွင် အေးခနဲ ကျင်သွားရသည်။



'ဩော်....ဟို ဒရိုင်ဘာမြေး ဇော်ရှင်း ဆိုတဲ့ ကောင်လေးလား၊ ဟား....ဟား....နေစမ်းပါဦး၊ မင်းက အစုတ်အနုတ်ကိုများ ဂရုတစိုက် မခံချင်အောင် ဘာလို့ လုပ်ချင်ရတာလဲ'

'ဒါ ရှင်နဲ့ မဆိုင်ပါဘူး မိုက်ကယ်၊ စုထွေး ကိစ္စပါ'

'ဩော်....တယ်ကျတဲ့ အမျိုးသမီးပါလား၊ ဒီကောင်ကို ကျုပ်နဲ့ နှိုင်းပြီး မခံချင်အောင်လုပ်တာကို ကျုပ်က ခံနေရမှာလား၊ အစုတ်အပြတ်အတွက် ကျုပ်လိုသူဌေးသားက မားစာခံပေါ့ ဟုတ်လား'

မိုက်ကယ်၏ စကားတွေက ရင့်သီးလွန်းလာသည်။

စုစုထွေး၏ မျက်နှာမှာလည်း ဒေါသကြောင့် တင်းမာနီရဲနေ၏။

'ရှင်လွှတ်....အခုလွှတ်....ကျွန်မ ပြောပြီးပြီ'

'ငါမေးဘာ ဖြေစမ်း စုထွေး၊ ဖြေမှ လွှတ်မယ်'

'ရှင့်အပူ တစ်ပြားသားမှ မပါဘူး၊ ဖြေစရာလဲ မလိုဘူး'

'ကဲ....ဒါဖြင့် ငါကလဲ မလွှတ်ဘူးကွာ'

စုစုထွေးသည် အံဘာစ်ချက် တင်းကြိတ်လိုက်ပြီး ဒိုးဒိုးဒေါက်ဒေါက် ပြောချလိုက်သည်။

'သူ့ကိုကြိုက်လို့ နားသည်လား'

'ဟင်....'

'သူ့ကို စုထွေးချစ်လို့ သူ မခံချင်အောင် နေပြတာ ရှင်းပြီလား၊ ဒါပေမယ့် သူဟာ ရှင်လို သူဌေးသားလို ငမ်းငမ်းတက် ဖြစ်နေတာ မဟုတ်ဘူး၊ သိက္ခာရှိတယ်၊ ကျေနပ်နိုင်တယ်၊ စုထွေးကိုလဲ ချစ်ပါတယ် ကြိုက်ပါတယ်လို့ ပြောဖူးတာ မဟုတ်ဘူး၊ အဲဒါကို မခံချင်လို့ ရှင်နဲ့တွဲပြနေတာ'

စုစုထွေး ရင်ပွင့်သွားပါပကော။

www.burmeseclassic.com

www.burmeseclassic.com



'ဪ....ဒီလိုကိုး၊ ဟား....ဟား....ဟား'

'ကဲ....လွှတ်တော့ မိုက်ကယ်'

'အေး....ငါ့ကတိအတိုင်း လွှတ်ရတာပေါ့ကွာ၊ ဒါပေမယ့် လူတစ်ယောက်ကို ခိုင်းဘယ်ဆိုဘာ တန်ရာတန်ဖိုးတော့ ပေးရတယ်ကွ၊ ဒီတော့ ဆယ်မိနစ်လောက်တော့ စောင့်ဦးပေါ့ကွာ၊ ဟဲဟဲ'

မိုက်ကယ်ကား စိတ်ရှိုင်းဝင်လေပြီ။

မခံချင်သည့် စိတ်မှတစ်ဆင့် ရမက်ရိုင်းထသည့် စိတ်သို့ ကူးပြောင်းသွားလေပြီ။

'အို....မိုက်ကယ်'

မိုက်ကယ် လက်မှ ရုန်းအထွက်လိုက်တွင် စုစုထွေး၏ ဘလောက်စ်အင်္ကျီတစ်ပိုင်း စုတ်ပါသွားသည်။

ဇော်ရှင်းသည် ချုံကွယ်မှ ခုန်ထွက်လိုက်သည်။

မြင်ကွင်းက အသည်းယားစရာ။

'ဟေ့ကောင် လွှတ်လိုက်'

သူ့အသံက မာနေ၏။ ထန်နေ၏။

မိုက်ကယ်သည်ဆတ်ခနဲ ဖြစ်သွားပြီး ဇော်ရှင်းကို မယုံနိုင်သလို ကြည့်သည်။ စုစုထွေးကလည်း အံ့ဩဝမ်းသာလွန်းသဖြင့် အသံထွက်လာသည်။

'ဇော်....ဇော်ရှင်း၊ မင်း ....အို . မုထွေးကို ကယ်ပါဦး....'

'ဩော်....မင်းကိုး၊ တိုက်တိုက်ဆိုင်ဆိုင် တွေ့မှ တွေ့တတ်ပလေကွာ၊ ဘာလဲမင်းတို့က ချိန်းမျှား ထားကြသလား'

ချုပ်ကိုင်ထားသောလက် ပြေသွားသည်နှင့် စုစုထွေးက မိုက်ကယ်ကို တွန်းပစ်လိုက်ပြီး လူးလဲထ၍ ဘာဘိုကာသီ ဖြစ်နေ



သည်ကိုပင် ဂရုမစိုက်နိုင်တော့ဘဲ ဇော်ရှင်းထံ ပြေးခဲ့ပြီး သူ့လက်မောင်းကို အားကိုးတကြီး ကိုင်မိသည်။

'ကဲ....မစုစုထွေး လုံလုံခြုံခြုံလေး ဖြစ်အောင် ဟောဟို ချုံကွယ်နောက် သွားပြီး ယုပ်လိုက်ဦး'

'အို....'

စုထွေးသည် ရှေ့ပိုင်းတစ်ခြမ်းလုံး စုတ်ထွက်နေသော ဘလောက်အင်္ကျီကို ငုံ့ကြည့်မိ၍ လက်နှစ်ဖက်ဖြင့် ယှက်ကာ လိုက်မိသည်။

သည်စဉ်မှာပင် မိုက်ကယ်၏ မခိုးမခန့် ရယ်သံနှင့်အတူ လက်က ဘောင်းဘီနောက်အိတ်ထဲသို့ နှိုက်လိုက်သည်။

'ရှက်စရာ ကောင်းလိုက်တာကွာ၊ ဟား....ဟား....သူဌေးသမီးက ကိုယ့်အိမ်က ခိုင်းတဲ့ အနှုတ်အစုတ်ကိုမျှား ထို....'

'ခင်ဗျား စကားတွေ လွန်ကုန်ပြီ ကိုမိုက်ကယ်'

ဇော်ရှင်းက အေးအေးဆေးဆေး ပြောလိုက်ပေမယ့် သူ့စိတ်ထဲတွင်တော့ ဒေါသခနဲ ဒေါပွသွားခဲ့၏။

'လွန်တော့ မင်းနဲ့ ဘာဆိုင်လဲကွ၊ မင်းနဲ့စုထွေးက ဘယ်လိုမျှား ပတ်သက်နေလို့ ဝင်ရှုပ်ချင်ရတာလဲ'

'မဆိုင်ပေမယ့် မိန်းကလေးတစ်ယောက် သဘောမတူဘဲ အတင်းအကျပ် အနိုင် ကျင့်တာကိုတော့ ကြည့်မနေနိုင်ဘူး၊ အဲ....ခင်ဗျားတို့ချင်း ချစ်ခင်စုံမက်နေရင်တော့ ဘာအရေးလဲဗျာ၊ ဟုတ်လား ကိုမိုက်ကယ်၊ ဒီတော့ ခင်ဗျား အေးအေးဆေးဆေး ပြန်ပါဗျာ'

'ဘာကွ.... မပြန်တော့ မင်းက ဘာလုပ်ချင်လို့လဲ'

မိုက်ကယ်က ဘောင်းဘီ နောက်အိတ်ထဲမှ မောင်းပြန်ဓားကို ဆွဲထုတ်လိုက်ပြီး အသွားကို ဖြောင်းခနဲ ဖွင့်တုတ်

www.burmeseclassic.com



လိုက်၏။ သည်အချိန်အထိ စုစုထွေးမှာ လက်ကလေးနှစ်ဖက် ယှက်ရင်း ဇော်ရှင်းနောက်တွင် ရပ်နေမိဆဲ။

'အဲ....မစုစုထွေး ခဏလေးနော်'

ဇော်ရှင်းက ခပ်တိုးတိုး နှစ်ကိုယ်ကြား ပြောလိုက်ပြီး မိုက်ကယ်ရှိရာသို့ အေးအေးဆေးဆေး လျှောက်သွားသည်။ မိုက်ကယ်သည် ရုပ်ရှင်ထဲမှ လူကြမ်းမင်းသားလို ဓားကို အဖြောင့်ကိုင်ရင်း ပေါင်နှစ်ချောင်းကို ကား၍ ခါးကိုကိုင်းထားသည်။

သည်မှာပင် မမျှော်လင့်သော သတ်ပုတ်ပွဲကလေး ဖြစ်လာ၏။ သို့သော် တစ်ဦးက လက်နက်မဲ့၊ တစ်ဦးကလက်နက်နဲ့....။

မိုက်ကယ်သည် အလုံးအထယ် မကောင်းသော်လည်း ဇော်ရှင်းထက် အရပ်ရှည်၏။ သူက ဇော်ရှင်းကို ဓားနှင့်ပတ်၍ ထွက်လိုက်တိုင်း ဇော်ရှင်းက နောက်သို့ ခုန်၍ ရှောင်ပေးသည်။ မိုက်ကယ်သည် ပတ်၍ အလစ်ချောင်းနေသလို ဇော်ရှင်းက အကွက်ကောင်းကို စောင့်နေသည်။

တစ်ချီတွင် ဓားသွားသည် ဇော်ရှင်း၏ လည်ပင်းနှင့် လက်မ အနည်းငယ်အလိုမှ ဝှီးခနဲ ဖြတ်သွားစဉ် ဇော်ရှင်းသည်။ ခုန်၍အဆုတ်လိုက် သစ်ငုတ်တိုတစ်ခုကို တိုက်မိ၍ ပက်လက်လဲကျသွားသည်။

'အို....'

စုစုထွေးက အလန့်တကြား အော်မိသည်။

မိုက်ကယ်သည် ဓားကို ဆုပ်၍ ပြောင်းကိုင်လိုက်ပြီး ဇော်ရှင်းအပေါ်သို့ ခုန်အုပ်လိုက်ရာ ဇော်ရှင်းက 'ယား'ခနဲအော်လိုက်၍ ကိုယ်ကို ဘယ်ဘက်သို့ လှည့်ရင်း ညာခြေဖျားဖြင့် မိုက်ကယ်၏ ဆီးခုံသို့ ဝိုက်၍ ကန်ထည့်လိုက်သည်။ အင့်ခနဲ



အသံနှင့်အတူ မိုက်ကယ်သည် မြေကြီးကို နမ်းမိလျက်သား ဖြစ်သွား၏။ လက်ထဲမှ ဓားလည်း လွင့်ထွက်သွားသည်။ ဇော်ရှင်းသည် ဖုတ်ဖက်ခါ၍ အေးအေး ဆေးဆေး ထလိုက်သည်။

သို့စဉ်ဘိုင်အောင် မိုက်ကယ်သည် ဆီးစပ်ကို လက်နှစ်ဖက်ဖြင့် နှိပ်ရင်း ကုန်းကုန်းကြီး ထလာသည်။ သူ့မျက်နှာတစ်ခုလုံး မရှုမလှ ရှုံ့လို့လိမ်လို့။

ဇော်ရှင်းက မိုက်ကယ်ခန္ဓာကိုယ် မတ်မလာခင် လည်ကုပ်ကို လက်ဝါးစောင်းဖြင့် ခပ်ဆဆကလေးမှန်း၍ ခုတ်ထည့်လိုက်ရာ ဒုတ်ခနဲ အသံနှင့်အတူ ပုံကျသွားသည်။

'ကိစ္စပြီးပါပြီ၊ မစုစုထွေး'

အဖြစ်အပျက်ကို တအံ့တသြ ငေးမော ကြည့်ရင်း ကြက်သေသေနေသော မစုစုထွေးကို ပြောလိုက်သည်။ စုစုထွေးသည် သူမ၏ အဖြစ်အပျက်ကို ယခုမှပြန်၍ စဉ်းစားမိသလို သိမ့်သိမ့် ဝမ်းနည်းလာ၏။ ရှက်လိုက်သည်မှာလည်း ပြောစရာမရှိ။

ငင်စစ် သူမသည် အားနွဲ့သည့် မိန်းမသားပေမင့် စိတ်ဓာတ်ရှိမာသည်။ ထန်သည်။ မာနတံခွန် ထူနေသည်။ တကယ်ဘဝမ်းတွင်မူ မိန်းမသားသည် မိန်းမသား ပါပဲ သား။

စုစုထွေး၏ မျက်လုံးအိမ်သည် မျက်ရည်များနှင့်ပြည့်လာသည်။ သူ ရေတိမ်နစ်တော့မလို့၊ ဘဝ ဆုံးတော့မလို့ သူ့ဘာရင် အခုချိန်ဆို....

'အိ' ခနဲ ရှိုက်လိုက်သံနှင့်အတူ စုစုထွေးသည် ဇော်ရှင်းရင်ခွင်သို့ ပြေးဝင်ပြီး ငိုချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပဲ ဒါပဲ....မိန်းမသား ဆိုသည်မှာ ဒါပါပဲလေ။ ဘယ်လောက် ဟန်ဆောင် ကောင်းနိုင်ခဲ့ပေမယ့် ပေါက်ကွဲပြီ ဆိုတော့ ကိုယ့်ကိုယ်ကို မထိန်းနိုင်လေတော့ မိန်းမ ဆန်လွန်းလိုက်တဲ့ စုစုထွေးပါပဲ။

'မငိုပါနဲ့တော့ စုစုထွေးရယ်၊ အရာရာဟာ ပြီးခဲ့ပြီပဲကလား'

'စုထွေး ရှက်လိုက်တာ၊ စုထွေး ငိုချင်လိုက်တာ ဇော်ရှင်းရယ်၊ မင်း သာမလာရင် စုထွေး ဘဝတော့....'

စုစုထွေးက ဇော်ရှင်းကို ဖက်ထားသည်။ သူမ မျက်နှာကိုလဲ ဇော်ရှင်း ရင်ခွင်တွင် ကပ်ထားသည်။ ဇော်ရှင်းသည် စုစုထွေး၏ ကျောပြင်ကို ခပ်ဖွဖွ ဖက်ထားမိသည်။

'ပြောမနေပါနဲ့တော့ မစုစုထွေးရယ်၊ တဲ....ပြန်ရအောင်လေ....'

သည်တော့မှ မျက်ရည်စတွေနှင့် ဇော်ရှင်းကို မော့ကြည့်ရှာသည်။

ဇော်ရှင်းက ပြုံးပြ၍ သူမနဖူးကို အသာလေးနမ်းလိုက်မိပါသည်။ မျက်ရည်စတွေ လျှံနေသော စုစုထွေး၏မျက်နှာဝန်းအစုံတွင် အပြုံးရိပ်တစ်ခု ထင်ဟပ်လာပါပကောလားကွယ်။

စကားမပြောကြဘဲ မျက်လုံးချင်း ကူးလူးဖလှယ်ကြသည်။

ဒါလောက်ဆိုရင် လုံလောက်ပါပြီ၊ ယခုတော့ ပြိုင်တူပြုံးကြပြီမို့လား။

'ပြန်ရအောင်'

'သူကိုရောဟင်....လက်လွန်များ သွားပလား၊ ဇော်ရှင်းအတွက် စိုးရိမ်လို့ ပြောတာနော်'



'မလွန်ပါဘူး၊ ဆယ့်ငါးမိနစ်လောက်ဆို ပြန်သတိရလာမှာပါ၊ သူ့ကားပေါ် တင်ထားခဲ့တာပေါ့၊ ရော့ ဇော်ရှင်း ဂျာကင် ဒါဝတ်ခဲ့'

'အို....ဟယ်....ရှက်လိုက်တာ'

'ကို.... ဟိုဘက် လှည့်နေမယ်'

'အင်း....အင်း လှည့်မကြည့်နဲ့နော်'

'ကြည့်မှာပဲ'

'အိုကွာ.... ဇော်ရှင်းကလဲ ခဏလေးနော်.... ခဏလေး'

စုစုထွေးက ရှေ့ပိုင်း တစ်ခုလုံး စုတ်ပြတ်နေသော ဘလောက်စ် ပေါ်မှ ဇော်ရှင်း၏ ဂျာကင်ကို ထပ်၍ ဝတ်လိုက်ပြီး ဇစ်ကို ဆွဲတင်လိုက်သည်။

'ကဲ....ပြီးပြီ'

ယခုတော့ စုစုထွေး အမူအသွင်က ကလေးဆန်လွန်းနေပြန်၏။ ခါးကလေးထောက် ရင်ကလေးမောက်၍ မခို့တရို့လေး ရပ်ပြသည်။ ဇော်ရှင်း စုစုထွေးကို ထပ်၍ ချစ်သွားမိပြန်ပါသည်။ ပြီးတော့ သူမက စ၍ ပြောသည်။

'သွားစို့လေ....'

'ဒီပုံနဲ့ မြစံပယ်မြိုင်ကို ပြန်မယ် ဟုတ်လား'

'အိုး....ဒီအတိုင်းပြန်ရင် မေမေက အရှင်ထားမတဲ့လား 'နန်းရှေ့' မှာ စုထွေးနဲ့ သိပ်ရင်းနှီးတဲ့ သူငယ်ချင်းရှိတယ် ဇော်ရှင်း၊ စုထွေးက အဲဒီအိမ်မှာ စောင့်နေမယ်၊ ဇော်က "မြစံပယ်မြိုင်" ကို သွားပြီး မနီဆီက စုထွေးအင်္ကျီ တစ်ထည် ယူပေးပါ။ ဒါဆို ပြေလည်ပါတယ် ဇော်'

ဇော်ရှင်း အံ့ဩရလေသည်။

သူကို ဇော်ရှင်းဟု ခေါ်ရာမှ ဇော်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



‘ဘာပြောတယ် မစုစုထွေး’

‘အော်… ဇော်နဲ့ စုထွေး ပြန်ကြရအောင်လို့’

ဇော်ရှင်းရင်တွင် သိမ့်သွားသည်။ ငြိမ့်သွားသည်။

ဇော်ရှင်းသည် မိုက်ကယ်၏ ခန္ဓာကိုယ်ကြီးအား ဆတ်ခနဲ မ၍ ပုခုံးထက်သို့ မတင်လိုက်သည်။ စုစုထွေး အံ့သြသွားရသည်။

‘သူ့ကို ကားထဲမှာ ထည့်ထားခဲ့မယ် မစုစုထွေး’

စုစုထွေးက သက်ပြင်း လေးလေး ကိုသာ ချလိုက်မိပါသည်။ ဩော်….လူငယ်သလောက် သဘောထားပြည့်ဝသည့် ဇော်ရယ်။

လုံခြုံရေးမှူး ကိုဝဏ္ဏသည် တောစပ်မှ ထွက်လာသော ဇော်ရှင်းတို့ကို မယုံနိုင်သလို ကြည့်နေသည်။

သူ ထင်သည်က တစ်မျိုး။

မြင်ရသည်က တစ်ဖုံ။

အစပထမတော့ ဂျစ်ကိုနောက်ပြန်ဆုတ်၍ ဇော်ရှင်း ဝင်သွားသည့် နေရာသို့တိုင် ပြန်လာခဲ့သည်။ မိုက်ကယ်၏ ကားရပ်ထားသောနေရာ ရောက်တော့ အသိုလို ပြုံးမိရက်သား ဖြစ်ရသည်။

အတော် ဝါသနာပါတဲ့ ကောင်လေး။ သူများ သမီးရည်းစား ချိန်းတွေ့တာ ချောင်းချင်တယ်ဟုတောင် တွေးမိရင်း လေတချွန်ချွန်။ စီးကရက်တဖွာဖွာနှင့် ကားကို လမ်းဘေးထိုး၍ စောင့်ခဲ့သည်။ စီးကရက် ငါးလိပ်ကုန်သည်အထိ ကိုယ်တော်မြတ်ကလေးက မပေါ်လာ။ ဒီတော့ ကိုဝဏ္ဏ အနေဖြင့် ကျွမ်းမြီးတိုလာသည်။ ထားပစ်ခဲ့မည် ဆိုပြန်တော့



…သည်း ဇော်ရှင်း၏ ပစ္စတို နှင့် “တယ်လီစကုတ်” က သူ့ ဂျစ်ကားပေါ်တွင် ရောက်နေသည်။

သည်တော့ စိတ်ရှည်ရှည်ထား၍ စောင့်ခဲ့၏။ သည်ကောင် …လေးကိုစ၍ မြင်တွေ့ကတည်းက ခင်မင်မိသည့် စိတ်ကလဲ …မိလေသကိုး။

ဟော….

လာပါလေပြီ။

လာတော့လည်း သူက အင်္ကျီ ဗလာဖြင့် သမ်းသရဲပုံစံ …ရှုယ်ဘစ်ယောက်ကို ထမ်းလာသည်။ သူ့နောက်က သိပ်လှ …သဲ့ အမျိုးမလေးတစ်ယောက်က သူ့ဂျာကင်ကို ဝတ်လို့။

သည်အကောင် ဘာတွေလုပ်လာပြန်ပတုံး။

ခပ်စောစော “ဘုန်းတော်ဘိုး” စက်ပစ်ကွင်းတွင် သူ့ …စ်ချက်တွေကို အံ့သြရသလို ယခုလည်း ကိုဝဏ္ဏ အံ့သြရ …ပြန်ပါလေပြီ။

‘ဘယ်လို ဖြစ်တာလဲ…. ဇော်ရှင်း၊ ငါတော့ တစ်ရေး …တောင် ရလုမတတ်ပဲ’

‘နောက်မှပြောမယ်အစ်ကိုရေ့….လာစမ်းပါဦး။ ဒီငနဲ့ရဲ့ …ကားကို ဖွင့်စမ်းပါအုံး’

ကိုဝဏ္ဏက မိုက်ကယ်၏ ကားတံခါးကို ဖွင့်ပေးလိုက် …သည်နှင့် သူ့ခန္ဓာကိုယ်ကြီးကို ကားထဲသို့ ပစ်သွင်းလိုက်၏။ …စုထွေးသည် ဇော်ရှင်းဘေးတွင် ကုပ်ကုပ်ကလေး ရပ်နေ …သည့်တိုင်အောင် လှပနေဆဲ။

‘လာ….မစုစုထွေး၊ ဘာမှအားမနာနဲ့၊ ဒါ ကိုယ်နဲ့ ညီ အစ်ကိုလို ခင်တဲ့ ကိုဝဏ္ဏတဲ့၊ အစ်ကို ဒါ မစုစုထွေးလေ၊ …မြစ်ပယ်မြိုင်က’

www.burmeseclassic.com

www.burmeseclassic.com



ကိုဝဏ္ဏသည် ဖြည်ဆူရဲတပ်ဖွဲ့မှ ဒုလုံခြုံရေးမှူး တစ်ယောက်အဖြစ်၏ ကြုံတွေ့နေရသည်ကလည်း သက်ာမကင်းဖွယ် ကောင်းလှသည်။

ဒီကောင်လေး ဘာတွေလုပ်ခဲ့လေသနည်း။

စုစုထွေးသည် ဂျစ်ကား၏ နောက်ခုံသို့ ရောက်သွားပြီး ဇော်ရှင်းက ရှေ့ခုံတွင်နေရာယူမိသည့်တိုင်အောင် ကိုဝဏ္ဏက 'စတတ်တာ'ကို နှိပ်ဖို့ စိတ်မကူးသည့် အပြင် ကားသော့ကို ပိတ်၍ အိတ်ထဲ ထည့်လိုက်သည်။

'မင်းလုပ်လာတာတွေ အစ်ကို ဘာမှ မသိရခင် ဟောဒီ နေရာက ဘီးလိမ့်မှာ မဟုတ်ဘူး ဇော်ရှင်း၊ ဟို ကားထဲက သတိမေ့နေတဲ့ လူကရော ဘယ်သူလဲ'

ဇော်ရှင်း ရင်မောသွားရ၏။

ဒါကို စုစုထွေးကလည်း ရိပ်စားမိပါသည်။ ဇော်ရှင်းသည် သူမ၏ သိက္ခာကိုငဲ့၍ နှုတ်ဆွံ့နေသည် စုစုထွေးရိပ်မိသည်။ သည်လိုနေရာမျိုးတွင် စုစုထွေး သတ္တိတွေက ဘယ်က ဘယ်လို ပေါ်လာလည်းတော့ မသိ။

'ဒီလိုပါ အစ်ကို'

စုစုထွေးက အဖြစ်အပျက်ကို အတိုခြုံး၍ ရှင်းပြလိုက်သည်။ ဒါပေမယ့် မုသားတော့ပါ၏၊ ဒါမှလည်း လက်ာချောမည် မဟုတ်လား။

မိုက်ကယ်နှင့် ကားစီး လေညင်းခံရန် မန္တလေးတောင် တစ်ပတ် ပတ်ကြစဉ် မိုက်ကယ်က အနိုင်အထက်ပြုသည်။ ဇော်ရှင်း ရောက်လာသည်။ သူမကို ကယ်တင်သည်။ ဒါလောက်ပဲ။

'နို့....ငါ့ညီက ဒီကားကို သိနေလို့လား'



'ဟုတ်တယ်အစ်ကို....ဒီကားက မြစံပယ်မြိုင်ကို လာနေကျ စလုံး ခြောက်နှစ်နှစ်ကိုးလေ'

'အင်း....ငါ့ညီတို့ စကားအရဆိုရင် ဒီကောင် အတော်သွန်တာပဲ၊ သူ့ကို ညီပလေးအနေနဲ့ ဘယ်လို အရေးယူချင်သလဲ'

'အိမ်ကသိမယ့် ကိစ္စတွေကို စုစုထွေး ဘာမှ မလုပ်ချင်ပါဘူး အစ်ကို....'

စုစုထွေးက ကမန်းကတန်း ပြောသည်။

'ဟုတ်တယ် အစ်ကိုယက္ခ၊ ဒီကောင်ဆယ့်ငါးမိနစ်အတွင်း သတိရလာမှာပါ။ ကျွန်တော့်လက်ဆကို ကျွန်တော် ယုံပါတယ်'

ကိုဝဏ္ဏက စတတ်တာကို နှိပ်လိုက်သည်။ ဂီယာထိုးသည်။ သီဗာကိုဖိသည်။ ကားသည် လေးဘီးစလုံးလည်၍ မှိုင်းညို့နေသော မန်းတောင်ရိပ်မှ ပြေးထွက်လာ၏။

နေလည်းဝင်တော့မည်။

ညနေသည် ညင်းသိမ့်သော လေပြည်တောတွင် နစ်မြောနေ၏။ ဟိုမှာဘက် ရန်ကင်းတောင်၊ သည်မှာ ဘက်တွင် မန်းတောင်၊ ဟောသည်ကတော့.... ပြအိုး, မျှော်စင်, ပစ္စင်, ရင်ကား, တံတိုင်းများနှင့် ခန့်ထယ်နေသည်။ နန်းပတ်လည် ကျုံးတော်ရယ်ပေါ့။

ကြာတွေက စိမ်းနေသလို ကျုံးရေက မြနေသည်။

ကိုဝဏ္ဏသည် လှပသော ညနေခင်းတွင် ချစ်စရာကောင်းသော ဆယ်ကျော်သက် အရွယ် ကောင်လေး တစ်ယောက်နှင့် ကောင်မလေး တစ်ယောက်ကို သူ့ဂျစ်ကားနှင့်

www.burmeseclassic.com

www.burmeseclassic.com

တင်ခေါ်ခဲ့၍ နန်းရှေ့ရပ်ကွက်ရှိ အိမ်တစ်ဆောင် ရှေ့တွင် ချပေးခဲ့၏။

သို့ပေမယ့် သူ့တာဝန်က ကျန်လေသေးသည်။

မန်းတောင်ရှေ့တွင် ကင်းလှည့်ပြည်သူ့ရဲကားတစ်စင်းကို လွှတ်၍ အခြေအနေကို စူးစမ်းရဦးမည်။ ဒါမှလည်း ပြည်သူ့ရဲတစ်ယောက် အနေဖြင့် တာဝန်ကျေမည် မဟုတ်ပါလား။

## အခန်း (၁၄)

'ဟော့....ဖက်တီးမ'

'ဟယ်....မိစု၊ နင် ဘယ်လို'

စုစုထွေး၏ အရင်းနှီးဆုံး သူငယ်ချင်း မြတ်မှာ စုစုထွေး နောက်မှ အင်္ကျီ ကိုယ်တုံးလုံးနှင့် ဇော်ရှင်းကို မြင်၍ ပါးစပ် ဟောင်းလောင်း ဖြစ်သွားသည်။ ပြီးတော့ စုစုထွေး ကိုယ်ပေါ်တွင်လည်း အပြာရောင် ဂျင်း ဂျာကင်နှင့်။

'ကဲ....ဖက်တီးမ နောက်မှ သိချင်တာတွေ မေး၊ စုထွေး အားလုံး ဖောက်သည် ချမယ်၊ အခု အိမ်မှာ ဘယ်သူ ရှိသလဲ'

'ဘယ်သူမှ မရှိဘူး၊ ဒေါ်လေးက နဂါးရိပ်သာ၊ ဦးလေးက ဘုရားကိုးဆူ'

လွင်လွင်က မျက်လုံး အဝိုင်းသားနှင့် ဖြေသည်။

'ဒါဖြင့်....အတော်ပဲ စုမထွေး ဒုက္ခရောက်လာလို့ ဖက်တီး ရယ် ကူညီပါဦး၊ ညည်းကလဲ ပုတ်လေသား ဝနေတော့

www.burmeseclassic.com

www.burmeseclassic.com



ညည်း အင်္ကျီတွေကို စုထွေး ဝတ်လို့ ဖြစ်မှာ မဟုတ်ဘူး ကွာ'

'ဟောတော့'

မြတ်သည် စုစုထွေး လင်နောက် လိုက်ပြေးလာပြီဟု အ... အကျ တွက်ဆလိုက်သည်။ ဒါကို ဇော်ရှင်း ရိပ်မိ၏။ ပြီး... နာမည် လှသလောက် ဝလွန်းသော မြတ်ဆိုသည့် စုစုထွေး... သူငယ်ချင်း ဖက်တီးမကို ကြည့်ရင်း ရယ်ချင်လာသည်။

'အိုကွာ....ဖက်တီးမကလဲ၊ ကဲ....စုထွေး နောက်မှ ပြော... ပါမယ်'

စုထွေးသည် မျက်နှာ ပူပူဖြင့် ဇော်ရှင်းကို ကြည့်ရင်း...

'ဇော်....မနီဆီကို သွားပြီး စုထွေး အခန်းထဲက ကြည်ပြာ... ရောင် ဘလောက်စ် အင်္ကျီကို မေမေ မသိအောင် ပေးလိုက်... ပြောနော်၊ ဒီနေ့ အပြင်ထွက်လာတာ မေမေ သိတယ်... စုထွေး ကြည်ပြာရောင် ဘလောက်စ်ကို ဝတ်သွားတာ... မေမေမြင်တယ်၊ စုထွေးမှာ ဒီအင်္ကျီမျိုး နှစ်ထည် ရှိတယ်... ဇော်'

ဇော်ရှင်းက သက်ပြင်းကို ခပ်ပြုံးပြုံးပင် ချလိုက်မိ... သည်။

မည်သို့ပင် ဆိုစေကာမူ ရှုပ်ကြယ်ကို ဆွတ်ရသလော... တော့ ခဲယဉ်းမည် မထင်။

'သွားနော် ဇော်၊ စုထွေးလေ ဒီက စောင့်နေမယ်'

'ကောင်းပါပြီ....မစုစုထွေး၊ ကျွန်တော် ဖြစ်အောင် စီ... ခဲ့ပါမယ်'

ဇော်ရှင်းက ချာခနဲ လှည့်ထွက်ခဲ့သည်။



ဖက်တီးမသည် မျက်လုံး ပြူးနေ၏။ တစ်ယောက်က 'ဇော်'တဲ့ 'စုထွေး'တဲ့၊ တစ်ဦးက 'ကျွန်တော်'တဲ့ 'မစုစုထွေး' တဲ့။

'ဟေး....စုထွေး၊ နင်တို့ဟာတွေက ဘယ်လိုတွေလဲ'

'ဟွန်း....ဘာမဆို ညည်း မသိချင်တာ ဘာမှ မရှိဘူး၊ ... ထာ....အထဲကျမှ ဇာတ်စုံခင်းမယ်၊ လူမှာဖြင့် ဒုက္ခရောက်လို့ သေချင်ရတဲ့အထဲ သူက တစ်မှောင့်....ကဲ'

စုစုထွေးက မြတ်၏ ပေါင်တွင်းကြောကို ဒေါ်ပွပွနှင့် ဆွဲလိမ်ရင်း အိမ်ထဲသို့ ဆွဲခေါ်သွားသည်။

ဇော်ရှင်း မြစ်ပယ်မြို့သို့ရောက်တော့ မှောင်ပြီ။လင်းပြီ။ နေသည် လုံးဝ ပျောက်သွား၍ မှောင်လာပြီး နီယွန်မီးတွေ ထိန်ထိန်ညီးနေသည်။ ဇော်ရှင်းသည် မြို့ထဲသို့ လူရိပ် လူခြည် ကြည့်၍ ခပ်ကုပ်ကုပ်ကလေး ဝင်ခဲ့သည်။ မည်သူ့ကိုမျှ မတွေ့ ရ၊ ညှိခန်းတွင် မီးလင်းလို့နေသည်။

ဇော်ရှင်းသည် တိုက်ကြီးကို ပတ်၍ ကိုဒွေး နေသော တန်းလျားဆီသို့ ရောက်သွား၏။ သူ့ရင်ထဲတွင် ဘဝင်ကျ သွား၏။ တမမ ဖြစ်နေသော ရင်ကို အသက် အားရပါးရ ရှူသွင်းလိုက်ပြီး တင်ပျဉ်ခွေ၍ လက်ဖက်ရည်ကြမ်း သောက်နေသော ကိုဒွေးထံ ဇွေ့ခနဲ ရောက်သွား၏။

'ဟဲ့....ကောင်လေး၊ ဘယ်လိုဖြစ်လာတာလဲကွ ဟေ'

ကိုဒွေးက အလန့်တကြား မေးသည်။

'မီး....မီးလောင်လာလို့ ကိုဒွေးရ'

'ဘယ်သူ တက်ရှို့တာလဲ'

'ကျွန်တော်'

'ဟေ'

www.burmeseclassic.com

www.burmeseclassic.com



'ဟေမနေနဲ့၊ ကျွန်တော့်ကို ကူညီစမ်းပါဦး'

ဇော်ရှင်းက အဖြစ်အပျက်ကို အတိုခြုံး၍ ကိုဒွေးအား အစီရင်ခံလိုက်သည်။

'မင်းလုပ်လိုက်မှဖြင့် ဒုက္ခချည်းပဲ၊ ကဲ....ငါက အခု ဘာ လုပ်ပေးရမလဲ'

ဇော်ရှင်းက စုစုထွေး မှာလိုက်သည်များကို ပြောပြသည်။

'အဲဒါပဲဗျာ....အခု အိမ်မပြန်ဝံ့ ဖြစ်နေလို့ သူ့ဒိတ်ချေ တစ်ယောက် အိမ်မှာ နေခဲ့တယ်၊ မနီက တစ်ဆင့် သူ့အခန်း ထဲက ကြည်ပြာရောင် ဘလောက်စ်အင်္ကျီကို ဘယ်သူမှ မသိ အောင် ယူခိုးလိုက်လို့ပါ၊ ကူညီပါဦး ကိုဒွေးရာ၊ မနီ ခင်ဗျား မီးသေတယ် မဟုတ်လားဟင်'

'ဒုက္ခပါပဲကွာ'

သူ့စကားဆုံးသည်နှင့် ကိုဒွေးက သက်ပြင်းရှည်ကြီး ချ ညည်းတော့သည်။

'ကဲ....ခဏစောင့်ဦး၊ မနီ နောက်ဖေး မီးဖိုထဲ ရှိမလား မသိဘူး'

ကိုဒွေး ထွက်သွားသည်နှင့် ဇော်ရှင်းသည် ရင်တမမ ဖြင့် စောင့်နေသည်။ ဆယ်မိနစ်ခန့် အကြာတွင် စက္ကူထုပ် ကလေး တစ်ခုနှင့် ကိုဒွေး ကသောကမြော ရောက်လာသည်။

'ရခဲ့လား'

'အေး.... ဒါပေမယ့် မြွေပွေးလျှာကို အယားဖျောက်ပေး ရတာ ထက်တောင် ခက်သေးတယ်....ဟူး'

'ကဲ...ကိုဒွေးရေ နောက်မှပြော၊ ကျွန်တော်လစ်ဦးမယ်'

'ကွဲ....ကွဲ'

ဇော်ရှင်း သုတ်ခြေတင်ခဲ့သည်။



စုစုထွေးကလည်း ရင်တမမဖြင့် စောင့်နေရှာသည် မို့ကြောင့်ပင် ထွားသောရင်သည် ပို၍ စွင့်နေဟန်တူသည်။

'ပါခဲ့လား ဇော်....'

'အင်း....'

'အမယ်လေး....ဝမ်းသာလိုက်တာ ဇော်ရယ်'

စုစုထွေး နှင့် မြတ်သည် ဇော်ရှင်း လက်မှ အထုပ်ကို ရတနာထုပ်ကလေးကဲ့သို့ ဝမ်းသာအားရကိုင်ရင်း အိမ်ခန်း ထဲသို့ ဝင်သွားသည်။ ဇော်ရှင်း အနေဖြင့်လည်း ယခုမှ သက်မ ချနိုင်တော့သည်။

'ဟော....တော့'

သက်မချလို့ ခေါင်းမကျခင် ဖက်တီးမ၏ "ဟောတော့" အသံက ကျယ်ကျယ် လောင်လောင် ထွက်ပေါ်လာပါသည်။ ဘာတွေများ ဖြစ်ကုန်ပါလိမ့်။

'ကြည်ပြာရောင် ဆိုမှ နီလာရောင်ချည်းတော့၊ မိစုရယ် ညည်းလူ လုပ်လိုက်မှဖြင့် တလွဲချည်းပါလား ဟယ်'

မြတ်စွာဘုရား....

ဇော်ရှင်းသည် စိတ်ထဲမှ ဘုရား တ,လိုက်မိသည်။

ကိုဒွေး နှင့် မနီ တစ်ယောက်ယောက်တော့ မှားလေပြီ။ ကြာမီ မစုစုထွေးသည် နီလာရောင် ဘလောက်စ်ကို ဝတ်၍ ဇော်ရှင်း၏ ဂျာကင်ကို ကိုင်ရင်း ထွက်လာသည်။

'ကျွန်တော် ကြည်ပြာရောင်လို့ အသေအချာကို ပြောခဲ့ တယ် မစုစုထွေး'

စုစုထွေးက ပြုံးနေသည်။

'ဇော်ရယ်....အခုမှတော့ မထူးတော့ပါဘူး အင်္ကျီရလာ တာ တော်သေးတာပေါ့၊ ခုါလောက်တော့ အခြေအနေ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး မေမေ့ကို စုထွေး ဖြီးနိုင်ပါတယ်၊ ကဲ....လာ၊ သွား ခုနှစ်နာရီ တောင် ထိုး တော့မယ်၊ သွားမယ်ကွာ "ဖက်တီးမ" ညည်း ကျေးဇူးမမေ့ပါဘူးကွာ'

'တော်ပါ မိစုရယ်၊ ညည်း တို့သာ ပြေ လည် အောင် လုပ်ကြပါ။ ပြေလည်လို့ရှိရင်လဲ ရေခဲမုန့် သုံးခွက်နော်'

ဖက်တီးမစကားကြောင့် စုစုထွေးသည် ဇော်ရှင်းရှေ့တွင် မျက်နှာ မထားတတ်တော့။

ဇော်ရှင်းက အရှက်ပြေစေရန် ရယ်သွမ်းသွေး ပစ်လိုက် ရ၏။

သည်လိုဖြင့်....

လက်ချင်းယှက်၍ လျှောက်ခဲ့ကြသည်။ စကား မဆိုဖြစ် ကြသော်လည်း ရင်ထဲက သိနေကြသည်။ "မြစံပယ်မြိုင်" နှင့် နီးလာသောအခါ လက်တွဲ ဖြုတ်ရတော့မည်မို့ နှစ်ဦး စလုံး ရင်ခုန်မိလေသည်။

'ဇော်....ဇော်ရှင်း'

'ဟင်....မစုစုထွေး'

'ဘာမှလဲ မပြောပါလားကွယ်'

'ပြောချင်တာတွေက ရင်နဲ့ တစ်လုံးမို့ မပြောတာပါ'

'စုထွေး....ဇော့်ကို ကျေးဇူးတင်ပါတယ်'

'ဒါပဲလား၊ မစုစုထွေးရယ်'

'ပြီးတော့....ဟို'

'ကျွန်တော့်ကို မစုစုထွေး တကယ်ပဲ ချစ်တာလား ဟင်'

ထနောင်းပင်ရိပ် အမှောက်အောက်တွင် နှစ်ယောက် သား မျက်နှာချင်းဆိုင် ရပ်မိကြသည်။

'ဇော်ကရော စုထွေးကို....'



ဇော်ရှင်းသည် စုစုထွေးကို အားရပါးရ ညှစ်ပွေ့လိုက် း အနမ်းမိုးတွေ ရွာနေသည်၊

'ကျွန်တော် မစုစုထွေးကို ချစ်ပါတယ်၊ ဒါပေမယ့်.... ာင့်အဘန်းချင်းက....'

စုစုထွေး လက်က ဇော်ရှင်း ပါးစပ်ကို ကမန်းကတန်း ်လိုက်သည်။

'အို....ဒါတွေ မသိုပါဘူးဇော်၊ စုထွေး ဇော့်ကို ချစ်တယ် ှင် ဇော် ကျေနပ်တော့ ဟုတ်လား၊ ကဲ....စုထွေး သွား ်နော်၊ အိုကွယ်....ဟင့်'

စုစုထွေး နှုတ်ခမ်းအိအိလေးမှာ တဖဂ် ပိတ်သွားရ၏။ လောကကြီးကိုလည်း ခေတ္တမျှ မေ့သွားသလို့ရှိသည်။

ထိုသည့်နောက်....

စုစုထွေးသည် မှားနေသော အသက်ရှူခြင်းကို သက်ပြင်း ြင့် အဆုံးသတ်ရင်း ဇော်ရှင်းရင်ခွင်မှ မချင့်မရဲ ရုံးထွက် က်ရပါသည်။

"သွားတော့မယ် ဇော်၊ စုထွေးမောလာပြီ သိလား'

'ဟုတ်ကဲ့ မစုစုထွေး'

စုစုထွေးတစ်ယောက် အမှောင်တွင်းမှ ထွက်၍ မြစံပယ် င် ခြံကြီးရှိရာ ဝင်းလက်တောက်ပသောနီယွန်မီးများဆီသို့ ျှောက်သွားချိန်တွင် ဇော်ရှင်းသည် ထနောင်းပင်မြစ်ပေါ် ် ထိုင်၍ အမှောင်တွင်း၌ ကျန်ရစ်သည်။

လောကတွင် မထင်မှတ်တာတွေ မမျှော်လင့်တာတွေနှင့် ်ဆိုင်လာရသောအခါ လူသည် ဘဝကို တအံ့တသြ ရှိလာ ၏။ သို့ကလိုပင် မမျှော်လင့်ဘဲ တစ်နေ့ဘာတွင်း တွေ့ဆုံ

www.burmeseclassic.com

www.burmeseclassic.com



ကြုံကြိုက်ခဲ့ရသဖြင့် ဇော်ရှင်းသည် သူ့ဘဝ သူ အံ့ဩလွှမ်း
နေသည်။

ဟုတ်မှဟုတ်ရဲ့လား၊ အိပ်မက်များလေလား ဟု ဆန်းစ
မိပြန်တော့ ချိုမြိန်ရှိမ်းမြသော စုထွေး၏ ယန့်သည် သူ့နှ
ခမ်းတွင် စွဲထင်ကျန်ရစ်ခဲ့တုန်းပင်။

သို့ပေမယ့် သူ ဝမ်းမသာ။

ရွှင်လန်းတက်ကြွမှုလည်း မရှိ။

ဘာကြောင့်ရယ်လို့အဖြေရှာမရသော်လည်း သူ့အနေဖြ
စုစုထွေးကို မြတ်မြတ်နိုးနိုး ချစ်လေသည်ကိုတော့ဖြင့် ဝန်ခံ
မည်သာ ဖြစ်ပါသည်။

စုစုထွေးသည် စိုးထိတ်သော ရင်နှင့် မြစ်ပယ်မြိုင် ခြံကြီး
ထဲသို့ ဝင်ခဲ့သည်။

ဘုရားသိကြား မ လို့ မေမေနှင့် မတွေ့ပါစေနှင့်ဟုလည်း
ဆုတောင်းမိသည်။ ညှို့ခန်းထဲတွင် မီးလင်းနေသော်လည်း
တစ်စုံတစ်ယောက်ကိုမျှ မတွေ့ရ။ ယခုမှ သက်ပြင်းချနိုင်တော့
သည်။ သူမသည် သံဆွဲတံခါးကို ဆွဲဖွင့်လိုက်သည်။ အတွင်းမ
သော့ခတ်ထားသည်ကို တွေ့လိုက်ရသဖြင့်လည်း သေချာ
'အောင် စိတ်ပျက်သွားသည်။ တစ်ခါတစ်ရံ သည်လိုပဲ တံခါး
သော့ခတ်ထားတတ်သည်။

အခါတိုင်းဆိုလျှင် လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်
ဖြင့် မနီ လာ၍ တံခါးဖွင့်ပေးတတ်ပါ၏။ ယခုမူ အခါတိုင်း
နှင့် မတူ၊ အကယ်၍များ မေမေ ထွက်လာမှဖြင့်....

စုစုထွေးသည် လက်ပွေ့အိတ် အဖြူကလေးကို ဆွဲ
တိုက်ကြီးဘေးမှ ပတ်ပြီး တိုက်နောက်ဖေးသို့ ခပ်သွက်သွက်
လျှောက်ခဲ့သည်။ တံခါးဘေးတွင်ရပ်၍ အသံဗလံကို နားစွင့်



ကြည့်သည်။ စိတ်ချလောက်ပြီ ထင်တော့မှ တံခါးကို အသာ
တွန်းဖွင့်လိုက်ပြီး ထမင်းစားခန်းထဲသို့ ဝင်လိုက်၏။

'စုထွေး....သမီး'

'ဟင်....မေမေ'

မေမေ့ကို ထမင်းစား စားပွဲတွင် ထိုင်လျက် တွေ့ရသည်။
မနီသည် မေမေ့နောက်ဘက်တွင် ရပ်ရင်း ဇက်ကြော ဆွဲပေးနေ
သည်။ မေမေ့ ရှေ့တွင်တော့ စားလေ့ စားထရှိသည့် အရိုး
ဘောင်း လက်ဖက်ပန်းကန် ရှိနေသည်။

'သမီး....မိုးချုပ်လှချည်လားကွယ်၊ ဒါနဲ့ မိုက်ကယ်ရော၊
သမီးကို ဘယ်သူ လိုက်ပို့သလဲ၊ ကားသံလဲ မကြားပါလား၊
အချိန်ကြီး တစ်ယောက်တည်း ပြန်လာရသလားဟင်'

'သမီး လမ်းထိပ်ကပဲ ဆင်းလျှောက်ခဲ့တာ မေမေ'

စုစုထွေးက ပျက်နေသော မျက်နှာကို အချိုသာဆုံး
ပြုံးလိုက်ပြီး မေမေ့ ဘေးမှ ကုလားထိုင်လွတ်တွင် ဝင်ထိုင်
လိုက်၍ လက်ဖက်သုပ် တစ်ဇွန်းကို ကော်စားလိုက်သည်။

ဒေါ်ခင်ထွေးသည် သမီးဖြစ်သူ၏ အူကြောင်ကြောင် အမူ
အရာ၊ မချိမချဉ်ဖြစ်နေသော မျက်နှာကို ကြည့်၍ စိတ်ထဲတွင်
ထင့်သွား၏။ ပြီး ခါတိုင်း အိမ်ရှေ့က ဝင်နေကျ၊ ဘဲလ်နှိပ်၍
တံခါးမဖွင့်မလျှင် သံတံခါးကို တဂျောင်းဂျောင်းလုပ်နေကျ။

အခုကျမှ နောက်ဖေးပေါက်က ခိုးကြောင်ခိုးဝှက် ဝင်
လာသည်။ ကေန္တ တစ်ခုခုတော့ ဖြစ်ခဲ့ပြီ။ မနီသည် သားအမိ
နှစ်ယောက်ကို ရင်တထိတ်ထိတ်နှင့် စောင့်ကြည့်နေသည်။

'သမီး အပြင်သွားတုန်းက ကြည်ပြာရောင် ဘလောက်စ်
ပါ၊ အခု ဘယ်လိုက ဘယ်လို အင်္ကျီတွေ ဘာတွေလဲသို့၊ ဒီနေ့
ပြန်လာတာလဲ မတွေ့ဖူးပါဘူး'

www.burmeseclassic.com



မြတ်စွာဘုရား....

မြင်တတ်လိုက်တဲ့ အဘွားကြီးနှယ်။

'အဟင်း....မေမေက ဒီနေ့ အပြင် သွားကဘည်း

'နားခွောင်းကျချောင်း'မှာ မြတ်တို့နဲ့ ရေဆော့ရင်း ပျေ

စား သွားမလို့ အင်္ကျီနှစ်ထည် ထည့်သွားတာ မေမေ

အဟဲ....မေမေသိရင် ဆူမှာစိုးလို့ မပြောတာ၊ ဟိုအင်္ကျီ

လှမ်းထားရင်း မေ့ကျန်ခဲ့ပြီ မေမေ၊ အဟင်း....သမီးကို စိ

မဆိုးနဲ့နော်၊ သိပ်ကို ပျော်စရာကောင်းတာပဲ မေမေ

သိလား'

စုစုထွေးက ကလေးလိုချွဲရင်း ပြော၏။

အခုမှ မနီ သက်ပြင်းချနိုင်လေတော့သည်။

'ညည်းနော်....တွေ့ရာတွေ လျှောက်လျှောက် မလု

လူကြီး ငယ်တော့တာ မဟုတ်ဘူး၊ အခုထိ ကလေးဆ

တုန်း၊ ကဲ....အဝတ်အစား သွားလဲတော့၊ တကတဲ

ဒီအရွယ်ကြီးနဲ့ ကလေးကလား ရေသွားဆော့ရတယ်လို့'

စုစုထွေးသည် တခစ်ခစ် ရယ်ရင်း အိမ်ပေါ်သို့ ပြေး

ခဲ့သည်။

တော်ပါသေးရဲ့၊ ပါးစပ်ထဲ တွေ့ရာ လျှောက်ပြော

အပေါက်အလာမ်း တည့်သွားပေလို့သာပေါ့။

သည်ည အတော်နှင့် အိပ်မပျော်။

ဆယ်နာရီ ကျော်ကျော်လောက်တွင် ကားရှဲဘ

ဂစ်တာသံ သဲ့သဲ့ ကြားရသည်။

ဩော်....သူလဲ ငါလိုပါပဲလား။

*

အခန်း (၁၅)

---

သည်ရက်တွေသည်....

ရင်မောစရာ ကောင်းသော နေ့ရက်များဟူသော သမုဒ္ဒ ရာဇဝင်ခရီးတွင် ကမ္ပည်း တင်လိုက်ချင်ပါတော့သည်။ မိုက်ကယ့်ပြဿနာနှင့် ပတ်သက်၍ စုစုထွေးရော သူကိုယ်၌ကပါ စိတ်ပူခဲ့ကြ၏။ သည်ပြဿနာသာ မြစ်ပယ်မြိုင်သို့ ရောက်လာလျှင် အထွေးထွေး အရှုပ်ရှုပ် ဖြစ်လာမည်ကို ဇော်ရှင်း အတတ်တွေးထားသည်။

သို့ရာတွင်ကား....

သူထင်ထားသလို မဟုတ်၊ မိုက်ကယ်သည် မြစ်ပယ်မြိုင်သို့ ရောက်မလာခဲ့ပါ။ သို့သော်လည်း မိုက်ကယ်လို လူစားမျိုးမှာ အငြိုးအတေးထားတတ်သူ ဖြစ်၏။ မနိုင်၍ လျှော့ခဲ့ရသော်လည်း နိုင်လျှင် ကိုင်မည့်သူမှန်း ဇော်ရှင်း တွက်ဆထားသည်။ တစ်ညနေတွင်တော့ တွေးထင်ချက်က အမှိုင်အကြည် ဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဇော်ရှင်းသည် လမ်းလျှောက် ထွက်အလာ လူပြတ်သော ကျုံးဘေး တစ်နေရာ အရောက်တွင် သူ့ဘေးသို့ ဂျစ်ကား တစ်စင်း ထိုးရပ်လာပြီး ကားထဲမှ မိုက်ကယ်နှင့် လမ်းသရဲ နှစ်ယောက် ဆင်းလာပြီး သူ့ကို ဝိုင်းနှက်ကြသည်။ သူတို့လက် ထဲတွင်လည်း ချိန်းကြိုးတွေ ဘာတွေ ပါသည်။ သည် တစ်ပွဲ တွင် သူတို့ထဲမှ နှစ်ယောက်ကို ဇော်ရှင်းက လှဲသိပ် နိုင်ခဲ့ သော်လည်း သူကိုယ်တိုင်လဲ အတော် ခံလိုက်ရ၏။ မနိုင်မှန်း သိတော့မှ သူတို့တစ်တွေ လစ်ပြေးသွားကြ၏။ ထိုအကြောင်း ကို စုစုထွေး သိသွားသောအခါ ဇော်ရှင်းအတွက် ရင်ထု မနာ ဖြစ်ရရှာသည်။

'စိတ် မကောင်း လိုက် တာ ဇော်ရယ်၊ ဇော့်မှာရော အတော် ခံ ပိုက်ရသေးလား ဟင်'

'သုံးယောက် တစ်ယောက် ဆိုတော့ နည်းနည်းပါးပါး တော့ ခံရတာပေါ့ မစုစုထွေး၊ သူတို့ဘက်က နှစ်ယောက်ကို လဲ ကိုက လှဲသိပ် နိုင်ခဲ့ပါတယ်၊ မနိုင်မှန်းသိလို့ လစ်ပြေး ကြတာ'

'သတိ ထားပါ ဇော်၊ မိုက်ကယ်ဟာ ဇော့်ကို ကျေမှာ မဟုတ်ဘူး'

'ဟုတ်တယ် မစုစုထွေး၊ ကိုယ့်အနေနဲ့လဲ တိုင်း တံခွန်စိုက် သေနတ်ပစ်ပြိုင် မဘိုင်ခင် ဘာမှ မဖြစ်ချင်ဘူး၊ ကိုကိုကျော် ဟာ ကိုယ့်ကို သိပ် အားထားတယ်၊ သူ မျှော်မှန်းထားသလို ဖြစ်အောင် ကိုက ကြိုးစားရမယ်မဟုတ်လား မစုစုထွေး'

'ဒါပေမယ့်....သေနတ်ကိုတော့ စုထွေးထက် ပိုပြီး မမြတ် နိုးပါဘူး နော်၊ ဟုတ်သား ဇော်'

စုစုထွေး လွင်လွင်ကလေး ရယ်ရင်း မေးဖြစ်သည်၊



တစ်ခါတုန်းက ကားပေါ်တွင် ကိုကိုကျော် မြောဖူးသော စကားကို ဇော်ရှင်း အမှတ်ရလာသည်။

'မစုစုထွေး ပြီးရင် သေနတ်ပေါ့'

ဇော်ရှင်း အဖြေကို စုစုထွေး သဘော ကျသွားသည်။ သို့ပေမယ့် သူ့ကို ယခုတိုင်အောင် မစုစုထွေးဟု ခေါ်နေဆဲ ဖြစ်သော ချစ်သူကို ဘဝင် မကျနိုင်။

အဲ....တစ်ခုတော့ ပြောင်းလာသည်။ ယခင်ကသူ့ကိုသူ ကျွန် တော်ဟု အမြဲတမ်း ပြောခဲ့သော ဇော်ရှင်းသည် ယခု ကိုဟု သုံးနှုန်းလာသည်။

စုစုထွေးသည် ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။ ခြံထဲ တွင် ဘယ်သူမှ မရှိ။ ဇော်ရှင်းသည် စံပယ်ပင် ခြေရင်းကို ခက်ရင်းခွကလေးနှင့် ထိုးဆွနေသည်။ စုစုထွေးက သူ့ဘေးရှိ စံပယ်ရုံမှ စံပယ်ပွင့်များကို ခြင်းတောင်းကလေးထဲသို့ တစ်ပွင့် ချင်း အချိန်ဆွဲ၍ ခူးနေသည်။

ခြော်....စကား ပြောရသည်မှာပင် မလွတ်လပ်လိုက်သည့် ဘဝပါကလား။

'ကို....'

စုစုထွေးက မရဲတရဲ ခေါ်ကြည့်သည်။

'မစုစုထွေး'

'အခုထိ မစုစုထွေးတုန်းပဲလား ဇော်'

ဇော်ရှင်းရင်တွင် ငြိမ့်ခနဲ အေးသွားသည်။

'နှုတ်ကျိုးနေလို့ပါ၊ ခေါ်ချင်တာကတော့ အချစ်လို့'

'တွန်း....ဇော်က လွန်တာပေါ့'

နှစ်ဦးစလုံး ရင်သိမ့်တုန်အောင် ရယ်မိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ကို မေ့မိကြသည်။ သည်ကမ္ဘာတွင် သူတို့နှစ်ဦးသာ ရှိကြပြီ ထင်နေကြသည်။ အကယ်၍များ တိုက်ကြီးပေါ်ရှိ ပြတင်းပေါက် ခန်းဆီးကြားမှ သူတို့နှစ်ဦး ရယ်လား ပြုံးလား ပြောဆိုနေသည်ကို အချိန် အတော် ကြာကတည်းက စောင့်ကြည့်နေသော ဒေါ်ခင်ထွေးကိုများ မြင်မိကြရင်ဖြင့်....

'ကဲ....ကို၊ စုထွေး ပန်းခူးတာ ကြာလှပြီ၊ မေမေ ရိပ်မိလိမ့်မယ် သွားမနော်၊ ဩော်....ဒါနဲ့ သေနတ်ပစ် ပြိုင်ပွဲဘယ်နေ့လဲ ကို'

'သန်ဘက်ခါ'

'နိုင်အောင်ပစ်နော်'

'ကိုယ့် ချစ်သူက အားပေးတဲ့ နောက်တော့ နိုင်အောင်ပစ်ရမှာပေါ့ စုထွေး၊ မဟုတ်ဘူးလား'

'တော်ပါ....ဟင်း'

စုစုထွေးသည် တိုက်ကြီးထဲသို့ ဝင်ခဲ့သည်။ ဧည့်ခန်းထဲတွင် မေမေ့ကို တွေ့လိုက်ရသဖြင့် ကွက်ခနဲ မျက်နှာပျက်သွားသည်။ သို့ပေမယ့် မေမေက ဘာမှ မပြော။ သူမကိုသာ အဓိပ္ပာယ်ပါတ်သလို ကြည့်နေသည်။

ဟုတ်ပါသည်။

သည်ကိစ္စမျိုးကို အကြမ်းပတမ်း ကိုင်တွယ်၍ မရမှန်း ဒေါ်ခင်ထွေး သိပါသည်။ ယခုတလော စုစုထွေးတစ်ယောက် မူပျက်နေသည်။ လှစ်ခနဲဆို ကားရုံဘက်သို့ ရောက်သွားတတ်သည်။ ဇော်ရှင်း ပေါင်းသင် မြက်နုတ် အလုပ် လုပ်နေတိုင်း ပန်းခူးသလိုလိုနှင့် အနားတွင် ရောက်နေတတ်သည်။



ဒေါ်ခင်ထွေး အနေနှင့်ဆိုလျှင် ဇော်ရှင်းဘို့ မြေးအဘိုးကို မြစ်ပယ်မြိုင်တွင် ထားလိုစိတ်ပင် မရှိတော့။ သို့ပေမယ့် ကိုကောင်းမိုးနှင့် သားကြီး မောင်မောင်ကျော်သည် ယခုတလော ဇော်ရှင်းနှင့် ပတ်သက်၍ အလေးသား စကားပြောနေသံ တစ်ခွန်းတစ်စ ကြားနေရ၏။ အထူးသဖြင့် သားကြီး မောင်မောင်ကျော်သည် ဇော်ရှင်းကို အရေး ပေးလွန်းနေသည်။ အချိန်ရတိုင်း ဇော်ရှင်းကို သူ့အခန်းထဲ ခေါ်၍ စကား ပြောနေတတ်သည်။

သူတို့ ဘာတွေ စီမံ ဆောင်ရွက် နေကြသည်ကိုတော့ ဒေါ်ခင်ထွေး မသိရှိ အမှန်ပင်။ စင်စစ် မြစ်ပယ်မြိုင်၏ စီးပွားရေးကို မောင်မောင်ကျော်က ဦးစီးနေ၏။ အိမ်တွင် မောင်မောင်ကျော်က ဩဇာ ညောင်းသည်။ သည်တော့.... ဇော်ရှင်းနှင့် ပတ်သက်ပြီး ဒေါ်ခင်ထွေးအနေဖြင့် ပြတ်ပြတ်သားသား မလုပ်ရဲခဲ့။ မည်သို့ပင် ဖြစ်စေကာမူ ဒေါ်ခင်ထွေးသည် စုစုထွေးနှင့် ဇော်ရှင်းတို့၏ ဆက်ဆံရေးကို မနှစ်မြို့မိသည်ကတော့ အသေအချာပင်။

ထိုစဉ်ခိုက်တွင် ခြံထဲသို့ ကားနှစ်စင်း မောင်းဝင်လာသည်။ ဇော်ရှင်းသည် ခက်ရင်းခွကို ကိုင်ရင်း ပန်းရုံဘေးမှ ရပ်ကြည့်နေသည်။ တစ်စင်းမှာ အဘစောကိုယ်တိုင် မောင်းလာပြီး ကားပေါ်တွင် ဦးကောင်းမိုးနှင့် ကိုကိုကျော် ပါလာသည်။ ကျန် ဂျစ်ကား တစ်စီးတွင်တော့ ဇော်ရှင်း မတွေ့ဖူးသေးသော မျက်နှာစိမ်း လေးယောက်ပါလာ၏။ သူတို့ မျက်နှာတွေမှာ ခပ်မာမာတွေချည်းပင်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ အားလုံး တိုက်ကြီးထဲသို့ ခပ်သုတ်သုတ် ဝင်ရောက်ပျောက်ကွယ်သွားသည်အထိ ဇော်ရှင်းက စောင့်ကြည့်နေဖြစ်သည်။

ပြီးတော့....ကိုယက္ခ။

ကိုယက္ခသည် "မြစ်ပယ်မြိုင်" ခြံကြီးရှေ့မှ ဂျစ်ကားကို ဖြည်းဖြည်းမောင်းရင်း တိုက်ကြီးကို မသိမသာ အကဲခတ်သွားကြောင်း ပန်းရုံတွေနောက်မှနေ၍ ဇော်ရှင်း မြင်လိုက်ရလေသည်။ သို့ရာတွင် ကိုယက္ခ အနေဖြင့် သူ့ကို မြင်တွေ့သွားပုံ မရပါပေ။ ဇော်ရှင်းသည် ကိုယက္ခနှင့် ထပ်မံတွေ့ဆုံလိုနေသည်။ သူ့ကို မြင်သည်နှင့် အလိုလို ခင်မင်မိသည်ကိုပင် အံ့သြရလေသည်။

ကားရုံရောက်တော့ အဘဇောက သူ့ကို စကားပြောလိုဟန် ပြသည်။ အခုတလော အဘသည် နားရက်မရှိအောင် ကားမောင်းနေရသဖြင့် သူနှင့် အေးအေးဆေးဆေးကို တွေ့ရတယ်မရှိ။ အဘဇောက အားပြန်တော့ သူက စက်ပစ်ကွင်း သွားနေရသည်။

'အဘ'

'လာစမ်းပါဦး ငါ့မြေး....၊ လူလေးနဲ့ အဘ အေးအေးဆေးဆေး စကားမပြောရတာ ကြာပြီ'

အဘက ဆေးတစ်ဆုံ တည့်လိုက်သည်။ မီးညှိ၍ မီးညှိပြီး ဆေးခိုးများ ထလာသည့်တိုင်အောင် ဖွာသည်။ ဇော်ရှင်းက အဘပြောမည့် စကားကို စိတ်ရှည်လက်ရှည်စောင့်နေသည်။

'အခုတလော မောင်ကျော်တို့ သားအဖက မင်းကို သိပ်အရေးပေးနေတယ် မဟုတ်လား ငါ့မြေး'



'ဟုတ်တယ်အဘ၊ ကိုကိုကျော်ကတော့ နဂိုကတည်းက ကျွန်တော့်ကို ခင်တာပါ၊ ဒါပေမယ့် အခုတလော ဦးလေး ဦးကောင်းမိုး ကျွန်တော့်ကို ဆက်ဆံတာ အတော့်ကို လိုက်လိုက် လျောလျော ရှိတယ်၊ လွန်ခဲ့တဲ့ တစ်ပတ်လောက်က ဆိုရင် ကျွန်တော် သေနတ်ပစ် လေ့ကျင့်နေတာတွေ၊ ကရာတေး ကစားနေတာတွေကို ကိုကိုကျော်နဲ့အတူ လာကြည့်ပြီးတော့ အားပေးစကားတွေ ဘာတွေတောင် ပြောသွားသေးတယ် အဘရဲ့'

သူ့စကားကို အဘ အားရဝမ်းသာ ပြုံးရင်း ခေါင်းတညိတ်ညိတ် လုပ်နေသည်။

'သူတို့က မင်းကို အခုလိုသေနတ်ပစ် လေ့ကျင့်စေတာ ကရာတေး ကစားစေတာဟာ အလကားသက်သက် မဟုတ်ဘူး ငါ့မြေး၊ သူတို့မှာ ရည်ရွယ်ချက်ရှိတယ်'

'ရယ်ရွယ်ချက် ဟုတ်လား အဘ'

'အေး....ကဲ ငါ့မြေးအနေနဲ့ ဘယ်လိုထင်သလဲ'

'ကျွန်တော်တော့ ဘာမှ မထင်တတ်အောင်ပါပဲ အဘရယ်'

'ဟို တလောက သူတို့ကားတွေ ဓားပြတိုက်ခံရပြီး မောင်ကျော့်လက်ကို သေနတ်မှန်တယ် မဟုတ်လား၊ အခု မောင်ကျော်ဟာ သေနတ်မပစ်နိုင်တော့ဘူးဆိုတာ ငါ့မြေး အသိပဲ၊ အဲဒီတော့ မောင်ကျော့် နေရာမှာ မင်းကို လူစားထိုးဖို့ပဲ ပေါ့'

ဇော်ရှင်းအနေဖြင့် အလွန်အမင်း အံ့အားသင့် သွားရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝင်းဝင်း ကိုကိုကျော်သည် 'မြစ်ပယ်မြိုင်'၏ စီးပွားရေးလုပ်ငန်းကြီး တစ်ခုလုံးကို ဦးစီးနေသူဟု ဇော်ရှင်း သိထားသည်။ ယခု သူက ကိုကိုကျော် နေရာသို့ ဝင်ရမည်တဲ့။

'အဲသြမနေနဲ့ ငါ့မြေး....၊ အဲဒါ တကယ် သူတို့ ရည်ရွယ်ချက်ပဲ'

'မြ နိုင်ပါ့မလား အဘ၊ ကျွန်တော် လို ချာတိတ်ကသည် ကြီးကြီးကျယ်ကျယ် လုပ်ငန်းကြီးကို ဦးစီး လုပ်ရမယ်ဆိုတာ ဟား....ဟား....ဟား'

ဇော်ရှင်းက သူ့ကိုယ်သူ လှောင်ရယ် ရယ်မိ၏။ ရယ်သံမှ မဆုံးခင် အဘမျက်နှာက နီရဲလာပြီး ကြမ်းပြင်ကို 'ဖြန်း' ခနဲ တအားရိုက်ချလိုက်သည်။ ဇော်ရှင်း တစ်ကိုယ်လုံး တုန်သွား၏။

'ဘာလို့ မဖြစ်နိုင်ရမှာလဲကွ၊ မင်းကိုယ်မင်း ဒါလောက်အထင်သေးရသလားကွ ဟေ၊ ယောကျ်ားဆိုတာ ဘာလုပ်လုပ် မဖြစ်နိုင်တာ ဘာမှ မရှိရဘူး၊ နားလည်လား'

အဘအသံက ဒေါသအသံဖြင့် တုန်ယင်နေသည်။

ဇော်ရှင်းသည် အဘကို ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေမိသည်။ အဘသည် တစ်ခါမျှ ဒါလောက် သူ့ကို မောက်မောက်မာမာ မငေါက်ငန်းစဖူး။

'ကျွန်....ကျွန်....ကျွန်တော်'

ဇော်ရှင်း ဘာပြောရမှန်း မသိတော့။ ဒီတော့မှ အဘက သူ့စိတ်ကို သူ ထိန်းချုပ်လိုက် ဟန်ဖြင့်။

'မင်း ယောကျ်ား မဟုတ်လား'

'ဟုတ်....ဟုတ်ပါတယ် အဘ'



'အေး... ယောကျ်ားဆိုတာ သူများလုပ်နိုင်တာကို ဘာလို့ လုပ်နိုင်ရမှာလဲ၊ အသက်ငယ်တယ် ကြီးတယ် ဆိုတာထက် လုပ်ရည်ကိုင်ရည်က ပိုပြီး အရေးကြီးသယ်'

'ဟုတ်ကဲ့'

'ပြီးတော့ လုပ်ငန်းဆိုတာလဲ ဒီလိုပဲ လုပ်ရင်း ကိုင်ရင်း တတ်သွားတာချည်းပဲ၊ ဘယ်သူမှ မွေးရာပါ တတ်လာတာ မဟုတ်ဘူး'

'ဟုတ်ကဲ့ အဘ'

'အဲဒီတော့ သူတို့က မင်းရဲ့ သွက်လက်ဖျတ်လတ်မှု၊ သတ္တိ၊ လုပ်ရည်ကိုင်ရည်ကို သဘောလို့ မောင်ကျော့နေရာကို အစားသုံးကြည့်မှာ'

'ကျွန်တော် နားလည်ပါပြီ အဘ'

'အေး....မင်းအနေနဲ့က လူကြီးတစ်ယောက်၊ အဲ ခေါင်းဆောင် တစ်ယောက် အနေနဲ့ မောင်ကျော့ တပည့်တွေကို ထိန်းချုပ်ရမယ်၊ သူတို့ထက်ပိုပြီး သတ္တိရှိရမယ်၊ မိုက်ရမယ်၊ လျင်မြန် ပါးနပ်ရမယ်၊ အဲ ပျော့ညံ့ညံ့ လုပ်နေရင်တော့ မင်းအသက်ကို အခုကတည်းက ဖက်နဲ့ ထုပ်ထား ပေတော့....ဦးကောင်းမိုးဟာ လက်ဖက်ပွဲရုံကို ဘန်းပြပြီး မင်းမသိသေးတဲ့ အလုပ်တွေ လုပ်နေတယ်ကွ....အဲဒါကို မင်းက ဦးစီးရလိမ့်မယ်'

ဇော်ရှင်း တစ်ကိုယ်လုံး ဖြန်းခနဲ ဖြစ်သွားသည်။

ခပ်စောစောက ဂျစ်ကားပေါ်မှ ဆင်းလာသော မှုန်ဘောဘော မိုက်ကန်းကန်း ရုပ်များကိုလည်း မြင်ယောင်မိသည်၊

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီတော့ ဒါဟာ မင်းရဲ့ အခွင့်အရေးပဲ ငါမြေး သူတို့ ဘာကိုပဲ ခိုင်းခိုင်း၊ ဘယ်ကိုပဲ လွှတ်လွှတ် မင်းလုပ်ရမယ် ကြားလား'

အဘမျက်နှာတွင် ယုံကြည်ချက်တွေနှင့် တက်ကြွနေသည်။ ဇော်ရှင်းသည် အဘမျက်နှာကို ကြည့်၍ အလိုလို အားရှိလာသည်။

'ကျွန်တော် အဘကို ကတိ ပေးပါတယ် အဘ၊ အဘ ခိုင်းတာမှန်သမျှ ကျွန်တော် အသက်နဲ့လဲပြီး ဆောင်ရွက်ပါ့မယ် အဘရယ်'

ဇော်ရှင်းက ကွပ်ပျစ်ပေါ်မှဆင်း၍ ဒူးတုပ်ပြီး ဦးသုံးကြိမ်ချလိုက်သည်။ အဘမျက်နှာတွင်တော့ ဝမ်းသာမှု မျက်ရည်များဖြင့် ဖုံးလွှမ်းနေပေသည်။

*

အခန်း (၁၆)

ညသည် အမှောင်တွင် အိပ်မောကျနေသည်။

လမသာသော်လည်း ကြယ်တွေက ဝင်းလက်တောက်ပနေကြသည်။ သည်လို လကွယ်နေ့ ညသန်းကောင်ယံအချိန်တွင် ညဓါအလှကို တိုးတိုးတိတ်တိတ် ကျိတ်၍ ဖန်ဆင်းနေသူနှစ်ဦးကို လွှမ်းခြုံထားပါလေသည်။

သို့ရာတွင် သူတို့နှစ်ဦး၏ ရင်ထဲတွင် အရာရာသည် လှနေသည်။ မှောင်သောညသည် သူတို့အတွက် အလှဆုံး၊ လကွယ်နေ့ ညသည် သူတို့အတွက်အသာယာဆုံး။ သို့မို့ကြောင့်ပင် ညဓါအလှကို သူတို့ဖန်ဆင်းခဲ့သည်ဟု ဆိုရပါလေမည်။

'စု....'

'ဘာ စုလဲ'

'အလှတွေ အယဉ်တွေ အချောတွေစုနေလို့ စုလေ'

www.burmeseclassic.com

www.burmeseclassic.com



'ဟွန့်… သိပ်မြောက်တယ်၊ ဒီလိုဆို စုထွေး သွားတော့မယ်၊ အခုတောင် မဘာစွန့်စားခန်း ဖွင့်လာရထာသိသား၊ မေမေများ သိရင်….'

ဇော်ရှင်းသည် ချစ်သူမသိအောင် သက်ပြင်း တိုးတိုးကို ခိုးချမိသည်။

'မေမေများသိရင် ကိုတို့မြေးအတိုး ခေါင်းနဲ့ ဆင်းပြေးရမှာပေါ့၊ မဟုတ်သား….ဟင်'

'ဒီလိုတော့ မပြောပါနဲ့ကွယ်'

'ခက်တယ် စုရယ်'

'ဘာလို့များ ခက်နေရတာလဲ ကိုရယ်'

'အစစအရာရာပေါ့၊ တကယ်တမ်းပြောရမယ်ဆိုရင် စုနဲ့ကိုယ့်ဘဝဟာ နှိုင်းယှဉ်လို့ မရနိုင်ပါဘူးလေ၊ ဘာဆိုင်လို့လဲ စုထွေးက ကိုယ်တို့ အလုပ်ရှင် ကျေးဇူးရှင်ရဲ့ သမီး၊ ကိုက စုတို့အိမ်က ကားမောင်းတဲ့ ဒရိုင်ဘာရဲ့မြေး၊ ခပ်ရှင်းရှင်း ပြောရရင် ကိုယ့် မိဘကိုတောင် ဘာရယ်လို့ တိတိကျကျ မပြောနိုင်တဲ့ ဘာ'

စုစုထွေးသည် ချစ်သူ၏ ရင်ခွင်ထဲမှ သက်ပြင်းခါခါ ချရပါလေသည်။

'ဒါပေမယ့် စုထွေး ကိုယ့်ကို ချစ်ပါတယ် ဇော်ရယ်'

ဇော်ရှင်းက စုစုထွေး၏ ခန္ဓာကိုယ် စီးစီးထွေးထွေးလေးကို တိုး၍သာ ပွေ့မိသည်။ သည်တော့လည်း ခက်တာတွေ မခက်တာတွေ ရင်ထဲမှ ထွက်ပြေးကုန်ပြီပေါ့ကွယ်'

'စု….စုထွေးရယ်'

'ရှင်….ကို….ရယ်'

'ကို….တစ်ခု မေးမလို့'



'မေးလေ….လို့'

'ကို့ကို….ဘယ်တော့မှ မမုန်းဘူးလား'

'တို့….ချစ်တာပေါ့….လို့'

'တကယ်ပဲလား…. စုရယ်'

'နှစ်ကယ်ပါပဲ ကိုရယ်'

နှစ်ဦးစလုံး၏ ရင်ထဲတွင် ပြုံးသွားကြသည်။

'စုက…. ဟို သတ္တဝါကျနေတာပဲ'

'ဘယ် သတ္တဝါလဲ၊ သူများကို တိရစ္ဆာန်နဲ့ နှိုင်းဦးမလို့ပါ'

'တီကောင်'

'ကဲ….'

စုစုထွေး သည် ဇော်ရှင်း ရင်အုံကြီးကို တအား ထုပစ်သည်။ သို့ပေမင့် သူ့လက်သီးဆုပ်ကလေးတွေက မနာပါ၊ နှစ်ဦးသား တိုးတိုး 'ခစ်' မိကြသည်။

'နောက်ပြီး ရှိသေးတယ်'

'တော်….တော့'

'အဲဒီ တီကောင်ကို သားနဲ့ တို့လိုက်သလို'

'ကြည်'

ဇော်ရှင်းသည် သက်ပြင်းတစ်ထွေး ချမိရင်း ချစ်ရသူ၏ နှုတ်ခမ်းပြင်လေးကို ညင်သာစွာ မွှေးလိုက်သည်။ ပြီးအေးအေးကလေး ဆိုရသည်။

'မြသော်…. စုရယ်၊ ကို့စိတ်မှာ သိပ် ရှင်လန်းနေလိုပါ၊ နောက်ဖြန် ပြိုင်ပွဲ ဝင်ရမယ် ဆိုတာလဲ စုထွေး သိတယ်နော်၊ ဒီည စုထွေးနဲ့တွေ့ရတာ ကို့အတွက် အားဆေး တစ်ခွက်ပါပဲ၊ ဒါပေမယ့် ကို့မေတ္တာ စေတနာဟာ စုထွေးအပေါ် မှာအနိုင်

www.burmeseclassic.com

www.burmeseclassic.com



ယူလိုစိတ်၊ အမြတ်ထုတ်လိုစိတ် လုံးဝမရှိပါဘူး စုထွေးကိုချစ်တာ သွေးသားထဲက မဟုတ်ပါဘူး နှလုံးသားထဲကပါ'

'ကဲ....ဒါဖြင့် လွှတ်တော့'

'ဘယ်ကို လွှတ်ရမှာလဲ'

'ကျုံးထဲကို'

နှစ်ဦးသား ရယ်မိကြသည်။ ပြီးတော့ စုစုထွေးက တိုးတိုး ကလေး ပြောသည်။

'တော်တော့ ကိုရယ်၊ စုထွေး သေလိမ့်မယ် သိလား။ စုထွေး ဘယ် ယောကျ်ားလေး နဲ့မှ လက်ပွန်းတတီး နေဘူးတာ မဟုတ်ဘူး စုထွေး ရှက်တာပေါ့....ကဲ'

ဇော်ရှင်း၏ လက်ခုံကလေးမှာ ပူခနဲ ဖြစ်သွားသည်။

'စိတ်ချ စု....၊ ကို စုကို မပိုင်သေးသမျှ ဘယ်တော့မှ အနိုင်မယူဘူး၊ စုထွေး ဘဝက သန့်ရှင်း နေရမယ်။ ကို့အတွက် စု မနစ်နာစေရပါဘူး'

သူ့ကို ချစ်သည်။

သူ့ကိုသနားသည်။

ဇော်ကို မြတ်နိုးရလေသည်။ သို့မို့ကြောင့် သန်းခေါင်ကျော်သည်အထိ သူနှင့် စကားပြောဖြစ်သည်။

ဩော်.... သူ မနက်ဖြန် သေနတ်ပစ်ပြိုင်ပွဲ ဝင်ရဦးမှာပါကလား၊ ယခုလည်း သည်ပီတောက်ပင်ခြေတွင် ရင်ခွင်ပိုက်သင်တန်းဆင်းခဲ့သည်မှာပင် မိနစ်ပေါင်း ခြောက်ဆယ်ကျော်ခဲ့ပြီ။

'ကဲ.... စု ပြန်တော့ ကိုလိုက်ပို့မယ်'

'အင်း....'



သူ့ရင်ခွင်မှ ထချင်နေသော စုစုထွေးသည် ဇော်ရှင်းကိုမျှ မတ်ဘတ်ရုပ်လိုက်သည်။ တိုက်ကြီး၏နောက်ဖေးပေါက်အထိ ဇော်ရှင်းက လိုက်ပို့ပေး၏။ စုစုထွေး၏ ခြေထောက်တွေ လေးနေသည်။ လေထဲတွင် လမ်းလျှောက်ရသလို ချော်ထိ ချော် ချွတ် နိုင်လှသည်။ အိပ်ခန်းထဲ ရောက်သည့်တိုင်အောင် ရင်တွေ ဖိုနေသေး၏။

ဩော်....ချစ်ရသည်ဆိုသည်မှာ ခံစားမှု အဖုံဖုံပါကလားနွယ်....။

*

www.burmeseclassic.com

## အခန်း (၁၇)

---

### မန္တလေးတိုင်း သေနတ်ပစ် ပြိုင်ပွဲ

ခန့်ထယ်သော နဖူးစည်းကို "ဘုန်းတော်တိုး" စက်
ကွင်းတွင် စိုက်ထူထားသည်။ စက်ပစ်ကွင်း၏ ဝန်းကျင်
တော စစ်ဘက် နယ်ဘက်မှ ကားများနှင့် ပြည့်ကျပ်နေ
သည်။

သည်ကနေ့ကား သေနတ်ပစ် အကျော်အမော်များ
လက်စွမ်းပြရမည့် နေ့ပေတည်း။

ပြိုင်ပွဲတွေကလည်း စုံလှသည်။

နှစ်ဆယ့်ငါးမီတာ ပြောင်းသေးရိုင်ဖယ် ဝမ်းလျားမှော
ပြိုင်ပွဲ။

နှစ်ဆယ့်ငါးမီတာ ပြောင်းသေးရိုင်ဖယ် (မှောက်လျ
ဒူးထောက်လျက်၊ ရပ်လျက်) Three Positions အ
အထား သုံးမျိုးပြိုင်ပွဲ။



စိတ်ကြိုက် ပစ္စတို ပြိုင်ပွဲ။

ပစ္စတို အမြန်ပစ် ပြိုင်ပွဲ။

လေသေနတ်ပစ်ပြိုင်ပွဲများ ဖြစ်လေသည်။

ဇော်ရှင်း ပြိုင်ရမည့် ပွဲစဉ်မှာ စိတ်ကြိုက် ပစ္စတိုနှင့် ကိုးမီလီမီတာနှင့် ပစ္စတိုအမြန်ပစ်ပြိုင်ပွဲများပင် ဖြစ်လေသည်။ သူတို့သည် ခပ်စောစောကပင် စက်ပစ်ကွင်းသို့ ရောက်နေ၏။ သူတို့ဆိုရာ၌ စုစုထွေးလည်း ပါလေသည်။ 'ကြည့်ချင်လှချည်ရဲ့' ဟု တစာစာ ပူဆာသဖြင့် ကိုမောင်မောင်ကျော်က ညီမချောကို ခေါ်ခဲ့ရခြင်းပင်။

သို့ပေမင့်....

ဇော်ရှင်းနှင့်တော့ ခပ်ကင်းကင်းကွာကွာ နေပြခဲ့သည်။ လမ်းတုန်းက ကိုမောင်မောင်ကျော်သည် စုစုထွေးအား ပူညံပူညံ မလုပ်ရဟု ယတိပြတ် အမိန့်ပေးခဲ့၏။ ပစ်ခတ်မည့်သူ စိတ်အနှောင့်အယှက် ဖြစ်စေလျှင် ထိချက်မကောင်းတတ်ပါချေ။

ပြိုင်ပွဲ၏အစကို အတွင်းရေးမှူး ဗိုလ်မှူး ခင်မောင်အေးက သူ၏ သာတီးအိုစစ် (30-06) သေနတ်နှင့် ပစ်၍ ဖွင့်လိုက်သည် ဆိုလျှင်ပင် စက်ပစ်ကွင်းတစ်ခုတွင် သေနတ်သံများနှင့် ဆူညံနေလေတော့သည်။ ပြိုင်ပွဲဝင်သူက မှောက်လျက် အနေအထားဖြင့် ပစ်ခတ်နေစဉ် အကူတစ်ယောက်က ဘေးမှ တယ်လီစကုပ်ဖြင့် ထိချက်များကို ပြောပေးရသည့်အပြင် လိုအပ်သော အကူအညီကို ဆောင်ရွက်ပေးရလေသည်။

မောင်မောင်ကျော်သည် ဇော်ရှင်း၏ တက်ကြွနေသော အမူအရာကိုကြည့်၍ အားရနေလေသည်။

'ညက အိပ်ရေးဝအောင် အိပ်ရဲ့လား ဇော်ရှင်း'

www.burmeseclassic.com

www.burmeseclassic.com



ဇော်ရှင်း ရင်တွင် ထိတ်ခနဲ ဖြစ်သွားသည်။

'ဟုတ်...ဟုတ်ကဲ့ ကိုကိုကျော်၊ ညဦးပိုင်းတော့ အိပ်လို့ သိပ်မရဘူး'

'အေးကွာ....ကိုကိုကျော် သတိပေးဖို့ မေ့သွားတယ်၊ ဒီလိုပဲကွ၊ မြိုင်ပွဲမဝင်ခင် တစ်ညမှာ ပွဲကို စိတ်စွဲလမ်းပြီး အိပ်မပျော်တတ်ကြဘူး၊ မင်းကြည့်ရတာ ရွှင်ရွှင်လန်းလန်းတော့ အရှိသား'

'ဟုတ်ကဲ့....ကိုကိုကျော်၊ ကျွန်တော် ဖစ်(တ်) ဖြစ်ပါတယ်'

'ကြိုးစားကွ၊ ဒီပွဲဟာ မင်းပွဲပဲ'

'ကျွန်တော် အစွမ်းကုန် ကြိုးစားပါ့မယ်'

သည်သို့ဖြင့်....

ဇော်ရှင်း ဝင်ပြိုင်ရမည့် စိတ်ကြိုက်ပစ္စတို ပြိုင်ပွဲ စဘင်ရန် အစီအစဉ်မှူးက အမည်များကို ခေါ်နေလေသည်။

သူ့ အမည် ခေါ်သံ ကြားလိုက်သဖြင့် ရင်ထဲတွင်လည်း ထိတ်ခနဲ ဖြစ်သွားမိ၏။ ဇော်ရှင်းမှာ သေနတ်ပစ်သမားများထဲတွင် အငယ်ဆုံး ဖြစ်ပြီး သူဝတ်နေကျ ဖြစ်သော ဂျင်း ဘောင်းဘီပြာနှင့် ဂျင်းဂျာကင်ပြာကလေးကို ဝတ်ထားသဖြင့် သူ့အသွင်မှာ ခန့်ခန့်ထယ်ထယ် မရှိလှ။ မောင်မောင်ကျော်က သူ၏ သေနတ်ပစ် ဂျာကင်ကို ပေးဝတ်သော်သည်း ဇော်ရှင်းက မဝတ်ခဲ့ပေ။

ဝါရင့် သေနတ်ပစ်သမားများသည် ဇော်ရှင်းကို အသင်သေးဟန် ရှိကြ၏။ ဇော်ရှင်းသည် အသံကာ နားကျပ်ခွက်ကို လက်တစ်ဖက်ကဆွဲရင်း သူပစ်ရမည့်နေရာသို့ ရောက်ရှိသွားသည်။ မောင်မောင်ကျော်သည် သုံးချောင်းထောက်ပေါ်



တွင် အဝေးကြည့် တယ်လီစကုပ်ကို တပ်ဆင်လိုက်ပြီး ဇော်ရှင်း၏ နှစ်ဆယ့်ငါးမီတာ ပစ်မှတ်ကို ချိန်လိုက်သည်။

သူနှင့် ငါးယောက်ခြား နေရာတွင် မမျှော်လင့်ဘဲ ကိုယကွကို မြင်မိသဖြင့် ဇော်ရှင်းက ပြုံးပြလိုက်သည်။ ကိုယကွက သူ့ကို လက်မထောင်ပြ၏။ ဝဝစုထွေးသည် ကိုမောင်မောင်ကျော်နှင့် ဇော်ရှင်း နောက်တွင် ရပ်နေပါသည်။ သူမသည် ဇော်ရှင်းအတွက် အလိုလို ရင်မောနေရရှာ၏။ သို့ပေမယ့် ကိုကိုကျော် ရှေ့တွင်မို့ ထင်ထင်ပေါ်ပေါ် မဆက်ဆံရဲပေ။

'ကဲ....ပြောင်းပူ လေ့ကျင့်တော့ ဇော်ရှင်း'

ဇော်ရှင်းသည် အသံကာ နားကျပ်ခွက်ကို ခေါင်းတွင် တပ်ဆင်လိုက်၍ ပစ္စတိုကို မောင်းတင်လိုက်ပြီး ကိုယ်တစောင်း အနေအထားဖြင့် ညာလက်ကို ရှေ့သို့ ဆန့်ထုတ်လိုက်သည်။ သူ့ရင်တွင် တဒိန်းဒိန်းခုန်နေသလို ချိန်တွယ်ရသည်မှာ အသားမကျလှ။

'ဒိုင်း....'

ဇော်ရှင်း သေနတ်မှ ကျည်ထွက်သွားသည်။

'နံပါတ်ခုနစ်....ကိုးနာရီ'

ကိုကိုကျော့်ထံမှ အသံထွက်လာသည်။

ဇော်ရှင်းသည် အံ့သြသွား၏။

ကိုကိုကျော်ကလည်း သူ့ကို အံ့သြသလို ကြည့်နေသည်။

'စိတ်အေးအေး ထားစမ်း ဇော်ရှင်း၊ ကဲ....တစ်တောင့် ထပ်ပစ်....'

ဇော်ရှင်းသည် သက်ပြင်းကို ခပ်လေးလေးချလိုက်၏။

စင်စစ်....သူ့ပစ်ချက်က မကောင်းလှ။

www.burmeseclassic.com

www.burmeseclassic.com



ပစ်မှတ်၏ အလယ်ဗဟိုမှာ ၁၀ မှတ် စက်ဝိုင်းဖြစ်ပြီး ဇော်ရှင်း ထိမှန်သည်မှာ ခုနစ်မှတ် စက်ဝိုင်း၏ ဘယ်ဘ (နာရီဂဏန်းအားဖြင့် ကိုးနာရီခန့်) တွင် ထိမှန်သွားခြ ဖြစ်သည်။

ဇော်ရှင်းသည် ကျည်တစ်တောင့်ကို ပစ်မှတ်စက်ဝိုင်း သို့ ထပ်မံ ပစ်လိုက်ပြန်သည်။

'နံပါတ်ရှစ်....သုံးနာရီ'

မောင်မောင်ကျော်က ထိချက်ကို ထပ်ပြော၏။

ရှစ်မှတ် စက်ဝိုင်း၏ ညာဘက်တွင် သေးငယ်သော ကျ ဖူး အရာကလေးကို "တယ်လီစကုပ်" တွင် မြင်နေရသည်။

ဇော်ရှင်းသည် အဆီပြန်နေသော ညာလက်ကို ဘောင်း တင်ပါးနှင့် သုတ်လိုက်ရင်း စုစုထွေးကို လှည့်ကြည့်သ စုစုထွေးက သူ့ကို နှစ်သိမ့်ဖွယ်ရာ ပြုံးပြပါသည်။ သည်ဓော ညက အားပေးစကား ပြောခဲ့သည်ကိုလည်း အမှတ်ရ သည်။ ဇော်ရှင်းသည် စုစုထွေးကို ပြန်၍ နှစ်နှစ်ကာ ပြုံးပြလိုက်ပြီး ပစ်မှတ်ကို မျက်နှာမူလိုက်သည်။

ယခုတော့.... သူ့ရင်တွင် စိုးရိမ်မှုမရှိတော့။ ထိတ် တုန်လှုပ်မှုမရှိတော့။ ချစ်သူတစ်ယောက်လုံးက အပြုံး နှင့် နှလုံးအေးစေခဲ့သည် မဟုတ်လား။ သူသည် ပ တည်ငြိမ်စွာနှင့် ကျည်တစ်တောင့်ကို ပစ်လွှတ်လိုက်သည်

'အိုကေ....ဘိုးပဲ (ပစ်မှတ်အလယ်ဗဟို)။

'ကဲ....ဒီအတိုင်းသာ ဆက်ပစ်ပေတော့၊ မင်း လက်မ လား....'

ဤသို့ဖြင့်....

အမှတ်ရေတွက်သော တကယ့် ပြိုင်ပွဲက စခဲ့ပြီ။



ဇော်ရှင်းသည် သွေးအေးအေးဖြင့် တစ်တောင့်ချင်း ပစ်ခတ်နေ၏။ တစ်ချက် ပစ်ပြီးတိုင်း "ထိချက်" ကို မောင် မောင်ကျော်က ဇော်ရှင်းသိအောင် ပြောပြနေသည်။ တစ် ချက် ပစ်ပြီးတိုင်း ပစ်မှတ်ဟောင်းက အောက်သို့ကျသွားပြီး ပစ်မှတ်သစ်တစ်ခု တက်လာသည်။

မောင်မောင်ကျော်သည် ဇော်ရှင်း၏ ပစ်ချက်တွေလို အံ့သြနေရ၏။ သည်အတိုင်းသာဆိုရင် သူမန္တစ်က တင်ထား သော မန္တလေးတိုင်း စံချိန်ကိုပင် ကျိုးနိုင်နေလေပြီ။

သေနတ်သံများက "ဘုန်းတော်ကြီး" စက်ပစ်ကွင်း တစ် ခွင်တွင် ဆူဆူညံနေလေတော့သည်။ မကြာခင် ကန့်သတ် ထားသော ကျည်ဆန် အရေအတွက် ကုန်ဆုံးသွားသည်။ မောင်မောင်ကျော်က ဇော်ရှင်း လက်ကို အားရဝမ်းသာ ဆွဲ၍ နှုတ်ဆက်သည်။

'အခု မင်းပစ်ထားသလောက် ဘယ်သူမှ အမှတ်ရမယ် မထင်ဘူး၊ ပထမနှင့်ဒုတိယ တစ်ခုခုတော့ သေချာပါတယ်၊ အမှတ် ကြေညာတော့ သိရမှာပေါ့လေ၊ ကဲ.... တစ်ပွဲကျန် သေးတယ်ဟေ့....'

ဇော်ရှင်းသည် အားရဝမ်းသာ ပြုံးလိုက်သည်။

စုစုထွေး အပြုံးကလေးကလည်း တောက်ပနေသည်။

'ဇော်ရှင်းက ဘယ်ဆိုးလို့လဲကွ'

စုစုထွေးသည် ကိုကိုကျော့်ရှေ့တွင်မို့ လှိုက်လှိုက် လှဲလှဲ မလုပ်ရဲသော်လည်း ပါးစပ်ကထုတ်၍ ချီးကျူးလိုက်သည်။

'ဘယ်ဆိုးမလဲ ကိုကိုကျော် တပည့်ပဲဟာ'

ဇော်ရှင်းက ပြောသည်။

သုံးယောက်သား နှစ်လိုဖွယ် ရယ်မိကြပါလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ—ကိုကိုကျော် ပစ္စတိုအမြန်ပစ် ပြိုင်ပွဲအတွက် ပွဲစဉ်တွေ သွားကြည့်လိုက်ဦးမယ်၊ ရော့ သေနတ် Dry Shoot (ကျည်ဆန်မပါဘဲ ချိန်တွယ်ပစ်ခတ်ခြင်း)လုပ်ထားနှင့်'

မောင်မောင်ကျော်က သူ့ပခုံးတွင် ချိတ်ထားသော ပခုံးလွယ်အိတ်နှင့် ကိုးမီလီမီတာ ဘရောင်နီ အော်တိုမစ်တစ် ပစ္စတိုကို ဇော်ရှင်းအား ဖြုတ်ပေးပြီး ထွက်သွားသည်။

'စုထွေးဖြင့် ကို ပစ်မပစ်နိုင်ပါ့မလားလို့ စိတ်ပူလိုက်ရတာ တော်ပါသေးရဲ့....ဟင်။'

ကိုကိုကျော် ထွက်သွားသည်နှင့် သူမက အပြုံးလေး စွက်ရင်း ဆိုလာသည်။

'ကို့ ချစ်သူ တစ်ယောက်လုံး အနားမှာ ရှိနေတာပဲ ဒါလောက်တော့ ဖြစ်ရမှာပေါ့'

'ဟွန်း.... သူတော်တော်အသားယူ၊ ကိုကိုကျော့်ကို တိုင်လိုက်မှာ သိလား'

'မလုပ်ပါနဲ့စုထွေးရယ်၊တော်ကြာယောက်ဖကြီးက ကို့ကို သေနတ်နဲ့ ပစ်သတ်နေပါဦးမယ်'

'ကြည့်... ပြောလေ ကဲလေ၊ အဲလိုဆို ကိုဇော်ပစ်တာ စုထွေး မကြည့်တော့ဘူး'

'အဲသလိုဆိုရင် ပစ်မှတ်ကြီး တစ်ခုလုံး လွဲသွားမှာပေါ့'

နှစ်ဦးသား ကြည်နူးစွာပြုံးမိကြရသည်။ ဇော်ရှင်းသည် စကားပြောရင်းဖြင့် ပစ္စတိုကို ချိန်ဆလေ့ကျင့်နေလေသည်။

သည်စဉ်မှာပင် သူတို့အနားသို့ လူတစ်ယောက် ရပ်လာသည်။

'ဩော်....ဒီနှစ်ယောက်ကိုး'

'ဟင်....အစ်ကိုယက္ခ'



'ဘယ့်နှယ်လဲ လက်တွေ့ရဲ့ မဟုတ်လား'

'တွေ့ပါတယ် အစ်ကို၊ ဒါနဲ့ အစ်ကိုရောဟင်'

'သိပ်တော့ မဆိုးလှပါဘူး၊ နံပါတ်တော့ ချိတ်ပါလိမ့်မယ်'

စုစုထွေးသည် ယခင်တလောက မန်းတောင်ခြေတွင် ဖြစ်ခဲ့သော အဖြစ်အပျက်ကြောင့် ရှက်ရွံ့နေမိသည်။ ထိုအခိုက် မောင်မောင်ကျော်သည် သူတို့ဘက်သို့ လျှောက်လာ၏။

လုံခြုံရေးမှူး ကိုဝဏ္ဏပါလား။

သူက ဇော်ရှင်းနှင့် ဘယ်တုန်းက သိနေနှင့်ပါလိမ့်။

ကိုဝဏ္ဏသည် မောင်မောင်ကျော် လျှောက်လာသည်ကို မမြင်ချင်ယောင် ဆောင်၍ သူတို့ဘေးမှ လှစ်ခနဲ ထွက်သွားသည်။ ဒါကို မောင်မောင်ကျော်က အကဲခတ်မိသည်။

'မင်း ပစ်ရမှာက ပွဲစဉ် တစ် ကျတယ် ဇော်ရှင်း၊ ချိန်အားအေး လက်သွက်သွက်နှင့်သာ ဆော်ပေတော့'

'ဒါဆို ပိုကောင်းတာပေါ့ ကိုကိုကျော်၊ ကျွန်တော်ကလည်း ဦး ဖျားဖျားပဲ ပစ်ချင်တာယ်'

'အေး....အေး ဩော် ဒါနဲ့ ခပ်စောစောက မင်းနဲ့ စကားပြောတာ ဘယ်သူလဲ ဇော်ရှင်း'

'ကိုယက္ခတဲ့၊ သူလဲ သေနတ်သမား တစ်ယောက်ပဲ ကိုကိုကျော်'

'ဩော်....ဩော်....ကိုယက္ခတဲ့လား'

လုံခြုံရေးမှူး ကိုဝဏ္ဏသည် မည်သည့်အတွက်ကြောင့် နာမည်ကို ကိုယက္ခဟု ဇော်ရှင်းအား ပြောရလေသနည်း။ မောင်မောင်ကျော့် စိတ်ထဲတွင် ထင့်ခနဲ ဖြစ်သွားမိရသည်။ ကိုဝဏ္ဏသည် ဇော်ရှင်းနှင့် မည်သည့်အချိန်က တွေ့ဆုံ သိ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းခဲ့ နည်းအမြဲသည့် အတိုင်းအတာအထိ သူတို့တစ်တွေ ရင်းနှီး ရှောကြပြီနည်း။

သို့တစေ ဇော်ရှင်းအား ပြိုင်ပွဲဝင်ခါနီး ဆဲဆဲတွင် စိတ်အနှောင့်အယှက် မဖြစ်စေချင်။ ဤသို့ဖြင့် အစီအစဉ်ကြေညာသူက ပစ္စတို အမြန်ပစ် ပြိုင်ပွဲအတွက် ပွဲစဉ်တစ်ကို ကြေညာသည်။

ဇော်ရှင်း ရှေ့တွင် လူခန္ဓာကိုယ် ပုံသဏ္ဍာန် ပစ်မှတ် ခြောက်ခုက အဆင်သင့် ရှိနေ၏။ ထို ပစ်မှတ် ခြောက်ခုတွင် အမှတ် စက်ဝိုင်းများ ရှိပြီး ထို ပစ်မှတ် ခြောက်ခုကို သတ်မှတ်ထားသော အချိန် အတွင်း ကျည်ဆံ ခြောက်ဆံဖြင့် ပစ်လွှတ်ရမည် ဖြစ်၏။ စက္ကန့် ကျော်သွားသည်နှင့် ပစ်မှတ်များမှာ ဘေးတောင်လိုက် အနေအထားသို့ ပြောင်းလွဲသွားအောင် စက်လိုက်မှ ...များ တပ်ဆင်ထားလေသည်။

'မြ...ပွဲ မစမီ ပစ်မှတ်များမှာ ဘေးတောင်လိုက် အနေအထား သေနှ...ရောက်ရှိနေသည်။ လူပုံသဏ္ဍာန်ကို မမြင်ရချေ။

ဇော်ရှင်းသည် ကိုယ်တစ်စောင်း အနေအထားဖြင့် နေရာ ယူလိုက်သည်၊

'ရယ်ဒီ....'

ဇော်ရှင်းက ခေါင်းညိတ်ပြလိုက်သည်။

'ဂျိုင်း....'

ခနဲ အသံနှင့်အတူ လူပုံသဏ္ဍာန် ပစ်မှတ် ခြောက်ခုက လည်၍ ပေါ်လာသည်နှင့် ဇော်ရှင်း လက်က လျှပ်ပြက်သလို လှုပ်ရှားသွား၏။ တစ်ဒိုင်းဒိုင်း သေနတ်သံများနှင့်အတူ ကျည်ဆံ ခြောက်တောင့်က ပစ်မှတ်၏ နှလုံးသား နေရာဖြစ်သော ဗဟို စက်ဝိုင်းကို ဖောက်ထွင်းသွားလေ၏။



မြန်လိုက်သည့် ဇော်ရှင်းပါပေ။

သတ်မှတ်ထားသည့် အချိန် မပြည့်မီ ကျည် ခြောက်တောင့် စလုံးကို သူက ပစ်ပြီးလေပြီ။ ထိချက်တွေကလည်း ကောင်းလွန်းလှ၏။

ဝါရင့် သေနတ်သမားကြီးတွေမှာ လူသစ် ဖြစ်သော ဇော်ရှင်း၏ လက်ကို တအံ့တဩ ဖြစ်ကြရလေသည်။ လုံခြုံရေးမှူး ကိုဝဏ္ဏသည် ဇော်ရှင်း၏ ပစ်ချက်တွေကို ကြည့်ရင်း ...က်ပြင်း လေးလေး ချမိသည်။ မောင်မောင်ကျော်ကမူ ...သည့်ကျော် ဇော်ရှင်းအတွက် တပြုံးပြုံး ဖြစ်နေလေသည်။ စုစုထွေး ရင်ထဲတွင်တော့ ပီတိ အဟုန်ဖြင့် လှုပ်ခတ် နေရ...သည်။

သည်လိုနှင့် သေနတ်ပစ်ပြိုင်ပွဲ ပြီးဆုံးသွားသည်။ စိတ်...က် ပစ္စတိုနှင့် ပစ္စတို အမြန်ပစ်တွင် ဇော်ရှင်းက စံချိန်...စ် တင်၍ ဗိုလ်စွဲသွားသည်။

လက်ခုပ်သံ တစ်ဖြောင်းဖြောင်း အလယ်တွင် ချန်ပီယံဆု ...တက်ယူရသော ဇော်ရှင်း အဖို့မူ ကြက်သီး မွေးညင်း ထ...တတ် ပီတိ သောမနဿ ဖြစ်ရလေသည်။

ဇော်ရှင်း....

ဇော်ရှင်း....

ဇော်ရှင်း....

ချီးကျူး ထောမနာ ပြုကြသော အသံတွေက ဆူညံနေ...လို သေနတ်သမား လောကတွင် ဇော်ရှင်း၏ အမည်မှာ ...စ်မှတ်ခြင်း ကျော်ကြား သွားခဲ့သည်။ လူငယ်သလေး...က် ...တက်ဖြောင့်လှသော ဇော်ရှင်းအား လက်ဆွဲ နှုတ်ဆက်ချင် ...ကြသူတွေကလည်း အနမတဂ္ဂ။ မြန်မာပြည် တံခွန်စိုက်ပြိုင်ပွဲ

www.burmeseclassic.com

www.burmeseclassic.com



အတွက် ဇော်ရှင်းအား တစ်ပေးသူတွေက ပေးကြနှမ့်သည် ပွဲမှာ သူ့အောင်ပွဲ ဖြစ်နေလေပြီ။

ဇော်ရှင်းသည် ရရှိလာသော ရွှေတံဆိပ်နှစ်ခုကို ကိုကို ကျော့ လက်သို့ အပ်လိုက်ပြီး ထိုင်၍ ကန်တော့သည်။ သူ့ မျက်လုံးအိမ်တွင်မူ ဝမ်းသာလွန်းသည့် မျက်ရည်များနှင့် ဝေ့နေ၏။

'ကိုကိုကျော့ကို ကျွန်တော် ကန်တော့ပါတယ်၊ ကိုကို ကျော်ဟာ ကျွန်တော့်ကို ညီအရင်းလို ခင်မင်တဲ့အပြင် ဆရာ ကောင်း တစ်ယောက် အနေနဲ့ သွန်သင် ညွှန်ပြခဲ့လို့လဲ အခု လို ဆုတွေ ရပြီး ချန်ပီယံ ဖြစ်ခဲ့ရတာပါ ကိုကိုကျော်၊ ဒီဆု တွေကို ကျွန်တော် အင်ပါတယ်'

မောင်မောင်ကျော်သည် ဇော်ရှင်းကို လက်နှစ်ဖက်ဖြင့် ဆွဲထူလိုက်ပြီး ရွှေတံဆိပ်များကို ဇော်ရှင်း လည်ပင်းတွင် ပြန်၍ ချိတ်ဆွဲ ပေးလိုက်သည်။

စုစုထွေးသည် ပြုံးနေသည်။

သည်လောက် တောက်ပသည့် အပြုံးမျိုးကို ဇော်ရှင်း တစ်ခါဖူးမျှ မတွေ့ဖူးခဲ့ပါ။

လုံခြုံရေးမှူး ကိုဝဏ္ဏသည် တောင့်တနေရာမှ နေ၍ သူတို့ သုံးဦးကို မသိမသာ အကဲခတ်နေပါသည်။ ကိုဝဏ္ဏ အနေ ဖြင့် စိတ်ကြိုက် ပစ္စတို ပြိုင်ပွဲတွင် ဒုတိယ ချိတ်ခဲ့သော်လည်း ပစ္စတို အမြန်ပစ်တွင် နံပါတ်ပင် မချိတ်ခဲ့နိုင်ပါ။



မည်သို့ပင် ဆိုစေကာမူ ဇော်ရှင်းနှင့် အေးအေး ဆေး ဆေး တွေ့ဆုံလိုစိတ်ကတော့ ကိုဝဏ္ဏရင်တွင် ကိန်းအောင်း နေပါသည်။ ကိုဝဏ္ဏသည် မောင်မောင်ကျော်တို့ ကားထွက် သည် အထိ စောင့်ကြည့်ရင်း သက်ပြင်းတချွေးကို လေး ပင်စွာ ချလိုက်မိပါ၏။

လက်ဖြောင့် သေနတ်သမားလေး ဇော်ရှင်း....

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

'ဒါက ဘယ်လိုသဘောလဲ ဆရာကျော်'

'ဘာကိုမေးတာလဲ စိန်ဖေကြီး'

'ကျွန်တော်ဆိုလိုချင်တာက ဒီကိစ္စမှာ ဆရာကျော်မလိုက်နိုင်ရင်လဲ ကျွန်တော်ပဲဦးစီးပြီး ဆောင်ရွက်နိုင်လျက်သားနဲ့ ဒီချာတိတ်ကို ဆရာကျော့် ကိုယ်စား ထည့်လိုက်မယ်ဆိုတော့ ကျွန်တော်တို့ကို မယုံလို့လား'

စိန်ဖေကြီး၏ ခပ်မာမာအသံကြောင့် တစ်ခန်းလုံး တိတ်သွားသည်။

ဦးကောင်းမိုးသည် မောင်မောင်ကျော် ၏ မျက်နှာကို အမိပ္ပာယ် ပါပါ ကြည့်ရင်း ကဲ.... ဘယ့်နှယ်ရှိစ ဟု ဆိုနေသယောင်ယောင်၊ စိန်ဖေကြီး၏ လူ နှစ်ယောက်မှာလည်း ဇော်ရှင်းအား မလောက်လေး မလောက်စား သတ္တဝါလေး တစ်ယောက်လို စူးစိုက် ကြည့်ရှုနေသည်။



'ငါပြောတာ အရှင်းကြီးပဲ စိန်ဖေကြီး၊ ဒီတစ်ခေါက် ကိုယ်စား ဇော်ရှင်းကို ထည့်လိုက်မယ်၊ ကဲ.... မင်း ဘာ ပ်ပြောအုံးမလဲ"

မောင်မောင်ကျော်၏အသံက မာသည်။ ပြတ်သည်။

'ဒါတော့ ဆရာကျော် ဘယ်တရားမလဲ တင်ခြင်းတင်ရင် န်တော်လို လူမျိုးကို တင်သင့်တာပေါ့၊ အခုတော့ ဘာ ာတ်တဲ့ လူသစ်ကို ခေါင်းဆောင် တင်တာ ကျွန်တော် တို့ အထင်သေးရာ ကျမနေဘူးလား'

ဒီတစ်ခါတော့ သူ ဝင်ဖို့သင့်ပြီ။

စိန်ဖေကြီး စကားတွေက သူ့ ထိခိုက်လာပြီဟု ဇော်ရှင်း ာလိုက်သည်။

ပြီးတော့ အဘစောပြောသည့် စကား တွေကလည်း ရှိ ၏။ "ပျော့ညံ့ညံ့လုပ်နေရင် မင်းအသက် ဖက်နဲ့ထုပ်ထား" ါကလား။

ဇော်ရှင်းသည် မထီတရီပြုံးရင်း စိန်ဖေကြီး အနားသို့ လှမ်းချင်း လျှောက်သွားပြီး ပခုံးကို အသာပုတ်လိုက် ည်။

'ဒီမှာ ကိုစိန်ဖေကြီး'

'ဘာလဲကွ'

"ကိုကိုကျော်က သင့်တော်ဘယ်ထင်လို့ ကျုပ်ကို ခေါင်း င်တင်တာ ခင်ဗျားက ဘာ မကျေမနပ်ဖြစ်နေတာလဲ၊ ာ ဟောင်းတာ ငယ်တာ ကြီးတာ ဘာမှပြောဖို့ မရှိ အဲ အရေးကြီးတာက ခင်ဗျား ကျုပ် စကားကို နား င်၊ ကျုပ်ခိုင်းတာလုပ် ဒါပဲ'

ားလုံး အံ့အားသင့်ကုန်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အစသော် ဒီကောင်လေး ပြောတာ ဟုတ်မှ ဟုတ်ပါ့လေလို့ စိန်ဖေကြီး ဇဝေဇဝါ ဖြစ်သွားသည်။ နောက်တော့ ဆတ်ဆတ်ခါ ခံပြင်းသွားမိ၏။

'ဘာကွ'

စိန်ဖေကြီးက ခင်မာမာ အော်လိုက်ပြီး ကုလားထိုင်ကို နောက်သို့ ဝုန်းခနဲ တွန်းပစ်၍ ထလိုက်၏။

သည်စဉ်မှာပင် 'အစ်' ခနဲ 'ဂုတ်' ခနဲ အသံနှစ်ချက် ဆက်တိုက် ထွက်ပေါ်လာ၏။

သွားပြီ၊ စိန်ဖေကြီး နောက်ကျသွားပြီ။

'ဟေ့ကောင်တွေ မင်းတို့လက်တွေ ငြိမ်ငြိမ်လေး ထားစမ်း၊ ဒီအကွာအဝေးလောက်တော့ မျက်စိမှိတ်ပစ်တောင် မင်းတို့ အသည်းနှလုံးကို မလွဲဘူးကွ'

အိတ်ထဲသို့ လက်နှိုက်ဟန် ပြင်နေသော စိန်ဖေကြီး၏ လူနှစ်ယောက်မှာ ဇော်ရှင်း၏ လက်ထဲသို့ ဘယ်လိုကဘယ်လို ရောက်လာမှန်း မသိသော ပစ္စတိုလေးကိုကြည့်၍ ကြက်သေသေသွားသည်။

စိန်ဖေကြီးသည် မှေ့ခနဲ ဖြစ်သွား၏။ စားပွဲစွန်းကို လက်နှင့်သာ ထိန်းမထားမိပါက ကြမ်းပြင်ကို နမ်းမိရက် ဖြစ်သွားပေမည်။ သူ၏အရှိက်မှာ မြင်းကန် ခံလိုက်ရသလို အင့်ခနဲ ခံလိုက်ရပြီး လည်ကုတ်ကိုလည်း တင်းပုတ်နှင့် ထုချေလိုက်သလို ခံစားလိုက်ရသည် မဟုတ်လား။

ဦးကောင်းမိုး နှင့် မောင်မောင်ကျော်သည် ဇော်ရှင်း၏ လျှပ်တစ်ပြက် ပူပ်ရှားမှုများကို တအံ့တဩ ဖြစ်မိရင်း ဘာဝင်ပြောရမည်ကိုပင် မသိအောင် ဖြစ်နေကြသည်။



'ကဲ...စိန်ဖေကြီး၊ ခင်ဗျား ကျုပ်ခိုင်းတာလုပ်မလား ထဝ်ပြီး ခွဲအုံးမလား'

ဇော်ရှင်း အသံက ခပ်အေးအေး။

စိန်ဖေကြီးသည် စားပွဲစွန်းကိုအားပြုရင်း ခဲခဲယဉ်းယဉ်း ထ၍ ရပ်သည်။ အခန်းထဲမှ လူများကို တစ်ယောက်ချင်း လိုက်ကြည့်သည်။ ပြီး...အားရပါးရ ပြုံးလိုက်၏။

'အား... ဆရာ့ကျော်၊ ဒါမျိုးဆိုရင် ကျွန်တော် ကြိုက်သွားပြီ။ ဝမ်းသာအားရ လက်ခံပါတယ်'

စိန်ဖေကြီးက ဇော်ရှင်းအား လက်ကမ်းပေးလိုက်သည်။

သူ့ အမူအရာမှာ တကယ်တမ်း တက်ကြွမှုရှိနေ၏။ ဟုတ်ပါသည်။ စိန်ဖေကြီးသည် ကိုယ့်ထက်သာလျှင် ဆရာတင်ဖို့ ဦးမလေးပေမယ့် လူတစ်ယောက်ကို အလိုအလျောက် အထင်ကြီးတတ်သူသည်း မဟုတ်ပါချေ။ သူကိုယ်နှိုက်က အသတ်အပုတ် ကျွမ်းကျင်သည်ဟု မှတ်ယူထားသူသည်း ဖြစ်၏၊ ယခုတော့... စက္ကန့်ပိုင်းအတွင်း ခံလိုက်ရသည်မှာ မယုံနိုင်စရာပင် ကောင်းနေသေးတော့သည်။

ဦးကောင်းမိုးက ခေါင်းကို အသာညိတ်၍ မောင်မောင်ကျော့်ကို အားရပါးရ ပြုံးပြလိုက်လေသည်။ ယခုတော့ အခြေအနေမှာ ပုံမှန်သို့ ရောက်ရှိသွားခဲ့လေပြီ။

'ကဲ...ဇော်ရှင်းနဲ့ စိန်ဖေကြီး အခုသွားရမယ့် နေရာက မြိုင်သာစခန်းပဲ၊ နေရာဒေသကို စိန်ဖေကြီးက ပိုပြီးကျွမ်းကျင်တယ်၊ ဟိုကိုချိန်းထားတဲ့နေ့နဲ့ အချိန်မှာ မင်းတို့ ရောက်ကြရမယ်၊ လုပ်ရမယ့် အစီအစဉ် အသေးစိတ်ကိုတော့ ဇော်ရှင်းကို သွန်ကြားချက် ပေးလိုက်မယ်၊ မင်းတို့ ဒီညနေပဲ ရထားနဲ့ ထွက်ကြ၊ ဘာမေးစရာ ရှိသေးလဲ'

www.burmeseclassic.com

www.burmeseclassic.com



'မရှိပါဘူး ဆရာကျော်'

'ကဲ....ဒါဖြင့် မင်းတို့ သွားကြတော့၊ ဇော်ရှင်း နေခဲ့'

စိန်ဖေကြီးတို့ လူသိုက် ထွက်သွားသည်နှင့် မောင်မော[င်] ကျော်က လုပ်ဆောင်ရမည့် အစီအစဉ်များကို ဇော်ရှင်းအာ[း] အသေးစိတ် ရှင်းလင်းပြောပြ၏။ မောင်မောင်ကျော့် စကာ[း] ဆုံးသွားသောအခါ ဇော်ရှင်း ရင်သည် အလိုအလျော[က်] လေးလာသည်။

သူသည် စိန်ဖေကြီးတို့အား ဦးဆောင်၍ တစ်နေ[့] လူတင်ငုံထံမှ ပစ္စည်းတစ်ခုကို ငွေတစ်သိန်းပေး၍ ဝယ်ခဲ့[ရ] မည်။ ဘာပစ္စည်းရယ်လို့ သူ မသိ။

သူ့ဘဝတွင် ယနေ့အထိ မှန်ရာကိုသာ လုပ်ခဲ့သည်။ တ[ရား] ဥပဒေနှင့် ငြိစွန်းသော အပြုအမူ မှန်အမှု ရှောင်ရှားခဲ့သည်[။] ယခုသော် ကိုကိုကျော်သည် သူ့ကို ခိုင်းနေပေပြီ။ကျေးဇူးရှ[င်] ဖြစ်သူ၏ စကားကို ငြင်းပယ်ပြီး 'မလုပ်လို'ဟု ဆိုလိုက်[ရ] အောင်ကလည်း သူနှင့် အဘ၏ ရေ့ရေးက ရှိသေးသည်[။] ပြီးတော့ အဘကလည်း ကိုကိုကျော် ခိုင်းလျှင် ဘာမဆိုလုပ်[ရ] မည်ဟု ပြောထားသေးသည် မဟုတ်လား။

'ဘယ့်နှယ်လဲ ဇော်ရှင်း၊ ဒါလောက်ဆိုရင် လုပ်ငန်း[က] သဘောပေါက်လောက်ရောပေါ့၊ ဘာထပ်မေးစရာ ရှိသေ[း] သလဲ'

'ကျွန်တော် အားလုံး နားလည်ပါပြီ ကိုကိုကျော်'

သည်မှာတင် ဦးကောင်းမိုးက ဝင်ပြောသည်၊

'အေး....အရေးအကြီးဆုံးကတော့ သစ္စာရှိဖို့ပဲ ဇော်ရှင်း[၊] မင်းကို တို့က မြှောက်စားသလို မင်းကလဲ ကျေးဇူးသိတတ်[ဖို့] လိုတယ် ဇော်ရှင်း'



'ဟုတ်ကဲ့ ဦးလေး'

'နောက်ပြီးတော့ ဒီကိစ္စကို ဘယ်ခါမှ မပေါက်ကြားရအောင် လျှို့ဝှက်ထားရမယ်'

'ကောင်းပါပြီ ဦးလေး'

'ကဲ....ဒါဖြင့်သွားတော့၊ဪ....မောင်ကျော်၊ ဇော်ရှင်း လိုတာရှိရင် သုံးဖို့ တစ်ထောင်ပေးလိုက်'

'ကျွန်တော် အသုံးမလိုပါဘူး ဦးလေး'

'မဟုတ်ဘူးလေ၊ ဒီငွေကို မင်းအတွက် သက်သက် သုံးချင်တာ သုံးဖို့ ပေးတာပါ၊ မင်းလိုတဲ့ ပစ္စည်း ဝယ်ပေါ့၊ ဟိုမှာ သိပ်အေးတယ်၊ ဂျာကင်လေး ဘာလေး ဝယ်ပေါ့' ၈

ကိုကိုကျော်က ဝင်ပြောသဖြင့် ဇော်ရှင်း မငြင်းသာတော့။ ငွေတစ်ထောင်ကို အိတ်ထဲသို့ ထည့်၍ ပြန်ခဲ့သည်။ သို့ပေမယ့် သူ့စိတ်က နောက်ကျိနေသည်။ လေးလံနေလေသည်။

သည်ကနေ့ ညနေကစ၍ သူ မနှစ်မြို့သော လောကသို့ ခြေစုံပစ် ဝင်ရတော့မှာပါကလား ဟူသော အသိကြောင့် ရင်မောနေရသည်။

အဘသည် သူ့ကို ဘာမျှ မမေး။ သူ့အမူအရာကိုသာ အကဲခတ်သလို ကြည့်နေသည်။

'ကျွန်တော် ဒီညနေ ခရီးထွက်ရမယ် အဘ'

'အေး....ကောင်းတယ်'

'ငွေတစ်ထောင် ပေးလိုက်တယ်'

'အေး....မင်းသုံးချင်တာ သုံးပေါ့'

'ကျွန်တော် အပြင်သွားဦးမယ်'

'အေး'

www.burmeseclassic.com

www.burmeseclassic.com



အဘအသံက အေးတိအေးစက် နိုင်လှသည်။

ဇော်ရှင်းသည် မြစ်ပယ်မြိုင်မှ ထွက်ခဲ့သည်။

ထွက်လို့သာထွက်လာရသည်၊ ဘာရယ်လို့တော့ ရည်ရွယ်ချက် မရှိလှ။

လမ်းထိပ်ကျတော့ ဂျစ်ကားတစ်စင်း သူ့ဘေးသို့ ထိုးရပ်လာသည်။ ကားပေါ်မှာတော့ ကိုယက္ခ။

'ဟေး....ချာတိတ်၊ ဘယ်လဲ'

'အား....အစ်ကိုယက္ခပါလား၊ ဈေးချိုဘက် သွားမလားလို့'

'လာလေကွာ၊ တက်....အစ်ကိုလဲ အဲဒီဘက်သွားမှာ'

ဇော်ရှင်းက ပါးစပ်ထဲ တွေ့ကရာ ပြောလိုက်ရာ ကိုယက္ခက သူ့ကို ခေါ်နေပါပြီ။

'နေပါစေ အစ်ကို'

'လာပါကွ၊ လမ်းကြုံပါတယ်'

ဇော်ရှင်းသည် ကားပေါ်သို့ တက်ထိုင်လိုက်သည်။

ဂျစ်ကားလေးသည် ကျုံးဘေး တစ်လျှောက်တွင် ခပ်မှန်မှန် ပြေးနေလေသည်။ နေခြည်သည် ကျုံးရေပြင်ပေါ်တွင် တင်နေသည်။

'ဒီနှစ် မြန်မာပြည် တံခွန်စိုက် ဗိုလ်လုပွဲမှာ ဝင်ပြိုင်မယ် မဟုတ်လား ဇော်ရှင်း'

ငေးနေသော ဇော်ရှင်းသည် ကိုယက္ခ၏ ရုတ်တရက် မေးခွန်းကြောင့် ဆတ်ခနဲ ဖြစ်သွားသည်။

'ဒီလောက်အထိ ကျွန်တော့်လက်က အဆင့်အတန်း မမြင့်သေးပါဘူး အစ်ကိုယက္ခ၊ ပြီးတော့ ကိုကိုကျော်ကလဲ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ဘာမှ ကျွန်တော့်ကို မပြောသေးဘူး'



'မင်းလက်ဟာ စံချိန်မီပါတယ် ဇော်ရှင်း၊ အစ်ကို အကြံပေးချင်တာက မင်း မြန်မာပြည် တံခွန်စိုက် ဗိုလ်လုပွဲကို ဝင်နွှဲစေချင်တယ်၊ အဲဒီကမှ ကျွန်းဆွယ်ပွဲတို့၊ အိုလံပစ်ပြိုင်ပွဲတို့ကို တိုင်းပြည်ကို ကိုယ်စားပြုပြီး ဝင်ရောက်ယှဉ်ပြိုင်စေချင်တယ်'

ဇော်ရှင်း သူ့ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်ပြီး မေးလိုက်သည်။

'တိုင်းပြည်ကို ကိုယ်စားပြုပြီး ဟုတ်လား အစ်ကို'

'အေးပေါ့ညီ၊ ဒါလဲ တိုင်းပြည်အကျိုးကို တစ်တပ်တစ်အား ထမ်းဆောင်တာပေါ့ကွ၊ လူတိုင်း လူတိုင်းဟာ ကိုယ် တတ်ကျွမ်းတဲ့ ပညာ၊ ကိုယ် ကျွမ်းကျင်တဲ့ အားကစား၊ တန်ဖိုးရှိတဲ့ လုပ်အားတွေနဲ့ တိုင်းပြည်ရဲ့ အကျိုးကို ထမ်းဆောင်မှ နိုင်ငံသားကောင်း ပီသမယ်၊ အမိ နိုင်ငံရဲ့ ကျေးဇူးကိုလဲ ဆပ်ရာ ရောက်မယ်၊ အဲ....ဒီလိုမှ မဟုတ်ဘဲ ကိုယ် တတ်ကျွမ်းတဲ့ ပညာကို တိုင်းပြည်ကို အကျိုးမပြုတဲ့ မကောင်းမှု ဒုစရိုက်တွေ လုပ်မယ်ဆိုရင် ကိုယ့်အတွက်လဲ မကောင်းဘူး၊ တိုင်းပြည်အတွက်လဲ အကျိုးယုတ်တယ် ငါ့ညီ'

ဇော်ရှင်း ရင်တွင် တဒိန်းဒိန်း ခုန်နေသည်။

ကိုယက္ခသည် သူ့အား မည်သည့် ရည်ရွယ်ချက်နှင့် ဤစကားတွေကို ပြောနေလေသနည်း။

'မင်းဟာ သေနတ်ပစ် ကျွမ်းကျင်တယ်၊ သတ္တိရှိတယ်၊ သွက်လက်တယ်၊ မင်းလို လူမျိုးကို မကောင်းမှု ဒုစရိုက်သမားတွေက ငွေတွေ အောပေးပြီး သူတို့ အကျိုးအတွက် အသုံးချတတ်ကြတယ်'

'ခင်....ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



'ဪ—အစ်ကိုက မင်းကို သတိပေးနေတာပါ၊ မသမာ
သူတွေနဲ့ တွေ့ပြီး လမ်းမှားကို ရောက်သွားမှာ စိုးရိမ်လို့
သတိပေးတာပါ ငါ့ညီ'

ဇော်ရှင်း ရင်ထဲတွင် ရှုပ်နေသည်။

ကိုယက္ခသည် သူ လုပ်တော့မည့် လုပ်ငန်းကို ကြိုတင်သိ
နေသလော။ ကိုယက္ခသည် သူ့ကို ဘာ့ကြောင့်များ စိုးရိမ်လို့
သတိပေး နေရလေသနည်း။

မည်သို့ပင် ဖြစ်စေကာမူ ကိုယက္ခ၏ စကားတွေက သွေး
ထွက်အောင် မှန်လေသည်။ လက်ခံဖို့လည်း သင့်သည်။

'လူတွေမှာ ငွေမမက်တဲ့ လူဆိုတာ မရှိသလောက်
ပဲ ငါ့ညီ၊ ဒါပေမယ့် သန့်စင်တဲ့ ငွေတစ်ကျပ်ဟာ
မသန့်စင်တဲ့ ငွေတစ်ထောင်ထက် ပိုပြီး တန်ဖိုး ရှိပါ
တယ် ငါ့ညီ'

'ကျွန်တော် ငွေမမက်ပါဘူး အစ်ကို ယက္ခ'

'ကောင်းပါလေရဲ့ကွာ၊ ကဲ....မင်း ဘယ်မှာ ဆင်းမလဲ'

'နာရီစင်'

ဇော်ရှင်းသည် ကားပေါ်မှ ဆင်းခဲ့ပြီး ရည်ရွယ်ချက်မဲ့
လျှောက်လာခဲ့သည်။ သူ့စိတ်များမှာ ကိုယက္ခ ပြောခဲ့သော
စကားတွေကြောင့် လေးလံ ထိုင်းမှိုင်းလျက် ရှိနေသည်။

အကယ်၍ ကိုကိုကျော် ခိုင်းသော အလုပ်ကို မဆောင်
ရွက်ဘဲ နေမည်ဆိုပါက မည်သည့် အကျိုးဆက်တွေ ဆက်နွယ်
လာမည်ကို သူ တွေးမိလာ၏။ ပထမဆုံး အဘစော၏ ငြိုငြင်
မှု၊ ကြိမ်းမောင်းမှု၊ အပြစ်တင်ကိုမှုကို ခံရမည်။ အဘစော
သည် အတိုးဆိုသော်လည်း သူ့ကို သားအရင်းကဲ့သို့ ချစ်ခင်
သူ။ သူ့အား ငယ်စဉ်တောင်ကျေး ကလေးအရွယ် လူမမယ်



ဘဝမှ စ၍ ကျွေးမွေး သုတ်သင်လာသူ။ ပြီးတော့ မြစ်ပယ်
မြိုင်သို့ စတင် ခြေချစဉ် ကတည်းက ရည်ရွယ်ချက်တွေ
မအောင်ခင် ခိုင်းတာလုပ်၊ ကျွေးတာ စားဟု ပြောဖူး၏။ အဘ
တွင် မည်သည့် ရည်ရွယ်ချက်တွေ ရှိနေသည်ကို သူ မသိရိုး
အမှန်ပင်။

ပြီးတော့....စုစုထွေး။

မစုစုထွေးနှင့် ဝေးရမည့် အဖြစ်ကို သူ မလိုလားပါ။
ကိုကိုကျော် စကားကိုလည်း မပယ်ရှားဝံ့ပါ။

ဇော်ရှင်းသည် သူ့စိတ်ကို တုံးတုံးချပစ်လိုက်သည်။

ညစ်သည့် စိတ်။ ရှုပ်ထွေးနေသည့် ဦးနှောက်ကို သူ့ခေါင်း
ထဲမှ ဖျောက်ဖျက်လိုက်သည်။

ထိုနောက် ဈေးတန်းတွင် တွေ့ရသော လက်ဆွဲအိတ်
တစ်လုံးကို အရင် ဝယ်လိုက်ပြီး အခြား လိုအပ်မည်ထင်သော
ပစ္စည်းများကို ဝယ်ထည့်သည်။ ဈေးတွေကလည်း ကြီးပါ
ဘိ။ ဂျာကင်တစ်ထည်၊ မျက်မှန်တစ်လက်၊ အိတ်တစ်လုံး
တည်းနှင့်ပင် ရှစ်ရာနီးပါး ချောသွားသည်။ မြစ်ပယ်မြိုင်သို့
ပြန်ရောက်တော့ ညနေ လေးနာရီ။

ကားတစ်စီး ပေါ်တီကိုအောက်တွင် ရပ်ထားသည်။

သူ ခြံဝရောက်တော့ တိုက်ထဲမှ ခန့်ထည်သော စုံတွဲ
တစ်တွဲ ထွက်လာပြီး ကားကြီးပေါ်သို့ တက်ကြ၏။ ဒေါ်
ခင်ထွေးက ကားဘေးအထိ လိုက်ပို့သည်။ မိုက်ကယ်သာဇံ၏
မိဘများပါတကား။ သူတို့ ဘာ လာလုပ်ကြပါလိမ့်။ သား
ရေး သမီးရေးများ ဆွေးနွေးဖို့ လာကြသလား။

သို့သော်ငြားလည်း မိုက်ကယ်ဆိုသည့် သကောင့်သား
တော့ မပါလာပါပေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ညတစ်ည....

လူ လေးယောက်နှင့် ကားတစ်စီး။

ညသည် မလှုပ် မယှက် ငြိမ်သက်နေပေမယ့် ကားတစ်စီးနှင့် လူ လေးယောက်မှာ လှုပ်ရှားနေပါသည်။ ကားသည် ဝီလီဂျစ်ဖြစ်၍ လူလေးယောက်မှာ ဇော်ရှင်း၊ စိန်ဖေကြီးနှင့် တပည့်နှစ်ဦး ဖြစ်ကြ၏။

ကောင်းလိုက်သည့် စက်ကလည်း မြေပြန့်မှသည် အတက်အဆင်း အကွေ့အကောက် ဖြွမ်းသော တောင် ပေါ် သို့ရောက်ခဲ့သည့်တိုင်အောင် တစ်စက်ကလေးမှ မဖောက်။ ဆီကလေး မီးကလေးမျှ မပျောက်။

မနက် မိုးလင်းသည်နှင့် မြိုင်သာစခန်းနှင့် မိုင် ခြောက်ဆယ်သာ ဝေးတော့သည်။ ဇော်ရှင်းသည် သားရေဂျာကင်အောက်ခါးကြားတွင် ထိုးထားသောဘရောင်နီပစ္စတိုကိုထုတ်၍ စစ်ဆေးသည်။ ဒီသေနတ်ကို မောင်မောင်ကျော်က သူ့ကို



ပေးလိုက်သည်။ မယူလိုလှသော်လည်း အန္တရာယ်သည် သူ့ကို အမြဲတမ်း မျက်စောင်းထိုးနေလိမ့်မည်ဟု ကိုကိုကျော်က မှာလိုက်ပြီး သေနတ်ပေးလိုက်ခြင်း ဖြစ်သည်။

ဇော်ရှင်းသည် မောင်းတင်လိုက်ပြီး ကျည်တစ်တောင့်ကို ပြောင်းရင်းထဲသို့ သွင်းလိုက်၍ ကျည်ရိုက်တန်ကို လက်မနှင့် ဖိပြီး မောင်းကို ပြန်ချလိုက်သည်။

'ဘယ်အချိန်လောက် ရောက်မယ်ထင်သလဲ ကိုစိန်ဖေကြီး'

'အလွန်မောင်းရလှ နောက် နှစ်နာရီပေါ့'

'အတော်ပဲ စခန်းကို ကျုပ်တို့ ကိုးနာရီတိတိမှာ အရောက်သွားရမယ်၊ ကိုးနာရီ ဆယ့်ငါးမိနစ် တိတိမှာ တောလမ်းက ဖြတ်လာတဲ့ ကျုပ်တို့လူတွေဟာ ပစ္စည်းတွေနဲ့အတူ စခန်းကို ရောက်မယ်၊ အဲ...ကျုပ်တို့ ကားကြီးသုံးစီးဟာ လက်ဖက်စိုလက်ဖက်ခြောက် အိတ်တွေအပြည့်နဲ့ ကိုးနာရီခွဲမှာ "မြိုင်သာစခန်း"နားက ကားလမ်းကို ဖြတ်လိမ့်မယ် ဒီထိရှင်းတယ်နော်'

'ဆက်ပြောပါ'

စိန်ဖေကြီးက စတီယာရင်ကို ကျွမ်းကျင်စွာ ထိန်းရင်းဆိုသည်။

'အဲဒီအချိန်မှာ ကျုပ်တို့ကုန်ကား သုံးစီးစလုံး ဖွတ်ဖွတ်ကြေအောင် အရှာခံရပြီး ဖြစ်လိမ့်မယ်၊ အနည်းဆုံး ဂိတ်သုံးဂိတ်လောက်က စိတ်တိုင်းကျ ရှာကြမှာ သေချာတယ်၊ ကျုပ်တို့က "မြိုင်သာစခန်း"က လက်ဖက်ပို တစ်ခုကို ကားပေါ်က တစ်ခုနဲ့ လဲတင်ပေးလိုက်မယ်'

'အင်း....ဇော်ရှင်းပြောတဲ့ အစီအစဉ် မဆိုးပါဘူး၊ ဒါနဲ့ တစ်ဖွဲ့ဖွဲ့က အချိန်နောက်ကျမယ် ဆိုရင်ကော'

www.burmeseclassic.com

www.burmeseclassic.com



'နောက်ကျလို့ကို မဖြစ်ဘူး ကိုစိန်ဖေကြီး၊ တစ်ခုခုက အချိန်လွဲရင် အားလုံး ကမောက်ကမတွေ ဖြစ်ကုန်မှာ သေချာတယ်'

'တစ်ခုခု အနှောင့်အယှက်များ ရှိခဲ့ရင်....'

ဇော်ရှင်းသည် စိန်ဖေကြီးကိုပြုံးပြရင်း သူ့ခါးကြားထဲမှ သေနတ်ကို ပုတ်ပြလိုက်၏။

သည်သို့ဖြင့် နှစ်နာရီခန့် ဆက်မောင်းလိုက်ရာ လမ်းဆုံးရောက်ရန် လက်တစ်လှမ်းအလိုသို့ ရောက်ခဲ့ကြသည်။ စိန်ဖေကြီးသည် ဂျစ်ကို ကျောက်လမ်းမမှ ဖယ်ထွက်၍ ထင်းရှူးပင်ပုကလေးများ အုပ်ဆိုင်းနေသော တောလမ်းထဲသို့ မောင်းသွင်းလိုက်၏။ အတန်ငယ် မောင်းမိသည်နှင့် ကားဆက်၍ မမောင်းနိုင် လောက်အောင် ကျင်းတွေချိုင့်တွေက များလာသဖြင့် ကားကို ရပ်ပစ်လိုက်သည်။

'ဒီအထိပဲ မောင်းလို့ရတယ်၊ ဒီကနေ မြိုင်သာ စခန်းကို ရောက်ဖို့ ငါးမိနစ်လောက် လျှောက်ရမယ်'

'ကောင်းပြီလေ၊ ကဲ....ကျော်စိန် ကားစောင့်ရင်းနေခဲ့၊ မြင့်သိန်းနဲ့ ကျုပ်ထို့နှစ်ယောက်က ဟိုကိုသွားမယ်'

စိန်ဖေကြီးက ခေါင်းညိတ်ပြ၏။

ဇော်ရှင်းသည် မျက်စိကို လျင်လျင်ထားရင်း စိန်ဖေကြီးပြသော တောလမ်းအတိုင်း လိုက်ခဲ့သည်။

အခြေအနေမှာယခုချိန်အထိကောင်းနေဆဲပင်။ ဇော်ရှင်းသည် ပထမဦးဆုံး အကြိမ် လုပ်ဆောင်ရမည့် ကိစ္စအတွက် စိတ်ထဲတွင် မသိုးမသန့်ဖြစ်မိသော်လည်း သူဦးစီးသည့် ပထမအကြိမ်တွင် အောင်အောင်မြင်မြင် ဖြစ်စေချင်သည်။



သူတို့ဖြတ်ခဲ့သော ထင်းရှူးတောသည် အပင်ကြီးမရှိ၊ ပင်ငယ်ကလေးများနှင့် စိမ်းစိုနေပြီး လမ်းလျှောက်ရသည် ာ အခက်အခဲ မရှိလှ။ ပစ်ကွင်း မြင်ကွင်းလည်း ကောင်း သသည်။ ထင်းရှူးတော လွန်သည်နှင့် ဘောလုံးကွင်း တစ် ွင်းခန့် ဟင်းလင်းပြင် တစ်ခုကို တွေ့ရပေသည်။

ဟင်းလင်းပြင်၏ ဟိုမှာဘက်တွင်မူ ထင်းရှူး၊ အင်ကြင်း၊ စ်ရာ၊ ယူကလစ်ပင်များနှင့် စိမ်းညို့ အုပ်ဆိုင်းနေသည်ကို င်ရလေသည်။

'အဲဒါ မြိုင်သာပဲ ဇော်ရှင်း ကဲ သွားကြမယ်'

'ကျုပ်တို့ သုံးယောက်စလုံး'

'ဒါပေါ့....ဒါပေါ့၊ ဘာလဲ ဇော်ရှင်းက မလိုက်ရဲဘူး ား'

'အား....ဒီလိုထင်ရင် မှားမှာပေါ့ ကိုစိန်ဖေကြီး၊ ကွင်း ်ဆိုတာ ၂ "အန္တရာယ်စက်ကွင်း"ဗျ၊ ဟိုဘက်မှာ ဘယ်သူ တွေက ဘယ်လိုလက်နက်တွေနဲ့ စောင့်နေမလဲဆိုတာ ဘယ် ှ မသိဘူး၊ အဲဒီတော့ ကျုပ်အရင် ဖြတ်နှင့်မယ်၊ ခင်ဗျား မြင့်သိန်းက နေရာယူထား၊ တစ်ခုခုဖြစ်ရင် ကျည်ကာပစ် း'

စိန်ဖေကြီးက မသိမသာ ပြုံးရင်း ပခုံးတွန့်လိုက်၏။

အစိုးရိမ်ပိုရန်ကော ဟူသော အကြည့်ဖြင့်လည်း ကြည့်နေ ည်။ သူ့ကို ဖက်ပြိုင်နေလျှင် အချိန်ကုန်ရုံသာ ရှိတော့မည် ဇော်ရှင်းက တွေးလိုက်ပြီး သေနတ်ကို ဆွဲထုတ်၍ ကွင်း သို့ ဖြတ်ခနဲ ထွက်လိုက်၏။

သို့ရာတွင်....

'မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ'

www.burmeseclassic.com

www.burmeseclassic.com



'လောကတွင် လျှို့ဝှက်အပ်သောအရာသည် မရှိ' ဟူသော စကားများ ရှိနေသည်ကို သတိပြုရပါလိမ့်မည်။

ကွင်းစပ်သို့ ထွက်လိုက်သည်နှင့် သူ့ ရုပ်သွင်မှာ အားကောင်းသော မှန်ပြောင်းတစ်လက်၌ သွားရောက် ဟပ်ထင်နေသည်ကို ဇော်ရှင်း မသိပါပေ။ ချုံထဲတွင်ဝပ်၍ စောင့်ကြည့်နေသော မှန်ပြောင်းသမားသည် သူ့နောက်တွင် ထိုင်နေသော ပြောင်းတိုပြောင်းရှည်ကိုင် သေနတ်သမား သုံးဦးအား အချက်ပြလိုက်ပြီး နောက်သို့ တွား၍ ဆုတ်သွားသည်။

သေနတ်သမား လေးဦးသည် ကြိုတင် သတ်မှတ်ထားသော နေရာများနောက်တွင် လှစ်ခနဲ ပျောက်သွားကြ၏။ ဇော်ရှင်းသည် တောစပ်အရောက် ခတ်သွက်သွက် ဖြတ်ကူးလိုက်ရင်း သစ်ပင်ကြီး တစ်ပင်ဘေးကို ပြေးကပ်၍ အခြေအနေကို အကဲခတ်လိုက်၏။ အထက်ရှုပ်သော်လည်း အောက်ခြေ ရှင်းသော တော၏ အနေအထားမှာ သင်္ကာမကင်းဖွယ် တစ်စုံတစ်ရာမှမရှိ၊ သူက စိုက်ထူထားသော မှတ်တိုင်လေးကို ဖတ်ကြည့်လိုက်သည်။

'မြိုင်သာ သစ်တော ကြိုးဝိုင်း'

ယိုင်နဲ့နေသော သစ်သားဆိုင်းဘုတ်ကလေးသည်လျှင် ပင်သုလာခဲ့သော 'မြိုင်သာစခန်း' ဖြစ်ကြောင်း ဇော်ရှင်း သိလိုက်သည်။ ဇော်ရှင်းသည် စိန်ဖေကြီးအား အချက်ပြလိုက်သည်။ စိန်ဖေကြီးနှင့်မြင့်သိန်းတို့ ကွင်းပြင်ကိုဖြတ်၍ ရောက်ရှိလာသည်။ သူတို့အားလုံး မှတ်တိုင်ကလေး ဘေးရှိ သစ်ခြောက်တုံးကြီးပေါ်တွင် ထိုင်မိကြသည်။

'အခြေအနေ ကောင်းပါတယ်'



စိန်ဖေကြီးက မှတ်ချက်ချရင်း သေနတ်ကို ခါးကြားထဲသို့ ထိုးသွင်းလိုက်၏။ ဇော်ရှင်းသည် ပစ္စတိုကို သူ့ ပေါင်ပေါ်တွင် တင်ရင်း နာရီကို ကြည့်လိုက်သည်။

'ကိုးနာရီ'

'အင်း....ဆယ့်ငါးမိနစ်အတွင်း ရောက်လာလိမ့်မယ်'

သို့တစေ....

သေနတ်ပြောင်း လေးခုသည် သူတို့အား ချိန်ထားသည်ကိုတော့ မသိပါပေ၊ စိန်ဖေကြီးနှင့် မြင့်သိန်းသည် စီးကရက်တစ်လိပ်စီထုတ်၍ နှုတ်ခမ်းတွင်ဘပ်ရင်း မီးညှိနေကြသည်။

'တစ်ယောက်မှ မလှုပ်နဲ့ မင်းတို့ကို ဝိုင်းထားပြီ'

ဇော်ရှင်းသည် ပေါင်ပေါ်တွင် တင်ထားသော ပစ္စတိုကိုင်လိုက်ပါသေး၏။ သို့ရာတွင် နောက်ကျသွားပေပြီ။ လူကို မမြင်ရသော်လည်း ထန်မာသော အသံက ထွက်ပေါ်လာပြန်သည်။

'ဟိုကောင်....လက်ထဲက သေနတ်ချပြီး လက်မြှောက်ထားစမ်း၊ နည်းနည်းလှုပ်တာနဲ့ မသာပေါ်သွားမယ်'

ဇော်ရှင်းက သေနတ်ကို လွှတ်ချလိုက်သည်။

သူတို့ ထွက်လာကြ၏။ အားလုံးသုံးယောက်၊ ဂျပန်ရိုင်ဖယ် တစ်လက်နှင့် ခြောက်လုံးပြူး နှစ်လက်ပါသည်။ သူတို့ရုပ်တွေက မိုက်တီမိုက်ကန်း ဖြစ်ပေမယ့် မျက်နှာတွေက ပြုံးနေကြ၏။

လက်ဦးသွားပြီကိုး....

'ဟား....ဟား....ဟား၊ အံ့မောင်တို့က မပိုင်ရင်ဘယ်တော့မှ မကိုင်ဘူးဟေ့၊ ဟေ့ကောင်တွေ သူတို့သေနတ်တွေ သိမ်းလိုက်'

www.burmeseclassic.com

www.burmeseclassic.com



ပြော.... အုံ့မောင် ဆိုပါကလား၊ သည်အမည် ကိုကို ကျော် ပြောဖူးလေသည်။

'ခင်ဗျား ဘာလိုချင်သလဲ ကိုအုံ့မောင်'

ဇော်ရှင်းက မေးသည်။

'ဇော်ရှင်း ဆိုတာ မင်းလား၊ ဟား....ဟား မလောက်လေး မလောက်စား ကလေး ပါလား ကွ၊ ငါလိုချင်တာကတော့ မင်းတို့ အခု စောင့်နေတဲ့ ပစ္စည်းတွေပေါ့ကွာ၊ ဟား....ဟား မပိုင်ဘူးလား'

အခြေအနေမှာ အဆိုးဝါးဆုံးသို့ ရောက်ခဲ့လေပြီ။

ယခုမူ.... သူတို့သုံးယောက်က လက်နက်မဲ့။

ဟိုသုံးယောက်က လူသေစေသော လက်နက်တွေ ကိုယ်စီနှဲ့။

ဇော်ရှင်း သည် မီးစင် မကြည့်ဘဲ ကတော့မည်ဟု ဆုံးဖြတ်လိုက်စဉ် အုံ့မောင်က မေးသည်။

'ကဲ.... ပြောစမ်း၊ ပစ္စည်းတွေ ဒီကို ဘယ်အချိန် ရောက်မလဲ၊ ဘယ်လောက်ဖိုးပါသလဲ'

'ဒီလိုလုပ်ပါ ကိုအုံ့မောင်၊ ခင်ဗျား တစ်ဝက်ရမယ်ဆိုရင် မကျေနပ်နိုင်ဘူးလား'

'ဟေ့ကောင်၊ ငါမေးတာ ပြောစမ်း၊ ပစ္စည်းတွေ ဒီကို ဘယ်အချိန် ရောက်မလဲ၊ လာပို့မဲ့လူ ဘယ်လောက်များသလဲ ဘာလက်နက်တွေ ပါမလဲ'

ဇော်ရှင်းက ထပ်မံ၍ ပြုံးပြလိုက်ပြန်သည်။

'ဒီမှာ ကျွန်တော်ပြောတာ လက်ခံစမ်းပါဗျာ၊ တကယ်လို့ ပစ္စည်းတွေ ရောက်လာတောင် စကားဝှက်မသိရင် ပေးမှာ မဟုတ်ဘူး။ ပစ်လားခတ်လားတွေ ဖြစ်ကုန်မယ်၊ အဲဒီတော့ တစ်ဝက်ကိုယူပြီး အေးအေး ဆေးဆေး ဖြစ်စမ်းပါဗျာ'



အုံ့မောင်၏ မျက်နှာမှာ တင်းမာသွားသည်။

စိန်ဖေကြီး နှင့် မြင့်သိန်းကား မျက်နှာသေကလေးတွေဖြင့် တုတ်တုတ်မျှ မလှုပ်ဘော့။

'ဟေ့ကောင်လေး....ငါ မေးတာ ပြောစမ်း'

'မပြောဘူး ဆိုရင်ကော'

ဇော်ရှင်းအသံက တည်ငြိမ်ဆဲ။

'အား.... လွယ်ပါတယ်ကွာ၊ ငါ့မှာ စကားပြောအောင် လုပ်တဲ့ နည်းပေါင်း တင်တောင်လောက် ရှိတယ်ကွ။ ကဲ.... ပထမဆုံး ရိုင်ဖယ်ဒင်ဟာ ဘယ်လောက်မာသလဲဆိုတာ မြီး ကြည့်ရအောင် ကဲ....'

အုံ့မောင်က သူ့ တပည့်ထံမှ ရိုင်ဖယ်ကို ခြောက်လုံးပြူးနှင့် လဲ၍ ကိုင်လိုက်ပြီး ကျွန်တစ်ယောက်ကို မျက်ရိပ်ပြလိုက်ရုံနှင့် ဇော်ရှင်း လက်နှစ်ဖက်ကို နောက်မှ အချုပ်ခံလိုက်ရ၏။

ယခုမူ သူ့ရှေ့တွင် နှစ်ယောက်သာ ရှိလေပြီ။

တစ်ယောက်က စိန်ဖေကြီးနှင့် မြင့်သိန်းကို ခွ၍ ချိန်ထားသည်။ သူ့ကို ချုပ်ကိုင်ထားသူမှာ ဆင်တစ်ကောင်လို တုတ်ခိုင် ထွားကျိုင်းလှသဖြင့် ဇော်ရှင်းမှာ သူ့လက်တွင် ကစားစရာ အရုပ်ကလေးလို ဖြစ်နေသည်။

'ကဲ....ပြောတော့မလား'

'ကျုပ် ပြောပြီးပြီပဲ ကိုအုံ့မောင်၊ အချင်းချင်း တွေ မကောင်းဘူးဗျာ၊ ကဲ....သုံးပုံနှစ်ပုံ ယူဗျာ'

www.burmeseclassic.com

www.burmeseclassic.com



အုံ့မောင်က ရိုင်ဖယ်ကို ဘယ်မြှင့်အနေအထားဖြင့် ကိုင်ရင်း သူ့ထံသို့ တစ်လှမ်းချင်း လျှောက်လာသည်။ ပြောင်းဝက အပေါ်သို့ ထောင်နေပြီ။

အထင်သေးလေစွ။

မှားလေစွ။

ဇော်ရှင်းသည် သူ့ကိုချုပ်ထားသော ဗလကြီး၏ မေးစေ့ကို ခေါင်းနှင့် နောက်ပြန် ဆောင့်တိုက်လိုက်သလို ဟစ်ချိန်တည်းမှာပင် ရှူးဖိနပ်ခွာဖြင့် ညို့သကြီးကို ပေါက်ထည့်လိုက်၏။ မေးစေ့နှင့် ညို့သကြီးကား အထိမခံ ကြွေပန်းကန်လို နေရာမျိုးပင်။

ဒါကိုချုပ်ကိုင်ထားသည့် လက်အင်အားလျော့သွားခြင်းက သက်သေခံပေလိမ့်မည်။ဇော်ရှင်း၏လှုပ်ရှားမှုတွေကလျှပ်စီးတစ်လက်၊ ကျည်တစ်ချက်လိုသွက်လက်လွန်းလှ၏။ သူသည် ဗလကြီးလက်မှကိုယ်ကိုပတ်ထွက်လိုက်ပြီး ပခုံးစလွယ်အိတ်ထဲမှ လက်စွဲတော် ဒသမနှစ်နှစ် ပစ္စတိုကလေးကို ဆွဲထုတ်လျက်သား ဖြစ်နေ၏။ အဲ....ဒီသေနတ် လက်ထဲရောက်ပြီဆိုရင်တော့ မလွတ်တော့ဘူးသာ မှတ်ပေရော့။

သူသည် ဒူးထောက် ထိုင်ချရင်း ကျည်ဆန်တွေကို တဒိုင်းဒိုင်း ပစ်လွှတ်လိုက်၏။ ပထမဆုံး သူ့ဘက်သို့ ခြောက်လုံးပြူးပြောင်း လှည့်လာသော အုံ့မောင်၏ တပည့်၊ ဒုတိယ သူ့ဘက်သို့ ရိုင်ဖယ်ပြောင်းလှည့်ရင်း ပစ်ချလိုက်သော အုံ့မောင်။

သုံးရ၃သုံးရိုင်ဖယ်ကျည်သည် ဇော်ရှင်းသူ့ခေါင်းပေါ်မှ ဆံပင်တွေကို ဖြတ်ထုတ်သွားသလို ပို့ဂင့်တူးတူး ကျည်ဆန်သေးသေးကလေးက အုံ့မောင်၏ ညာဘက် လက်မောင်းကို ပေါက်ထွက်သွားလေ၏။



စိန်ဖေကြီးနှင့် မြင့်သိန်းမှာ ဒီလိုနေရာမျိုးတွင် မကျွမ်းတတ်၊ သူတို့ခန္ဓာကိုယ်မှ ပြောင်းဝ ရွေ့သွားသည်နှင့် မြေပြင်တွင် ဝပ်ပြီးသွားကလား၊ သို့ပေမယ့် သစ်ပင်အကွယ်မှ ကာဘာ ယူထားသော အုံ့မောင်တပည့်၏ ကျည်ဆန်လောက်တော့ မမြန်ရှာပါ။

စိန်ဖေကြီး၏ပေါင်မှာ ပျားတုပ်လိုက်သလို ပူခနဲ ဖြစ်သွားခဲ့၏။ အုံ့မောင်၏ လက်ထဲမှ ရိုင်ဖယ်မှာ လွတ်ကျသွားပါသည်။

အုံ့မောင်သည် သစ်ခြောက်တုံးကြီး၏ နောက်သို့ ပစ်လှဲရင်း တောထဲသို့ လှိမ့်ဝင်လိုက်သည်။

အခြေအနေမှာ ရုတ်ရုတ်သဲသဲနိုင်လွန်းလှသည်။တဒိုင်းဒိုင်းဆူညံနေသော သေနတ်သံတွေကြောင့် တိုက်ပွဲ အသေးစားကလေးဖြစ်နေမှန်းတော့ သိသာလွန်းသည်။

အားမကာန် မာန်လျော့ဆိုသည့် စကားပုံကို အုံ့မောင်ကသည်နေရာတွင် တိတိပပ ကျင့်သုံးသွားပုံရလေသည်။ သူတို့သည် ပစ်ရင်းခတ်ရင်း ဆုတ်သွားခဲ့၏။မြင်းလေးကောင်သည်ခွာသံ တဖြောင်းဖြောင်းထအောင်ပြေးရင်း မြိုင်သာစခန်းမှ ပျောက်ကွယ်သွားကြလေ၏။ သည်တော့ ကိုးနာရီ ဆယ်မိနစ်တိတိ။

‘ဇော်ရှင်း’

‘ဘာလဲဗျ’

‘မင်းဟာ အကောင်သေးပေမယ့် အတော် အမြီးရှည်တဲ့ကောင်လေး’

စိန်ဖေကြီးက သူ့ပေါင်ကို လက်ကိုင်ပဝါဖြင့် စည်းရင်း ဆိုလေသည်။

‘ဘာကို ဆိုလိုတာလဲ ကိုစိန်ဖေကြီး’

www.burmeseclassic.com

www.burmeseclassic.com



'ငါ မင်းကို ဒီလောက် သွက်လိမ့်မယ်၊ လက်မြန်လိမ့်မယ်လို့ တကယ့်ကို မထင်မိဘူး'

'သဘောလောက်ပါဗျာ'

'ငါ တစ်ခုတော့ ဘဝင်မကျဘူးဟေ့၊ ဒီကောင်တွေရဲ့ အသည်းတွေ နှလုံးတွေ ဘယ်မှာရှိတယ် ဆိုတာ မင်းသိပုံ ကောင်းတယ်'

စိန်ဖေကြီးက အားမလို အားမရ ဆိုလေသည်။

'ကျွန်တော် လူမသတ်ချင်ဘူး ကိုစိန်ဖေကြီး'

'အေး....မင်းက မသတ်ချင်ပေမယ့် ကံကောင်းလို့ တို့ မသာ မဖြစ်တယ်'

ဇော်ရှင်းသည် ဟားဟားဟား အော်ရယ်ပစ်၏။

'ခင်ဗျား ထိသွားသေးသလား'

'အား....ဟုတ်တာပေါ့၊ နည်းနည်းပါးပါးပါကွာ၊ ပေါင်ကို ရှပ်ထိသွားတာ၊ ပျားတုပ်သလောက်ပါပဲ'

စိန်ဖေကြီးက အားရဝမ်းသာ ပြောလေသည်။ သူသည် ဇော်ရှင်း ဆိုသည့် သူခေါင်းဆောင်ပေါက်စကလေးကို စိတ်ထဲက အလိုလို ကြည်ညို နေမိသည်။ သည်ကောင်လေး ငယ်သလောက် သွက်၍၊ သွက်သလောက် သတ္တိရှိမှန်း လက်တွေ့ကျကျ သိနေရပြီ။

'ဇော်ရှင်း'

'ပြော'

'မင်းခိုင်းရင် ငရဲကြီးရှစ်ထပ်အထိ ငါသွားမယ်'

'အယ်....လွန်တာပေါ့'

'တကယ်ပါကွာ'



'ကဲ....ကိုစိန်ဖေကြီး၊ ခင်ဗျား ငရဲကြီးရှစ်ထပ်ကို နောက်မှသွား၊ ကျုပ်တို့ အခု ခံလိုက်ရပြီမဟုတ်လား၊ ခင်ဗျား ဟောဟိုကမူဘေးမှာ အသာဝပ်ရင်းစောင့်၊ မြင့်သိန်းက ဒီအင်ကြင်းပင်ပေါ် တက်ပြီး အခြေအနေကိုကြည့်၊ တို့လူတွေ လာရင် လက်မ ထောင်ပြ၊ ရန်သူ လာရင် လက်မ အောက်စိုက်၊ ရှင်းပြီလား'

'ဟုတ်ကဲ့ ဆရာလေး'

မြင့်သိန်းက မျောက်လွှဲကျော်ဘစ်ကောင်သို့ အင်ကြင်းပင်ကြီး အထက်သို့ တက်သွားပါလေသည်။ စိန်ဖေကြီးက ကမူ အကွယ်တွင် နေရာယူလိုက်သည်။

မကြာခင် အင်ကြင်းပင်အထက်မှ မြင့်သိန်း၏ လက်မသည် အပေါ်သို့ ထောင်လျက်သား အချက်ပြလာလေသည်။ ဇော်ရှင်းသည် သစ်ခြောက်တုံးပေါ်တွင် အေးအေးဆေးဆေး ထိုင်ရင်း စောင့်နေပါလေသည်။

လေသည် သိမ့်သိမ့်ထွေးထွေး တိုက်ပေးနေ၏။

သစ်ရွက် သစ်ခက်တို့ကလည်း လှုပ်ခတ်ကြပါလေသည်။

တောသည် ညိုးညိုးညံ့ညံ့နှင့် လှုပ်လှုပ်ရွရွ။ နေခြည်နုကလည်း ပျပျကလေး ဖောက်၍ ကွက်တိကွက်ကြား။

သည်သောကာလမှာပင် ချိုးကူသံသဲ့သဲ့ကို ကြားရပါလေတော့သည်။ သို့ရာတွင် ချိုးကူသံသည် မစွဲ့ပျောင်း၊ မသာယာ။

ဇော်ရှင်းက အော်သည်။

'ပန်းမျိုးတစ်ရာ ပွင့်တဲ့တော'

ဟိုဘက်က ပြန်အော်သည်။

'ဘာပန်းလဲ'

'နှင်းဆီနက်'

www.burmeseclassic.com

www.burmeseclassic.com



စိန်ဖေကြီးသည် ကမူအကွယ်မှထွက်လာသည်။မြင့်သိန်းက အင်ကြင်းပင်အထက်မှ ဆင်းလာသည်။

သူတို့ မြင်ကွင်းတွင် လားတစ်ကောင် BA-5' နှစ်လက်ကိုင် ထားသော လူသုံးယောက် ပေါ်လာ၏။ လား၏ ကျောကုန်းပေါ်တွင် လက်ဖက်စိုခြင်း နှစ်ခြင်း ခွတင်ထားလေသည်။ သူတို့သည် စကားများများ ပြောချင်သူများ ဟုတ်ဟန်မတူပေ။

ဇော်ရှင်းက အိတ်ထဲမှ ငွေစက္ကူအထပ်ကြီးကို ထုတ်ပေးလိုက်သည်နှင့် သူတို့က လားကျောကုန်းပေါ်မှ လက်ဖက်ခြင်း တစ်ခုကို ဖြုတ်ပေး၏။ ပြီးတော့ အေးအေးဆေးဆေး ပြန်လှည့်သွားကြသည်။ စကားမပြောတတ်သည့် 'အ အတွေ' လား အောက်မေ့ ရသည်။

'ကဲ....မြင့်သိန်းက ခြင်းကိုထမ်း၊ ကားလမ်းကို အမြန်ဆုံးသွားကြမယ်....ဒါနဲ့ ကိုစိန်ဖေကြီး....'

ဇော်ရှင်းသည် အသက်နှင့်လဲ၍ ရယူလိုက်သော တစ်ဘိန်းတန် လက်ဖက်ခြင်းကို ကြည့်ရင်း မေးဖြစ်သည်။

'ဒီလက်ဖက်ခြင်းက တစ်သိန်းတန်ရအောင် စိန်တွေ ရွှေတွေ ကျောက်သံ ပတ္တမြားတွေလားဗျ'

ဒီတစ်ခါ အံ့အားသင့်သွားသူကတော့ စိန်ဖေကြီးပင်။

'မင်းကို ဆရာကျော်က....ဘာမှ မပြောလိုက်ဘူးလား'

'ဟင့်အင်း.... ဒီနေရာကို ဒီအချိန် ရောက်အောင်သွား၊ ဒီပစ္စည်းကိုငွေတစ်သိန်းပေးဝယ်၊ ကြားထဲက အနှောင့်အယှက်ရှိလာရင် လက်သွက်သွက်နဲ့ ဆော်ပစ်လို့သာ မှာလိုက်တာဗျ....'



ကေန္တ....ဆရာကျော်သည် ဇော်ရှင်းအား လက်ဖက်ခြင်းထဲမှ ပစ္စည်းတွေ၏ အမျိုးအမည်ကို သိစေလိုဟန် မတူခဲ့။ ဇော်ရှင်းအနေနဲ့ကတော့ အတွေ့အကြုံက နုနယ်သေးသည့်မို့ ဘိန်းတွေဟုပင် ထင်နေခဲ့သည်။

'ငါလဲ ဘယ်သိပါ့မလဲ ဇော်ရှင်းရာ၊ မင်းကခေါင်းဆောင်ပဲ မင်းအမိန့်အတိုင်း တို့က လိုက်လုပ်ရတာကွ'

စိန်ဖေကြီးက ညာလိုက်သည်။ ဝင်စစ် သည့်ခြင်းထဲတွင် ဘာပစ္စည်းတွေပါသည်ကို စိန်ဖေကြီး သိပါသည်။

'ငါသိတာကတော့....ဒီပစ္စည်းတွေ မန္တလေး ရောက်သွားရင် တို့ပိုက်ဆံရမယ်၊ အရက်သောက်ရမယ်၊ကောင်းကောင်းစားမယ်၊ ပြီးတော့ မားတန်းက ငါ့ဇယ်ကလေးနဲ့ အဟဲ....တာဝတိံသာအထိ....'

'တာဝတိံသာကို နောက်မှသွား....အခု ခင်ဗျား လမ်းလျှောက်နိုင်သေးရဲ့လား'

'အား.... ရပါတယ်၊ ဘယ်အထိ သွားရမလဲ ဝေရက်တောင်ထိပ်လား'

ဇော်ရှင်းသည် စိန်ဖေကြီး၏ ဇွဲကို သဘောကျသွားမိလေ၏။

'ဒါလောက် မဝေးပါဘူးဗျာ၊ ကားလမ်းအထိပါ'

စိန်ဖေကြီးက သွားတွေဖြဲပြရင်း ထော့နဲ့ထော့နဲ့ဖြင့် ရှေ့ကသွားပြ၏။ သူ့နောက်မှ မြင့်သိန်းနှင့် ဇော်ရှင်းက လိုက်သွားသည်။

ကျော်စိန်သည် ဂျစ်ကား စတီယာရင်ကို မှီ၍ အိပ်ငိုက်နေ၏။ စိန်ဖေကြီးက နံဘေးကို ဆောင့်ကန်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင် ကားလမ်းရောက်အောင် ငါးမိနစ်အတွင်း မောင်းစမ်း'

စိန်ဖေကြီးက သူ့တပည့်ကို အော်လိုက်သည်။

ကျော်စိန်သည် အိပ်မှုန်စုံမွှားဖြင့် လီဗာကို စွပ်နင်းပါလေတော့သည်။

ဂျစ်ကားသည် ကျင်းတွေ ချိုင့်တွေကို ခုန်ပျံကျော်လွှားရင်း ကားလမ်းရောက်သည်အထိ တရကြမ်း လိမ့်လာခဲ့၏။

သည်တော့။ ကိုးနာရီခွဲတီတီ။

အီစူးဇူး ကုန်တင်ကားကြီး သုံးစီးသည် တောင်ပတ်လမ်းမှ အအီအီ ဆင်းလာလေပြီ။ ဂျစ်ကား ရပ်ထားသောနေရာသို့ ရောက်သည်နှင့် နောက်ဆုံးကားကြီးသည် 'ကျွိခနဲ ဘရိတ်ကို ဖမ်းလိုက်သည်။

ကားကြီးပေါ်မှ လက်ဖက်စိုခြင်း တစ်ခု ကျလာပြီး ကားငယ် ပေါ်မှ လက်ဖက်စိုခြင်း တစ်ခု တက်သွားသည်။

ဒါပဲ....ဒါပဲ....ဒါပါပဲလေ။

ဇော်ရှင်း၏ တာဝန်ကား ပြီးဆုံးပါလေပြီ။ သည်ကားသုံးစီးသည် မန္တလေးရှိ ဦးကောင်းမိုး၏ လက်ဖက်ပွဲရုံ တိုင်အောင် အနှောင့်အယှက်မရှိ ရောက်သွားပါလေမည်။

သို့ရာတွင်....

လက်ဖက် ခြင်းထဲတွင် ထည့်သွင်း ယူဆောင် သွားသောဘိန်းဖြူ တစ်သိန်းဖိုးခန့်ကိုတော့ မည်သူမျှသိမည် မဟုတ်ပါ။

'နံပါတ်ဖိုး' တစ်သိန်းဖိုးသည် မန္တလေးသို့ 'ခေါင်းမြီးခြုံယုံပါပေ့' အနေအထားဖြင့် ရောက်ရှိသွားသောမည်ဖြစ်ပါ၏။

*

# အခန်း (၂၀)

သည်စဉ်အတောအတွင်း 'မြစ်ပယ်မြို့င်'တွင် လှုပ်လှုပ်ရှရှ ဂယက်ထနေခဲ့ပါလေသည်။ မိုက်ကယ်သာဇံနှင့်ပတ်သက်သို့ပဲ ဖြစ်ပါသည်။ မိုက်ကယ်သည် စုစုထွေးလို အလှပဂေးမလေးကို လက်မလွှတ်နိုင်အောင် ဖြစ်နေသည်။ ပြီးတော့ ဇော်ရှင်းနှင့် ဂတ်သက်၍လ ႏမခံချည့်မခံသာ ဖြစ်နေရ၏။

ဒီတော့ မိဘအား အပူကပ်လေ့တော့သည်။ မိုက်ကယ်၏ မိဘတွေကလည်း စုစုထွေးတို့ မိသားစု၏ ကြွယ်ဝချမ်းသာမှုကို မက်မောသည်။ ထို့ကြောင့်ပင် အတိအလင်း လာရောက်တောင်းစပ်၏။

ဦးကောင်းမိုးနှင့် ဒေါ်ခင်ထွေးကလည်း စုစုထွေး၏ သဘောကို မေးပါဦးမည်။ သမီးသဘော ကျလျှင် မငြင်းပါဟုဆိုလိုက်၏။ ဒေါ်ခင်ထွေးသည် နဂိုကတည်းကပင် သမီးဖြစ်သူနှင့် ဇော်ရှင်း၏အနေအထိုင်ကိုသက်ာမကင်း ဖြစ်ရပြီး ရင်တမမ

www.burmeseclassic.com



စောင့်ကြည့်နေချိန်တွင် မိုက်ကယ့် မိဘများက လာရောက် စကား ဆိုသဖြင့် အလွန်အမင်း ဝမ်းသာသွားသည်။

သူမ အနေဖြင့်မူ တစ်ခါတည်း သဘောတူလိုက်မည် ဖြစ်၏။ သို့တစေ ဦးကောင်းမိုးက သမီးဆန္ဒကို မေးစေချင် သေးသည်။

သည်တွင် ပြဿနာ စ လေတော့သည်။

စုစုထွေးသည် မိခင်၏ စကားကို တူးတူးခါးခါး ငြင်းပါ လေတော့သည်။ သည်တော့ ဒေါ်ခင်ထွေးသည် ထိတ်ထိတ် ပျာပျာ ဖြစ်ရသည်။ သူမ ထင်ထားသလို အိမ်က ဒရိုင်ဘာ၏ မြေးနဲ့များ ငြိစွန်းနေပြီလား။

အစ ပထမတော့ ဒေါ်ခင်ထွေးက ချော့မော့၍ ပြောပါ သေးသည်။ စုစုထွေးက ခါးခါးသီးသီး ငြင်းသည်။ မိုက် ကယ်ကို လုံးဝ မနှစ်သက်ပါဟု အခိုင်အမာကြည် ဆိုနေပြန် တော့ ဒေါ်ခင်ထွေး ဒေါသ ဖြစ်ပြီ။

'နေစမ်းပါဦး၊ ညည်းက မိုက်ကယ်ကို မနှစ်သက်ရအောင် သူ့မှာ ဘာများ ချို့ယွင်းချက် ရှိနေလို့လဲစုထွေး ဟင်၊ ပညာ အနေနဲ့ဆိုရင် ကောလိပ် ရောက်နေပြီ၊ ရုပ်အနေနဲ့ ကြည့်ဦး မလား၊ ပစ္စည်းဥစ္စာ မိဘမျိုးရိုး ကြည့်ဦးမလား'

'စုထွေးမှ သူ့ကို မေတ္တာမရှိတာပဲ မေမေ'

'ဒါဖြင့် ညည်းတို့ တတွဲတွဲ တွဲနေတာရော ဟင်'

'ဒါက ရိုးရိုးခင်တာပဲ၊ အဲသလို တွဲကြည့်မှ သူ့စိတ်ဓာတ် ကို ပိုပြီး သိလာရလို့ စုထွေး ရှောင်လိုက်တာ၊ စုထွေး သူ့ ကို စိတ်မကူးဘူး မေမေ'



'ဒါဖြင့် ညည်းက ဘယ်သူ့ကိုများ စိတ်ကူးနေလို့လဲ ဟင် ပြောစမ်း စုထွေး၊ လူကြီး မိဘက ကောင်းတယ်ထင်လို့ စီစဉ် တာကို ညည်းက ဘာလို့ ငြင်းရတာလဲလို့'

စုစုထွေး မျက်ရည် ကျရပြီ။

'ပြောစမ်း စုထွေး၊ ညည်းမှာ ချစ်ရ ကြိုက်ရမယ့်သူရှိနေ ပြီလား ဟင်'

စုစုထွေး ဘာမှ မဖြေ။

မျက်ရည် တွေတွေကျရင်း သူမဘဝကို ဝမ်းပမ်းတနည်း ဖြစ်နေသည်။ ဘယ်လိုမှ မေးမရသည့် အဆုံးတွင် ဒေါ်ခင် ထွေး ဘာမှ ဆက်မမေးတော့။ သို့ပေမယ့် သည်ကိစ္စမှာ အေး နေ၍ မဖြစ်တော့မှန်း သူမ စဉ်းစားမိသည်။

ဒေါ်ခင်ထွေးသည် စုစုထွေး အပေါ်ထပ်တွင် မရှိခိုက် သူမ အခန်းထဲ ဝင်မွှေတော့သည်။ ဘာကိုမှ ထူးထူး ခြား ခြား သင်္ကာမကင်းဖွယ် မတွေ့ရ။

သို့သော်....

စက္ကူအိတ် တစ်လုံးထဲတွင် ထည့်ထားသော စုတ်ပြဲနေ သည့် ကြည်ပြာရောင် ဘလောက်စ် အင်္ကျီကလေးကိုတွေ့သွား ၏။ သည်တော့ နားချောင်းကျ ချောင်းတွင် စုစုထွေး ရေ သွားဆော့သည့်နေ့က အဖြစ်အပျက်ကို သတိရလာ၏။ ဒေါ် ခင်ထွေး ရင်တွင် ထိတ်သွား၏။

စုစုထွေးက သည်အင်္ကျီကို မေ့ကျန်ခဲ့သည်ဟု ပြောသည်။ ယခု သည်အင်္ကျီကို တွေ့နေရပြီး အင်္ကျီကလည်း အသစ် စက်စက်၊ ရှေ့ပိုင်းတစ်ခုလုံး စုတ်ပြဲနေသည်။

'မြတ်စွာဘုရား'

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ထွေး အသည်း...ားသွား၏။ အဲ...သည်နောက်တော့ မနီများ သိလေမလား အထင်ဖြင့် မနီကို သူမ အခန်းထဲ ခေါ်၍ စစ်၏။ မနီက သူမ ဘာမှ မသိပါဟု ကြောက်ကြောက်လန့်လန့်နှင့် ငြင်းပါသေးသည်။ ဒေါ်ခင်ထွေးသည် မနီကို သိပ် အကဲ မရလှ။ မနီ မျက်နှာပျက်နေသည်။

'ညည်း မှန်မှန်ပြောနော်၊ သိလျက်သားနဲ့ မြုံနေရင် ဒီက နှင်ချပစ်မယ်၊ နားလည်လား'

'ဟုတ်...ဟုတ်ကဲ့'

'ဘာ ဟုတ်ကဲ့လဲ၊ ဒီအင်္ကျီက ဘာလဲ'

မနီ မျက်လုံး ပြူးသွားသည်။

ကိစ္စအားလုံး ဒေါ်ခင်ထွေး သိသွားလေပြီဟု ထင်သွားပြီး ကြောက်ကြောက်လန့်လန့်နှင့်....

'ကျွန်မ ဘာမှ မသိပါဘူး၊ အဲဒီနေ့က ဘလောက်စ်အင်္ကျီကို စုစုထွေးက တောင်းခိုင်းတယ်ဆိုလို့ ကျွန်မ ယူပေးခဲ့တာပါ'

'ဘယ်အင်္ကျီလဲ'

'ဟို နားဒွောင်းကျချောင်းက ပြန်လာတဲ့နေ့က စုစုထွေး ဝတ်လာတဲ့ နီသာရောင် ဘလောက်စ်အင်္ကျီပါ ကြီးကြီး'

ဒေါ်ခင်ထွေးသည် သူမ၏ တွေးထင်ချက်များ မှန်လာပြီ ဖြစ်ကြောင်း တစ်ထစ်ချ ယူဆလိုက်သည်။ မေးရန် တစ်ခွန်းသာ ကျန်တော့သည် မဟုတ်ပါလား။

'ကဲ...မနီ၊ အဲဒီနေ့က စုစုထွေးက ဘယ်သူ့ကို အင်္ကျီ လာယူ ခိုင်းသလဲ မှန်မှန် ပြောနော်၊ ငါ အားလုံး သိပြီးသား'

'ဟို...ဟို...ဇော်ရှင်းလို့ ကိုဒွေးက ပြော ပြောပါတယ်'



ဒေါ်ခင်ထွေး မျက်နှာမှာ သိသိသာသာ ပျက်သွားပါသည်။

ယခုတော့ သူ၏ ထင်မြင်ချက်မှာ အခိုင်အကြည် ဖြစ်လာပါပြီ။

ဘယ်လို လုပ်မလဲ....ဘယ်လို လုပ်မလဲ။ သူဌေးသမီးနဲ့ အိမ်က အခိုင်းအစေ။

ဘုရား....ဘုရား....လူကြားလို့တောင် မတော်ပါကလား။

ဒေါ်ခင်ထွေးသည် ပို၍ သေချာစေရန် ကိုဒွေးကို ခေါ်မေးသေးသည်။ ကိုဒွေးကလည်း သည် အရှုပ်ထဲတွင် မပါဝံ့။ မြစံပယ်မြိုင်၏ အရိပ်မှ ထွက်ရမည်ကို ကိုဒွေး ကြောက်၏။ သည်တော့ သူ ဘာမှ မသိပါ။ စုစုထွေးက ဇော်ရှင်းကို ဘလောက်စ်အင်္ကျီ ယူခိုင်းကြောင်း လောက်သာ သိပါသည်ဟု ပြော၍ ကိုယ်လွတ် ရုန်းသွားသည်။

ဒေါ်ခင်ထွေးသည် ဤကိစ္စနှင့်ပတ်သက်၍ တစ်ခုခုကို အမြန်ဆုံး လုပ်ဆောင်ရတော့မည်ဟု ဆုံးဖြတ် လိုက် ပြီး ဦးကောင်းမိုးအား အားလုံးကို ဖွင့်ဟ တိုင်ပင်တော့သည်။ သည်မှာတင် ဆုံးဖြတ်ရမည့် ပြဿနာနှစ်ခု ပေါ်လာတော့သည်။

ဇော်ရှင်းတို့ မြေးအဘိုးအား မြစံပယ်မြိုင်မှ နှင်ပစ်မလား။

စုစုထွေးကို အမြန်ဆုံး နေရာချထားပေးမလား။

သည်မေးခွန်းနှစ်ခုအနက် ဖြေရန်အလွယ်ဆုံးမှာ စုစုထွေးကို နေရာချထားလိုက်ဖို့ပင် ဖြစ်လေသည်။ အဘယ့်ကြောင့်ဆိုသော် ဇော်ရှင်းသည် "မြစံပယ်မြိုင်" ၏ အတွင်းရေးကို

www.burmeseclassic.com

www.burmeseclassic.com



သိပြီးသူ ဖြစ်နေလေပြီ။ သည်အတွင်းရေးက ပေါက်ကြားလို့မဖြစ်။

'ကဲ....မခင်ထွေး သမီးကိစ္စကိုတော့ မင်းပဲ ကောင်းသလို ကြည့်စီမံပေတော့၊ အဲဒါပေမယ့် ဇော်ရှင်းတို့ မြေးအတိုးကိုတော့ နှင်ပစ်လို့ မဖြစ်တော့ဘူး လွန်ကုန်ပြီ'

နောက်ဆုံးတွင် ဦးကောင်းမိုးက စုစုထွေးကိစ္စကို ဒေါ်ခင်ထွေး ကြိုက်သလို စီမံရန် လွှဲလိုက်တော့သည်။

ဦးကောင်းမိုးထံမှ အာဏာကုန်ရသည်နှင့် ဒေါ်ခင်ထွေးသည် မိုက်ကယ် မိခင်ထံ ချက်ချင်း တယ်လီဖုန်း ဆက်တော့၏။ ကိစ္စမှာ မိုက်ကယ်နှင့် စုစုထွေးကို အမြန်ဆုံး စီစဉ်ရန်ပင် ဖြစ်ပါတော့သည်။

သို့စေကာမူ ဤကိစ္စကို စုစုထွေးအား အသိပေးလို့ မဖြစ်မှန်း ဒေါ်ခင်ထွေး သိပါလေသည်။ အားလုံး စီစဉ်ပြီးမှ ဆိုလျှင် စုစုထွေးအနေဖြင့် သူမ စကားကို ငြင်းပယ်နိုင်ဘော့မည် မဟုတ်ဟုလည်း တွက်ထားသည်။

ထိုနေ့ညနေမှာပင် ဇော်ရှင်းတို့ ပြန်ရောက်လာခဲ့ကြ၏။ အိစုဇူးကားကြီး သုံးစီးဘလည်း ချောချောမောမောပင်။ ဦးကောင်းမိုး၏ ပွဲရုံသို့ရောက်ရှိလာပြီး လက်ဖက်ပိုများကို ချနေလေပြီ။

ဦးကောင်းမိုးနှင့် မောင်မောင်ကျော်သည် သူတို့အား လျှို့ဝှက်တစ်နေရာမှ စောင့်၍ တွေ့ဆုံခဲ့၏။

စိန်ဖေကြီးသည် ဇော်ရှင်းအကြောင်းကို မောင်မောင်ကျော်နှင့် ဦးကောင်းမိုးရှေ့တွင် ဟိမဝန္တာ ချီးမွမ်းခန်း ဖွင့်တော့၏။ အုံမောင်တို့နှင့် လက်တစ်ကမ်း ပစ်ခတ်ပွဲများကို ရင်တဖိုဖို ဖြစ်အောင် ပြောသည်။ ဇော်ရှင်းကမူ ပြုံးလို့သာ



နေလေသည်။ မောင်မောင်ကျော်သည် ဇော်ရှင်းအား သူထင်ထားသည်ထက် ပို၍ 'လျင်' နေကြောင်း တွေ့ရသည့်ပြင် ဖြိုင်ဘက်ဟောင်း အုံမောင်ကို ဦးချိုးနိုင်ခဲ့သည့်အတွက် ဝမ်းမြောက်နေ၏။ အုံမောင်သည် ယခင်က သူတို့၏ အတွင်းလူ။ ယခုတော့ သစ္စာဖောက်၍ သူတို့ကို တုံ့ပြန်နေခဲ့ပြီ မဟုတ်လား။

'ကဲ....ဒီတစ်ခေါက်အတွက်တော့ ဇော်ရှင်းက နှစ်ထောင်ယူ၊ စိန်ဖေကြီးတို့က တစ်ထောင်စီ၊ ဘယ့်နှယ်လဲ ကျေနပ်ကြရဲ့လား'

'အား....ကျေနပ်ပါတယ် ဆရာကျော်၊ တကယ်တမ်းပြောရရင် ဒီတစ်ခေါက်သာ ဇော်ရှင်း မပါရင် ကျွန်တော်တို့ ရမှာ-သေချာတယ်'

'ဇော်ရှင်းကော'

'များတောင်နေပါသေးတယ် ကိုကိုကျော်၊ တကယ်တော့ ကိုကိုကျော်ဟာ ကျွန်တော့် ကျေးဇူးရှင်ပါ'

မောင်မောင်ကျော်က တဟဲဟဲ ရယ်ပါလေသည်။

'အံမာ....မင်း "ရေချမ်းချောင်း" မှာ တောပစ်တုန်းက ငါ့အသက်ကို ကယ်ခဲ့တာရော တည့်မပြောတော့ဘူးလား'

ဇော်ရှင်းက ဘာမှမပြော။ ပြုံးလို့သာ နေလေသည်။

သည်တော့ ဦးကောင်းမိုးက ပြော၏။

'ကဲ....မောင်ကျော်၊ ဇော်ရှင်း၊ စိန်ဖေကြီး'

အားလုံးက ဦးကောင်းမိုးထံ အာရုံစူးစိုက်မိကြ၏။

'ဒီတစ်ခေါက် နောက်ဆုံးအနေနဲ့ အချိုကြီးချမယ်၊ အားလုံး ဆယ့်ငါးသိန်းဖိုးလောက်ရှိမယ်၊ ဒါနောက်ဆုံးအခေါက်-

www.burmeseclassic.com



ပဲ၊ ဘာလို့လဲဆိုတော့ ရဲတွေကလဲ အတော်လိုက်နေပြီ၊ အဲဒီ တော့ အားလုံးဟာ ခါတိုင်းထက်ပိုပြီး ဝီရိယစိုက်ရမယ်'

'ဟုတ်တယ် ဖေဖေ၊ လုံခြုံရေးမှူး ဦးဝဏ္ဏဆိုတာ ဖေဖေ မှတ်မိမလား မသိဘူး၊သာစည်ရဲစခန်းကလေ၊ အခု မန္တလေး ကို ရောက်နေပြီ၊ ကျွန်တော်တို့ကို ရှဲဒိုးလိုက်နေတယ်၊ ဒါ ကြောင့်လဲ ဒီအခေါက်မှာ ဇော်ရှင်းကို လွှတ်လိုက်ရတာ'

'ဒါတွေငါအားလုံး သိပါတယ် မောင်ကျော်၊ ဒါကြောင့် လဲ ဒီအခေါက်ဟာ နောက်ဆုံးလို့ ပြောပါကော၊ ကဲ.... ဇော်ရှင်း၊ စိန်ဖေကြီး၊ မောင်ကျော်'

ဦးကောင်းမိုးက ဆေးပြင်းလိပ်ကြီးကို အငွေ့တစ်ထောင်း ထောင်း ထအောင်ဖွာရင်း သူတို့ မျက်နှာတွေကို ကြည့်လိုက် သည်။ ပြီး....အေးအေးဆေးဆေး တစ်ခွန်းချင်း ပြောလေ တော့သည်။

'ဒီတစ်ချီဟာ အပိရိဆုံး၊ အလုံခြုံဆုံး ဖြစ်ရမယ်၊ ငါကိုယ် တိုင်လိုက်မယ်၊ ဒါပေမယ့် အခု ဇော်ရှင်း သွားတဲ့အခေါက် မှာ အဲ့မောင်တို့ဟာ တို့ရဲ့စခန်းကို တင်ကြို သိနေတယ်၊ မောင်ကျော် သွားတဲ့အခေါက်တုန်းက ဖြတ်အလုခံရတယ်၊ ဒါတို့အထဲမှာ သစ္စာဖောက်ရှိနေလို့ပဲ၊ ဒါကို ငါ့အနေနဲ့ အပြင်းအထန် စုံစမ်းရလိမ့်မယ်၊ ဒီကိစ္စပြီးတာနဲ့ တို့ရဲ့ လုပ် ငန်းကို စနိုင်ပြီ'

'ကောင်းပါပြီ ဖေဖေ၊ ဒီကိစ္စကို ကျွန်တော် တာဝန်ယူ ပါတယ်'

မောင်မောင်ကျော်က ဝန်ခံလိုက်သည်။

သည်သို့ သည်နှယ်ဖြင့်ပင်....



ဇော်ရှင်းသည် "မြစ်ပယ်မြိုင်" တွင် အဓိက ပုဂ္ဂိုလ်ဖြစ် ခဲ့လာပါလေတော့၏။

သို့တစေ....

စုစုထွေးနှင့် ပတ်သက်သည့်ကိစ္စတွေကို ဇော်ရှင်း မသိလေ ပါ။ ဇော်ရှင်း မသိသလို မောင်မောင်ကျော် အနေဖြင့် လည်း လုံးဝ မရိပ်စားမိ။ ဦးကောင်းမိုး တစ်ယောက်သာ ဒေါ်ခင်ထွေး စကားအရ သိထားခြင်းဖြစ်သည်။ သို့သော် ဦးကောင်းမိုး အနေဖြင့်လည်း ဇော်ရှင်းကို လက်လွှတ်လိုက် ရမှာ နှမြောနေသည်။ ဇော်ရှင်း၏ လုပ်ရည် ကိုင်ရည်ကို လည်း လက်တွေ့ကျကျ အသုံးချကြည့်ပြီးလေပြီ။

မည်သို့ပင်ဆိုစေကာမူ....

သည်တစ်ခေါက် နင့်နေအောင် ရလိုက်လျှင် ကျေနပ် လောက်အောင် ပေး၍ မြေးအဘိုး နှစ်ယောက်ကို ခပ်ဝေးဝေး နှင် လိုက်မည်ဟုလည်း ဦးကောင်းမိုး စိတ်မှာ ပိုင်းဖြတ်ထားပြီး ဖြစ်ပါလေ၏။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

မတွေ့ရတာ ကြာတော့ ရင်မှာ မောပါဘိ။

မဆုံရသည်မှာ ကြာလို့ ရင်မှာ ဆို့ပါဘိ စုထွေးရယ်။

သည်လိုပဲ ညည်းလိုက်ချင်ပါသည်။

သို့စဉ်တိုင်အောင် စုစုထွေးကို မမြင်ရ၊ မတွေ့ရ၊ မဆုံရ။

သို့ကာလို မတွေ့ရ၊ မမြင်ရ၊ မဆုံရလို့များ စိတ်အနယ်ထိုင်ကာ မေ့ပျောက်သွားပါက အကောင်းသားကလား။

အခုတော့....

မတွေ့လေ၊ မဆုံလေ၊ မကြုံလေ စိတ်မှာညစ်တိုင်း နွမ်းလျရလေပါ။ ဘာကြောင့်များ သည်လောက် နေနိုင်ရတာလဲ စုထွေးရယ်၊ 'စိမ်းကားလှချည်လား' ဟုသာ ပခုံးနှစ်ဖက်ကို ခပ်နာနာ ဆွဲညှစ် လှုပ်ခါရင်း မေးလိုက်ချင်ပါသည်။

သို့ပေမယ့်....

တွေ့မှ မတွေ့တာ၊ မြင်မှ မမြင်ရတာ၊ ခက်လိုက်တာကွယ်။



ဘယ်ကိုများ ရောက်နေသလဲ စုထွေးရယ်။

ဇော်ရှင်းသည် ကိုဒွေး နေသော ဘန်းလျားသို့ ရောက်လာခဲ့သည်။ ကိုဒွေးသည် ထုံးစံအတိုင်း လက်ဖက်ရည်ကြမ်းဝိုင်းတွင် တင်ပျဉ်ခွေရင်း ဒူးနှန့်နေ၏။

'ဟော့ကောင်လေး....အခုတလော ထောလှချည်လား'

'အသေးအဖွဲ့ပါဗျာ၊ ကိုကိုကျော် ဝယ်ပေးတာတွေပါ'

ပြောင်ပြောင်လက်လက်ဖြစ်နေသော ဇော်ရှင်းကိုကြည့်၍ ကိုဒွေးက မေးသဖြင့် ဇော်ရှင်းက ဖြေရခြင်းပင်။

'ကိုဒွေး....'

'ဟေး....'

'အခုတလော စုထွေးတစ်ယောက် မမြင်ပါလားဗျ'

'ဟ....ဒါ နင့်အပူလား'

ကိုဒွေးသည် စုစုထွေးနှင့် ပတ်သက်၍ ကျောချမ်းနေလေသည်။

'ပြောစမ်းပါ ကိုဒွေးရာ၊ စုထွေးတစ်ယောက် ဘာဖြစ်နေတာလဲဗျ၊ ခြံထဲတောင် မဆင်းတော့ဘူး'

ကိုဒွေး သက်ပြင်းချသည်။

'ငါတော့ မင်းတို့ကိစ္စနဲ့ မြစ်ပယ်မြိုင်က ခေါင်းနဲ့ ပြေးရလိမ့်မယ် ထင်တယ်'

'ဘာဖြစ်လို့လဲ ကိုဒွေးရ၊ ဆိုစမ်းပါဦး'

'ဘာဖြစ်ရမလဲ၊ မင်း ဟိုတလောက စုထွေးအကျိုးယူပေးတဲ့ကိစ္စ အဘွားကြီး သိသွားလို့ ငါနဲ့ မနီ အချောင် အကြိမ်းခံလိုက်ရသေးတယ်'

'ဗျာ....'

www.burmeseclassic.com

www.burmeseclassic.com

'ဗျာမနေနဲ့၊ အခုလဲ ကောင်မလေးကို တိုက်ကြီးပေါ်က ပေးဆင်းတော့တာ မဟုတ်ဘူး'

'ဘယ်လိုသိသွားတာလဲ ကိုဒွေး ဟင်'

'အဲဒါတော့ ကျွန်တော်မျိုးလဲ မလျှောက်တတ်ဘူး၊ သိသွားတာတော့ အမှန်ပဲ'

ဇော်ရှင်းသည် တွေဝေသွား၏။

ဒေါ်ခင်တွေး မည်ကဲ့သို့ သိသွားကြောင်းကို လည်း တွေးလို့ မရချေ။

'မိုက်ကယ်နဲ့ ဖြစ်တဲ့ ကိစ္စတွေရောလား....ဟင်'

'ဟာ....ဒါတွေ ဘယ်ထုတ်ပြောရဲပါ့မလဲ၊ စောစောစီးစီး မပြောကောင်းလားဆိုပြီး ငါ့ကို နှင်ချမှာပေါ့'

ဆက်ပြင်းနှင့် ဇော်ရှင်းသည် ထွေးလားလုံးလား ဖြစ်သွား၏။

'ဟော့ကောင်လေး....မြွေပွေးကျနေတာပဲ၊ ဘာရှုးရှူးနဲ့ ဘာဖြစ်နေတာလဲ'

'စိတ်ညစ်လို့ဗျို၊ ကဲ... သွားမယ်'

ကိုဒွေးသည် ဇော်ရှင်းကိုကြည့်ရင်း စိတ်မကောင်း ဖြစ်ရသည်ကတော့ အမှန်ပင်။ သို့ရာတွင် သူ့အနေနှင့် ဘာများ တတ်နိုင်ပါမည်နည်း။

ဇော်ရှင်းသည် တိုက်ကြီးဘေးမှ ပတ်လျှောက်လာသည်။ စုစုထွေးအခန်းသို့ အရောက်တွင်မူ မျှော်လင့်တကြီးနှင့် မော့ကြည့်ဖြစ်သည်။မှန်တံခါးတွေပိတ်ထားသည့်အပြင် အတွင်းက ခန်းဆီး ချထားသေးသည်။ သူသည် လေးပင်သော ခြေလှမ်းများနှင့် ကားရုံဆီသို့ လျှောက်လာခဲ့သည်။



စုစုထွေးသည် ခန်းဆီးအကြားမှ ဇော်ရှင်းကို ချောင်း ကြည့်ရင်း စိတ်မကောင်း ဖြစ်ရလေသည်။ မေမေသည် မိုက်ကယ် ကိစ္စနှင့် စပ်လျဉ်း၍ သူမကို မျက်စိအောက်က အပျောက် မခံနိုင်လောက်အောင် ချုပ်ချယ်ထားလေသည်။ အဆုံးဆိုရမူ တိုက်အပြင်ဘက်ပန်းခြံထဲသို့ပင် သူမကိုမပြောဘဲ မဆင်းရဟု တားမြစ်ထား၏။ မေမေသည် သူမနှင့် ဇော်ရှင်း အကြောင်းကို တစ်နည်းနည်းဖြင့် သိသွားလေပြီဟု စုစုထွေး ထင်သည်။

တွေးလိုက်တိုင်း ရင်လေးရသည့်ပွအပ စုစုထွေး အမြဲ မရှာတတ်လေပါ။ သည်တော့ စုစုထွေး ငိုတတ်လာသည်။ ရှိုက်တတ်လာသည်။သူ့အတွက် ရင်မောရတာတွေ၊ မျက်ရည် ကျရတာတွေ၊ ခံစားရတာတွေကို သူသိအောင် ပြောပြလိုက်ချင်ပါသည်။ သို့ပေမယ့် စုစုထွေး မကြံသာအောင် အခက် တွေ့နေရ၏။ မေမေသည် မနိုးပိုပင် မယုံစားတော့။စုစုထွေး နှင့် ဆုံခွင့်မပေးတော့။

ဩော်... ခက်လိုက်တဲ့ ဘဝနှယ်။

ဇော်ရှင်းသည်စိတ်ပျက်လက်ပျက်နှင့် ကားရုံအပေါ်ထပ်မှ သူ့အခန်းထဲသို့ ဝင်ခဲ့သည်။နံဖူးပေါ် လက်တင်ရင်း သူ့ဘဝ၏ အပြောင်းအလဲ အချိုးအကွေ့လေးများကို တွေးနေမိ၏။ ယခု တော့ သူသည် 'မြစ်ပယ်မြိုင်' တွင် အရေးပါလာသူ တစ် ယောက် ဖြစ်လာရပြီ။

သို့ရာတွင် သူ့ဘဝ အခြေအနေမှာ ဘာမှ အာမခံချက် မရှိ။ ဖြစ်နိုင်မည်ဆိုပါက သည် 'မြစ်ပယ်မြိုင်' မှ အပြီးတိုင် ရုန်းထွက်သွားချင်သည်။ ပြီးတော့ အသည်း ပေါက်အောင်

www.burmeseclassic.com

www.burmeseclassic.com

ချစ်ဦး၊ စုဝေး နှင့် နီးစပ်ရေးမှာ အိပ်မက်ပင် မမက်ခဲ့အောင် ဖြစ်နေသည်။

ဖြစ်နိုင်မည်ဆိုပါက 'မြစံပယ်မြိုင်' မှ အပြီးတိုင် ထွက်ပြေးသွားလိုက်ချင်၏။ သို့သော် အဘစောက ခက်နေသည်။ အဘစောသည် မည်သည့် ရည်ရွယ်ချက်တွေဖြင့် မြစံပယ်မြိုင်တွင် ခိုကပ်နေချင်ရလေသနည်း။

သည်ကနေ့တော့ဖြင့် အဘစောကို အပြတ်အသား မေးတော့မည်ဟုလည်း ဆုံးဖြတ်လိုက်၏။

မကြာမီ ကားသံကြားရပြီး အဘစော ရောက်လာခဲ့၏။ အဘစောသည် သူ၏ ပထမဆုံးအကြိမ် အောင်မြင်စွာ လုပ်ကိုင်ခဲ့သော ကိစ္စအတွက် ဝမ်းသာအယ်လဲ ချီးကျူးခဲ့သေးသည်။ အဘစောသည် သူ့အား သည်လုပ်ငန်းကို ဦးစီးရန် အဘယ်ကြောင့် တိုက်တွန်း အားပေးခဲ့ရလေသနည်း။

'အဘကို ဒီကနေ့တော့ ကျွန်တော်အပြတ်အသား မေးရတော့မယ် အဘ'

ဦးစောသည် ဇော်ရှင်း စကားကို အံ့သြဟန် မပြချေ။

'အဘမှာ ဘယ်လို 'ရည်ရွယ်ချက်' တွေ ရှိနေလို့ 'မြစံပယ်မြိုင်' မှာ လာနေတာလဲ ဟင်၊ ပြီးတော့ ကျွန်တော် လုပ်နေတဲ့လုပ်ငန်းဟာ မကောင်းမှန်း အဘသိလျက်သားနဲ့ ဘာပြုလို့ အားပေးအားမြှောက် လုပ်ရတာလဲဆိုတာ ကျွန်တော် သိပါရစေ အဘ'

အဘသည် သူ့ထံမှ သည်လိုမေးခွန်းမျိုး မေးလိမ့်မည်ဟု ကြိုတင် မျှော်လင့်ထားပုံ ရခဲ့သည်။



'အင်း.... အဘလဲ မင်းကိုဖွင့်ပြောဖို့ အချိန်နီးလာပြီ ဆိုတာတော့ တွေးပြီးသားပါ၊ မင်းမေးခွန်းကို မဖြေခင် အဘမေးတာ တစ်ခုဖြေဦး ဇော်ရှင်း'

'မေးပါ အဘ'

'ဦးကောင်းမိုးဟာ ရွှေလုပ်ငန်းနဲ့ပတ်သက်ပြီး ဘာ အစီအစဉ် ရှိသလဲ ဇော်ရှင်း'

'ဒီဘစ်ခေါက် ဆယ့်ငါးသိန်းဖိုးလောက် အချိုးကြီး ချပြီးရင် လုပ်ငန်းကို လက်စသတ်လိုက်တော့မယ်လို့ ပြောတယ်၊ သူကိုယ်တိုင် ဦးစီးပြီး လုပ်မှာတဲ့ အဘ'

အဘသည် ကျေနပ်စွာ ခေါင်းညိတ်လိုက်သည်။

'ကဲ....ဇော်ရှင်း၊ အဘတို့ အပြင် သွားပြီး လွတ်လွတ်လပ်လပ် စကားပြောရအောင်'

သူတို့မြေးအတိုးသည် နန်းတော်ရှေ့ ရေနီမြောင်းဘေးရှိ ထနောင်းပင်ရိပ်တွင် ထိုင်မိကြသည်။ အဘသည် အရှေ့ဘက်တွင် ခပ်ပျပျမြင်ရသော ရန်ကင်းတောင်ကို မျှော်ကြည့်နေသည်။ သူ့မျက်လုံးတွေက မှုန်ရီသီဝေနေပုံရပါသည်။

'အဘဟာ ငါ့မြေးကို ဒီလို တရားဥပဒေနဲ့ မတင်းတဲ့ မကောင်းမှု ဒုစရိုက်အလုပ်တွေကို ဘယ်မှာ ခိုင်းချင်ပါ့မလဲ ဇော်ရှင်း၊ အဘ ငါ့မြေးကို ခဏခဏ ပြောဘူးခဲ့တဲ့ 'ရည်ရွယ်ချက်' တွေကြောင့် ခိုင်းနေရတာပါကွယ်'

'အဲဒီ "ရည်ရွယ်ချက်" တွေကို ကျွန်တော် သိပါရစေ အဘ'

'အေး....ပြောမယ်၊ ဒီကနေ့တော့ ငါ့မြေးကို အကုန်လုံး မခြွင်းမချန်ပြောပြမယ်၊ ပြောရမယ့် အချိန်ကလဲ ရောက်နေပြီကိုးကွယ့်'

www.burmeseclassic.com

www.burmeseclassic.com



အဘမျက်နှာသည် တဖြည်းဖြည်း တင်းမာလာတော့၏။ ပြီး....တစ်ခွန်းချင်း အလေးအနက်ထား၍ ဆိုသည်။

'မင်းရဲ့ဖခင်ဟာ မင်းကိုမွေးပြီး သုံးရက်အကြာမှာ လူသတ် ခံလိုက်ရတယ် ဇော်ရှင်း'

'ဗျာ.... ကျွန်တော့် အဖေ လူသတ်ခံရတယ် ဟုတ်လား အဘ'

ဇော်ရှင်း အသံက တုန်ယင်နေလေသည်။

'ဟုတ်တယ် ဇော်ရှင်း၊ မင်းအဖေ အဘရဲ့ သမက်ဖြစ်တဲ့ ဘဇော်ဟာ မင်း သုံးရက်သားမှာပဲ လူသတ်ခံလိုက်ရတယ်၊ မင်း မိခင်ဖြစ်တဲ့ အဘရဲ့ သမီးဟာလဲ မင်းဖခင်စိတ်နဲ့ မီးတွင်းမှာပဲ သွေးဘက်ပြီး ဆုံးသွားရှာတယ်'

ဇော်ရှင်းရင်တွင် ကျင်ခနဲ ခံစားလိုက်ရသည်။

'ဒါဖြင့် ကျွန်....ကျွန်တော့် အဖေနဲ့အမေဟာ ကျွန်တော် ငယ်ငယ်တုန်းက မော်တော်ကားမှောက်ပြီး ဆုံးတယ်ဆိုတာ ညာပြောတာပေါ့ ဟုတ်လား အဘ'

'အေး....ဟုတ်တယ် ငါ့မြေး၊ အဘ မင်းကို ညာပြောခဲ့တာပဲ၊ မင်း အဖေဟာ တကယ်တော့ လူသတ် ခံရတာပဲ၊ သတ်တဲ့ လူကိုလဲ အဘသိတယ် ဇော်ရှင်း'

ဦးဇောသည် မေးကြောကြီးများ ထောင်ထလာအောင် အံကြိတ်ရင်း ပြောသည်။ ဇော်ရှင်းက နာကျည်း စိတ်နှင့် အလောတကြီး မေး၏။

'ကျွန်တော့် အဖေကို သတ်တာ ဘယ်သူလဲ အဘ၊ အဲဒီ လူကော အခု ထောင်ထဲမှာလား'

'ဘယ်က ထောင်ကျရမလဲ ဇော်ရှင်း၊ အမှုတောင် မဖြစ်ဘူး'



'ပြောစမ်းပါ အဘရယ်၊ ကျွန်တော် သိချင်လွန်းလို့'

ဦးဇောသည် ဇော်ရှင်း မျက်နှာကို စိုက်ကြည့်ရင်း တစ်ခွန်းချင်း ပြောသည်။

'မင်းအဖေကိုသတ်တာ တခြားလူ ဟုတ်ပါဘူးလား၊ အခု တို့နေတဲ့ 'မြစ်ပယ်မြို့' က သူဌေး ကောင်းမိုးပေါ့ကွ'

'ကောင်းမိုး....ဦးကောင်းမိုး ဟုတ်လား အဘ'

ဇော်ရှင်းမျက်နှာသည် မယုံကြည်နိုင်ခြင်း၊ အံ့ဩခြင်း၊ ဒေါသ ထွက်ခြင်းတွေ ရောပြွမ်းပေါ်လွင်နေသည်။

'ဟုတ်တယ် ဇော်ရှင်း၊ ကောင်းမိုးဟာ မင်း အဖေကို သတ်တဲ့ လူသတ်တရားခံ အစစ်ပေါ့ကွာ'

ဦးဇော၏အာရုံတွင် အတိတ်၏ ကားချပ်များကို ထင်ဟပ် လာကြသည်။

'အဲဒီ ကောင်းမိုးရယ်၊ မင်းအဖေ ဘဇော်ရယ်၊ သာခွန်း ဆိုတဲ့ လူတစ်ယောက်ဟာ မိုးကုတ်မှာ ကံစပ် ကျောက်တွင်း တူးကြတယ်၊ ကံစပ်ဆိုတာ ရသမျှကျောက်ကို သုံးဦး အညီ အမျှခွဲယူကြတမ်းပေါ့၊ တွင်းကစက်တွင်းမဟုတ်ဘူးလက်တွင်း အဲ တစ်နေ့တော့ မင်းအဖေတူးတဲ့ အလှည့်မှာ ကံအားလျော်စွာ ပတ္တမြားကြီး တစ်လုံးကို တူးရင်းတန်းလန်း ရလိုက်တယ်'

'ဘဇော်လဲ အားရပမ်းသာနဲ့ အပေါ်ပြန်တက်လာပြီး ကောင်းမိုးနဲ့ သာခွန်းကို ပြတာပေါ့၊ ပတ္တမြားကြီးဟာ …ရည်အသွေးကလဲ ထိပ်တန်းကဆိုပဲ၊ အဲဒီခေတ်ပေါက်ဈေး …ဆိုရင် ငါးသိန်း ပတ်ဝန်းကျင်လောက် ဈေးရှိလိမ့်မယ်'

ဇော်ရှင်းသည် ဖခင်ဖြစ်သူ၏အကြောင်းကို ရင်တမမဖြင့် …းထောင်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'သူတို့ သုံးယောက်ဟာ.... သိန်းကျောက်ကြီးလဲ ရရော
ဘယ်သူ့မှမပြောဘဲ ထိန်ဝှက်ပြီး နောက်တစ်နေ့မှာ အဲဒီတွ
ကို ဆက်တူးကြတယ်၊ အင်း.... လူတွေဟာ လောဘဇော
တိုက်ပြီးဆိုရင် ရလေလိုလေဆိုသလိုပဲ ငါ့မြေးရေ့....တွင်း
အောင်နေတော့ ဆက်မျှားရဦးမလားလို့ပေါ့၊သိန်းကျော
ကြီး ရထားတာတေ ၁င် မကျေနပ်နိုင်ကြတော့ဘူး၊ အဲ....မ
အဖေ ဘဇော်ကတော့ ရိုးရိုးသားသားပါပဲ၊ ဒါပေမယ့်
အကြံသမား ကောင်းမိုးဟာ သာဒွန်းနဲ့ ကျိတ် တိုင်
အကောက်ကြံပြီး....မင်းအဖေဘဇော်ကို တွင်းဖြို့ပြီးချလိုက်
တယ် ဇော်ရှင်း'

ဇော်ရှင်းရင်မှာ ကျင်ခနဲ ဖြစ်သွားသည်၊ အသွေးတ
အသားတွေ ဆူပွက်လာသည်။ သူ့မျက်နှာတွင် ဒေါသသွေ
တွေ လျှမ်းတက်လာသည်။ ခံပြင်းနာကြည်းသော ရင်ထဲ
အသံတစ်ချက် ထွက်သွားမိသည်။

'တောက်....'

'သူတို့နှစ်ယောက်ဟာ....ဘဇော်ကို ကယ်တင်သယောင်
ပိနေတဲ့ မြေတွေကိုဖော်ပြီး၊ဘဇော်ကိုဆယ်တင်ကြသေးတယ်
ဒါပေမယ့် အဲဒီအချိန်မှာ ဘဇော်ဟာ အသက်မရှိတော့ဘူ
အဲ ပတ်ငန်းကျင်ကိုတော့ ဘဇော်တစ်ယောက် တွင်းပြို
ဆုံးသွားတဲ့အကြောင်း သတင်း လွှင့်လိုက်ကြတာပေါ့ကွယ်

'အဲဒီတော့ အဘက ဘယ်မှာလဲ'

'အဘနဲ့မင်းမိခင်ဟာ မိတ္ထီလာနားက'ရွှေပတိုင်'ရွာဇာ
ဒါပေမယ့် မိတ္ထီလာမှာပဲနေကြတာပေါ့၊ ဘဇော်တစ်ယောက
တည်း မိုးကုတ်ကို ကျောက်သွားတူးတာကွယ့်၊ အဘက အဲ
တုန်းက အငှားဘတ်စ်ကားမောင်းတယ်၊ အဲ....ဆက်ပြော



ရင် ကောင်းမိုးနဲ့ သာဒွန်းဟာ သိန်းကျောက်ရတာကို လျှို
ဝှက်ထားကြပြီး ဘဇော်အလောင်းကို သူတို့ကပဲ ကမကထ
လုပ်ပြီး သင်္ဂြိုဟ်လိုက်ကြတယ်၊ သူတို့က ဘဇော်ဟာ ဆွေ
မရှိ မျိုးမရှိ တစ်ကောင်ကြွက်လို့ ထင်နေတာကိုးကွယ့်'

'အဖေဆုံးတာ အဘတို့ မသိကြဘူးပေါ့ ဟင်'

'ပြောမယ်လေ၊ မိုးကုတ်မှာ ဘဇော်နဲ့ ခင်တဲ့ မိတ်ဆွေ
ကားသမား တစ်ယောက်ရှိတယ်၊ သူက မိတ္ထီလာကို ကား
မောင်းရင်း ရောက်လာပြီး မင်းမိခင်ကို ဝင်ပြောတာပေါ့၊
အဲဒီအချိန်မှာ အဘကလဲ ကားထွက်နေလို့ အိမ်မှာမရှိဘူး၊
လာပြောတဲ့လူကလဲ မင်းမိခင်ဟာ သွေးနုသားနုဆိုတာ မသိ
တော့ တဲ့တိုးကြီးပဲ ပြောချလိုက်တာ မင်းမိခင်ဟာ ဆို့ပြီး
သတိမေ့သွားလိုက်တာ အဘပြန်ရောက်တဲ့အထိ ပြန်မလည်
တော့ဘူးကွယ်၊ မင်းမိခင်ဟာ အဘလက်ပေါ်မှာပဲ ဆုံးသွား
တယ်လေ'

ဇော်ရှင်းသည် ကြေကွဲရင်နာဖွယ်ကောင်းသော မိခင်နှင့်
ဖခင်တို့၏ အဖြစ်အပျက်ကို ကြားလိုက်ရသဖြင့် အံကြိတ်ထား
သည့် တိုင်အောင် မျက်ရည်ပေါက်ကြီးများက ပါးပြင် တစ်
လျှောက် လိမ့်ဆင်းလာလေသည်။

'အဲဒီ ဘဇော်ရဲ့ မိတ်ဆွေ ကားသမားက ဘဇော် သေ
တာက သွေးရိုးသားရိုး ဟုတ်ပါလေစလို့ သူ့အနေနဲ့ သံသယ
ရှိနေတဲ့ အတွက် အဘကို စုံစမ်းသင့်ကြောင်းလဲပြောပြတယ်၊
ဒါပေမယ့် အဘဟာ မိုးကုတ်ကို ချက်ချင်းလိုက်မသွားနိုင်ခဲ့
ဘူး၊ မင်းမိခင်ရဲ့ အသုဘပြီးအောင် စီမံရသေးတယ်လေ၊
အဲ....ကိစ္စလဲပြီးရော စုဆောင်းထားတဲ့ ငွေအိုးထောင်ထဲက

www.burmeseclassic.com

www.burmeseclassic.com



တစ်ဝက်ကို အဘနဲ့ခင်တဲ့ အိမ်နီးနားချင်းကိုပေးပြီး မင်းကို ကျွေးမွေးသုတ်သင်ဖို့ အပ်ခဲ့တယ်'

'အဘ မိုးကုတ်ကို ထွက်ခဲ့ပြီး ဘဇော်အကြောင်းကို တိတ်တဆိတ် စုံစမ်းခဲ့တာပေါ့၊ အဲ....ကောင်းမိုးနဲ့ သာဒွန်းဟာ ဟန်မပျက် ဘစ်လလောက် ဆက်တူးကြပြီး သိန်းကျော်ရတယ်လို့ သတင်းလွှင့်ကြတော့ အဘလဲ ပိုပြီး သက်ာမကင်းဖြစ်လာတာပေါ့'

'အဲ....ဒါနဲ့ တိုတိုပြောရရင်တော့ သာဒွန်းနဲ့ ကောင်းမိုးဟာ ရတဲ့ငွေတွေ တစ်ဝက်စီ ခွဲယူပြီး ချမ်းသာသွားကြတယ်ဆိုပါတော့ကွာ၊ ကောင်းမိုးဟာ အစကအတော်ဆင်းရဲတယ်ကွဲ့၊ အဘလဲ သူတို့နှစ်ယောက် အခြေအနေကို အလာစောင့်အကဲခတ်နေတာပေါ့၊ ကောင်းမိုးဟာ စီးပွားရေးလာဘ်မြင့်သလောက် သာဒွန်းဟာ အသောက်အစားနဲ့ အကစားသိပ်မက်တယ်၊ အဘလဲ ကပ်ရလွယ်မယ်ထင်တဲ့ သာဒွန်းကို ဖဲဝိုင်းတစ်ခုမှာ မိတ်ဖွဲ့ပြီး အတူဝင်ရိုက်တယ်၊ အဲ....ကံအားလျော်စွာပဲ အဲဒီနေ့က အဘဟာ ဖဲထောင်ချီနိုင်ပြီး သာဒွန်းဟာ ခွက်ခွက်လန်အောင် ရှုံးတော့တာပဲ ဇော်ရှင်း'

ဇော်ရှင်းသည် အဘစော၏စကားကို စိတ်ဝင်စားစွာနားထောင်နေပါသည်။

'ဒီလိုနဲ့....လေးငါးခြောက်လအတွင်း သာဒွန်းဟာ ရှိသမျှကုန်ပါလေရော၊ အဲဒီအချိန်မှာ....အဘနဲ့သာဒွန်းဟာ အရက်သောက်လိုက် ဖဲရိုက်လိုက်နဲ့ အတော်တွဲမိနေပြီ ဆိုပါတော့ကွယ်၊ သာဒွန်းဟာ ရှိသမျှလဲပြောင်ရော....ကောင်းမိုးဆီက



ကတော့ ငွေညှစ်နေမှန်း မသိသေးဘူး၊ ကောင်းမိုးလဲ သာဒွန်း ဒဏ်ကို ကြာတော့ မခံနိုင်တော့ဘူး၊ အဲ....မပေးရင်လဲ သာဒွန်းက လူသတ်မှုကို ဖော်မယ်ဆိုပြီး ခြိမ်းခြောက်ထားတာကိုး'

'တစ်ညတော့.... မူးနေတဲ့ သာဒွန်းကို ကောင်းမိုးဟာ ဓားနဲ့ ထိုးသတ်တော့တာပဲ၊ အဲ....ညဘယ်နာရီလောက်ပေါ့၊ အဘလဲ သာဒွန်းနဲ့ ဖဲရိုက်ဖို့ ချိန်းထားလို့အသွား သွေးအိုင်ထဲမှာ လဲနေတဲ့ သာဒွန်းကို တွေ့တယ်၊ ဒါပေမယ့် မသေသေးဘူး၊ ကောင်းမိုးကသေပြီထင်ပြီး ထားခဲ့တာ သာဒွန်းဟာ သူ့ကို ကောင်းမိုး ဓားနဲ့ထိုးတဲ့အကြောင်းနဲ့ ကောင်းမိုးနဲ့ သူဟာ ဘဇော်ကို သတ်ပြီး ပတ္တမြားကြီးကို အပိုင်စီးခဲ့ကြောင်းတွေ ပြောရင်း အသက်ထွက်သွားဘယ်လေ'

'ဒါပေမယ့် အဘဟာ သာဒွန်းပြောတာတွေကို ရဲကို ပြန်မပြောခဲ့ပါဘူး၊ သာဒွန်း သတ်မှုဟာလဲ မပေါ်ခဲ့ဘူး၊ အဘဟာ ကောင်းမိုးကို ဘယ်လို တုံ့ပြန်ရမလဲဆိုပြီး အမျိုးမျိုး စဉ်းစားခဲ့ပြီး သူ့တိုက်မှာ ကားဒရိုင်ဘာ ဝင်လုပ်ခဲ့တယ်လေ၊ အဲ....သူတို့လဲ မိုးကုတ်ကနေ မန္တလေး ပြောင်းပြီး ရုံဖွင့်၊ မှောင်ခိုကျောက်တွေ ချပြီး ကြီးပွား သွားကြတာပေါ့ကွယ်၊ အဲဒါတွေဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ဆယ်က အဖြစ်အပျက်တွေပဲ ငါ့မြေး'

'အဘ ဒီကိစ္စတွေကို ဘာဖြစ်လို့ ရဲကို မတိုင်ခဲ့တာလဲ ဟင်'

'တိုင်ရင်လဲ သက်သေ အထောက်အထား အခိုင်အလုံမှ မရှိတာ၊ သာဒွန်းကလဲ သေသွားပြီလေ၊ အဘလဲ အလုပ်ကထက်ပြီး မင်းကို ဒီအချိန်အရွယ်အထိ လလားမြောက်အောင်

www.burmeseclassic.com

www.burmeseclassic.com



ကျွေးမွေး သုတ်သင်ခဲ့ပြီး ကောင်းမိုးဆီကို ပြန်လာတာ၊ အဲ....အဘမှာ ဘယ်လို ရည်ရွယ်ချက်တွေ ရှိသလဲဆိုတာ မင်း သိပြီ မဟုတ်လား ဇော်ရှင်း ဟင်၊ မင်း အဖေနဲ့ အမေကို သတ်တဲ့လူ၊ တို့ရဲ့ ပစ္စည်း ဥစ္စာကို မတရား ယူထားတဲ့လူ၊ ဒီလူကို တို့ ဘာလုပ်သင့်သလဲ'

အဘအသံက ဒေါသသံ ထွက်လာပြန်၏။

ဇော်ရှင်းသည် အဘပြောသည့် စကားများကို တစိမ့်စိမ့် တွေးရင်း ဦးကောင်းမိုးအပေါ် ဆတ်ဆတ်ခါ နာကြည်း လာမိသည်။ သူသည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း ပြောသည်။

'ကျွန်တော့် အဖေနဲ့ အမေအတွက် ကျွန်တော်ကိုယ်တိုင် ဦးကောင်းမိုးကို သတ်မယ်'

'အေး....အခု တို့အတွက် အခြေအနေ ပေးလာပြီ ငါ့မြေး၊ တို့တစ်တွေ စောင့်ခဲ့ရတဲ့ အချိန်တွေဟာ အခုတော့ ရောက်လာပြီလေ၊ ဒါပေမယ့် လူလိမ္မာအမျက် အပြင် မထွက်စေနဲ့တဲ့ ငါ့မြေး၊ အဲဒီတော့ ဒီကိစ္စကို အဘ ဒီလို စီစဉ်ချင်တယ်'

ဦးစောသည် ဇော်ရှင်းအား သူ၏ လက်စား ချေရေး အစီအစဉ်ကို ပြောပြ၏။ ဇော်ရှင်းကလည်း ဦးစော၏ အစီအစဉ်အတိုင်း ဆောင်ရွက်ပါမည်ဟု အခိုင်အမာ ကတိပေးလိုက်ရသည်။



နှစ်ပေါင်းများစွာ အငြိုးအတေး အနာအကြည်း ဖြစ်ခဲ့ရသော ဦးစော၏ ရင်မှ ခံစားမှုများသည် ဇော်ရှင်းရင်သို့ ကူးစက်သွားပြီး ဦးကောင်းမိုး အပေါ်တွင် မုန်းတီးခြင်း၊ စက်ဆုတ်ခြင်း၊ နာကြည်းခြင်း၊ ရွံရှာခြင်းများနှင့် ပြည့်နှက်လာပါတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

လုံခြုံရေးမှူး ကိုဝဏ္ဏသည် ကြီးကြပ်ရေးမှူးအား အလေးပြုလိုက်ပြီး စားပွဲရှေ့တွင် သတိ အနေအထားဖြင့် ရပ်လိုက်၏။

'ထိုင်ပါ ဦးဝဏ္ဏ'

လုံခြုံရေးမှူးက စားပွဲရှေ့မှ ကုလားထိုင်ကို ညွှန်ပြသဖြင့် ဝင်ထိုင်လိုက်သည်။

'ဦးဝဏ္ဏ လိုက်နေတဲ့ ကေ့(စ်) အခြေအနေ ဘယ်လိုရှိသလဲ'

'ဟုတ်ကဲ့....ကျွန်တော်လဲ ကြီးကြပ်ရေးမှူးကို သတင်းပို့မလို့ စိစဉ်နေတုန်း အခု 'ရုံး' ခေါ်တယ်ဆိုလို့ လာခဲ့တာပါပဲ ခင်ဗျာ'

ကြီးကြပ်ရေးမှူးသည် အေးအေးဆေးဆေး ဆွေးနွေးလိုဟန်ဖြင့် စီးကရက်ဘူးကို ကိုဝဏ္ဏ ဘက်သို့ တွန်းပို့လိုက်သည်။ ကိုဝဏ္ဏက တစ်လိပ် ထုတ်ယူ၍ မီးညှိရှိုက်ဖွာသည်။



'ကေ့(စ်)ရဲ့ အစကတော့ မောင်မောင်ကျော် သင်္ဘောကွေ့မှာ သေနတ် အပစ်ခံရပြီး သူ့ ကုန်တင်ကားတွေ ခါးပြ အတိုက်ခံရတယ်၊ အဲ....ကားတွေကလဲ ဘာမှ မက်လောက်စရာ ပစ္စည်း ပါတာ မဟုတ်ဘူး၊ လက်ဖက်ပုံနဲ့ သနပ်ဖက်တွေပဲ'

'ဆိုပါဦး'

'အဲဒီတော့ ဒီကုန်ကားတွေ အပေါ်မှာ လက်ဖက်ပုံတွေထက် တန်ဖိုးရှိတဲ့ပစ္စည်းတွေ ပါလာရမယ်ဆိုတာ ကျွန်တော်တွက်မိတယ်၊ ဒါနဲ့ မန္တလေးကို လာပြီး စုံစမ်းလိုက်တော့ ဦးကောင်းမိုးနဲ့ မောင်မောင်ကျော်တို့ဟာ ဘိန်းဖြူ လက်ကား ဖြန့်တဲ့ ဘုရင်တွေနဲ့ အဆက်အသွယ် ရှိတယ်ဆိုတာ ကျွန်တော် စုံစမ်းလို့ ရတယ်'

'အင်း....ဆက်ပါဦး'

ဦးကောင်းမိုး ပိုင်တဲ့ ပွဲရုံ တစ်ခု ရှိတယ် ကြီးကြပ်ရေးမှူး၊ အမှန်တော့ အဲဒီ ပွဲရုံဟာ ဟန်ပြ သက်သက်ပါ၊ ကျွန်တော့် လူ တစ်ယောက်ကို အဲဒီ ပွဲရုံမှာ အလုပ်သမား အဖြစ် သွင်းထားလိုက်ပြီး အတွင်းကျကျ စုံစမ်းလိုက်တော့ ဦးကောင်းမိုးနဲ့ မောင်မောင်ကျော်ဟာ ကျောက်စိမ်းတွေနဲ့ ဘိန်းဖြူကို အတော် ကြာကြာပဲ အခိုက ထားပြီး လုပ်နေတယ် ဆိုတာ သိလာရတယ် ကြီးကြပ်ရေးမှူး'

ကြီးကြပ်ရေးမှူးသည် ကိုဝဏ္ဏ စကားကိုစိတ်ဝင်စားစွာ နားထောင်နေလေသည်။

'ကျွန်တော်လဲ ဒီတစ်ခေါက်တော့ အပိုင်ဖမ်းမယ်ဆိုပြီး အခြေအနေကို စောင့်ကြည့်နေခဲ့တယ်၊ ဦးကောင်းမိုးပိုင် ကုန်ကားတွေကိုလဲ အသေအချာ ရှာဖို့ ဂိတ်တွေမှာ နံပါတ်တွေ

www.burmeseclassic.com

www.burmeseclassic.com



ပေးထားတယ်၊အဲဒါပေမယ့်ဒီတစ်ခေါက် ကျွန်တော့်ဘက်က ပေါ့သွားလို့ လွတ်သွားရပြန်တယ် ကြီးကြပ်ရေးမှူး၊ဒီအတွက် ကျွန်တော့်ကို အပြစ် တင်နိုင်ပါတယ်'

'ဘယ်လိုပေါ့တာလဲ....ဦးဝဏ္ဏ'

'ကျွန်တော်က မောင်မောင်ကျော်နဲ့ ဦးကောင်းမိုးကိုပဲ အာရုံစိုက်ပြီး ရှဲဒိုးလုပ်နေတုန်း ဇော်ရှင်းက ဦးဆောင်ပြီး နံပါတ်ဖိုး တစ်သိန်းဖိုးလောက် ချတယ်'

'ဇော်ရှင်းဆိုတာ ဘယ်သူလဲ ဦးဝဏ္ဏ'

'သူတို့တိုက်က ကားမောင်းတဲ့ ဒရိုင်ဘာ ဦးစောရဲ့ မြေးပါ ကြီးကြပ်ရေးမှူး၊ ကောင်လေးက ငယ်ပေမယ့် သွက်တယ်၊ သတ္တိရှိတယ်၊ ပြီးတော့ သေနတ်ပစ် ချွန်ပီယံ တစ်ယောက်ပါ ကြီးကြပ်ရေးမှူး'

ကိုဝဏ္ဏသည် မန္တလေးတောင်ခြေရှိ "ဘုန်းတော်တိုး" စက်ပစ်ကွင်းတွင် ဇော်ရှင်းနှင့် စတင် သိကျွမ်းခဲ့ပုံများနှင့် ဇော်ရှင်းကို စည်းရုံးခဲ့ပုံများကို လုံခြုံရေးမှူးအား တင်ပြသည်။

'အင်း....သူ့ကို ကျုပ်တို့ဘက်ပါအောင် စည်းရုံးနိုင်ရင်တော့ သိပ်ကောင်းမှာပဲ ဦးဝဏ္ဏ၊ ကဲဗျာ.... ဒီတစ်ခါတော့ ပိုင်ပိုင်နိုင်နိုင် ဖြစ်အောင် စီစဉ်ပါ၊ လိုအပ်တာ ရှိရင်လဲ ကျုပ်ကို ပြောပါ၊ တိုင်းပြည်နဲ့ လူမျိုးကို အန္တရာယ်ပေးနိုင်တဲ့ မူးယစ်ဆေးဝါး နှိမ်နင်းရေးကို ပြတ်ပြတ်သားသား လုပ်ရလိမ့်မယ်၊ ပြီးတော့.... ရတနာတွေ ကျုပ်တို့ တိုင်းပြည်က မှောင်ခိုထွက်သွားတာ သိပ်နစ်နာတယ် ဦးဝဏ္ဏ'

'ကျွန်တော် အထူးကြိုးစားပါမယ် ကြီးကြပ်ရေးမှူး'



ကိုဝဏ္ဏသည် ရှေ့တွင် ဆောင်ရွက်ရမည့် အစီအစဉ်များကို ကြီးကြပ်ရေးမှူးအား တင်ပြပြီး ရုံးခန်းမှ ထွက်ခဲ့လေသည်။

သူ့အနေဖြင့် မောင်မောင်ကျော်သည် ဇော်ရှင်းအားသည်မျှ မြန်မြန်ဆန်ဆန် အသုံးချလိမ့်မည်ဟု မထင်ခဲ့ပေ။ အကယ်၍ အသုံးချဦးတော့ နောက်လိုက် သေနတ်သမားတစ်ယောက်အနေဖြင့်သာ ဇော်ရှင်းကိုနေရာပေးမည်ဟုတွက်ဆခဲ့ပါ၏။

သို့ရာတွင်....

မောင်မောင်ကျော်သည် ဇော်ရှင်းအား ခေါင်းဆောင်ဖေ၍ သူ မထင်မှတ်သော အချိန်တွင် လုပ်ငန်းကို ပိပိရိရိ ဆောင်ရွက်သွားလေပြီ။

ကိုဝဏ္ဏသည် ဇော်ရှင်းအတွက် အလိုလို ရင်နာနေရ၏။ သည်ကောင်လေး၏ အရည်အချင်းကို ကောင်းသည့်ဘက်တွင်သာ အသုံးချလိုက်ပါက တိုင်းပြည်အတွက် သားကောင်း ရတနာတစ်ယောက် ဖြစ်နိုင်ပေသည်။ ယခုမူ မောင်မောင်ကျော်သည် ဇော်ရှင်းအား သူ၏ ဒုစရိုက်လုပ်ငန်းတွင် ပိုင်ပိုင်နိုင်နိုင် အသုံးချသွားခဲ့လေပြီ။

သို့တစေ....

ပျက်အစဉ် ပြင်ခဏဆိုသည့် စကားရှိလေသည် မဟုတ်လော။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

အစကမူ ကိုယ့်မျက်စိကို ကိုယ်မယုံနိုင်သလို ဖြစ်ရသေးသည်။

သို့သော်.... လက်ထဲတွင် ကိုင်ထားသော ဖိတ်စာ ကတ်ပြားကလေးက သူ့မျက်စိကို လှည့်စား၍မရမှန်း သိရသေးသည်။

ထိမ်းမြားမင်္ဂလာဖိတ်ကြားစာ
ကိုကြာယ်သာရိန္ဒ မစုစုထွေး

'ဟား....ဟား....ဟား....ဟား'

ဇော်ရှင်းသည် ဖိတ်စာကတ်ပြားကလေးကို ကိုင်ရင်းတဟားဟား အော်ရယ်ပစ်လိုက်မိ၏။

'ငါ စိတ်မကောင်းပါဘူးကွာ၊ ကြီးကြီး ဒေါ်ခင်ထွေးရဲ့ စုစုထွေး မင်္ဂလာဆောင်တော့မယ် ဖိတ်စာတောင် ရိုက်ပြီးနေပြီ၊ ရော့ တစ်စောင်ယူသွားဆိုလို့ ယူလာပြီး မင်းကို ပြတာပါ ဇော်ရှင်းရာ'



ကိုဒွေးက စိတ်မကောင်းစွာဖြင့် ဆိုလေသည်။

'ဒီလိုပဲ ဖြစ်ရမှာပေါ့ ကိုဒွေး၊ ဒီအမျိုးတွေဟာ ဒီလိုပဲနေမှာပေါ့၊ သစ္စာတို့ မေတ္တာတို့ဆိုတာ သူတို့ အမျိုးထဲမှာ ရှိတာမှ မဟုတ်ဘဲဗျ'

ဇော်ရှင်းက ရင်နာစွာ ပြန်ပြောမိ၏။

'အင်း....မင်းအတွက်လဲ တစ်ခက်ပဲ ဇော်ရှင်း၊ အစကတည်းက ငါ သတိပေးသား၊ အခုတော့ ကိုယ်ပဲ စိတ်မကောင်း ဖြစ်ရတာပဲ မဟုတ်လား၊ ဘို့နဲ့ သူတို့က အဆင့်အတန်းချင်း ကွာလွန်းပါတယ်ကွာ'

'အဆင့်အတန်းဆိုတာ ဘာလဲ ကိုဒွေး'

ဇော်ရှင်းက ရုတ်တရက် မေးလိုက်၏။ သူ့အသံက အက်ကွဲနေသည်။ ဆို့နင်နေသည်။

'ဟာ....ဂုဏ်တို့ ငွေတို့ပေါ့ကွ'

'ကဲဗျာ.... ကျွန်တော်ဟာ လူသတ် ခါးပြတိုက်လာပြီး သူဌေးကြီး ဖြစ်လာပြီဆိုပါစို့တော့၊ ကျွန်တော့်မှာ ဂုဏ်တွေ ဒြပ်တွေနဲ့ ပြည့်စုံနေပြီလား'

'ဟာ....မင်းကလေးကလဲ ဘာတွေ လျှောက်ပြောနေမှန်း မသိဘူး၊ ကဲ....ငါသွားမယ်'

ကိုဒွေး စကားကို ဇော်ရှင်းက မကြားသလို တွေဝေနေသည်။

ကိုဒွေးသည် တိတ်တိတ်ဆိတ်ဆိတ်ပင် ပြန်သွားခဲ့၏။

"ရန်သူ့သမီး"

ပါးစပ်က အသံထွက်မလာသော်လည်း သူ့ရင်ထဲက ရေရွတ်လိုက်မိ၏။ သူ့အဖေက ငါ့အဖေကို သတ်တယ်။ သူက ငါ့အသည်းကို ခွဲတယ်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်မှာ သည်သို့သည်နှယ် ခံစားလာရသောအခါ နှလုံးသည်းပွတ် မြတ်ကြေမဘတ် နာကြည်း ခံပြင်း လာရလေ၏။ သည် "မြစ်ပယ်မြိုင်" ဆိုသော လောက ငရဲ အကျဉ်းစခန်းကြီးမှ တစ်ခါတည်း ထွက်ပြေးချင်လောက်အောင် ဖြစ်လာသည်။ သို့ရာတွင် သူ့မှာ ထမ်းဆောင်ရမည့် တာဝန်က ရှိနေသေးသည်။

ဇော်ရှင်းသည် ပမ္ဘတို ပခုံးစလွယ်အိတ်ကိုလွယ်၍ သားရေ ဂျာကင်ကို အပေါ်မှထပ်ဝတ်လိုက်ပြီး ကားရုံ အပေါ်ထပ်မှ ဆင်းခဲ့သည်။ "မြစ်ပယ်မြိုင်" သည် တိတ်ဆိတ် ငြိမ်သက်လျက် ရှိပါသည်။

သူသည် ဖွေးဖွေးလှုပ်အောင် ပွင့်နေသော စံပယ်ရုံများကြားမှ ဖြတ်၍ "မြစ်ပယ်မြိုင်" ခြံကြီး ၏ အပေါက်ဝသို့ လျှောက်လာခဲ့၏။ သည်စဉ်မှာပင် နူးသက်သော အသံ တိုးတိုးကလေးကို ကြားရခြင်းပဲ ဖြစ်ပါသည်။

'ဇော်....'

'ကိုဇော်....'

သူသည် အသံလာရာဘက်သို့ လှည့်ကြည့်မိ၏။

စံပယ်ရုံဘေးမှ စုစုထွေး။

နှစ်ယောက်သား အကြည့်ချင်း ဆုံဖြစ်သည့် တိုင်အောင် အသံထွက်မလာ။

တစ်ဦး၏မျက်လုံးကို တစ်ဦးက။

တစ်ဦး၏အသည်းနှလုံးကို တစ်ဦးက။

စတင် လှုပ်ရှားလာသူက ဇော်ရှင်းပင်။

သူသည် ရင်ဘတ်ကြားတွင် ညှပ်ထားသော မင်္ဂလာဆောင် ဖိတ်စာ ကတ်ပြားကလေး နှင့် စုစုထွေး အား ပစ်



ပေါက်လိုက်သည်။ ကတ်ပြားကလေးက စုစုထွေးရင်တို့မှန်၍ အောက်သို့ ကျသွား၏။

ထိမ်းမြားမင်္ဂလာ ဖိတ်ကြားစာ

မိုက်ကယ်သာ၏ နှင့် မစုစုထွေး

'ဒါတွေကို စုထွေး လုံးဝ မသိခဲ့ပါဘူး ဇော်၊ မေမေ့ဘာသာ ကျိတ်လုပ်ထားတာတွေပါ'

'ကို သွားပရစေတော့'

'နေပါဦး ကိုရယ်၊ အခုတောင် ခုမေမေ မရှိတုန်း လစ်ထွက်လာရတာပါ၊ စုထွေးမှာ အကျဉ်းချ ခံထားရသလိုဖြစ်နေပါတယ်'

'တော်ပါပြီ မစုစုထွေး၊ တော်လောက်ပါပြီ၊ ကျွန်တော်သွားပါရစေတော့'

ဇော်ရှင်း အသံက တုန်ယင်နေပါလေသည်။

စုစုထွေး မျက်ရည်ကျလာသည်။ သည်တော့လည်း ဇော်ရှင်း ရင်မှာ နင့်သွားသည်။ သို့ပေမင့် သူက ရန်သူသမီး။

ဇော်ရှင်းသည် ချာခနဲလှည့်၍ ခြံဝမှ ပြေးထွက်လာခဲ့မိသည်။

ဘာတ်နိုင်မည်ဆိုပါက ကမ္ဘာလောကကြီးထဲမှပင် ထွက်ပြေးလိုက်ချင်၏။ သူသည်အရပ်အနားမရှိ အရူးတစ်ယောက်လို ပြေးနေမိ၏။ ဘယ်ကိုပဲရောက်ရောက် မနားတမ်း ပြေးချင်သည်။

ကြာတော့ သူ့ရင်တွေ လှိုက်ဖိုလာ၏။ အသည်းနှလုံးတွေ ပေါက်ကွဲမတတ် နာကျင်လာသည်။ သူသည် ရပ်လိုက်ပြီး ဝတ်ဝန်းကျင်ကို ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းတော်တိုး စက်ပစ်ကွင်း"

ဩော်....သည့်ရောက်လာပါပကောလား။

သူဘဝ အခြေအနေကို ပြောင်းလဲပေးလိုက်သော ဘုန်းတော်တိုး စက်ပစ်ကွင်းပါကလား။

ပစ်ကွင်းသည် ရှင်းလင်း ဆိတ်ငြိမ်လျက် ရှိနေပါသည်။ တစ်ခါကမူ သည်ပစ်ကွင်းတွင် ဝိုင်းဝိုင်း လည် နေသော ပရိသတ်က သူ့ကို ကောင်းချီးသြဘာ ပေးခဲ့ကြ၏။

ယခုမူ သူ တစ်ယောက်တည်း။

ရှေ့တူရူရှိ ပစ်မှတ် စက်ဝိုင်းတွေသည် သူ့မျက်စိတွင် ချာချာ လည်နေ၏။ စက်ဝိုင်းတွေထဲတွင် စုစုထွေး၊ ဦးကောင်းမိုး၊ ကိုကိုကျော်တို့၏ မျက်နှာတွေက ပေါ်လာသည်။

သူသည် အရူးတစ်ယောက်လို အော်ရယ်ရင်း ပစ္စတိုကို ဆွဲထုတ်၍ တဒိုင်းဒိုင်း ပစ်ခတ်နေမိ၏။ မျက်ရည်တွေက ပါးပြင် တလျှောက် လိမ့်ဆင်းနေသည်။ သူ့သေနတ်သည် ကျည်ဆံ ကုန်သွား၍ 'ခြောက်' ခနဲ အသံကြားတော့မှ အပစ်ရပ်လိုက်၏။

'တော်လောက်ပါပြီ ဇော်ရှင်း'

သည်စဉ်တွင် တည်ငြိမ်လေးနက်သော အသံကို သူ့နောက်မှ ကြားလိုက်ရသဖြင့် ချာခနဲ လှည့်ကြည့်လိုက်၏။

'ကိုယက္ခ....အစ်ကို'

သူ့ကို ဆို့နင့်ကြေကွဲစွာ ခေါ်မိ၏။

တကယ်တော့ သူ့တွင် အဘကလွဲ၍ ကိုယက္ခတစ်ယောက်သာ ခင်မင် တွယ်တာစရာ ရှိပြီ။

'ဟုတ်တယ် ညီ၊ အစ်ကိုပဲ၊ မင်းလျှောက်ပြေးနေကတည်းက အစ်ကိုနောက်က ကားနဲ့လိုက်ခဲ့တာပဲ ငါ့ညီ၊ မင်းဘာတွေ ဖြစ်နေတာလဲ မင်းကြည့်ရတာ သိပ်ပြီး စိတ်ထိခိုက်နေပုံရတယ် ဇော်ရှင်း'



ကိုဝဏ္ဏသည် မျက်ရည်အရွဲသားနှင့် ဖြစ်နေသော ဇော်ရှင်းကို ကြည့်ရင်း သိမ်မွေ့စွာ ဆိုလိုက်သည်။

'ကျွန်တော် ရူးချင်တယ် အစ်ကို ရူးချင်တယ်၊ ရူးသွားရင် သိပ်ကောင်းမှာပဲ'

ကိုဝဏ္ဏက သူ့ပခုံးကို ညင်သာစွာ ဖေးမွေ့၍ ဘနောင်းပင် ရိပ်သို့ ခေါ်သွား၏။ နှစ်ဦးသား သစ်မြစ်ဆုံကြီးပေါ်တွင် ထိုင်မိကြသည်။

'ကဲ.... ပြောပါဦး၊ ငါ့ညီက ဘာလို့ ရူးချင်ရတာလဲလို့'

ကိုဝဏ္ဏသည် ကြင်နာစွာ မေးလိုက်သည်။

'ပြောလို့မဖြစ်ပါဘူး အစ်ကို၊ ကျွန်တော့်ဘဝက ပြောလို့မဖြစ်အောင်ပဲ ဆိုးလွန်းလို့ပါ'

'မဟုတ်သေးဘူး ငါ့ညီ၊ လောကကြီးမှာ အဆိုးရှိသလို အကောင်းတွေလဲ ရှိပါတယ်၊ အမှားရှိသလို အမှန်တွေလဲ ရှိကြသားပဲ၊ မေးခွန်းတိုင်းမှာ အဖြေရှိသလို မဖြေရှင်းနိုင်ဘူးလို့ ထင်နေတဲ့ ပြဿနာတွေမှာ ဖြေရှင်းနိုင်တဲ့ နည်းတွေ ရှိတတ်ပါတယ် ဇော်ရှင်း'

ဇော်ရှင်းသည် ကိုဝဏ္ဏ စကားကို အလေးအနက်ထားပြီး စဉ်းစားနေပုံရသည်။

'မင်း အစ်ကို့ကို ညီအစ်ကိုလို ခင်တယ် မဟုတ်လား ဇော်ရှင်း....ဟင်၊ မင်း ရင်ထဲမှာ ဘာတွေ ခံစားနေရတယ် ဆိုတာ အစ်ကို့ကို ပြောပြစမ်းပါ၊ ဒါမှ မင်း ရင်ထဲမှာ ပေါ့သွားမယ်၊ မင်း ပြဿနာကို အစ်ကို တတ်နိုင်တဲ့နည်းနဲ့ ကူညီ

www.burmeseclassic.com

ဖြေရှင်းပေးသွားမယ်၊ မင်း အစ်ကို့ကို ယုံဘယ် မဟုတ်လား ဇော်ရှင်း ဆင်'

'ယုံပါတယ် အစ်ကို...ယုံပါတယ်၊ ဒါပေမယ့် ကျွန်တော့် ဦးသန္တာတာ ပြောလို့ကို မဖြစ်လို့ပါ'

'ဘာလို့ မဖြစ်ရမှာလဲ ညီ၊ မင်း လူသတ်လာလို့လား၊ လူသတ်လာတာတောင် တရားဥပဒေ မောင်အတွင်းက အချက်ကျကျ ဖြေရှင်းနိုင်ရင် လွတ်သေးတာပဲကွ'

'လူတော့ မသတ်သေးပါဘူးအစ်ကို၊ ဒါပေမယ့် ကျွန်တော် လူသိပ်သတ်ချင်နေတယ်'

'ဘာ့ကြောင့်များ သတ်ချင်ရတာလဲ ငါ့ညီ၊ လူသတ်တယ် ဆိုတာ ကောင်းတဲ့အလုပ်မှ မဟုတ်ဘဲ'

ဇော်ရှင်းသည် ကိုဝဏ္ဏ မျက်နှာကို စူးစူးစိုက်စိုက် ကြည့်ရင်း မေးလေသည်။

'ဟဲ...အစ်ကို့ အဖေဟာ လူသတ်ခံလိုက်ရပြီး ရှိသမျှ စည်းစိမ်ကို အလုအယက်ခံလိုက်ရတယ်၊ အဲဒီ သတ်တဲ့လူကိုလဲ အစ်ကို့အနေနဲ့ သိနေမယ်ဆိုရင် အစ်ကို အဲဒီလူကို မသတ်ချင်ဘူးလား'

'အစ်ကိုက ဘာလို့ သတ်ရမှာလဲ ငါ့ညီ၊ တရားဥပဒေက ထိုက်သင့်တဲ့ အပြစ်ဒဏ်ကို ခတ်သွားမှာပေါ့၊ ဟဲ...အစ်ကိုက သူ့ကိုသတ်လိုက်ပြီ ဆိုပါတော့၊ အစ်ကိုကကော နေရမတဲ့လား၊ အဲဒီလို သူက သတ်လို့ ငါက ပြန်သတ်၊ ငါက သတ်လို့ သူက ပြန်သတ်ကြစတမ်းဆိုရင် ဒီသံသရာဟာ ဘယ်တော့မှ ဆုံးနိုင်တော့မှာ မဟုတ်တော့ဘူး၊ ဟဲ....ပြောစမ်းပါဦး၊ငါ့ညီ အဖေကို ဘယ်သူက သတ်သွားသလဲ'



ကိုဝဏ္ဏသည် လူတစ်ယောက်၏ စိတ်ဓာတ်ကို နားလည် လွယ်သည်။ စကားပြောကောင်းသည်။ အကျိုးသင့်အကြောင်း သင့် ဆင်ခြင်ပြောဆိုတတ်သည်။ အပိုလိုကမှ ရင်ဖွင့်ချင်နေ သော ဇော်ရှင်းသည် သူ့ဖခင်အကြောင်းကို ကိုဝဏ္ဏအား ပြောပြလိုက်မိသည်။ သူ့စကား ဆုံးသွားသည်နှင့် ကိုဝဏ္ဏက သူ့အား ကိုယ်ချင်းစာမိသွားသည်။

'ပြီးတော့ အဲဒီ ဦးကောင်းမိုးရဲ့ သမီး စုစုထွေး ဆိုတာ ကလဲ ကျွန်တော့် အချစ်ဆုံး ချစ်သူ ဖြစ်နေတယ် အစ်ကို၊ သူလဲ မကြာခင် သူဌေးသားတစ်ယောက်နဲ့ လက်ထပ်တော့မှာ'

'အင်း....မင်းဘဝဟာ အတော့်ကို ဆိုးတာပဲ၊ ဒါပေမယ့် အဆိုးထဲက အကောင်းကိုရှာလို့ရနိုင်ပါတယ် ဇော်ရှင်း၊ အဲဒီ ဦးကောင်းမိုး ဆိုတာ ကျောက်စိမ်းတွေ မှောင်ခိုချနေတဲ့ ဒုစရိုက်ခေါင်းဆောင် တစ်ယောက်ပဲ'

'ဟင်....'

ဇော်ရှင်း ရင်တွင် ထိတ်ခနဲ ဖြစ်သွားရသည်။ အံ့သည်း အံ့ဩသွားမိသည်။

'အစ်ကို အားလုံး သိပါတယ် ညီ၊ ဦးကောင်းမိုးဟာ သူ့သား မောင်မောင်ကျော်ကို ဦးစားပေးပြီး ရတနာတွေ ကို မှောင်ခိုလုပ်နေတယ်၊ မောင်မောင်ကျော် သေနတ်အပစ် ခံရတော့ မင်းကို လွှကျင့်ပေးပြီး ခေါင်းဆောင်တင်ခဲ့တယ် မဟုတ်လား ငါ့ညီ'

ဇော်ရှင်းသည် ပါးစပ် အဟောင်းသား ဖြစ်သွားမိ၏။

'အခု နောက်ဆုံး အခေါက်မှာ မင်း ခေါင်းဆောင်ပြီး တစ်သိန်းဖိုးလောက် ချခဲ့တယ်ဆိုတာလဲ အစ်ကို သိတယ်ပဲ'

'ဒါ....ဒါဖြင့် ကိုယ်ကျွဟာ'

www.burmeseclassic.com

www.burmeseclassic.com



သူ့အသံက ထစ်ထစ်ငေါ့ငေါ့ နိုင်လှသည်။

'မစိုးရိမ်ပါနဲ့ ဇော်ရှင်း၊ အစ်ကိုဟာ မင်းကို ဒုက္ခပေးမယ့်သူ မဟုတ်ပါဘူး၊ ကူညီမယ့်သူပါ၊ မင်းကို တကယ့်ညီအရင်းလို ခင်မင်ပြီး မင်းအခက်အခဲတွေကို ကူညီ ဖြေရှင်းပေးမယ့်သူပါ၊ အစ်ကိုဟာ ယက္ခ မဟုတ်ပါဘူး၊လုံခြုံရေးမှူး ဝဏ္ဏပါ'

'လုံခြုံရေးမှူး'

ဇော်ရှင်း မျက်လုံးပြူးသွားသည်။

ကိုဝဏ္ဏက ခေါင်းညိတ်ပြသည်။

'လုံခြုံရေးမှူးဆိုလို့ လန့်မသွားပါနဲ့ကွာ၊ လူဆိုတာ တစ်ကြိမ်တစ်ခါတော့ မှားမြဲပဲ၊ အမှားကိုသိပြီး ဘာပြုလို့ ဆက်မှားတော့မလဲ ငါ့ညီ၊ အစ်ကို မင်းကို ကူညီပါမယ်၊ မင်း ဒီဒုစရိုက်လောကထဲက ထွက်ပါတော့ ငါ့ညီရာ'

'ဒုစရိုက်လောက....ဒုစရိုက်လောက'

'ဟုတ်တယ် ညီ၊ ဒီကနေ့ တိုင်းပြည်မှာရှိတဲ့ လူငယ်တွေကို အများဆုံး ဒုက္ခပေးနေတဲ့ ဘိန်းဖြူတွေကို မင်းက သက်စွန့်ဆံဖျား သွားပြီး သယ်ဆောင်ပေးခဲ့တယ်၊ နောင်တစ်ခေတ်ရဲ့ အားမာန်သစ်ဖြစ်တဲ့ မင်းတို့လို လူငယ်လေးတွေရဲ့ ဘဝ အညွန့်ကို တုံးသွားစေနိုင်တဲ့ မူးယစ်ဆေးဝါးတွေကို ဦးကောင်းမိုးဟာ ဘယ်သူသေသေငတေမာပြီးရော သဘောနဲ့ ဖြန့်ဖြူးခဲ့တယ်၊ တိုင်းပြည်ရဲ့ စီးပွားရေး မဏ္ဍိုင်မှ ကဏ္ဍတစ်ရပ်ဖြစ်တဲ့ တွင်းထွက်ရတနာတွေကို မှောင်ခိုချခဲ့တယ် အခုတော့ မင်းရဲ့ ထက်မြက်လှတဲ့ အရည်အချင်းကို သူတို့တတွေက မကောင်းမှု ဒုစရိုက်လုပ်ငန်းမှာ အကျိုးရှိရှိအမြတ်ထုတ်သွားကြပြီကွ၊ ဒါကို မင်း နားလည်ရဲ့လား၊ သိရဲ့လား'



ဇော်ရှင်း ရင်တွင် နင့်သွားသည်။ ကျင်သွားသည်။ ဖာသွားသည်။ ဝမ်းပန်းတနည်း ဖြစ်သွားရသည်။

'ကျွန်....ကျွန်တော် ဘာတွေလုပ်မိခဲ့သလဲဆိုတာမသိပါဘူး အစ်ကိုရာ၊ သူတို့က ပစ္စည်းတစ်ခု ယူခိုင်းတာနဲ့ သွားယူပေးခဲ့ရတာပါ'

'အေး....မင်း အခုသိပြီမဟုတ်လား၊မင်းရဲ့ ထက်မြက်လှတဲ့ အရည်အချင်းကို မကောင်းမှု ဒုစရိုက်လုပ်ငန်းမှာ အသုံးချမခံနဲ့လို့ အစ်ကို သတိပေးခဲ့တယ် မဟုတ်လား ညီ'

ဇော်ရှင်း ခေါင်းညိတ်လိုက်သည်။

'ကျွန်တော်လဲ အစကတည်းက ဒီဒုစရိုက်လုပ်ငန်းတွေကို မလုပ်ချင်ပါဘူး အစ်ကို၊ ဒါပေမယ့် အဘက ဦးကောင်းမိုး ဘာကိုပဲခိုင်းခိုင်း လုပ်ရမယ်၊ ဒါမှ တို့ရည်ရွယ်ချက်တွေ အောင်မယ်လို့ ပြောထားတဲ့အတွက် သူဘို့ ခိုင်းတာ လုပ်ရတာပါ အစ်ကို'

'အေး....အဲဒီလို မင်းရဲ့ စိတ်ရင်းအမှန်ကို သိရတာ အစ်ကို သိပ်ဝမ်းသာတယ် ဇော်ရှင်း၊ မင်းအဘဟာ နှစ်ပေါင်းများစွာကတည်းက ဦးကောင်းမိုးကို မုန်းတီးနာကြည်းနေတဲ့ လူဆိုတော့ သူ့အနေနဲ့ ဦးကောင်းမိုးကို လက်စားချေဖို့သာ ဆန္ဒစောနေတယ်၊ မင်းရဲ့ နောင်ရေးကို မင်းအဘဟာ ဘာမှ မတွေးတော့ဘူး၊ ဒီမှာ ဇော်ရှင်း လက်စားချေတယ်ဆိုတာ ချေပုံချေနည်းတွေ အများကြီး ရှိပါတယ်ကွာ'

ဇော်ရှင်းသည် တွေဝေနေ၏။

သူ့စိတ်ကိုသူ မဆုံးဖြတ်နိုင်အောင်လည်း ဖြစ်နေလေသည်။ သူ့အနေနှင့် ဦးကောင်းမိုးအား ဘာပဲဖြစ်ဖြစ် သတ်ပစ်ချင်လောက်အောင် နာကြည်းမိသည်ကတော့ အမှန်ပင်။

www.burmeseclassic.com

www.burmeseclassic.com



သို့ပေမယ့် ကိုကိုကျော်ကို ကို သူသံယောဇဉ်ဖြစ်မိသည်။ စုစု ထွေးကို ချစ်သည်။

မည်သို့ပင်ဆိုစေကာမူ ကိုဝဏ္ဏစကားတွေက ယထာဘူတ ကျ၏။ နည်းလမ်းကျ၏။

'ဘယ်လို နည်းလမ်းတွေလဲ အစ်ကို'

သူက ပြန်မေးလိုက်သည်။

'မင်းတဝအတွက် မနစ်နာစေမယ့် နည်းလမ်းတွေပေါ့ ကွာ၊ ကဲ...ဇော်ရှင်း ဒါတွေကို အစ်ကို နောက်တော့ ပြော ပြပါ့မယ်၊ အခု အရေးကြီးတာက မင်းဟာ စိတ်လိုက်မာန် ပါ ဘာမှမလုပ်ဖို့ဘဲ၊ ပြီးတော့ ဒီကိစ္စတွေကို မင်း အဘ အစ ဘယ်သူမှ မသိပါစေနဲ့၊ ဒါကိုတော့ အစ်ကို့ကို ကတိ ပေးစမ်းပါကွာ'

ဇော်ရှင်း ခေါင်းညိတ်လိုက်မိ၏။

'ကျွန်တော် ကတိပေးပါတယ် အစ်ကို၊ အစ်ကို ကောင်း မယ်ထင်သလိုသာ စီစဉ်ပေးပါတော့၊ ကျွန်တော်တော့ ဘာမှ မလုပ်တတ်အောင် ဖြစ်နေပြီ'

ကိုဝဏ္ဏသည် အကြောင်းကိစ္စရှိလျှင် ဆက်သွယ်ရန် သူ၏ လိပ်စာကတ်ကို ဇော်ရှင်းအား ပေးလိုက်၏။ သူသည် ဇော်ရှင်းအား ကားနှင့် တင်ခေါ်ခဲ့ပြီး ကျုံးထောင့်တွင် ချပေးခဲ့လေသည်။

ဇော်ရှင်းသည် "မြစ်ပယ်မြိုင်" သို့ ခြေဦးလှည့်လိုက်၏။ သို့ရာတွင် သူ့ခြေလှမ်းတွေက နှေးကွေး လေးလံလွန်း လှ၏။

"မြစ်ပယ်မြိုင်" သည် ကမ္ဘာပျက်နေ၏။ ပွက်လောရိုက် နေ၏။



ဧည့်ခန်းအတွင်းမှ စုစုထွေး၏အသံ၊ ဒေါ်ခင်ထွေး၏ အသံ၊ မိုက်ကယ် အသံတွေက အပြင်သို့တိုင် ပြန့်လွင့်လာ သည်။

ပေါ်တီကို အောက်တွင်တော့ စလုံး ခြောက် နှစ် နှစ် ကိုး မိုက်ကယ်၏ ကားကြီးရှိနေပါ၏။

ဩော်...သူတို့ ရောက်နေကြပြီကိုး။

ဇော်ရှင်းသည် သူ၏ စံမြိန်း ကျောချစရာ နေရာလေး ဖြစ်သော ကားရုံဆီသို့ အေးအေး ဆေးဆေး လျှောက် လာသည်။

သည်စဉ်မှာပင် ကိုဒွေးနှင့် တွေ့၏။

'ဟော့ကောင်လေး မင်းဘယ်လျှောက်သွားနေတာလဲ၊ ဟို မှာတော့ ကမ္ဘာပျက်နေပြီ'

ဇော်ရှင်းသည် မချိသွားဖြဲ ဟက်ခနဲ ရယ်ပစ်လိုက် သည်။

'ဘာတွေ ဖြစ်နေကြတာလဲ ကိုဒွေး'

'စုထွေးပေါ့ကွာ မိုးကို မီးတက်ရှို့မယ့် ကောင်မလေးပဲ၊ မိုက်ကယ်က သူ့ကို အခမ့်ကြံတာတွေ၊ မင်း ရောက်လာလို့ လွတ်လာတာတွေ၊ အားလုံးဖွင့်ချပြီး မိုက်ကယ်ကို မယူနိုင် ပါဘူးဆိုပြီး ငြင်းတယ်၊ မင်္ဂလာဆောင်ဖို့ ဖိတ်စာတွေ ဘာ တွေလဲ ရိုက်ပြီးနေပြီ ဆိုတော့ အားလုံး ခွကျကုန်တာ ပေါ့'

ဇော်ရှင်း ရင်ထဲတွင် နင့်ခနဲ ဖြစ်သွားသည်။

'ခက်တယ် ကိုဒွေးရာ'

'မခက်နဲ့ဟော့.... မိုက်ကယ်ကလဲ မင်းနဲ့စုထွေး ချိန်ကြိုက် နေတယ်လို့ ဒေါ်ခင်ထွေးကို ပြောတယ်၊ အဲဒီမှာတင် စထေး

www.burmeseclassic.com

www.burmeseclassic.com



ကဘုဘ်ဘယ် ဘာဖြစ်သေးလဲဆိုပြီး ရှင့်လို လူ့ပေါ်ကျော် ထက်စရင် ဇော်ရှင်းက သာသေးတယ်ဆိုလို့ သူ့မိဘတွေက မခံနိုင်ဖြစ်ပြီး ဝုန်းဒိုင်း ဝုန်းဒိုင်းတွေ ဖြစ်ကုန်တော့တာပဲဟော့၊ ငါလဲ အသာလေး ချောင်းနားထောင်ပြီး လစ်ထွက်လာတာပဲ ဇော်ရှင်း'

ဇော်ရှင်းသည် စုစုထွေး၏ စိတ်ဓာတ်ကို အံ့သြရပါလေသည်။ စုစုထွေးအား အထင်သေးမိခဲ့သော မိမိကိုယ်ကိုလည်း အပြစ် တင်မိပါ၏။ ဒါပေမယ့်.... သူက ရန်သူ့သမီး။

သည်အတွေး ဝင်လာတိုင်း နှလုံးသား၏သန္ဓကို ဦးနှောက်က ဆန့်ကျင်ချင်လေသည်။

'စုထွေး ပြောတာတွေကို မိုက်ကယ် မိဘတွေက မယုံဘူး၊ သူတို့သားဟာ ဒါလောက် ယမ်းယမ်းကားကား မလုပ်ဘူးဆိုတော့ စုထွေးက မိုက်ကယ် ဆွဲဖြဲခဲ့တဲ့ သူ့ဘလောက်စ်အကျႌကို ယူပြမလို့ဘဲ၊ ဒါပေမယ့် အကျႌက မရှိတော့ဘူး၊ ဘယ်ရှိတော့မလဲ ကြီးကြီး ဒေါ်ခင်ထွေး သိမ်းထားတာကိုး....'

'အဲဒီတော့'

'ဟာ....ဒိုင်းညောင့်.... ဒိုင်းညော င့် မဖြစ်ကြရုံတမည်ပေါ့ ပွက်လောကို ရိုက်လို့၊ မင်း မကြားဘူးလား'

ထိုစဉ်မှာပင် မြစ်ပယ်မြို့ င်ခြံကြီးအတွင်းမှ အဖြင်းမောင်းနှင်ထွက်ခွာသွားသော မိုက်ကယ်တို့ ကားကြီးကို မြင်လိုက်ရသည်။



'သူတို့လဲသွားပြီ၊ ငါလဲလစ်မယ်၊ အဘွားကြီးက မင်းနဲ့ ါ ပူးတွဲ....ပူးတွဲ လုပ်နေတာကို သိပ်ကြိုက်လှတာ မဟုတ် ူး'

ကိုဒွေး ထွက်သွားသည်။

ဇော်ရှင်းသည် ကားရုံအပေါ်ထပ်ရှိ သူ၏ အခန်းကလေး ို့ တက်ခဲ့၏။ ခန္ဓာကိုယ်ကသာ စက်ရုပ်သဖွယ် လှုပ်ရှား နေသော်လည်း စိတ်က အတိုင်း အဆမရှိ ပျံ့လွင့်နေပါ သည်။

ချစ်သော ချစ်သူ မစုထွေးသည် သူနှင့်ပတ်သက်၍ သတ္တိ ရှိ ရင်ဆိုင်နေပါချေပြီ။ သည်နေရာတွင် မစုထွေး၏ မေတ္တာ ုဌေကာင္ရာသည် တိတိပပ ပေါ်လွင်နေပါပြီ။

'ဒါပေမယ့် သူက ရန်သူ့သမီး'

သည်အတွေး ဝင်လာလေတိုင်း သူ့ရင်တွင် အလုံးအခဲ ဖြစ်ရ၏။ သူ့ရင်မှာနာရ၏။ယခုတော့ စုထွေးသည် သူ့မိဘကို င် ရင်ဖွင့်ခဲ့လေပြီ။ ဩော် သတ္တိရှိလိုက်တဲ့ စုထွေးရယ်။

'ဒါပေမယ့်....သူက ရန်သူ့ သမီး'

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

နွေသည် မြေကို အုပ်ထား၏။

သည်တော့ သစ်ရွက်တွေ ညှိုးလာသည်။ ညှိုးရာမှ ဝါလာသည်။ ဝါရာမှ သွေ့ခြောက်လာသည်။ ရက်စက်လိုက်တဲ့ အညာ နွေ။

လေသည် သော့သော့ရမ်းရမ်း တိုက်လာပြီ။ ရွက်ခြောက်တွေကို ခြွေချပစ်၏။ ရွက်ခြောက်တို့ လေဟုန်စီးရင်း မာန ကြီးကြပြီ ထင့်။

သို့ပေမင့်....

မြေပေါ် ရောက်တော့ တလူးလူး တလိမ့်လိမ့်နှင့် ခြေဖဝါး အောက်တွင် နင်းချေခြင်း ခံကြရလေသည်။

ယခုတော့ စုစုထွေးသည် တလူးလူး တလိမ့်လိမ့် ဖြစ်ရပါပြီ။ ပွန်းရာ၊ ပဲ့ရာ၊ အက်ရာ၊ ကွဲရာ မရှိသေးသော နှလုံးသား နုနုကို အရှင်လတ်လတ် အခွဲခံလိုက်ရပါပြီ။

စုစုထွေး ငိုပါသည်။



မျက်ရည်တွေ ကျသလို အသည်း တမြမြ ခံစားရပါပြီ။

ဒေါ်ခင်ထွေးသည် သူမအား ကိုယ်နှင့် အဆင့် အတန်း မတူသူနှင့် ဖြစ်ရကောင်းလားဟု ဆူသည်။ စုစုထွေးက ဘာမှ ပြန် မပြော။ မိုက်ကယ်နှင့် လွဲရလျှင် တော်ပြီဟုသာ ဆုံး ဖြတ်ထားသည်။ ဒေါ်ခင်ထွေးသည် မိုက်ကယ် ဆွဲဆုတ်ထား သော ဘလောက်စ် အင်္ကျီကလေးကို သိမ်းထား၏။ အစကမူ မိုက်ကယ်သည် သည်မျှ ရမ်းရမ်းကားကား ပြုလုပ်လိမ့်မည် ဟု မထင်။ ဇော်ရှင်းကိုသာ အထင် လွဲခဲ့သည်။ ယခုတော့ သူမ အထင်နှင့်အမြင် ကွာခြားခဲ့ပြီ။

စုစုထွေးကလည်း မိုက်ကယ်၏ မိဘများရှေ့တွင် မိုက် ကယ်အား လုံးဝ လက်မထပ်နိုင်ပါ။ မချစ်နိုင်ပါဟု အတိ အလင်း ရင်ဖွင့်ခဲ့၏။ ဒေါ်ခင်ထွေးသည် သမီးဖြစ်သူအား အသိမပေးသေးဘဲ ကျိတ်၍ စီစဉ်သော ကိစ္စတွေအတွက် မကြံဘတ်အောင် ဖြစ်ရပါချေပြီ။

မင်္ဂလာဆောင် ဖိတ်စာတွေပင် ရိုက်ပြီးနေပြီ။

သို့ပေမင့် ကိုယ်က သမီးရှင်ပေပဲ။

နာခြင်းနာ ကိုယ့်ဘက်ကသာ နာရပေမည်။ ယခုတော့ မိုက်ကယ့် မိဘများက စုစုထွေးကို အထင်သေး စကားတွေ ဆိုလာသောအခါ မျက်နှာကို ဓားနှင့် လှီးပစ်ချင်လောက် အောက် ရှက်ရ၏။

သည်မှာတင် မင်္ဂလာပွဲ ပျက်သွားသည်။

စကားနာတွေ ထိုး၍ သူတို့တစ်တွေ ပြန်သွားသည်။

'ငါတော့ ညည်းအတွက် သေသာ သေလိုက်ချင်တော့ပဲ စုထွေးရယ်၊ ဒါလောက် ကိုယ်နဲ့ အဆင့်အတန်းချင်း ကွာလှ တဲ့ အနုညာတကို ညည်းမို့လို့ စိတ်ကူးတာ အံ့ပါရဲ့၊ ဒါ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကိုကောင်းမိုးကို ကျွန်မ အစက မပြောလား၊ ဒီ မြေးအဘိုးကို နှင်ချလိုက်ပါ ဆိုလျက်သားနဲ့ အခုတော့ ဘယ်နှယ် လုပ်ကြမလဲ ရှင့်'

'ငါ ပြောသားပဲ မခင်ထွေး၊ အခု လောလောဆယ်မှာ နှင်လို့ မဖြစ်သေးတဲ့ ကိစ္စတွေ ရှိသေးတယ်လို့၊ အေး....ဒါပေမယ့် သူတို့လဲ မကြာခင် ဒီက သွားကြတော့မှာပါ'

ဦးကောင်းမိုးက မကျေမနပ် ဆိုသည်။

'ကဲ....စုထွေး၊ ဒီအတိုင်း ဆိုရင်တော့ မဖြစ်ဘူး၊ ညည်းကို ရန်ကုန်က မိခင်လေးဆီမှာ ပြန်ပို့ ထားရလိမ့်မယ် သိလား'

စုစုထွေးက ဘာမှ ပြန်မပြော။

အပေါ်ထပ်ရှိ သူမ အခန်းသို့ တက်ခဲ့ပြီး မျက်ရည်တွေကိုသာ သွန်ချလိုက်မိသည်။ ပြော်....ဆိုးလိုက်တဲ့ အကျိုးပေးနှုယ်။

သည်ကနေ့ မနက်ပင် သူ စုထွေးကို အထင်လွဲ သွားပါပကော။ စကားလေးမှ မပြောဘဲ ဖိတ်စာနှင့် သူ့ကို ပေါက်၍ မြစံပယ်မြိုင်မှ ပြေးထွက်သွားသော သူ။ ယခုတော့ သူနှင့် ဝေးရတော့မှာ ပါကလား။

သည်အတွေး ဝင်လာတိုင်း ရင်ထဲမှာ သိမ့်သိမ့်ဖိုအောင် ရှိုက်မိလျက်သား ချည်းပင်။

ထိုအချိန်တွင် မြစံပယ်မြိုင်၌ မောင်မောင်ကျော် ရှိမနေခဲ့။ ယခုတလော မောင်မောင်ကျော် အလုပ် များလွန်းနေသည်။ နောက်ဆုံး တစ်ခေါက် အပိုင်အနိုင် ဖြစ်စေရန် လစ်ကွက်၊ ဟာကွက် မရှိအောင် စီစဉ်နေရသည်။ တောင်ကြီးတွင် ရှိသော သူတို့၏ အဆက်အသွယ်များထံ လူလွှတ်၍ ကြိုတင် စီမံမှုများ လုပ်ခဲ့သည်။ ထို့ကြောင့်ပင်သူသည် မြစံပယ်



မြိုင် တွင် ဖြစ်ပျက်နေသော ကိစ္စများကို ဘာမျှ မသိခဲ့ပါလေ။ ဦးကောင်းမိုး အနေဖြင့်လည်း အလုပ်ကိစ္စမှ လွဲ၍ မောင်မောင်ကျော်နှင့် ဆွေးနွေး တိုင်ပင်ခြင်း မပြုခဲ့။ ဤ နောက်ဆုံးအခေါက် အချီကြီး အောင်ပြီးသည်နှင့် ဇော်ရှင်းတို့အား ကျေနပ်အောင် ပေး၍ နှင်လွှတ် လိုက်တော့မည်ဟု စိတ်ကူးထားပြီး ဖြစ်လေသည်။

သည်ရက်တွေအတွင်း စုစုထွေးသည် အခန်းအောင်း နေသလို ဇော်ရှင်းကိုလည်း မြစံပယ်မြိုင်တွင် တွေ့ရခဲလှသည်။ ဇော်ရှင်းသည် ကိုကိုကျော်နှင့်အတူ ကြိုတင် စီစဉ်စရာတွေကို လိုက်ပါ ဆောင်ရွက် ပေးနေခဲ့၏။

ဒေါ်ခင်ထွေးသည် စုစုထွေးအား ရန်ကုန်ရှိ ညီမဖြစ်သူထံ ပို့ထားရန်အတွက် စီစဉ်ပြီးလေပြီ။ မီးရထား လက်မှတ်ကအစ ကြိုတင်၍ ဝယ်ပြီးလေပြီ။ စုစုထွေးကို သူမကိုယ်တိုင် ရန်ကုန်သို့ လိုက်ပို့ပေးမည် ဖြစ်၏။

ယင်းသို့ဖြင့်....

ဦးကောင်းမိုးနှင့် မောင်မောင်ကျော်တို့ ခရီး ထွက်ခဲ့ကြတော့၏။

ဇော်ရှင်း၊ စိန်ဖေကြီးနှင့် အဖွဲ့က ချိန်းထားသည့် ရက်တွင် နောက်က လိုက်ကြရန် စီစဉ်ထားသည်။ သတ်မှတ်ထားသည့် လျှို့ဝှက် နေရာတွင် သူတို့က စောင့်ရပေမည်ဖြစ်၏။

ဦးကောင်းမိုးတို့ ခရီး ထွက်သွား လေသည်နှင့် ဦးစောသည် ဇော်ရှင်းအား သူ၏ အစီအစဉ်ကို ပြောပြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

အဘ အဓိအစဉ်မှာ ကြက်သီးထစဖွယ် ကောင်းလှ၏။ ဦးကောင်းမိုးနှင့် မောင်မောင်ကျော်အား သတ်၍ ကျောက်စိမ်း ဆယ့်ငါး သိန်းဖိုးကို အပိုင်စီးကာ နယ်ခြားတစ်နေရာတွင် သွားရောက် ဇာတ်မြှုပ် နေထိုင်ရန်ပင် ဖြစ်ပါတော့သည်။

*

## အခန်း (၂၅)

ည....

လက သာနေသည်။

သို့ပေမယ့် ပြည့်ပြည့်ဝန်းဝန်းမဟုတ်။ တစ်ဝက်တစ်ခြမ်းကလေးမျှသာ။ သို့သော် ကြယ်တွေက အရောင်တောက်နေသည်။ စွမ်းအားရှိသမျှ အလင်းရောင်ကလေးဖြင့် လရောင်ကို ဖေးကူပေးနေကြသည်။

စုစုထွေးတွင်တော့ ဖေးကူမည့်သူ မရှိပြီ။မနက်ဖြန်ဆိုလျှင် သူနှင့်ဝေးသောနေရာ ပို၍....ပို၍ ဝေးသောနေရာသို့တိုင် ခွဲခွာရလေဘော့မည်။ စုစုထွေးသည် တလိမ့်လိမ့် တလူးလူးဖြင့် အိပ်မရနိုင်အောင် ဖြစ်နေပါသည်။ ထိုစဉ်ခိုက်တွင် နာရီသံ တဒင်ဒင် ကြားလိုက်ရသည်။

ဩော်....ဆယ့်နှစ်နာရီတောင် ထိုးပါပကောလား။

စုစုထွေးသည် ခုတင်ပေါ်မှ ဆင်းလိုက်ပြီး ကပိုကရိုဖြစ်နေသော ဆံပင်များကို သပ်တင်လိုက်သည်။ သူမသည်

www.burmeseclassic.com

www.burmeseclassic.com



အောက်ဘက်သို့ ဆင်းခဲ့သည်။ တစ်အိမ်လုံးတိတ်ဆိတ်ခြင်းက ကြီးစိုးနေသဖြင့် ဖွဖွရှပ်ရှပ်ကလေး နင်းသည့် တိုင်အောင် ခြေသံက ကြားနေရသည်။

သူမသည် တိုက်ရှေ့သံတံခါးသို့ ရောက်သွား၏။ တံခါးကို အတွင်းဘက်မှ သော့ခတ်ထားသည်။ စုစုထွေး ရင်မောသွားရသည်။ သူမသည် တိုက်နောက်ဖေး တံခါးသို့ ရောက်ခဲ့ပြန်၏။ တရုတ်နီ သော့ခလောက်ကြီးက သူမအား ဆီးကြိုနေလေသည်။

ဩော်....မလွတ်လပ်တဲ့ ဘဝနှယ်။

အကျဉ်းချခံထားရသလို ပါပဲကလား။

စုစုထွေးသည် သက်ပြင်းချရုံကလွဲ၍ မတတ်သာတော့ပါ။ အစကတော့ သူ့ဆီကို စွန့်စား၍ သွားတော့မည်ဟု ဆုံးဖြတ်ပြီး ဆင်းလာခဲ့ခြင်းပင်။

စုစုထွေးသည် အပေါ်ထပ်သို့ ဖင့်လေးစွာ တက်ခဲ့သည်၊ ဖေဖေ၏ အလုပ်ခန်းမှာ မီးလင်းနေဆဲ။ ဖေဖေနှင့်ကိုကိုကျော်တို့ ယမန်နေ့ကပင် ခရီးထွက်သွားခဲ့သည်ကို စုစုထွေး သိပါလေသည်။

သူမသည် အခန်းဝမှ အတွင်းသို့ ကြည့်လိုက်သည်။ မီးခံသေတ္တာကြီးတွင် သော့ တန်းလန်း တွေ့ရသည်။ ကေနွ မေမေ ငွေထုတ်ရင်း ပြန်ပိတ်ရန် မေ့ခဲ့ပြီထင့်၊ စုစုထွေးသည် မီးခံသေတ္တာဆီသို့ လျှောက်သွား၏။

ရည်ရွယ်ချက်မရှိဘဲ တံခါးကို ဖွင့်လိုက်သည်။ နှစ်ဆယ်တန် အစိတ်တန် အုပ်များနှင့် စာချုပ်စာတမ်းများကို မြင်ရလေသည်။ စုစုထွေးသည် ငွေများကို စိတ်မဝင်စား သော်လည်း စာချုပ်များကို စိတ်ဝင်စားသွားသည်။ ဖေဖေသည် သူမနှင့် ကိုကိုကျော်အား အမွေ ခွဲပေးထားပြီဟု ပြောဘူးသည်။



စုစုထွေးသည် စာချုပ်တစ်ခုကိုယူ၍ကြည့်လိုက်၏။ ခေါင်းစဉ်ကို မြင်လိုက်ရသည်နှင့် အံ့ဩသွားရသည်။

အမွေစား အမွေခံ မွေးစားခြင်းစာချုပ်

ဖေဖေ မေမေတို့သည် မည်သူကိုများ မွေးစားခဲ့လေသနည်း။သူမ သိရသလောက် မည်သူ့ကိုမျှမမွေးစားခဲ့ဖူးပါ။ စုစုထွေးသည် စိတ်ဝင်စားသွားပြီး မအောက်ကိုဆက်၍ ဖတ်ကြည့်လိုက်သည်။

> 'ကျွန်မ မိုးကုတ်မြို့ ဈေးဟောင်းရပ်နေ ဒေါ်စုသည် အသက် တစ်နှစ်နှင့် သုံးလအရွယ်ရှိ သမီးမိန်းကလေး စုစုကို ဦးကောင်းမိုး ဒေါ်ခင်ထွေးတို့အား အပြီးအပိုင် အမွေစား အမွေခံ အဖြစ် မွေးစားရန် ပေးအပ်ကြောင်း အောက်ပါ.... အသိ.... သက်....သေ'

'ဟင်....'

စုစုထွေး အသံထွက်သွားသည်။

နွေခေါင်ခေါင် မိုးကြိုးပစ်ခြင်း၊တော်လဲခြင်း၊ကျိုးပြိုခြင်း၊ ကမ္ဘာမြေကြီးတစ်ခုလုံးသွက်သွက်ခါလျှင်ကြီးလှုပ်၍သမုဒ္ဒရာ အတွင်းမှ လှိုင်းတံပိုးများ မြေပြင်ပေါ်သို့ လူးလိမ့်တက်ရောက်လာသည့်နှယ် ခံစားလိုက်ရပြီး တစ်ခန်းလုံး တိတ်ဆိတ်ငြိမ်သက်နေပါလေသည်။

'ငါဟာ မွေးစားသမီးပါလား၊ စုစု....စုစုထွေးတဲ့'

www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားထဲမှ ညှစ်၍ ထွက်လာသော စုစုထွေး၏ အသံတိုးတိုးကလေးက ထွက်ပေါ်လာ၏။

သည်စဉ်မှာပင် နောက်မှ ခြေသံကြားရသည်။

ဒေါ်ခင်ထွေးသည် စာချုပ်ကို တစ်လှည့်၊ စုစုထွေးကို တစ်လှည့် ကြည့်ရင်း ကြက်သေ သေနေသည်။

ပထမဆုံး သတိဝင်လာသူက စုစုထွေးပင်။

သူမသည် အင့်ခနဲ နာနာကျည်းကျည်း တစ်ချက် ရှိုက်လိုက်ပြီး စာချုပ်ကို ပစ်ချ၍ အခန်းထဲမှ ပြေးထွက်ခဲ့မိသည်။

'သမီး....'

'သမီး....'

'စုစုထွေး'

စုစုထွေးသည် နားနှစ်ဖက်ကို လက်နှင့် ပိတ်ရင်း သူမအခန်းသို့ ရောက်အောင် ပြေးခဲ့၍ အတွင်းမှ ကလန့်ထိုးပိတ်လိုက်ပြီး ခုတင်ပေါ်သို့ မှောက်ချလိုက်၏။ ခေါင်းအုံးနှင့် မျက်နှာ အပ်မိသည်နှင့် မျက်ရည်ပေါက် ကြီးငယ် အသွယ်သွယ်က စိမ့်မျှား စမ်းမျှားနှယ် တသွင်သွင် စီးဆင်းလာ၏။

ငိုပါလေဦးတော့ မစုစုထွေး။

ရှိုက်ပါလေဦးတော့ မစုစုထွေး။

အပြင်တွင် လသာနေပါသည်။

သို့သော် သည်ညသည် မသာယာပါ။

*

အခန်း (၂၆)

---

"ဆင်သေမြှောင်စခန်း"

သည်စခန်းသို့ ရောက်အောင် တစ်နေ့လုံး မောင်းခဲ့ရ၏။ အဘသည် အသက်ကြီးသလောက် ကားမောင်း ကျွမ်းကျင်လွန်းလှ၏။ လမ်းက တောလမ်း၊ ကြမ်းလိုက်သည်မှာလည်း ဆိုဖွယ်ရာ မရှိတော့။ တောကိုလည်း ဖြတ်ရ၏။ တောင်ကိုလည်း ကျော်ရသည်။ ကမ်းပါးစွန်း ချောက်စွန်းတွေ နှုတ်ခမ်းမှ ကားဘီး တစ်ဘီးစာကလေး ဖြတ်မောင်းခဲ့ရသည်လည်း ရှိခဲ့၏။ တစ်ခါတင်ရဲ ဘီးအောက်မှ မြေပိုင်ခဲတွေ ကြွေကျသွားသည့် အခါတွင် ကားပေါ် ပါလာသူများမှာ ရင်ဘမမ ဖြစ်သွားရသည်။

စိန်ဖေကြီးသည် ဦးစော၏ ကားမောင်း ကျွမ်းကျင်မှုကို ကြက်သီးထရင်း ချီးကျူးခဲ့သည်။ သို့မို့ကြောင့်ပင် ဒီးကောင်းမိုးက ဦးစောအား သည်ခရီးကို အပ်ခေါ်ခဲ့ခြင်း ဖြစ်ဟန်

www.burmeseclassic.com



တူသည်ဟု စိန်ဖေကြီး တွေးမိ၏။ ကားလမ်းဆုံးအသည်နှင့် ခြေကျင်ခရီးကြမ်းကို ဆက်လိုက်ရသေးသည်။

ယခုတော့ လိုရာခရီးကို ရောက်ခဲ့ပြီ။

“ဆင်သေမြောင်” စခန်းသည် သစ်ပင် ဝါးပင်များ မရှိသလောက် နည်းပါးပြီး တောင်ကတုံးများ၊ တောင်စောက်များ၊ ကမ်းပါးကြီးများနှင့် ခြောက်သွေ့လှ၏။ မိုးတွင်းဆိုလျှင် ဆင်သေမြောင်ချောင်းသည် ဆင်တစ်ကောင် မျောပါသွားနိုင်လောက်အောင် ရေစီးသန်လှသော်လည်း နွေကာလတွင် ရေတစ်စက်မှ မရှိဘဲ သဲများသာ ရှိနေလေသည်။

ချောင်းကွေ့ရှိ ပေငါးဆယ်ခန့် မြင့်သော ကျောက်ကမ်းပါးကြီးသည် အပြင်သို့ ထိုးထွက်လျက် အုပ်စိုးနေသောကြောင့် အမိုးပမာ ဖြစ်နေသည်။ ကျောက်စွန်းကြီးအောက်တွင် တဲတစ်လုံး၊ လူတစ်ယောက်နှင့် သေနတ်တစ်လက်ကို တွေ့ရ၏။ သူတို့က လူငါးယောက် သေနတ်ငါးလက်။

တစ်ယောက်တည်းသော သေနတ်သမားသည် သူတို့ငါးယောက်အား မပြုံးမရယ် ကြိုဆိုနေသည်။

‘ဆရာကြီးတို့ ဒီနေ့ပဲ ရောက်လိမ့်မယ်’

‘အား....ဟုတ်တာပေါ့၊ ဒါနဲ့ မင်းကော ဒီရောက်နေတာ ဘယ်လောက် ကြာပြီလဲ’

ဇော်ရှင်းက အငွေ့တလူလူ ထသော မီးဖိုကို ကြည့်ရင်း မေးဖြစ်သည်။ သူက လက်သုံးချောင်း ထောင်ပြ၏။

‘သူတို့ ဘယ်လမ်းက လာမလဲ’

‘ဒီ “ဆင်သေမြောင်” ချောင်းဟာ လမ်းပေါ့၊ ရေမှ မရှိဘဲ၊ တောဟိုအပေါ်ကို တက်ကြည့်ပါလား’



သူက မြင့်မားသော တောင်ကမ်းပါးယံကြီးကို လက်ညှိုးထိုးပြ၏။

‘အဲဒီကကြည့်ရင် နတ်ပြည်ခြောက်ထပ်အောင် မြင်ချင်မြင်ရဦးမှာ’

သူက ဇော်ရှင်းကို စိတ်မရှည်သလို ပြောသည်။

သူ့စကားကို ဇော်ရှင်းက သဘောကျသွားမိ၏။

‘ကဲ....ကိုစိန်ဖေကြီး၊ အဘ ဒီမှာ အေးအေး ဆေးဆေး နားကြဦး၊ ကျွန်တော် နတ်ပြည်ခြောက်ထပ် တက်ကြည့်လိုက်ဦးမယ်’

မြင့်သိန်းနှင့် ကျော်စိန်ကား နဂါး စပါယ်ရှယ် တစ်လိပ်စီဖြင့် မှိန်းနေကြလေပြီ။ ဇော်ရှင်းသည် မတ်စောက်လှသော ကမ်းပါးကို ခက်ခက်ခဲခဲ တက်ခဲ့၏။

အပေါ်တွင် လေတဟူးဟူး တိုက်ခတ်သည်။

“ဆင်သေမြောင်” ချောင်းသည် လင်းမြွေကြီးတစ်ကောင် အပျင်းထူနေသလို ခွေခွေ ခေါက်ခေါက် ငြိမ်သက်လျက် ရှိသည်။

ဇော်ရှင်းသည် နတ်ပြည်ခြောက်ထပ်ကို မမြင်ရသော်လည်း အပ်ချည်ကြိုးတန်းကလေးလို သေးငယ် ကွယ်ပျောက်သွားသော ချောင်းရိုးအဆုံးအထိ မြင်နေရသည်။ သို့ပေမင့် အကွေ့ အကောက်များလွန်းသောကြောင့် အချို့နေရာများတွင်ပျောက်နေ၏။

သည်စဉ်မှာပင် သူ့နောက်မှ အသံကြားရ၏။ အဘပဲ ဖြစ်ပါသည်။ အဘသည် သူ့နောက်တွင် ရောက်နေသည်။

‘ငါ့မြေး ဇော်ရှင်း၊ မင်း ဘယ်လိုလုပ်မယ် စိတ်ကူးထားသလဲဟင်’

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တော့ အခြေအနေကို ကြည့်ပြီး လုပ်သွားမှာပဲ အဘ၊ ဒါပေမယ့် အဘကို ကျွန်တော် တစ်ခု မှာထားပါရစေ၊ ကျွန်တော့်ဖခင်အတွက် ကျွန်တော် ကိုယ်တိုင်ပဲ လက်စားချေပါရစေ၊ ကျွန်တော့်ဆန္ဒ မပါဘဲ အဘ ဘာမှ မလုပ်ပါနဲ့ ဒါကို အဘ ကတိပေးပါ'

ဦးစောသည် အားရပါးရ ပြုံးလိုက်သည်။ သူ့မြေး၏ စိတ်ဓာတ် ပြင်းပြမှုကိုလဲ ကျိတ်၍ ဝမ်းသာအားရ ဖြစ်လိုက်မိ၏။အနှစ် နှစ်ဆယ်လုံးလုံး မုန်းတီးနာကြည်းခဲ့သမျှ သည်ကနေ့ အပြေအလည် အတိုးရော အရင်းပါ ဆပ်ရတော့မှာပါကလား။

'အေး....အဘ ကတိပေးပါတယ်ကွာ၊ မင်း ဖခင်နဲ့ မင်းမိခင်အတွက် မင်း လက်နဲ့ လက်စား ချေသင့်ပါတယ်ကွာ'

အဘစော အသံက လှိုက်လှဲ တက်ကြွ နေပါလေသည်။ ဇော်ရှင်းသည် အဘစောကို ကြည့်ရင်း လေးပင်စွာ သက်ပြင်းချမိသည်။

ညှိမည်သော ကာလမှာပင်....

လင်းမြွေကြီး၏ အမြီးဖျားမှတစ်ဆင့် ကွယ်လိုက် ပျောက်လိုက်နှင့် တဖြည်းဖြည်း ကြီးထွားလာသည်။

'သူတို့ လာကုန်ကြပြီ အဘ'

'သူတို့ ဟုတ်လား'

'ဟုတ်တယ်၊ ရှေ့က အတင်း ပြေးနေသလို နောက်က ထပ်ကြပ်မကွာ လိုက်နေတယ်၊ အားလုံး မြင်းတွေနဲ့ချည်းပဲ....'

'ဟေ....'



'အခြေအနေကတော့ မမျှော်လင့်တာတွေဖြစ်ကုန်ပြီ ထင်တယ်၊ ကျွန်တော် ဟောဟိုချောင်းကွေ့က သွားပြီး စောင့်မယ်၊ အဘ စိန်ဖေကြီးတို့ကို ခေါ်ပြီး ချောင်းရိုးအတိုင်း လိုက်ခဲ့ပေတော့'

ဇော်ရှင်းသည် ပြောပြောဆိုဆို ကမ်းပါး၏ အခြားတစ်ဖက် ဖြစ်သော ဆင်ခြေလျှော တစ်လျှောက် ပြေးဆင်းခဲ့၏။ သူသည် ချောင်းရိုးဘေးရှိ ကျောက်ဆောင် တစ်ခုကို အကာအကွယ်ယူရင်း သူ၏ ဒသမနှစ်နှစ် ပစ္စတိုကို ထုတ်ယူလိုက်သည်။

သည်သေနတ်၏ ကျည်ဆန်သည် သေး၏။

သို့သော်သည်း ကျည်သွားလမ်းကြောင်း ဖြောင့်သည်။ သူ့လက်ကလည်း နားရွက်ဆိုလျှင် နားရွက်၊ မျက်စိဆိုလျှင် မျက်စိ၊ သည်အထိ စိတ်ချရသည်။ "နှစ်ဆယ်မီလီမီတာ ဟာစ်(စ်)ပါနို" စက်အမြောက်ကိုပင် ကိုင်လာဦးတော့ သူက မှုမည်မဟုတ်ပါပေ။

မကြာခင် မြင်းခွာသံတွေက ပီပီပြင်ပြင် ဖြစ်လာသည်။ သူ့မြင်ကွင်းတွင် ဦးကောင်းမိုး၊ ကိုကိုကျော်နှင့် အခြားမြင်းနှစ်စီးသည် ပီပီပြင်ပြင် ဖြစ်လာသည်။ မြင်းတစ်ကောင်၏ ကျောပေါ်တွင်တော့ လက်ဖက်ခြင်း နှစ်ခြင်းကို ခွတင်လာ၏။ ဆယ့်ငါးသိန်းတန် ကျောက်စိမ်းတွေ ဖြစ်ကြောင်း ဇော်ရှင်းက ဘုရားစူးကျိန်ပြောရဲပါသည်။

ဇော်ရှင်းသည် ကဆုန်စိုင်း၍ ပြေးလာသော မြင်းလေးစီး ရှေ့ကို ခုန်ထွက်၍ လက်ပြလိုက်သည်ဆိုလျှင်ပင် မြင်းလေးကောင်သည် နှာတဖူးဖူး မှုတ်ရင်း ရပ်သွား၏။ ဦးကောင်း

www.burmeseclassic.com

www.burmeseclassic.com



မိုးနှင့် မောင်မောင်ကျော်သည် ဇော်ရှင်းကို တွေ့လိုက်ရသဖြင့် အားတက်သရော ဖြစ်လာသည်။

'ဟိုကောင်တွေ လိုက်လာတယ် ဇော်ရှင်း'

မောင်မောင်ကျော်က အမောတကော ဆိုရင်း မြင်းပေါ်မှ ဆင်းသည်။

'ဘယ်သူတွေလဲ'

'အုံ့မောင်တို့အဖွဲ့'

ဇော့်ရှင်းသည် မြင်းတစ်ကောင်၏ ကုန်းနှီးတွင် ချိတ်ထားသော နိုင်လွန်ကြိုးခွေကို လျင်မြန်စွာ ဖြုတ်ယူလိုက်ပြီး ချောင်းစပ်ရှိ သစ်ပင်ငုတ်ကြီးကို ချည်လိုက်သည်။ ပြီးမှ အစတစ်ဖက်ကို ချောင်းကိုဖြတ်၍ ဆွဲယူသွားပြီး ကျောက်ဆောင်အကွယ်ရှိ သစ်ခြောက်ပင်ကြီးပေါ်သို့ ပစ်တင်လိုက်ပြီး ကြိုးစကို လျှော့ချလိုက်သည်။

မောင်မောင်ကျော်နှင့် ဦးကောင်းမိုးသည် ဇော်ရှင်း၏ အကြံအစည်ကို ရိပ်ချည်း နားလည် သဘောပေါက်သွားလေသည်။ မောင်မောင်ကျော်သည် ဇော်ရှင်းအနီးရှိ ကျောက်တုံးတစ်တုံးပေါ်တွင် ဝပ်ရင်း ဘရောင်နီ ပစ္စတိုကို ဘယ်လက်နှင့် ဆွဲထုတ် လိုက်သည်။

'ဘယ်နှစ်ယောက်လောက် ရှိမလဲ ကိုကိုကျော်'

'အားလုံး ငါးယောက်လောက် ရှိမယ် ထင်တယ်'

'ကိစ္စမရှိဘူး စိန်ဖေကြီးတို့ အခုပဲ ရောက်လာလိမ့်မယ်'

ဦးကောင်းမိုး နှင့် သူ၏ တပည့် တစ်ယောက်မှာလည်း သေနတ်ကိုယ်စီဖြင့် နေရာယူပြီး လေပြီ။ မကြာခင် ခွာသံတဖြောင်းဖြောင်း နှင့် အတူ ရှေ့ဆုံးမှ ပြေးလာသော မြင်းနှစ်ကောင်ကိုမြင်ရသည်။ သည်နှစ်ကောင်၏နောက် အခြားမြင်းသုံးကောင်ကို တွေ့ရသည်။

သူတို့အားလုံး မြင်းငါးစီး နှင့် လူငါးယောက်။

ခွာသံတွေက ကျယ်လောင်လာသည်။

ဇော်ရှင်းသည် ဆယ်ကိုက်လောက်အကွာအဝေးသို့ မြင်းတွေ ရောက်လာ သည်နှင့် နိုင်လွန်ကြိုးကို ဆောင့်တင်းပြီး ပင်စည် နှင့် ပတ်လိုက်သည်။

မြင်းနှစ်ကောင်နှင့်လူနှစ်ယောက်မှာ ထွေးခနဲဖြစ်ပြီး မြေပြင်ပေါ်တွင် ကျွမ်းထိုးမှောက်ခုံဖြစ်သွားသည်နှင့် ဦးကောင်းမိုး ကိုကိုကျော်တို့ထံမှ သေနတ်သံတွေ တဒိုင်းဒိုင်း ထွက်လာသည်။

ရှေ့တော်ပြေး နှစ်ယောက်မှာ တခဏခြင်းပင် တုံးလုံးပက်လက် ငြိမ်သက် သွားတော့သည်။ ထိုနှစ်ယောက် ထဲမှ တစ်ယောက်မှာ ကိုရွှေဖြစ်နေသည်ကို ရှင်းရှင်းကြီး တွေ့လိုက်ရသည်။ ကိုရွှေသည် အုံ့မောင်၏ အတွင်းလူ၊ သူပျောက်နေသည်မှာ သုံးရက်ခန့် ရှိသွားပြီ။

အုံ့မောင်သည် ရှေ့ဆုံးမှ မြင်းနှစ်ကောင် နှင့် သူ့တပည့် နှစ်ယောက်အဖြစ်ကို မြင်လိုက်ရသည်နှင့် ဇက်ကြိုးကို တုံ့ခနဲ ဆွဲလိုက်ရာ မြင်းသည် ပတပ် ရပ်သွားသည်။

တစ်ချိန်တည်းမှာပင် သူသည် "လျူဂါ" ပစ္စတိုကို ဆွဲထုတ်လိုက်ပြီး ကျည်ဆံတွေကို တဒိုင်းဒိုင်း ထုတ်လွှတ်လိုက်သည်။ ပြီး... မြင်းကို ကျောက်တောင် အကွယ်သို့ မောင်းနှင်း ခုန်ဆင်းလိုက်၏။ သူ့လူ နှစ်ယောက်မှာလည်း ကျောက်ဆောင်များကို အကာအကွယ်ယူ၍ ပစ်ခတ်နေပေပြီ။

ပြောင်းတို တိုက်ပွဲပါတကား။



www.burmeseclassic.com

www.burmeseclassic.com



ကျည်ဆံတွေသည် ဗီခေါရင်း ပလူပျံနေသလို အံ့မောင်တို့က ရှေ့သို့တက်ပြီး နေရာယူရန်ကြိုးစားသည်။ ဇော်ရှင်းတို့က ကျည်အားနှင့်ဖိ၍ ဦးနှိမ်ထားသဖြင့် ခေါင်းမထောင်ဝံ့အောင် ဖြစ်နေသည်။

အံ့မောင်သည် သူ့လူများအား အချက်ပြ၍ ကျောက်ဆောင် ဘေးမှ ပန်းပြီး တက်ခဲ့၏။ ဒါကို ဇော်ရှင်းတို့ လူသိက် မသိပါ။ သူသည် ဂျာမန် လျူဂါ ပစ္စတိုကို ကိုင်ရင်း မောင်မောင်ကျော် နောက်ရှိ ကျောက် ဆောင် အကွယ်အထက်စီး ရောက်လာ၏။

ဇော်ရှင်းသည် သူ၏'လားမား' ပွိုင့်တူးတူး ပစ္စတိုလေးကို အနားပေးလိုက်ပြီး သေနတ်သံ တွေကို နားထောင်နေသည်။

သူ့နားသည် သေနတ်သံနှင့် ယဉ်ပါးပြီး ဖြစ်သည်။ ခပ်စောစောက ကြားနေရသော ဂျာမန်လျူဂါအသံကို မကြားလေတော့ လျူဂါပြစ္စတို၏ အသံသည် စူး၏။ ပြင်း၏။ တခြား သေနတ် အသံနှင့် လျူဂါပစ္စတိုအသံက မတူ၊ သူ့စိတ်တွင် ထင့်ခနဲ ဖြစ်မိသည်။

ထိုအခိုက် ကျယ်လောင်သော သေနတ်သံတွေ အကြားမှ ကျောက်ခဲကလေး လိမ့်ကျ သံကို ကြားရသည်။ ဇော်ရှင်းသည် နောက်ကို ဆတ်ခနဲလှည့်၍ သေနတ်မောင်းကို ဖြုတ်ချလိုက်သည်။

ကျောက်ဆောင် အထက်မှ အကျအန ရပ်ရင်း မောင်မောင်ကျော့် နှောက်ကျောကို အကျ အန မောင်းဖြုတ်ရန် ပြင်နေသော အံ့မောင်၏ ခေါက်ကိုယ်ကြီးမှာ ဆတ်ခနဲ တွန့်



သွားပြီး အောက်သို့ပစ်ကျလာ၍ မောင်မောင်ကျော်၏ဘေးသို့တိုင် လိမ့်ဆင်း လာ၏။

မောင်မောင်ကျော်သည် သူ့အသက်ကို ကယ်လိုက်သော ဇော်ရှင်းကို လှမ်းကြည့်၍ ပြုံးပြလိုက်သည်။

ထိုစဉ် "ဆင်သေမြောင်" စခန်းဆီမှ သေနတ်သံ အချို့ကြားရသဖြင့် သူတို့အားလုံး စိတ်ပူသွားသည်၊ သို့ရာတွင် ပြောင်းတို့ တိုက်ပွဲက မပြီးဆုံးသေး။ အံ့မောင်၏ တပည့်များသည် ခေါင်းဆောင် ကျသွားလေသည်နှင့် နောက်သို့ဆုတ်၍ ခွာသံ တဖြောင်းဖြောင်း ထအောင် ဆုတ်ခွာသွားခဲ့ကြသည်။

သို့တစေ မြင်းသုံးကောင်နှင့် လူသုံးယောက် ကျန်ရစ်ခဲ့ပါ၏။ မြင်းသုံးကောင်မှာ လှုပ်ရှားနေသော်လည်း လူလုံးယောက်မှာ ပကတိ ငြိမ်သက်နေပါလေသည်။

'စခန်းမှာတော့ တစ်ခုခုဖြစ်နေပြီ မောင်ကျော်'

'ဘုတ်တယ် ဖေဖေ၊ အခြေအနေ ဆိုးရင်တော့ နောက်ကြောင်းကို ပြန်ဆုတ်မယ်၊ ပစ္စည်းတွေ အဆုံးမခံနိုင်ဘူး'

ဦးကောင်းမိုး နှင့် မောင်မောင်ကျော် တို့က ကျောက်စိမ်းတွေအတွက် သောကဖြစ်သလို ဇော်ရှင်းကလည်း အဘစောအတွက် စိတ်ပူမိလေသည်။ သူသည် သဲချောင်းကြီး၏ တစ်ဖက်တစ်ချက်တွင်ရှိသော မြင့်မားသော ကမ်းပါးကြီးပေါ်သို့ စိုးရိမ်စွာ မော့်ကြည့်နေသည်။

'ကဲ....ဇော်ရှင်း မြင်းတွေကို အဆင်သင့် လုပ်ထားစေ'
ဦးကောင်းမိုးက ပြောလေသည်။

'အဘစောတို့၊ စိန်ဖေကြီးတို့ ရောက်မလာခြင်တော့ဦးလေး'

www.burmeseclassic.com

www.burmeseclassic.com



ဇော်ရှင်းက ဦးကောင်းမိုးကို မေးလိုက်သည်။

'ဘယ်တတ်နိုင်မလဲ ထားပစ်ခဲ့ရမှာပေါ့'

ဦးကောင်းမိုး၏ အဖြေက ရက်စက်လွန်း၏။ သည်လို လူမျိုးသည် ကိုယ့် အကျိုးစီးပွားအတွက် ဆိုလျှင် မည်သူ့ မျက်နှာကိုမှ ထောက်လိမ့်မည် မဟုတ်မှန်း ဇော်ရှင်း သိပါ လေသည်။ ဦးကောင်းမိုး၏ မျက်လုံးအိမ်ထဲတွင် သောဘ အငွေ့အသက်တွေ ယှက်သန်းနေပြီဖြစ်၏။

'ဒါဘော့ ဘယ်တရားမလဲ ဦးလေး'

'တရားတာ မတရားတာ ငါနားမလည်ဘူး၊ အရေးကြီး တာက ပစ္စည်းတွေ မဆုံးဖို့ပဲ'

ထိုစဉ်မှာပင် အဘစောသည် အူယားဖားယားဖြင့် သဲ ချောင်း တစ်လျှောက် ပြေးလာသည်။

'စခန်းကို ရဲတွေဝိုင်းမိသွားပြီ'

'ဟင်....ရဲတွေ ဟုတ်လား'

ဦးကောင်းမိုးနှင့် မောင်မောင်ကျော် တို့မှာ အကြီး အကျယ် မျက်နှာပျက်သွားသလောက် ဇော်ရှင်း အမူအသွင် က အေးအေးဆေးဆေး နိုင်လှသည်။ လုံခြုံရေးမှူးကိုဝဏ္ဏ ဦးဆောင်သော ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီ ဖြစ် ကြောင်း ဇော်ရှင်း သိလိုက်ပါပြီ။ စိန်ဖေကြီးတို့မှာ ခုခံပစ် ခတ်နေဆဲ ဖြစ်၏။ သေနတ်သံများ ကြားနေရသေးေ သည်။

'ကဲဟေ့....အချိန်ရှိသေးတယ်၊ တို့ လစ်ကြမယ်'

ဦးကောင်းမိုးသည် မြင်းဇက်ကြိုးကို ဆုပ်ကိုင်လိုက်သည် နှင့် ဇော်ရှင်း၏လက်မှ သေနတ်သည် ဗိုင်းခနဲ မြည်သွား သည်။ ဇက်ကြိုးကို ကိုင်ထားသော ဦးကောင်းမိုး၏ ဘယ်



ဘက် လက်ခုံမှာ ပူခနဲ ဖြစ်သွားသလို မြင်းသည်လန့်၍ဟီလိုက် ပြီး ပတပ်ရပ်လိုက်သည်။

'နေပါအုံး ဦးကောင်းမိုး၊ ကျွန်တော်နဲ့ စာရင်းရှင်းစရာ ကျန်ပါသေးတယ်'

ပစ္စတိုကို ခါးကြားတွင်ထိုးခါ မြင်းပေါ်သို့တက်ရန် ဟန် ပြင်နေသော မောင်မောင်ကျော်သည် ဇော်ရှင်း၏ လျှပ် တစ်ပြက် လှုပ်ရှားမှုကြောင့် အံ့သြသွားရသည်။

'ကိုကိုကျော်လဲ နည်းနည်းမှ မလှုပ်ပါနဲ့၊ လှုပ်တာနဲ့ ပစ် ထည့်လိုက်မှာပဲ'

ဦးစောသည် အခြေအနေကို ရုတ်ချည်း နားလည်လိုက် ပေပြီ။ ထိုအချိန်တွင် ဇော်ရှင်း၏ နောက်တွင် ရောက်နေ သော ဦးကောင်းမိုး၏ တပည့်မှာ သေနတ်ဆီသို့ လက်ကို အသာရွှေ့လိုက်သည်။ ဒါကို ဦးစောကတွေ့လိုက်၏။ သူက သေနတ်ကို လျင်မြန်စွာ ဆွဲထုတ်ရင်း ခလုတ်ဖြုတ်ချလိုက် သည်။

'ဗိုင်း....'

'အား....'

သေနတ်သံနှင့်အော်သံ ရောထွေးသွားပြီး သဲပြင်ပေါ်သို့ မှောက်လျက်ကြီး လဲကျသွားခဲ့သည်။

'မင်း....သစ္စာဖောက်တာလား ဇော်ရှင်း'

ဦးကောင်းမိုးက ဘယ်ဘက် လက်ခုံကို အုပ်ကိုင်ရင်း မေးလေသည်၊ မောင်မောင်ကျော်ကလည်း ဇော်ရှင်းတို့ မြေးအဘိုး၏ မမျှော်လင့်သော လုပ်ဆောင်မှုများကြောင့် အခြေအနေကို နားမလည်နိုင်အောင် ဖြစ်သွားရသည်။

'ဒီမှာ ဦးကောင်းမိုး'

www.burmeseclassic.com

www.burmeseclassic.com



ဇော်ရှင်းအသံက မာသည်။ ပြတ်သည်။

'ကျွန်တော်ဟာ လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ် လောက်က ဦးကောင်းမိုးသတ်ပစ်ခဲ့တဲ့ ဦးဘဇော်ရဲ့သား ဇော်ရှင်းဆိုရင် ဘယ်သူက သစ္စာမဲ့တယ်ဆိုတာ ခင်ဗျားသိမှာပေါ့'

လုံးဝ မျှော်လင့် ထင်မှတ်ခြင်းမရှိသော စကားကို ကြားလိုက်ရသဖြင့် ဦးကောင်းမိုး၏ မျက်နှာမှာ ဖြူဖတ်ဖြူယော် ဖြစ်သွားသည်။

'မင်း....မင်း....ဘဇော်သား ဟုတ်....ဟုတ်လား'

'ဟုတ်တယ်၊ ကျုပ်ဘဇော်သားလေ၊ ခင်ဗျားကြီး မိုးကုတ်မှာတုန်းက ကျောက်တွင်းဖြိုချပြီး သတ်ခဲ့တဲ့ ဘဇော် သားပေါ့၊ အဲဒီတုန်းက ကျုပ်ဟာ သုံးရက်သားပဲ ရှိသေးတယ်၊ ကျုပ်အမေဟာလဲ အဖေသေတဲ့သတင်းကိုလဲ ကြားရော စိတ်ထိခိုက်ပြီး မီးတွင်းထဲမှာပဲ ဆုံးသွားခဲ့တယ်၊ ခင်ဗျားကြီးဟာ ကျုပ်တို့ဘဝကြီး တစ်ခုလုံးကို ဖျက်ဆီးပစ်ခဲ့တဲ့ လူယုတ်မာကြီး'

နာကြည်းခံပြင်းမှုများကြောင့် သူ့အသံက တုန်ယင်နေသေသည်။ စကားပြောရင်း အံကို ကြိတ်ထားသောကြောင့်လည်း သူ့မေးကြောကြီးများက ထောင်နေ၏။

'ဒီမှာ ကိုကိုကျော်၊ ကိုကို့ကျော့် အဖေဟာ ကျွန်တော့် အဖေရခဲ့တဲ့ ပတ္တမြားကြီးကို အပိုင်စီးချင်တာနဲ့ ကျွန်တော့် အဖေကို သတ်ပစ်ခဲ့တဲ့ လူယုတ်မာကြီးဗျ သိလား'

မောင်မောင်ကျော်သည် သူ့နားကိုပင် မယုံနိုင်အောင် ဖြစ်နေ၏။

အံ့ဩလွန်းသောကြောင့်လည်း မလှုပ်မယှက် ငြိမ်သက်နေမိသည်။ ဇော်ရှင်းပြောသော စကားတွေသာ အမှန်အကန်



ဖြစ်ပါမူ အခြေအနေမှာ ဆိုးရွားပေါက်ကွဲတော့မည်ကို ရိပ်စားလိုက်မိပါ၏။ သည်ပြဿနာကို သူဝင်ရတော့မည်။

'ဇော်ရှင်းပြောတာတွေ အမှန်တွေပဲလား ဖေဖေ ဟင်၊ ဇော်ရှင်းရဲ့ အဖေကို သတ်ပြီး ပတ္တမြားကြီးကို အပိုင်စီးခဲ့တယ်ဆိုတာ တကယ်ပဲလား ဖေဖေ'

မောင်မောင်ကျော်က မေးသည်။ ဦးကောင်းမိုးကမဖြေ။

ဦးကောင်းမိုးသည် မငြင်းပယ် နိုင်သည့် အခြေအနေတွင် ရောက်ရှိနေပြီကို သိသော်လည်း ဝန်မခံဝံ့ပါ။

'ဒီမှာ ဇော်ရှင်း မင်းအဖေကို ငါသတ်တယ်ဆိုတာ မင်းကို ဘယ်သူပြောသလဲ၊ ဒါတွေဟာ အခြေအမြစ်မရှိတဲ့ စကားတွေပါ။ အထောက်အထား အတိအကျ မရှိတဲ့ စကားတွေကို ယုံမနေစမ်းပါနဲ့၊ ကဲ....အချိန်ရှိတုန်းပြေးကြမယ်၊ ဒီကျောက်စိမ်းတွေဟာ ဆယ့်ငါးသိန်းလောက် တန်တယ်၊ မင်းတို့ မြေးအဘိုးကို တစ်ဝက်ပေးမယ်....ကဲ'

အဘစောသည် ဦးကောင်းမိုး စကားကို ကြားသည်နှင့် တဟား ဟား အော်ရယ်ပစ်လိုက်သည်။

'ဒီမှာ ကောင်းမိုး သာဒွန်းကို မှတ်မိသေးလား၊ မင်းခါးနဲ့ ထိုးသတ်လိုက်တဲ့ သာဒွန်းလေ၊ ဒီ အကြောင်းတွေကို သာဒွန်းမသေခင် ငါ့ကို အကုန်ဖွင့်ပြောသွားတာတွေ'

'သာဒွန်း....သာဒွန်း'

ဦးကောင်းမိုးမျက်နှာ ဖြူဖတ်ဖြူလျော် ဖြစ်လာသည်။

'ကျုပ် ငွေမမက်ဘူး ဦးကောင်းမိုး၊ ကျုပ်ဖခင်အတွက် လက်စားချေရရင် တော်ပြီ'

'ငါ....ငါ့အသက်ကိုတော့ ချမ်းသာပေးပါကွာ၊ မင်း....မင်း ဒီကျောက်စိမ်းတွေကို ယူပါ'

www.burmeseclassic.com

www.burmeseclassic.com



သည်လိုလူမျိုးမှာ သည်အတိုင်းပဲ ဖြစ်ပါသည်။ သူတစ်ပါးကို သတ်ရဲ ဖြတ်ရဲ၊ ရက်စက်ရဲသလောက် ကိုယ့်အလှည့်ကျပြီဆိုလျှင် သွေးပျက်ခမန်း ကြောက်ရွံ့ထိတ်လန့်တတ်ကြစမြဲဖြင့် ဦးကောင်းမိုး တုန်လှုပ်နေပြီ၊ ထိတ်လန့်နေပြီ။

'မင်း....မင်း....ငါ့ကို မသတ်ပါနဲ့ကွာ၊ မင်းလိုချင်တာ ပြော....ပြော'

သူ့အသံက အထစ်ထစ် အငေါ့ငေါ့နိုင်လှ၏။

မောင်မောင်ကျော်သည် အခြေအနေ အရပ်ရပ်ကို အားလုံး သဘောပေါက်လိုက်မိ၏။ ဇော်ရှင်း၏ စကားအရ ဆိုလျှင် သူ၏ ဖခင်၏ ရက်စက်မှုမှာ လူမဆန်တော့။ သို့ရာတွင် ဦးကောင်းမိုးသည် သူ၏ ဖခင် အရင်းခေါက်ခေါက်။ ဇော်ရှင်းကိုလည်း ညီရင်းလေးလို ခင်နေသည်။

'ဇော်ရှင်း'

'ကိုကိုကျော်'

သူတို့နှစ်ဦး အကြည့်ချင်း ဆုံဖြစ်ကြသည်။ ဇော်ရှင်းသည် သူ၏ပစ္စတိုကို ကိုင်ထားသော်လည်း ပြောင်းဝကို အောက်သို့ စိုက်ထားသည်။ မောင်မောင်ကျော်သည် သေနတ်ကို ခါးကြားထဲသို့ ထိုးထား၏။

အဘစောသည် ဦးကောင်းမိုးအား သေနတ်နှင့် ချိန်ထားသလို ဦးကောင်းမိုးသည် ခါးကြားထဲတွင် ရှိသော သေနတ်ဒင်နားတွင် သူ၏ ဘယ်ဘက်လက်ကို အုပ်ကိုင်ထားလေသည်။

ယခုမူ မဟာအဝီစိငရဲလို ပွက်လောရိုက်နေသော ဆင်သေမြှောင် စခန်းသည် သုသာန်တစ်စပြင်လို ငြိမ်သက်သွားတော့ပြီ။ သေနတ်သံများ တိတ်ဆိတ်သွားသည်နှင့် စိန်ဖေကြီး၏



အဖွဲ့အား ကိုဝဏ္ဏ ဦးဆောင်သည့် ပြည်သူ့ရဲတပ်ဖွဲ့က စီးမိသွားပြီဟု အားလုံးက နားလည်လိုက်ကြပြီ။

သူတို့အတွက် အချိန်မရှိတော့။

'မင်း ဒီကိစ္စကို ဘယ်လိုဖြေရှင်းချင်သလဲ ဇော်ရှင်း'

တိတ်ဆိတ်မှုကို မောင်မောင်ကျော်က စတင် ဖြိုခွင်းလိုက်သည်။ သို့ရာတွင် သူ့အသံက တည်ငြိမ်မှုရှိသည်။ အေးအေးလေးနက်သည်။

'ကျွန်တော်ဟာ အမေရင်းခေါက်ခေါက် အသတ်ခံထားရတဲ့ လူပါ ကိုကိုကျော်၊ သွေးကိုသွေးချင်း အသတ်ကိုအသက်ချင်းသာဆိုရင် လက်စားချေနိုင်ဖို့ အခွင့်အရေးတွေ ရှိနေပါတယ်၊ ဒါပေမယ့် ကျွန်တော်ဟာ ကိုကိုကျော့်အမေလို မယုတ်မာချင်ဘူး'

သည်စဉ်မှာပင် အဘစော၏ မကျေနပ်သံ ပေါ်လာသည်။

'ကဲ....ငါ့မြေး၊ တို့တတွေ အနှစ် နှစ်ဆယ်လုံးလုံး စောင့်ခဲ့ရတဲ့ အခွင့်အရေးကို လက်လွှတ်သွားဦးမယ်၊ မင်းအမေ အတွက် လက်စားချေပြီးရင် ပစ္စည်းတွေယူပြီး ပြေးကြစို့၊ ရဲတွေ ရောက်လာတော့မယ်'

'ရောက်လာပါစေ အဘရယ်၊ ရဲတွေ ရောက်လာအောင် လုံခြုံရေးမှူး ကိုဝဏ္ဏကို ကျွန်တော် ကိုယ်တိုင် သတင်းပေးခဲ့တာပါ၊ ဒီမှာ ကိုကိုကျော် ကျွန်တော်ဟာ ဦးကောင်းမိုးလို မယုတ်မာဘူး၊ ဦးကောင်းမိုးကို တရားဥပဒေဘောင်ထဲက ကျွန်တော် လက်စားချေမယ် ကိုကိုကျော်'

'ဘာ...'

www.burmeseclassic.com



ဇော်ရှင်း၏စကားကို အာဘစောက အလွန်အမင်းအံ့အား သင့်သွားရသလို မောင်မောင်ကျော်နှင့် ဦးကောင်းမိုးတို့ ကလည်း အံ့သြသွားရ၏။

'ဒါဖြင့် ဒီပစ္စည်းတွေကရော'

အာဘစောက မြင်းကျောပေါ်မှ ကျောက်စိမ်းတွေကို ညွှန်ပြရင်း မေးလေသည်။

'ဒါတွေကို ကျွန်တော် မမက်ပါဘူး အာဘ၊ ဒီမကောင်းမှု ဒုစရိုက်တွေ အားကတည်းက ကျွန်တော် လုပ်ချင်တာမှ မဟုတ်ဘဲ၊ ဒါကြောင့်လဲ ရဲတွေကို ကျွန်တော်ကိုယ်တိုင် သတင်းပေးခဲ့တာ'

အာဘစောသည် ဇော်ရှင်းကို နားမလည်နိုင်သကဲ့သို့ ကြည့်လိုက်သလို မောင်မောင်ကျော်ကလည်း သက်ပြင်းလေးလေး ချမိ၏။ ဇော်ရှင်း၏ စိတ်ဓာတ်ကိုလည်း ခိတ်ထဲက ချီးကျူးမိလိုက်သည်။

ဝင်စစ် မောင်မောင်ကျော်သည် ဖခင်၏ သြဇာကို မလွန်ဆန်နိုင်၍သာ ဒုစရိုက်ကမ္ဘာတွင် ရောက်ရှိနေရခြင်း ဖြစ်သည်။

ဆင်သေမြှောင်ချောင်းသည် ရေမရှိ၊ လှိုင်းမရှိ၊ ပကတိ ငြိမ်သက်နေသော်လည်း ချောင်းထဲရှိ လူသား တစ်စု၏ အဇ္ဈတ္တသန္တာန်သည် လှုပ်ရှား၍နေပါသည်။ လှိုင်းထ၍နေပါသည်။ မုန်တိုင်းထန်၍ နေပါသည်။

'အားလုံး လက်နက်ချကြပါ၊ မင်းတို့ကို ရဲတပ်ဖွဲ့က ဝိုင်းထားပြီ၊ လက်နက်ချပါ'

ဒုလုံခြုံရေးမှူး ကိုဝဏ္ဏ၏ ပီပြင်သော အသံကို သူတို့အားလုံး ကြားလိုက်ရ၏။ မောင်မောင်ကျော်သည် သူတို့



အတွက် ဒုစရိုက်ခရီး ပြီးဆုံးလေပြီကို သိလိုက်ပါပြီ။ ပြည်သူ့ရဲတပ်ဖွဲ့ဝင်တွေ ကမ်းပါးပေါ်တွင် ရောက်လို့နေကြပြီ။ သူတို့ကို ဝိုင်းထားကြလေပြီ။

သည်စဉ်မှာပင်....

သူ့ရင်က ထိတ်သွားသည်။

ခပ်စောစောက အာဘစော သေနတ်နှင့် ပစ်၍ ဇော်ရှင်း နောက်တွင် လဲနေသောသူမှာ ယခုတိုင် ရှင်နေဆဲ။ ပြီးတော့ သူ့လက်ထဲတွင် အားခဲ၍ ဆုပ်ကိုင်ထားသော သေနတ် တစ်လက်။ ပြောင်းဝသည် ဇော်ရှင်း၏ ကျောပြင်ကို တရွေ့ရွေ့ ထောင်လာလေပြီ။ သည်တစ်ခါ သူကယ်ရမည့်အလှည့်။

မောင်မောင်ကျော်သည် ဘယ်လက်ဖြင့် သူ့သေနတ်ကို ဆွဲထုတ်ပြီး ခလုတ်ကိုဆွဲညှစ်လိုက်သလို ဇော်ရှင်း၏သေနတ်က ဒိုင်းခနဲ အော်မြည်သွားပြီး ကျည်တစ်တောင့်က သူ့ရင်အုံကို ထိုးဖောက်သွားခဲ့သည်။

ဇော်ရှင်းသည် သူ့နောက်မှ အားခနဲ အော်သံကြောင့် လှည့်ကြည့်လိုက်ရာ သေနတ်ကို ကိုင်၍ တွန့်လိမ်နေသော ဦးကောင်းမိုး တပည့်ကို တွေ့လိုက်ရသည်နှင့် သူ မှားခဲ့ပြီ ဖြစ်ကြောင်းကို သိလိုက်ပါ၏။

တစ်ချိန်တည်းမှာပင် ဦးကောင်းမိုးသည် သူ၏ သေနတ်ကို ဆွဲထုတ်လိုက်သည်။ အာဘစောက ချိန်ထားသော သေနတ်ခလုတ်ကို ဆက်ခါဆက်ခါ ဆွဲညှစ်လိုက်၏။ တဒိုင်းဒိုင်းဆူညံနေသောသေနတ်သံများနှင့်အတူ ဦးကောင်းမိုး၏ ခန္ဓာကိုယ်ကြီးမှာ ဆတ်ခနဲ ဆတ်ခနဲ တွန့်လိမ်သွားသည်။

သို့ပေမယ့်....

www.burmeseclassic.com

www.burmeseclassic.com



အသက်ပြင်းလှသော ဦးကောင်းမိုးသည် သဲပြင်ပေါ်သို့ လဲကျမသွားမီ သေနတ်ဒင်ကို လက်နှ ဖက်နှင့် ဆုပ်၍ကျည် တစ်တောင့်ကို ထုတ်လွှတ်သွားပါသေး၏။ သည်ကျည်တစ်တောင့်ပင်လျှင် အဘစော၏ အသည်းနှလုံးကို ဖောက်ထွင်းသွားပါလေတကား။

ယခုမှုကား အရာရာသည် ပြီးဆုံးခဲ့ပါပြီ။

နှစ်ပေါင်းများစွာကြည်းမုန်းတီးခဲ့ရသော အငြိုးအတေးများကို "ဆင်သေမြောင်" ချောင်းထဲတွင် သွေးကြွေးဖြင့် ဆပ်ခဲ့လေပြီတကား။

ဆွတ်ဆွတ်ဖြူသော သဲပြင်သည် နီစွေးသော သွေးတို့ဖြင့် အကျည်းတန်နေလေတော့၏။ ဇော်ရှင်းသည် အဘ နံဘေးတွင် ဒူးထောက် ထိုင်လိုက်သည်။

'အဘ....အဘစော'

အဘစောကား မည်သည့်အခါမျှ စကားပြောနိုင်တော့မည် မဟုတ်ပါ။

ထို့အတူ ဦးကောင်းမိုးကား မလှုပ်မရှက်။

မောင်မောင်ကျော် တစ်ယောက်သာ သဲပြင်ထက်တွင် ညည်းညူနေသည်။ ဇော်ရှင်းသည် မောင်မောင်ကျော်အား ပြေးပွေ့လိုက်သည်။ သူ့ရင်အုံတွင် သွေးချင်းချင်းနီနေပါသည်။



မောင်မောင်ကျော်သည် ဇော်ရှင်းကို မချိတင်ကဲ ပြုံးပြလိုက်သော်လည်း ခံစားရသော ဝေဒနာကြောင့် သူ့မျက်နှာတစ်ခုလုံး ရှုံ့မဲ့နေပါသည်။

'မင်း....မင်းဟာ တကယ် သက်ထည့်ပါတယ်ကွာ၊ ကိုကိုကျော် သင်ပေးခဲ့သလို မင်းလက်ဟာ အသည်းနှလုံး တည့်တည့်ကို ထိခဲ့တာပါပဲ၊ ဒါပေမယ့်... ကိုကိုကျော် မင်းကို ပစ်တာ မဟုတ်'

မောင်မောင်ကျော့်အသံက ဆို့နစ်ကြေကွဲစွာ တိမ်ဝင်သွားသည်။

'ကျွန်တော် အထင်လွဲပြီး ပစ်မိတာပါ ကိုကိုကျော်၊ ကိုကိုကျော် သိပ်စကားမပြောပါနဲ့ မောနေမယ်၊ ကိုကိုကျော် မသေနိုင်ပါဘူး'

'ကို....ကိုကျော် သိပါတယ်၊ မင်း ကျည်ဆန်ဟာ သေးပေမယ့် အဲဒီဒဏ်ကို ကိုကိုကျော့် နှလုံးသားက မခံနိုင်ပါဘူး'

မောင်မောင်ကျော့်အသံက ကြားရရုံကလေးသာ။

စိတ်ထိခိုက်လွန်းသောကြောင့် ဇော်ရှင်းသည် ကိုကိုကျော့် ပါးပြင်ကို မျက်နှာအပ်ထားမိရင်း မျက်ရည်အသွယ်သွယ်ကျ မိသည်။

မောင်မောင်ကျော်၏ မချိတင်ကဲ ဝေဒနာ ခံစားနေရသော အသံ တိုးတိုးကလေးက ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီ....သေနတ်ကော'

'ရော့....ကိုကိုကျော်၊ ဒါ ကိုကိုကျော် ကျွန်တော့်ကို လက်ဆောင်ပေးထားတဲ့ သေနတ်လေ၊ မောင်းတင်ထားတယ်'

မောင်မောင်ကျော်က အားဘင်း ပြုံးလိုက်၏။ ဇော်ရှင်းက ပစ္စတိုကလေးကို ပြောင်းမှကိုင်ရင်း ကိုကိုကျော် လက်ထဲသို့ ထည့်ပေးလိုက်သည်။ မောင်မောင်ကျော်သည် သေနတ်ခလုတ်ကို အားတင်း၍ ဆွဲရင်း....

'မင်းကို ကိုကိုကျော် ခွင့်လွှတ်....'

'ဒိုင်း....'

မောင်မောင်ကျော်သည် သေနတ်ကို ကောင်းကင်သို့ ထောင်၍ ပစ်လိုက်သည်။ သေနတ်သံနှင့်အတူ မောင်မောင်ကျော်သည် ဇက်ကျိုးကျသွားပါသည်။ ကျည်ဆန်သည် 'ဆင်သေမြှောင်' ချောင်းအထက်ရှိ တိမ်ယံထုသို့တိုင် ထိုးဖောက်သွားလေမည်လား မသိပါပေ။ ကိုကိုကျော်သည် သူ၏ မေတ္တာကို ကျည်ဆန်ဖြင့် သက်သေတည်သွားပါပြီ။

ဇော်ရှင်းသည် ကိုကိုကျော့်ကို ဖက်ရင်း တသိမ့်သိမ့်ရှိုက်မိပါလေ၏။

'တော်လောက်ပါပြီ ဇော်ရှင်း၊ အခုတော့ အစစအရာရာဟာ တကယ်ပဲ ပြီးဆုံးခဲ့ပါပြီကွာ'

ကိုဝဏ္ဏက ဇော်ရှင်းကို ကရုဏာ သက်စွာ ဆိုလိုက်သည်။

မှန်ပါသည်။



ယခုတော့ လောဘ၊ ဒေါသ၊ မစ္ဆရိယတွေနှင့် ပြွမ်းတီးသော စိတ်နှင့် စေတသိက်တို့၏ ရက်စက်မှု၊ ကြင်နာမှု၊ အဆုံးရှုံးခံမှု၊ အနိုင်ကျင့်မှု၊ အထင်လွဲမှု၊ သတ်ဖြတ်မှုနှင့် လည်စင်းပေးမှုများကား ပြီးဆုံးခြင်းသို့တိုင်ခဲ့ပြီ ဖြစ်ပါသည်။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

သည်မြေ၊ သည်ဒေသသို့ မရောက်ခဲ့သည်မှာ ကြာမြင့်လွန်းလှပါပြီ။

တစ်နှစ်ဆိုသည့် ကာလမှာ အမှတ်မထင် နေသူများအဖို့ အချိန်တိုသော်လည်း အမှတ်ထင်ထင်၊ သတိတရ၊ လွမ်းရဆွေးရသူများအတွက် ရှည်ကြာလွန်းလှပါသည်။

ဇော်ရှင်းသည် သူ၏ ရဲကား အပြာကလေးအား 'ဘုန်းတော်တိုး' စက်ပစ်ကွင်းတွင် ရပ်လိုက်ပြီး ကားပေါ်မှ နွေးကွေး လေးလံစွာ ဆင်းလိုက်ပါသည်။ နံနက်ခင်း၏ တောက်ပသော နေခြည်နုသည် သူ၏ ပခုံးပေါ်မှ ငွေရောင်သပြေခက်ကလေးအား အရောင်တလက်လက် ဖြစ်သွားစေ၏။



စက်ပစ်ကွင်းသည် ဆိတ်ငြိမ်လျက်ရှိသည်။

ယခင်ကမူ သည်စက်ပစ်ကွင်းတွင် သူရယ်၊ ကိုကိုကျော်ရယ်၊ စုစုထွေးရယ်။

ဇော်ရှင်းသည် ပထမဦးဆုံးအကြိမ် စုစုထွေးနှင့် စကားများခဲ့ရသော ထနောင်းပင်ပုကလေး အောက်တွင် ထိုင်မိရင်း စုစုထွေး၏ ချစ်စဖွယ် ရန်တွေ့သံကလေးများကို ကြားယောင် လာသည်။

'လူဆိုတာ တန်ရာတန်ရာ ပြောရတယ်၊ ကိုယ်နဲ့တန်တဲ့ အလုပ်ကိုသာ လုပ်ရတယ် ဇော်ရှင်းရဲ့'

'ဟုတ်ပါတယ်လေ၊ မစုစုထွေးပြောသလို တန်ရာတန်ရာ ဖြစ်စေရမှာပေါ့၊ ဒရိုင်ဘာ မြေးက သူဌေး သမီးအချောအလှကို လိုချင်လို့ ဘယ်ရနိုင်ပါ့မလဲ'

'ဟင်....ကြည့်စမ်းကြည့်စမ်း၊ လူကိုများ လိုချင်သလေးဘာလေးနဲ့ ဇော်ရှင်းနော် စကားပြောတာ ကြည့်ပြော'

စုထွေးပြောတာ မှန်ပါလေသည်။

လူဆိုသည်မှာ လိုချင်တိုင်းသာ ရစတမ်းဆိုပါက၊ ဖြစ်လိုရာ ဖြစ်ကြစတမ်းဆိုပါက ခံစားမှုဆိုသည်မှာ ရှိကြတော့မည် မထင်ပါ။

ယခုတော့ နှလုံးသားကိုအရင်းတည်၍ ခံစားရပါပြီ။

'ဩော်....ဘာလိုလိုနဲ့ မန္တလေးကို မရောက်တာ တစ်နှစ်တောင် ရှိပါပေါ့လား'

www.burmeseclassic.com

www.burmeseclassic.com



ဇော်ရှင်းသည် ကားကိုမောင်း၍ 'ဘုန်းတော်ကြီး' စက်ပစ်ကွင်းမှ ထွက်လာခဲ့သည့် တိုင်အောင် သူ့စိတ်က အတိတ်သို့ ပျံ့လွင့်ဆဲ။

ဦးကောင်းမိုးတို့ကိစ္စပြီးသည်နှင့် သူသည်ကြီးကြပ်ရေးမှူးနှင့် လုံခြုံရေးမှူး ကိုဝဏ္ဏတို့၏ ထောက်ခံချက်ဖြင့် ပြည်သူ့ရဲတပ်ဖွဲ့သို့ ဝင်ခဲ့သည်။ သင်တန်းမျိုးစုံတက်၍ တာဝန်အမျိုးမျိုးကို ထမ်းဆောင်ခဲ့သည်။ လူမှန်နေရာမှန် ဖြစ်သည့်အတွက် သူ၏ စွန့်စွန့်စားစား တာဝန် ထမ်းဆောင်မှုများသည် တိုင်းပြည်ကို အကျိုးပြုစေခဲ့၏။

ယခုတစ်ဖန် ဖောင်ကြီးသင်တန်းမှ ဆင်းလာပြီး မန္တလေးသို့ တာဝန်ကျခဲ့၏။ 'မြစံပယ်မြိုင်' မှ စထွက်ကတည်းက စုစုထွေးနှင့် မတွေ့ခဲ့။ တွေ့ရန်လည်း မကြိုးစား၊ မျက်နှာချင်းဆိုင်ချင်စိတ်လည်းမရှိပြီ။ သို့ပေမယ့် နှလုံးသားက သတိရနေသည်။

စု....စုစုထွေး....

အိမ်ထောင်ရက်သားများ ကျလေပြီလားမသိ။

ဇော်ရှင်းသည် ဝီလီဂျစ်ပြာကလေးကို မန်းတောင်ခြေရှိ သင်းချိုင်းဝတွင်ရပ်လိုက်ပြီး ကားပေါ်မှ ပန်းစည်းသုံးစည်းကို ယူ၍ ဆင်းခဲ့သည်။ သင်းချိုင်းတွင် အဘစော၊ ဦးကောင်းမိုးနှင့် ကိုကိုကျော်တို့ လဲလျောင်းနေကြသည်။

ဇော်ရှင်းသည် မန်ကျည်းပင်ကြီး အောက်တွင် ရှိသော အုတ်ဂူသုံးလုံးရှေ့တွင် ရပ်လိုက်သည်။ အသက် ရှင်စဉ်က



လောဘ၊ ဒေါသ၊ မောဟစိတ်တွေဖြင့် တစ်ဦးကိုတစ်ဦး သတ်လိုဖြတ်လိုကြပေမယ့် ယခုတော့ အေးချမ်းစွာ ယှဉ်တွဲနေကြပေပြီ။

ဇော်ရှင်းသည် ပန်းစည်းကို အဘ၏ ဂူပေါ်တွင် တင်ရင်း ဦးချလိုက်၏။ ထို့နောက် ဦးကောင်းမိုး၊ ကိုကိုကျော်တို့၏ အုတ်ဂူများပေါ်တွင် တင်လိုက်သည်။ သူ့ကိုအသက်ပေး ချစ်ခင်သွားသော ကိုကိုကျော့် အုတ်ဂူရှေ့တွင်ရပ်ရင်း ရင်ထဲတွင် ဟိုက်မော နေမိသည်။

သည်စဉ်မှာပင် သူ့အသံကို ကြားရခြင်းပေပဲ။

'ဇော်....'

'ကို....ဇော်....'

သည်အသံကို မမေ့ပါ။

ဇော်ရှင်းသည် နောက်သို့ လှည့်ကြည့်လိုက်၏။ သူ....သူ....သူ.... သူ့လက်ထဲမှာလည်း ပန်းသုံးစည်းနှင့်။

'စု....'

'စုထွေး'

နှစ်ဦးသား အကြည့်ချင်း ဆုံဖြစ်ကြ၏။

သို့ပေမယ့် စကားတွေကမထွက်။ ရင်ထဲ အသည်းထဲတွင် ဆို့နစ်နေကြသည်။

'အို....ကိုဇော်ရယ်'

ရင်ချင်းအပ်မိကြပါပြီ။

နှလုံးသားချင်း ထပ်မိကြပါပြီ။ ကြာမြင့်စွာ ဆော်တွယ်မိကြပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



'ငှထွေး အကြောင်းစုံ သိပါပြီ ကိုဇော်ရယ်၊ စုထွေး ကိုဇော်ကို ခွင့်လွှတ်သလို ကိုဇော်လဲ စုထွေးတို့ကို ခွင့်လွှတ် နိုင်လိမ့်မယ် ထင်ပါတယ်၊ အခုတော့ အစစအရာရာဟာ ပြီးခဲ့ ပြီ မဟုတ်လား'

စုစုထွေးက မလှုပ်မရှက် ငြိမ်သက်နေသော အုတ်ဂူ သုံး လုံးကို ကြည့်ရင်းဆိုသည်။

'ဒါတော့ ဒါပေါ့ စုစုထွေး၊ ဒါပေမယ့် စုထွေး ဖခင်နဲ့ အစ်ကိုဟာ ကိုဇော့် မရောဂနဲ့ အသက်ဆုံးခဲ့ရတဲ့နောက် ကိုဇော်ဟာ စုထွေးမျက်နှာကို ဘယ်လိုလုပ် ကြည့်ရမလဲဟင်'

'ဖေဖေ့ဘက်က လွန်တာတွေရော ကိုဇော်၊ ကဲလေ....ဒါ တွေ ပြောမနေပါနဲ့တော့ အဟောင်းတွေ အသစ်မဖြစ်ပါစေ နဲ့တော့ ကိုဇော်ရယ်၊ အဲသလိုမှ ကိုဇော့်အနေနဲ့ စုထွေးကို အားနာနေအုံးမယ်ဆိုရင် ကိုဇော်မသိသေးသာတစ်ခု စုထွေး ပြောမယ်၊ စုထွေးဟာ ဦးကောင်းမိုး ဒေါ်ခင်ထွေးတို့ရဲ့ သမီးအရင်း မဟုတ်တဲ့ မွေးစားသမီးပါ ကိုဇော်'

'ဟင်....စုထွေးဟာ မွေးစားသမီး ဟုတ်လား'

ဇော်ရှင်း အံ့ဩစွာ မေးမိသည်။

'ဟုတ်ပါတယ်ကိုဇော်၊ စုထွေးမိဘတွေဟာ မရှိကြတော့ ပါဘူး၊ ကိုဇော်မယုံဘူးဆိုရင် စာချုပ်စာတန်းတွေ စုထွေး ပြနိုင်ပါတယ်၊ ပြီးတော့ မေမေဟာ ဖေဖေနဲ့ ကိုကိုကျော် ဆုံးပြီးကတည်းက မာနတွေကျပြီး ဘုရားနဲ့ တရားနဲ့ ဖြစ်နေ ပါပြီ၊ 'မြစ်ပယ်မြိုင်'ခြံကြီး တစ်ခုလုံးနဲ့တကွ ရှိသမျှ ပစ္စည်း

BURMESE CLASSIC



ဥစ္စာတွေ စုထွေးကိုလွှဲပေးပြီး စစ်ကိုင်းတောင်ရိုးမှာ ယောဂီ ဝတ်သွားရှာတယ် ကိုဇော်'

ဇော်ရှင်းသည် မန္တလေးတောင်တော်ကို လှမ်းမျှော်ကြည့် လိုက်ရင်း သက်ပြင်းတစ်ထွေးကို ချမိသွားသည်။

'အင်း....လောကကြီးဟာ တရားကျဖို့ သိပ်ကောင်းတာပဲ နော် စုထွေး'

'တရားမကျပါနဲ့ဦး ကိုဇော်၊ စုထွေးဟာ တစ်ကောင် ကြွက် ဖြစ်နေပါပြီ၊ ဒီတော့ ကိုဇော် စုထွေးနဲ့ ပြန်လိုက်ခဲ့ပါ'

'ဘယ်ကို လိုက်ရမှာ စုထွေး'

'မြစ်ပယ်မြိုင်'ကိုပေါ့ ကိုဇော်၊ ဘာလဲ ရဲအရာရှိကြီး ဖြစ် သွားလို့ စုထွေးကိုမေ့သွားပြီလား'

ဇော်ရှင်းသည် ချစ်ရသူ၏ မျက်နှာကို ရွှင်လန်းတက်ကြွ စွာ ကြည့်ရင်း ဆိုရသည်။

'မဟုတ်ပါဘူး စုထွေးရယ်....၊ တကယ်တန်းပြောရရင် စုထွေးကို ငုံထားချင်ပါတယ်'

'သွား....'

စုထွေးအသံကလေးက ကြည်သာနေပါသည်။

ပန်းခြောက်စည်းသည် အုတ်ဂူသုံးလုံးပေါ်တွင် ကျန်ရစ် ခဲ့ပြီး ကားနှစ်စီးက မောင်းထွက်သွားပါလေ၏။

ကျုံးရေပြင်သည် မြရောင်လှနေသည်။

ပြဒိုး၊မျှော်စင်၊ပစ္စင်၊ ရင်တား၊ တံတိုင်းများသည် ကျုံး ရေပြင်တွင် အရိပ်ထင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ပေမယ့် ဇော်ရှင်းနှင့် စုစုထွေး၏ မျက်နှာတွင် စွန်းထင်နေသော အပြုံးရိပ်လောက် မလှပ။

ကားနှစ်စီးသည် နေရာတစ်ခုသို့ ဦးတည်၍ ပြေးနေပါသည်။ ထိုနေရာမှာ "မြစ်ဖယ်မြိုင်" ပင် ဖြစ်ပါတော့သည်။

ရွှင်လန်းချမ်းမြေ့ကြပါစေ။

ဆွေလှိုင်ဦး

*

BURMESE CLASSIC

www.burmeseclassic.com